# John Updike

Selected Short Stories

ကောင်းသာ ဘာသာပြန်သည်




တကောင်းစာအုပ်တိုက်

အမှတ် ၅ (ခ)၊ ကမာရွတ်မြို့နယ်။

ဖုန်း−၅၀၅၅၄၈

## ဒို့တာဝန်အရေး သုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန် ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ် တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

တကောင်းစာအုပ်တိုက်

# ဂျွန်အပ္ပဒိုက်၏ဝတ္ထုတိုများ

ကောင်းသာ
မြန်မာပြန်သည်

ဖြန့်ချိရေး
တကောင်းစာအုပ်တိုက်
အမှတ် ၅ (ခ)၊ဓေယျာသိရိလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၀၅၅၄၈

**စာမူခွင့်ပြုချက်**
၁၀၉၉/၂၀၀၂ (၁၂)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၇၄၃/၂၀၀၃ (၇)

**ပုံနှိပ်ခြင်း**
**ပထမအကြိမ်**
၂၀၀၃-ခုနှစ်၊ စက်တင်ဘာလ၊ တကောင်းစာအုပ်တိုက်

**အုပ်ရေ**
၅၀၀

**မျက်နှာဖုံး**
သည်မော်နိုင်

**ထုတ်ဝေသူ**
ဦးတင်လွင်
သော်ကစာပေ
အမှတ် (၆၀၅)၊ သုခမ္မာလမ်း၊ (၄) ရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**
ဦးကျော်လှိုင် (၀၅၅၇၃)၊ စေတနာ OFFSET
အမှတ်-၅၉၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်**
ကိုတင်အေး

**တန်ဖိုး**
၅၀၀-ကျပ်

# မာတိကာ


* စိတ်အလျင်စီးကြောင်းကို နက်ရှိုင်းအောင် တူးသူ

ရွှန်အပ္ပဒိုက် ၁

၁။ အာရုံနောက်တဲ့ကျိုး ၁၁

၂။ နက္ခတ္တဗေဒဆရာ ၁၉

၃။ ကိုယ့်မယားကိုယ် နောက်ပိုးခြင်း ၃၁

၄။ ကားပေါ်မှာ ၄၁

၅။ လေချွန်နေတတ်တဲ့ကောင်လေး ၅၂

၆။ ဆန္ဒရမ္မက်၏ စွဲနဲပဲ ၆၆

၇။ မိကျောင်းများ ၈၉

၈။ အငေးအမော ၁၀၅

၉။ အချစ်ရဲ့လက်သည်းမှာ ချေးတွေနဲ့ ၁၂၀

၁၀။ သစ်ရွက်ကလေးများပမာ ၁၃၈

# စိတ်အလျင်စီးကြောင်းကို နက်ရှိုင်းအောင် တူးသူ
# ဂျွန်အပ္ပဒိုက်

လက်ထပ်ပြီးဖြစ်တဲ့၊ ကလေးအဖေလည်း ဖြစ်နေတဲ့ လူငယ်တစ်ယောက် ဟာ ဇာတိမြို့ကို ပြန်လာပြီး သူ့ကို ကလေးဘဝကတည်းက ကုသလာခဲ့၊ စောင့်ရှောက်လာခဲ့တဲ့ ဆရာဝန်ဆီ ရောဂါတစ်ခု လာပြတယ်။ ရောဂါက သူ့ဘယ်ဘက်မျက်ခွံ အကြောဆွဲနေတဲ့ ရောဂါပါ။ ဒါကို သူက ပျောက် အောင် ကုချင်တယ်။ ဆရာဝန်တွေ့ဖို့ စောင့်ဆိုင်းခန်းထဲမှာ သူ ထိုင်စောင့်နေ တုန်း ငယ်ငယ်က သူသိခဲ့ဖူးတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့တယ်။ သူမက ရုတ်တရက် ရောက်ချလာပြီး သူ့ဘေးနား ထိုင်ချလို့ ဖောင်းအိအိ ခြေသလုံးနှစ်ဖက် ပေါ်အောင် ဒူးချိတ်လိုက်တယ်။ သူမက ခေါင်းကိုက်ဖျား လို့ ဆရာဝန်ဆီ လာပြတာလို့ ပြောလေရဲ့။ နှစ်ယောက်သား စကားလက်ဆုံ ကျနေရင်း သူတို့နှစ်ယောက် စကားတွေကြားမှာ ဆရာဝန်က ဖြတ်ဖြတ်ပြော တယ်။ သူတို့နှစ်ယောက်ကို ဆရာဝန်က ရောဂါစစ်ဆေးဖို့ တစ်ယောက်ကို သီးခြားတစ်ခန်းစီ သပ်သပ်ခွဲထားပြီး မေးမြန်းတယ်။ လူငယ်ဖြစ်သူက မျက်စိမှုန်မှုန်နဲ့ တစ်ချိန်က သူ့သံယောဇဉ်ဟောင်း မိန်းကလေးရှိရာ အခန်းထဲ ခိုးကြောင်ခိုးဝှက် ဝင်တွေ့တယ်။



သည်ဇာတ်အဖွင့်ဟာ 'ဂျွန်အပ္ပဒိုက်'ရဲ့ ဝတ္ထုတိုတစ်ပုဒ်ဖြစ်တဲ့ "ဆန္ဒရမ္မက်၏ ဖွဲ့နှပဲ" (The Persistence of Desire) ဝတ္ထုရဲ့ အဖွင့် အမြည်းသဘော ဖြစ်ပါတယ်။ သည်ဝတ္ထုမှာ ပစ္စုပ္ပန်ကာလ လက်ရှိအဖြစ်အပျက်ကြားမှာပဲ အတိတ်က ဖြစ်ရပ်က ပြန်ပြန်ထိုးဖောက်လာတာမျိုး အဆက်မပြတ် ဖြစ်ပွားနေပုံ တင်ပြထားတယ်။ သည်ဇာတ်လမ်းတည်ရာ နောက်ခံဒေသက အမေရိကန် မြို့ငယ်လေးတစ်ခုမှာလိုလို၊ အဝေးပြေးလမ်းမပေါ်လိုလို၊ ပင်လယ်ကမ်းခြေပေါ်က မြို့လိုလို၊ အောက်စဖို့လေလား၊ နယူးယောခ်လေလား တွေးရခက်စေတယ်။ ဘယ်နေရာပဲဖြစ်ဖြစ်၊ အတိတ်ဖြစ်ရပ်ကတော့ ပစ္စုပ္ပန်ရဲ့ တစ်စုံတစ်ရာ အသစ်တွေ ရှိထားမှုတွေနဲ့ အလောသုံးဆယ် အတူတူ စီးဆင်းသွားပြီး ကျွန်တော်နေထိုင်ရာ ဘဝဘေးက စိတ်အာရုံ တည်ငြိမ်မှုတွေကို တိုက်စားဖြိုဖျက်သွားတယ်။

"ဂျွန်အပ္ပဒိုက်"ရဲ့ အရေးအသားဟာ လုံးဝရှင်းလင်းပီသပြီး နက်လည်း နက်ရှိုင်း၊ အနုစိပ်ဖော်ကျူးချက်တွေနဲ့ စီကာပတ်ကုံး ဝေဆာနေလေတယ်။ ဇာတ်ကောင်စရိုက်နဲ့ အခြေအနေဖြစ်ရပ် အလှည့်အပြောင်းတွေကို ခွဲခြမ်းစိတ်ဖြာပြသွားပုံဟာ တခြားသက်ရှိ စာရေးဆရာတွေထက် နူးညံ့ သိမ်မွေ့လွန်းပါတယ်။ သူ့ပုံပြင်ဇာတ်လမ်းတွေဟာ မည်သူမဆို ဝေမျှခံစား ကိုယ်ချင်းစာစေနိုင်တဲ့ ဖြိုးခနဲ ဖျတ်ခနဲ ရုတ်ခြည်းကျရောက်တဲ့ အတွေ့အကြုံတွေနဲ့ ပြန်လည်ဖွဲ့စည်း ဖြစ်ပေါ်သွားတာတွေ ရပြန်တယ်။

"ဂျွန်အပ္ပဒိုက်"ကို "ပင်ဆယ်ဗေးနီးယား"ပြည်နယ်၊ "ရှီလင်တန်" မြို့မှာ ၁၉၃၂–ခုနှစ်က မွေးဖွားတယ်။ မြို့ရဲ့ ပြည်သူ့ကျောင်းမှာ ကလေးဘဝ ပညာသင်ကြားခဲ့ပြီး "ဟားဗတ်"ကောလိပ်နဲ့ အောက်စဖို့မှာရှိတဲ့ "ရပ်စကင်" ပန်းချီရေးသားမှု အနုပညာသင်ကျောင်းတွေ ဆက်တက်ခဲ့တယ်။ အဲဒီအနုပညာသင်ကျောင်းမှ "Knox Fellowship" ပညာသင်ထောက်ပံ့ကြေး တစ်နှစ်ရတယ်။ ၁၉၅၅–ခု ကနေ ၁၉၅၇–ခုနှစ်ထိ "နယူးယောကား"

မဂ္ဂဇင်းမှာ စာတည်းအဖွဲ့ဝင်တစ်ယောက် ဖြစ်လာတယ်။ အဲဒီမဂ္ဂဇင်းမှာ သူ့ ဝတ္ထုတိုတွေ၊ အက်ဆေးတွေ၊ ကဗျာတွေ ဝင်ရေးတယ်။ သူရေးခဲ့တဲ့ ဝတ္ထုရှည်ကြီးတွေကတော့ "The Poorhouse Fair", "The Centour", နဲ့ "Rabbit Run (1960)", "Rabbit Redux (1971)", "Rabbit is Rich (1981)", "Rabbit At Rest (1990)" ဝတ္ထုတွဲ လေးတွဲတို့အပြင် "Of the Farm", "Couples" တို့ပါ ရေးခဲ့တယ်။ ဝတ္ထုတိုပေါင်းချုပ်စာအုပ်တွေအဖြစ် "Pigeon Feathers", "The Same Door" နဲ့ "The Music School" တို့ ထွက်ခဲ့တယ်။ [အခု ဝတ္ထုတိုပေါင်းချုပ်မှာ အဆိုပါ သုံးအုပ်ထဲက ဝတ္ထုတိုများကို ရွေးနုတ်ပြန်ဆိုထားခြင်း ဖြစ်ပါတယ်။]

ကလေးစာပေပုံပြင် ဝတ္ထုဖြစ်တဲ့ "မှော်ပလွေ (The Megic Flute)"၊ ကဗျာစာအုပ်သုံးအုပ်ဖြစ်တဲ့ "The Carpentered Hen", "Hoping for a Hoopoe" နဲ့ "Telephone Poles"၊ အက်ဆေးစာစုဖြစ်တဲ့ "Assorted Prate" တို့ကိုလည်း ရေးသားခဲ့တယ်။ "Bech A Book" (1970) ဝတ္ထုရှည်နဲ့ နောက်ထပ် ဝတ္ထုတိုပေါင်းချုပ်တွေဖြစ်တဲ့ "Museums And Woman" (1972), "Too Far To Go" (1979) နဲ့ Problems(1979) တို့ကို ရေးသားထုတ်ဝေခဲ့ပြန်တယ်။

"ဂျွန်အပ်ဒိုက်" တင်ပြတဲ့အကြောင်းအရာများက ဘာသာရေး ညွှန်ပြမှုများနဲ့ လူ့လောက၏ ဒိဋ္ဌအတွေ့အကြုံများ အတော်ကွာခြားနေဟန် အဆီအငေါ် မတည့်ဖြစ်နေရပုံတို့ သရော်ခနဲ့တဲ့ ရေးဟန်မျိုး၊ ကလိတိတိ ဖွဲ့နည်းမျိုးနှင့် တင်ပြချက်များဖြစ်ကြပါတယ်။ လူသားတစ်ဦးချင်းတို့ရဲ့ အတွင်းပဋိပက္ခ၊ အပြင်ပဋိပက္ခတို့ရဲ့ကြားမှာ ဖြေရှင်းမရ အကျဉ်းအကျပ်ကျနေဟန် လက်တွေ့ဘဝနဲ့ အာရုံကျက်စား ဖွဲ့လမ်းရာ အရိပ်ဟောင်း၊ အိပ်မက်ဟောင်း၊ အိပ်မက်သစ်တို့ကြား လူးလားတုန့်ခေါက် ဗျာများရမှုတွေကို သံဝေဂနဲ့ယှဉ် ဂရုဏာရသလည်း ပေါ်လွင်၊ အတွေးစတွေလည်း ကျန်ရစ်အောင် တင်ပြနိုင်စွမ်းရှိသူလည်း ဖြစ်ပါတယ်။



သူ့ဝတ္ထုရှည်ကြီးတွေထဲက အထင်ရှားဆုံးက အတွဲလေးတွဲထိအောင် နောက်ဆက်တွဲတွေ ဆက်ကာဆက်ကာရေးရတဲ့ "ရက်ဘစ်" (Rabbit) ဝတ္ထုတွဲများပဲ ဖြစ်ပါတယ်။ ပထမဆုံးအတွဲ "Rabbit Run" စထွက်လာကတည်းက သူ့ဇာတ်ကောင် "ရက်ဘစ်" ခေါ် "ဟယ်ရီအမ်စထရွန်း" (Harry Ang Strom)ရဲ့ ဘဝဖြစ်စဉ်နဲ့ သူ့အလိုမကျတဲ့ လောကခံစက်ဝန်းက ရုန်းထွက်မရအောင် ပင့်ကူအိမ် ငြိတွယ်နေရတဲ့ ဒုက္ခတရားကို စာဖတ်ပရိသတ်တွေ ကိုယ်ချင်းစာတရားနဲ့ သံဝေဂယူ စာနာခဲ့ကြရတယ်။ "တာဝန်နဲ့ သစ္စာတရားတို့ကို စုဆောင်းစရာမလိုဘဲ၊ တာဝန်ကျေပွန်ရေး၊ သစ္စာစောင့်ထိန်းရေးဆိုတဲ့ စကြဝဠာဆိုင်ရာ လူ့ကျင့်ဝတ် ဦးတည်ချက်ကို သည်ဝတ္ထုရှည်ကြီးက ကြေကွဲဖွယ်ဇာတ်အဖြစ် ဖော်ပြသွားတယ်" လို့ "သယ်ဂါဒီးယန်း" မဂ္ဂဇင်းမှာ "ခရစ်စတိုဖာဒရိုင်ဗာ" က ချီးကျူးသွားခဲ့တယ်။

ဇာတ်ကောင် 'ရက်ဘစ်' ခေါ် 'အမ်းစထရွန်း' ဟာ အသက် နှစ်ဆယ့်ခြောက်နှစ် အရွယ်ကောင်းတုန်း လူငယ်ဘဝမှာ သူ့ကိုယ်သူပြန်အကြည့်၊ အရက်ချိုးစွဲနေတဲ့ ဇနီးမယား၊ ကလေးက တစ်ယောက်၊ မေတ္တာမှာတ်ကင်းမဲ့တဲ့ နေအိမ်တစ်လုံး၊ အကျိုးမရှိအနှစ်သာရမဲ့တဲ့ မီးဖိုချောင်သုံး ပစ္စည်းကိရိယာ အသုံးပြုပုံ၊ တည်ခင်းပြသရသူ အလုပ်၊ ဒါတွေကြားမှာ ညပ်နေပြီး လှုပ်မရတော့ပါလားလို့ သိရတယ်။ အရွယ်ရောက်စ ကာလမှာ တာဝန်ဝတ္တရားတွေ ဖိစီးနှိပ်စက်မှုက သူ့ကို ချည်နှောင်လာစေတယ်။ ဆုံးဖြတ်ချက်ချရမယ့်အရေးမှန်သမျှကနေ ရှောင်ခွာပုန်းအောင်းတဲ့ စရိုက်လက္ခဏာကို ဆိုက်ရောက်လာပါတော့တယ်။ သူ့ရဲ့ကောင်း ဆန့်ကျင်ရေး သည့်စရိုက်ကြောင့် သူဟာ စိတ်ပျက် စိတ်ကုန်ခန်းဖွယ် မယားက တစ်ဖက်၊ ကောင်းဆိုချက်တွေ မြင်မားလှတဲ့ အငယ်အနှောင်းမိန်းမက တစ်ဖက်။ သည်နှစ်ဖက်ကြား လူးလားတုန့်ခေါက် ဗျာများနေရတဲ့ ပင်ပေါင်ဘောလုံးတစ်လုံးလို ဖြစ်လာရတယ်။ လိင်အရသာရဲ့ လမ်းညွှန်မှုနောက် လိုက်ပါပြီး အဲဒီရဲ့ အကျိုးဆက်

ရလဒ်တွေကြောင့် မြေပေါ် ဒုတ်ဒုတ်ထိ ကျဆင်းရတယ်။ ဝတ္ထုဇာတ်လမ်းရဲ့ ရှုမှန်းထိတ်လန့်ဖွယ် အထွတ်အထိပ် ရောက်လာချိန်မှာတော့ သူဟာ ရုန်းမထွက်နိုင်တော့ဘဲ တစ်ဖက်ပိတ် ပြန်လမ်းမဲ့တဲ့ လိုဏ်ဂူထဲ ကိုယ်ဟာကိုယ် ထွက်ပြေးမိလျက်သား ဖြစ်သွားပါတော့တယ်။ ဒါဟာ **Rabbit Run** ဆိုတဲ့ ပထမတွဲရဲ့ သူ ဆွဲယူတင်လိုက်တဲ့ ဇာတ်အိမ်အကြမ်းဖျင်းပါပဲ။

"The Centaur" ဝတ္ထုမှာလည်း "ဂျွန်အပ်ဒိုက်"ဟာ "ဂျော့ချ်ကာ့တ်ဝဲ"နဲ့ သူ့ရဲ့ ၁၅ နှစ်သား လူပျိုပေါက်သားလေး "ပီတာ"တို့ သားအဖဘဝထဲက အကျပ်အတည်းဆိုက်တဲ့ သုံးရက်တာကာလကို ရေးဖွဲ့ရာမှာ အနုပညာအထုံဝသီပါတဲ့သားနဲ့ ကရော်ကမယ် အမြီးအမောက် လွဲမှားစွာနဲ့သာ ချစ်တတ်တဲ့ ဖခင်တို့ကြားက စိတ္တဝေဒ ရောထွေးလိမ်ယှက်မှုတွေကို ရှင်းထုတ်ပြန်ဖြည့်ဖို့ ကြိုးစားခဲ့တယ်။ သည်ဇာတ်ကြောမှာ အမေရိကန် တောမြို့ငယ်လေးတစ်မြို့ရဲ့ လူနေမှု ဘဝတစ်ခုလုံးလည်း ဆက်နွယ်ပါဝင်လာတာ တွေ့ရတယ်။ သည်ဝတ္ထုဟာလည်း အမေရိကန်ခေတ်ပြိုင် စာပေလက်ရာများထဲမှာ အင်အားကောင်းတဲ့ ဖွဲ့စည်းပုံစစ်မှန်တဲ့ အသားထည်တစ်ရပ် ဖြစ်တယ်။ သည်ဝတ္ထုအရ "အပ်ဒိုက်"ရဲ့ အရေးအသား ညက်ညောမှုဟာ ယနေ့ခေတ် အမေရိကန်စာပေရဲ့ အကောင်းဆုံး ရေးဟန်ပဲ ဖြစ်တယ်လို့ 'တိုင်း'မဂ္ဂဇင်း စာပေရေးရာကဏ္ဍမှာ ချီးကျူးရေးသားခဲ့တယ်။

ဂျွန်အပ်ဒိုက်ရဲ့ နောက်ထပ်လူကြိုက်များ ရောင်းအကောင်းဆုံး ဝတ္ထုတစ်ပုဒ်က "ဒွိယ်များ" (**Couples**) ဆိုတဲ့ ဝတ္ထုဖြစ်ပါတယ်။ "နယူးအင်္ဂလန်" နယ် ဝေးလံခေါင်းပါးဒေသ "တာတော့စ်"မှာ စုတွဲဆယ်တွဲ နေထိုင်တယ်။ စီးပွားရေးကောင်းတဲ့ အသက် ၃၅ နှစ်ဝန်းကျင် သက်လတ်ပိုင်းတွေ ဖြစ်ကြတယ်။ ပြိုင်ဆိုင်မှု ရှိကြတဲ့အုပ်စုပါပဲ။ စကိတ်အတူစီးကြတယ်။ ဖဲအတူတူ ရိုက်ကြ၊ နောက်ဆုံး လိင်ကိစ္စအတူတူ ခံစားကြနဲ့ နေကြတယ်။ သတိကြီးကြီးထားပြီး လက်တည့်စမ်းလိုတဲ့ သဘောနဲ့ တစ်တွဲနဲ့



တစ်တွဲ အတွဲဖော် လဲလှယ်ကြတယ်။ သူတို့ရဲ့ ခမ္မတာ မကျတဲ့ ထုံးစံသစ်ကို ကိုယ်ဟာကိုယ် ကြိုးဝိုင်းဒိုင်လူကြီး ခန့်ထားတဲ့ "ဖရက်ဒီသုန်း"ရဲ့ စိုးရိမ်ပူပန်စွာ စောင့်ကြပ်ကြည့်ရှုမှုအောက်မှာ ဆောင်ရွက်ကြတယ်။ ဒါပေမဲ့ "ပီးရက်ဟာန်မင်နာ"နဲ့ "ဖော့စီဂုစ်မင်း"တို့ သည်ကိစ္စကြောင့် ပြဿနာဖြစ်ကြတဲ့အခါ သည်အတွေ့အကြုံသစ်ကို သူတို့ ပယ်ချပစ်ကြတယ်။ သည်တစ်ကြိမ်ပဲ အဖုအထစ် ပြဿနာ တက်သွားတာဟာ ကျန်တဲ့ ပြေလည်ပြီ ထင်ရတဲ့ အတွဲတွေပါ တုန်လှုပ်ကုန်ကြတဲ့အတွက် "တားတော့စ်" မြို့ဟာ ပထမဆုံးသော စတေးခံသားကောင်တွေ ပေါ်လာပြန်တော့တယ်။

သည်အတွဲတွေရဲ့ ပါဝင်ဆောင်ရွက်မှုနဲ့ သမားရိုးကျထုံးစံက သွေဖည်မှုတွေကို "ဂျွန်အပ်ဒိုက်"က နိုက်နိုက်ချွတ်ချွတ် ရှာဖွေသုတေသန လုပ်ဖော်ကျူးပြီး ကဗျာဆန်ဆန် ရေးဖွဲ့တယ်။ သည်အံ့သြသင့်ဖွယ် သွေဖည်မှုနဲ့အတူ လူ့အဖွဲ့အစည်း သီးသန့်အစုတစ်စုရဲ့ ဘဝကို ဖွင့်လှစ်ပြထားတယ်။ အာရုံတိုင်းမှာ မျိုးရိုးစဉ်ဆက်တစ်ခုရဲ့ ခန္ဓာဗေဒကိုလည်း သူဖော်ပြထားတယ်။

ဝတ္ထုတိုလောကမှာလည်း "အပ်ဒိုက်"ဟာ ဝတ္ထုတိုတစ်ပုဒ်ချင်းကို ဝတ္ထုရှည်တစ်အုပ်ရဲ့ လေးနက်မှု အတိုင်းအတာထက် မလျော့အောင် အားထုတ် ရေးဖွဲ့တာ တွေ့ရပါတယ်။

"အာရုံနောက်တဲ့ ကျီး" (**The Crow in the Woods**) ဝတ္ထုတိုမှာ မနက်စောစောက အိပ်ရာကထလာတဲ့ အိမ်ထောင်သည်ကလေးအဖေတစ်ဦးဟာ ပြင်ပက နှင်းဖုံးလွှမ်းတဲ့ ခပ်ဝေးဝေး တောအုပ်တစ်ခွင်ရဲ့ ကောင်းကင်နောက်ခံ သဘာဝရှုခင်းအာရုံကို ခံစားနေရင်း ကုန်လွန်ခဲ့တဲ့ ညက ပါတီပွဲ အသောက်လွန်ခဲ့တာ၊ မယားနဲ့ အပျော်လွန်ခဲ့တာတွေ ပြန်စမြုံပြန် စဉ်းစားနေခိုက် နိုးလာတဲ့ သမီးငယ်လေးရဲ့ ဝေယျာဝစ္စတွေ ထလုပ်ရတာ၊ မယားဖြစ်သူပါ ဖရိုဖရဲ နိုးလာတာ၊ စိတ်ကူးအာရုံအိပ်မက်ကို ပစ္စက္ခ လက်တွေ့

ဘဝက စတင်ဖျက်ဆီးလာပြီး ပြင်ပဖြူဖွေးနေတဲ့ နှင်းထုရှုခင်းကို လည်း မဲမဲသဲသဲ တောကျိုးကန်းတစ်ကောင်က ထိုးဆိတ်ဖျက်ဆီးလိုက်ပုံကို ရသစာတမ်းသဖွယ် သီကုံးထားတယ်။

"ကိုယ့်မယားကိုယ် နောက်ပိုးခြင်း" (Wife Wooing) ဝတ္ထုတိုမှာ မယားဖြစ်သူကို ရည်းစားဘဝ စချစ်မိစဉ်က စကတ်တိုကိုဝတ်လျက် စက်ဘီးပေါ်က လွှားကျော်ဆင်းခိုက် ဖျတ်ခနဲ လှစ်ခနဲ မြင်တောင်မြင်ခဲ့ တွေ့ရတဲ့ လျှို့ဝှက် အာရုံမြင်ကွင်းတစ်ခုကို "ဂျိမ်းဂျွိုက်စ်" ရဲ့ "ယူလီးဆီး" ဝတ္ထုကြီးထဲက စာကြောင်းတစ်ကြောင်းနဲ့ တူလေရဲ့လို့ တင်စားဖွဲ့နွဲ့မှုနဲ့ စတင်လိုက်ပါတယ်။ သည့်နောက် မိန်းမ (Woman)ဆိုတဲ့ ပညတ်အပေါ် စာရေးဆရာက အင်္ဂလိပ်ဘာသာစကား ဝေါဟာရ ကျွမ်းကျင်ပိုင်နိုင်မှုနဲ့ ဘာသာဗေဒ၊ သံတူကာရန် ကစားပြထားတာတွေ့ ရပြန်တယ်။

သားတစ်ယောက်၊ သမီးတစ်ယောက်ရပြီးချိန် ညတစ်ည ညစာစားခိုက်မှာ မယားဖြစ်သူအပေါ် ချစ်နာလန်ထ၊ တပ်မက်မှုအာရုံပြန်ဝင်လာပေမယ့် အိပ်ရာပေါ်မှာ မယားဖြစ်သူက သမ္မတ နစ်ဆင်အကြောင်း စာအုပ်အပေါ် အာရုံစိုက်ဖတ်ရင်း အိပ်ပျော်သွားပုံ၊ မနက်မိုးလင်းတော့ မယားဖြစ်သူက သူ့မျက်စိထဲ အရုပ်ဆိုးနေသလို ဖြစ်ရပုံ၊ ခင်ပွန်းသည်ရဲ့ အချစ်သူငယ်ပြန်ခန်း အတက်အကျကို ရေးဖွဲ့ထားတာ တွေ့ရပြန်ပါတယ်။

နက္ခတ္တဗေဒဆရာ (The Astronomer) ဝတ္ထုတိုမှာ ဘာသာရေးအခြေခံတရား စကြဝဠာ၏ သဘောနဲ့ အတွေးအခေါ် သမိုင်းတွေကို ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ ကာလသုံးပါးတို့နဲ့ ဆက်စပ်ပြီး ကောက်ချက်ဆွဲယူကြည့်ဖို့ ကြိုးစားထားပြန်ပါတယ်။ သို့သော်လည်း "အပ္ဒိုက်"ဟာ သူ့ရဲ့ ခနဲ့တဲ့တဲ့ ရိုတိုတို လုပ်ချင်တဲ့စရိုက်ကို ဖျောက်မရတာမို့ စကြဝဠာကြီးနဲ့တကွ ဒဿနသမိုင်းရဲ့ ပါရမီရှင်၊ တွေးခေါ်ရှင်များဖြစ်တဲ့ "ကီးယားဂဲဂါး"နဲ့ "ဘာထရန်ရပ်ဆယ်"တို့ကို ခနဲ့ထားသလို



သူ့ဇာတ်ကောင် နက္ခတ္တဆရာ "ဘယ်လာ"ကိုလည်း သရော်ထားတယ်။ နောက်ဆုံးမှာ သဘောတရား အတွေးအခေါ် တစ်ပိုဒ်လောက်နဲ့ အောက်ခြေမှတ်စုပေါင်း မရေမတွက်နိုင်အောင် ညွှန်ပြတတ်တဲ့ "ကီးယားဂဲဂါး"ရဲ့ ဒဿနတွေဟာ ဇာတ်ကောင်တွေရဲ့ ဆက်စပ်မှု မရှိတဲ့ စိတ်ဝိညာဉ်တွေ၊ အတိတ်ကာလတွေနဲ့အတူ အနိစ္စတရား ရေစီးကြောင်းထဲ စီးဝင်ကုန်တဲ့ အကြောင်းနဲ့ နိဂုံးချုပ်ပြီး အတိတ်ဆိုတာဟာလည်း အာကာသဟင်းလင်းပြင် ထဲက ကြယ်တစ်လုံးလို တစ်ရံတစ်ခါမှ ဖျတ်ခနဲ ဖျတ်ခနဲ လက်တတ်တဲ့ ဧရာမ အမှောင်ချုပ်ကြီးပါလားလို့ သံဝေဂစာကြောင်းနဲ့ ပိတ်လိုက်ပါတယ်။

"ကားပေါ်မှာ (Toward Evening) ဝတ္ထုတိုမှာ အိမ်ထောင်သည် အမျိုးသား "ရာဖယ်"ရဲ့ အလုပ်မှ အိမ်အပြန်လမ်း ကားပေါ်မှာ စိတ်ဝင်စားဖွယ် မိန်းကလေးငယ်နှစ်ဦးအပေါ် အာရုံစိုက်မိခဲ့ပုံ၊ တစ်ဦးက ပြင်သစ်ဝတ္ထုကိုင်လျက် စာတတ်ပေတတ် ဉာဏ်ရည်ကောင်းပြီး ရသကို ခံစားတတ်ဟန် အတွေးနက်နက်များ တွေးခေါ်တတ်ဟန်ပုံပေါက်ပြီး နောက်တစ်ဦးက ရုပ်ရည်အရ ထူးခြားမက်မောဖွယ်တွေ့ရတဲ့ လှမည်းမိန်းမချောလေးဖြစ်နေပုံ သို့သော်လည်း အိမ်ပြန်ရောက်တဲ့အခါ မိမိမယားနဲ့ သမီးလေးတို့ရဲ့ လက်တွေ့ကျကျ အာရုံကသာ ထိုတစ်ဒင်္ဂပဟန် အာဂန္တု အာရုံနှစ်ရပ်ကို ကျော်လွှားအနိုင်ယူသွားပုံကို ဖွဲ့ဆိုပြထားပါတယ်။

"လေချွန်နေတဲ့ ကောင်လေး" (The Kid's Whistling) ဝတ္ထုတိုမှာ သစ်သားဆိုင်းဘုတ်လုပ်သူ လက်သမား "ရှိုင်း"နဲ့ သူ့တပည့် လေတချွန်ချွန်နှင့် အလုပ်လုပ်နေတတ်သူ ချာတိတ် "ဂျက်"တို့၏ တစ်နေ့တာ လုပ်ငန်းခွင်အကြောင်း၊ အလုပ်ဒဏ် ပိနေလို့ အိပ်ပြန်နောက်ကျတတ်တဲ့ "ရှိုင်း"ကို ဇနီးသည်က အလုပ်ခွင်ထဲထိ လိုက်လာပြီး တွေ့ပုံ ဘယ်အချိန်ပြန်လာမလဲ မေးပုံတို့နဲ့ နိဂုံးချုပ်ထားတာ တွေ့ရတယ်။

“မိချောင်းများ” (The Alligators) ဝတ္ထုတိုမှာတော့ “ဘာတီမိုရ်” မြို့ကနေ ပင်ဆယ်ဗေးနီးယား နယ်ကို အလယ်တန်း ငါးတန်းကျောင်းသူ သစ်အဖြစ် ပြောင်းလာတဲ့ ဆယ်ကျော်သက် မိန်းကလေး “ဂျူး”ရဲ့ ကျောင်း အသစ်မှာ အတန်းဖော်တွေရဲ့ မနာလိုမှု၊ ရန်စမှုတွေကို ကျော်လွှားပြီး လမ်း သရဲဂိုဏ်းဆန်ဆန် ဇရုတ်ကျ ဆိုးသွမ်းကြတဲ့ အတန်းဖော်ကောင်လေး တစ်သိုက်နဲ့ ဆက်ဆံရေး အဆင်ပြေအောင် သိမ်းသွင်းသွားနိုင်ပုံကို ရေးဖွဲ့ ထားတယ်။

“သစ်ရွက်ကလေးများပမာ (Leaves) ဝတ္ထုတိုကျတော့ မယားကို ကွာရှင်းခွင့် ပေးလိုက်ရတဲ့ အိမ်ထောင်ပျက် ယောကျ်ားသားတစ်ဦးရဲ့ စိတ် တေလေ စေစားမှုနဲ့ ငေးမိငေးရာ စပျစ်ရွက်ကလေးတွေကို ရှုစား မိန်းမော ရင်း ဆွေးမြေ့မှုအတွေးနယ် စိတ်အာရုံချဲ့ထွင်ခန်းကို အက်ဆေးတစ်ပုဒ် ဆန်ဆန် လှလှပပ နက်နက်ရှိုင်းရှိုင်း ရေးဖွဲ့ထားပါတယ်။

“ငေးမောခြင်း” (The Stare) ဝတ္ထုတိုမှာလည်း အိမ်ထောင်သည် အချင်းချင်း ဖြစ်ကြတဲ့ မိန်းမသားတစ်ဦးနဲ့ ယောကျ်ားသားတစ်ဦးတို့ ပါတီ ပွဲတစ်ပွဲမှာ သရီးသရီစိတ်တိမ်းညွတ်မှု ဖြစ်ကြပြီး တိတ်တဆိတ် ချိန်းဆို တွေ့ဆုံမိကြခိုက် ယောကျ်ားသားက မိန်းမသားအပေါ် လုံလောက်အောင် နှစ်နှစ်ကာကာ ချစ်မရကြောင်း အမှတ်တမဲ့ ပြောမိတဲ့စကားအပေါ် စိတ် ထိခိုက်သွားတဲ့ သူမကို လမ်းခွဲပြီး အချိန်အတော်ကြာမှ လိုက်လံဖြေသိမ့်တဲ့ သဘောနဲ့ ချစ်ပါတယ် ပြောဖို့ ကြိုးစားသူ ယောကျ်ားသားတစ်ဦးရဲ့ နောက်ဆံတင်းမှုကို ဖွဲ့ထားခဲ့တယ်။

“အချစ်ရဲ့ လက်သည်းမှာ ချေးတွေနဲ့” (My Lover Has Dirty Fingernails) ဝတ္ထုတိုမှာ ယောကျ်ားသားတစ်ယောက်နဲ့ ချစ်ကြိုက်ပြီးမှ အလိုမကျသလိုလို မနှစ်မြို့ဖွယ်တစ်ခုခု ထိုယောကျ်ားဆီမှာ တွေ့လာသလိုလို နဲ့ လမ်းခွဲလာခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ စိတ်ရောဂါ ကုသရေး ပြဿနာ



ဖြေရှင်းရေး ကျွမ်းကျင်သူလူတစ်ဦးထံ လာရောက်တွေ့ဆုံ ရင်ဖွင့်ပြီး သူမ အတွက် အကြံဉာဏ် လာတောင်းတဲ့ ဖြစ်ရပ်ကို ရေးဖွဲ့ရင်း ထိုမိန်းမနဲ့ စိတ်ပိုင်းပြဿနာ ဖြေရှင်းပေးသူ ထိုကျွမ်းကျင်သူ လူငယ်တို့ကြား အတွင်း စိတ် မရိုးသားမှု တစ်ဦးကိုတစ်ဦး အပြန်အလှန် မဆွတ်ခင်က ညွတ်ချင်နေ တဲ့ တိမ်းညွတ်မှု တပ်မက်စိတ်ကို သိမ်သိမ်မွေ့မွေ့ တို့ထိပြသွားပါတယ်။

အခု ဘာသာပြန်ဆို စုစည်းထုတ်ဝေလိုက်တဲ့ “ဂျွန်အပ်ဒိုက်” ဝတ္ထု တိုများ (၁၀)ပုဒ်ဟာ “အပ်ဒိုက်” ရေးသမျှ ဝတ္ထုတိုများထဲမှ အကောင်းဆုံး ရယ်လို့ သတ်မှတ်ရွေးချယ်တာ မဟုတ်ဘဲ လက်သင့်ရာရာ အာရုံကျရာကို သာ စာပေပရိသတ်များ အမြည်းသဘော ဖတ်ရှု အရသာခံနိုင်အောင် “ပဏာမလက်ရွေးစင်” သဘော (တစ်နည်းအားဖြင့်) ဂျွန်အပ်ဒိုက်အဖွင့် လို့ ဆိုရမယ့် ဝတ္ထုတို စုစည်းမှုအဖြစ် မြန်မာပြန်ဆိုလိုက်ရခြင်း ဖြစ်ပါသည်။ တစ်စုံတစ်ရာ အမှားအယွင်းနှင့် လိုအပ်ချက်များ တွေ့ရှိပါက မူလစာရေးသူနဲ့ မဆိုင်ဘဲ ဘာသာပြန်ဆိုသူ ကျွန်တော်ကောင်းသာ၏ တာဝန်သာ ဖြစ်ပါ ကြောင်း ကြိုတင်တောင်းပန်အပ်ပါသည်။

**မြန်မာပြန်သူ (ကောင်းသာ)**

# အာရုံနှောက်တဲ့ကျီး

## The Crow In The Words

ပူအိုက်သော ညတစ်ညလုံး တိတ်တခိုး ဆီးနှင်းများက စေးစေးကပ်ကပ် ကျနေရာ သူတို့ ငှားရမ်းထားသော အိမ်ငယ်လေးသောနားမှ တောအုပ်ကလေး၏သစ်ခက်သစ်နွယ်များက အလင်းရောင် အဖြူချပ်လွှာ မြင့်မြင့်တစ်ခု စိုက်ထူထားသကဲ့သို့ ဖြစ်နေသော အိမ်ပေါ်သို့ မနက်ခင်း အရုဏ်တက် အရိပ်မဲ့ အလင်းအောက်တွင် နက်ရှိုင်းသော ရှခင်းတစ်ရပ်အဖြစ် အရိပ်ထိုးကျနေပေရာ တောင့်တင်းသော အဖြူရောင် ကောဓောချပ်ရှည်ရှည်ကြီးပေါ်၌ အနက်ရောင်ချည်များဖြင့် တရုတ်ဘာသာစာလုံး ရေးရိုးလက်ရေးလက်သားဖြင့် ယှက်ဖောက် အကွက်ဖော်ရေးထိုးထားသော တရုတ်စာတမ်းတံခွန်ကုက္ကားတစ်ချပ် မီးခိုးရောင် မိုးကောင်းကင်အလယ် ချိတ်ဆွဲထားသည့်နှယ်ရှိသည်။ ဤမျှ လှပလွန်းသော မြင်ကွင်းမျိုး ယခင်က သူတစ်ခါမှ မတွေ့ဖူးပါလားဟု 'ဂျက်'ခမြာ တအံတသြ ဖြစ်နေပေသည်။ နှင်းကျနေခြင်း ရပ်ဆိုင်းသွားသည်။ လူ အိပ်၍ကောင်းအောင် နှင်းက ကျပေးနေသည်လားထင်ရသည်။

အရုဏ်တက်အချိန် ညအိပ်ဝတ်ရုံကြီး ခြုံလျက် ပြတင်းပေါက်ဝ သူရပ်နေမိသည်။ ပြီးခဲ့သည့်ညက သူတို့ ဇနီးမောင်နှံနှစ်ယောက် သူတို့၏ အိမ်ရှင်မိသားစုများနှင့်အတူ ညစာစားခဲ့သည်မှာ အလွန်လည်း စိတ်



နှောက်ကျိစရာ ကောင်းသည်။ ရေးကျလွန်းသော ဓိမ်ခံမှုတစ်ရပ်လည်းဖြစ်ခဲ့သည်။ ပိုင်က ၂ ခွက်၊ အနီနဲ့ အနီရင့်ရင့် နှစ်ခွက်ဆင့်ကာ ညစာနှင့်အတူ သောက်ဖြစ်သည်။ စားပွဲရှည်ကြီးပေါ်၌ ဖယောင်းတိုင်များ ထွန်းထားသည်။ အခြားဧည့်သည်လင်မယားနှစ်ဦးမှာ ပို၍ အသက်ကြီးကာ မသိမသာပျက်စီး အိုမင်းစပြုနေပြီ။ ညစာစားပြီးသည့်နောက် ယောကျ်ားသပ်သပ်မိန်းမသပ်သပ် လူစုခွဲလိုက်ကြကာ ယောကျ်ားသားများက အညိုဖွယ် စိမ်းညိုညိုပိုးသားကာနံရံများရှိသော အခန်းကျယ်ကြီးတစ်ခုထဲ စုရုံးလျက် ဘာရမ်ဒီများ၊ ဆေးပြင်းလိပ်များဖြင့် ကိုယ့်လည်ချောင်း ကိုယ် ကျားလျှာဖြင့် တိုက်ခြစ်နေကြသည်။ ကျား–မ ရောထွေးနေသော လူစုများက အစေးမကပ်သည့် ပရမ်းပတာ ရှုန်းရှုန်းဝေ အမြောက်အပင့်စကားများ ဖွာလန်ကြဲပြောဆိုနေကြသည်မှာ မျက်နှာကျက် ဖန်မီးဆိုင်းပဒေသာမှ ဖန်မျက်နှာပြင်များ အချင်းချင်း အလင်းရိုက်ခတ်နေသကဲ့သို့ ရှိသည်။ သို့နှင့် နောက်ဆုံးမှာ (မီးခိုးရောင် မာဘယ်ကျောက်ပလ္လင်ခုံပေါ်မှ နာရီက သူ၏ ရွှေလက်တံများဖြင့် ဒရောသောပါး အချိန်နာရီကို ဖော်ပြနေသည်မှာ ထိုချည်မျှင်ပမာ နူးညံ့လှစွာသော လက်တံများ ကိုယ်တိုင်ကပင် ချွန်မြသော ဇဝနဉာဏ် တစ်မျိုးဖြစ်နေပေတော့သည်။) ထိုနောက်ဆုံးနှင့် စိတ်ပျက်ဖွယ် စိတ်ခံစားမှုများကအားလုံးကို ကွေ့ဝိုက်ဝိုက် လှေကားထစ်များပေါ် သိမ်းကျုံးသုတ်ယူ ဆွဲတင်သွားလျက် အပေါ်ထပ်ခန်းမကျယ်ကြီးထဲ ဖိတ်ခေါ်ခြင်း ခံကြရသည်။ ဆံပင်ဖြူဖြူ အိမ်ကြီးရှင်မက သူ့ဝါသနာအရ စက္ကူကာတ်ထူချပ်တို့ဖြင့် အရုပ်ဆော်သော သူမ၏လက်ရာ ရုပ်လုံးများကို လိုက်လံပြသပါသည်။ နံရံများပေါ်၌ စက္ကူပန်းစည်းများဖြင့် ပေါင်ခတ်ထားသည်။ အလုပ်စားပွဲပေါ်၌မှု အသိပ်သည်းဆုံးနှင့် အအောင်မြင်ဆုံး တောက်ပြောင်ပြောင် 'အယ်မာ'၏ကော်ဘူးထိပ်ခေါင်းကို 'ဂျက်' မမြင်စဖူး တွေ့ရသည်။ ဤအရွယ်အစားလောက်အထိ ရှိမည်ကို သူ အိပ်မက်ပင် မမက်ဖူးခဲ့။ ဘူးပေါ်မှာ ရိုက်နှိပ်ထားသော အပြာရောင်နွားသိုးမှာ အောင်ပွဲခံ ပျော်မြူးရယ်မောနေသည်။ အိမ်စေများရောက်လာကာ သူတို့၏ ကုတ်အင်္ကျီများ ပွေ့ပိုက်ယူလာပေးကြသည်။

အိမ်ရှေ့ ဆင်ဝင်ရှေ့တွင် တစ်စတစ်စ လူစုခွဲ အိမ်ပြန်ကုန်ကြသော ဧည့်သည်များကို နှင်းထုထဲ ခပ်ပါးပါး ရုပ်ဖျက်ပုန်းကွယ်နေသော ညဉ့်သန်းခေါင်ယံကမ္ဘာထဲတွေ့မြင်ရသည်။ စကြဝဠာချဉ်းအောင် တစ်ခွင်လုံး ကျဆင်းနေသည့် နှင်းထုက သူတို့မြင်ကွင်း၏နယ်ကို ကန့်သတ်ပေးနေသည်။ ပြင်ပလောကမှာ ပေါင်းမိုးခုံး အုပ်ပေးထားသော ပေါင်းဖက်နှီးနှောခြင်းတစ်ရပ် ရှိနေသည်။

ဧည့်သည်တော်များက ခမ္မဆုတောင်းသီချင်းများ သီကျူးမေတ္တာပို့သကြသည်။ အိမ်ရှင်ဖြစ်သူ ခပ်ပုပုအဘိုးအိုမှာ ဒူလာရောဂါရှိသော်လည်း ကောင်းစွာ သန့်ရှင်းသပ်ရပ် ကြော့မော့နေသည်။ သူ၏ ညစာစားပွဲ၊ သူ့ဝိုင်အရက်၊ သူ့ဇနီးသည်၏ စက္ကူချုပ်အရုပ်လုပ်နည်းပညာ သည့်နောက် သူ့ဆီးနှင်းများ။ လူငယ်လင်မယားလည်း ငှားထားသော နေအိမ်သို့ ပြန်လာကြသည်။ ထိုအိမ်ကိုလည်း ထိုအဘိုးအို ပိုင်သည်။ ထိုလူငယ်လင်မယားက အိမ်မှာ ထိုင်စောင့်နေရစ်သော ကလေးထိန်းကို ချော့မော့နှစ်သိမ့်ရသည်။ သူမကို သူတို့နှစ်ယောက်က နှင်းတောမုန်တိုင်းထဲ ပြန်ခွင့်ပေးလိုက်သည်မှာ ယခုလို ညဉ့်နက်သည့်အချိန်မတော်ကြီးတွင် မဖွယ်မရာ အချစ်ပလူးခဲ့လေသလားဟု သိက္ခာကျဖွယ်ရာ လူအထင်အမြင် လွဲမှားစေနိုင်ပါသည်။ ထိုအတွက် ကျေးဇူးတရားစောင့်ပြန်ဟပ်သည့်နှယ် ၆ နာရီအကြာမှာ ကလေးက ထငိုသဖြင့် 'ဂျက်'မှာ သူ့ဇနီးသည်အစား သူက ဦးအောင်ထ၍ ပြေရာပြေကြောင်း ကိုင်တွယ်ချော့မော့ရပြန်သည်။

မမြင်ရသော အမိုးနီးယားငွေ့ ရိုက်ထားသည့် မျက်နှာသုတ်ပဝါဖြင့် သူ မျက်နှာသစ်လိုက်ရာ မျက်ရည်များပင် ဝေသွားသည်။ ဆွေးဖြူတောက်ပနေမှုက ပြတင်းပေါက်ပေါင်ကို နှုတ်ခမ်းသပ် တိတိပပဖြစ်စေပြီး နေရောင်ခြည်ဖြင့် ကွက်တိဖြတ်ဖောက်ထားသည့်နှယ် ရှိသည်။ နေမင်းက မီးအိမ်ပုံ စက္ကူချုပ်အလယ်မှာ လင်းနေသော မီးသီးတစ်လုံးနှင့် တူနေသည်။ ကလေး၏ အိပ်ခန်းက အပူရှိန်ဖြင့် ဝင်းဝင်းတောက်နေသည်။ ခရမ်းရောင်ဖျော့ဖျော့



ပန်းပုံများ ခြယ်ထားသည့် နံရံကပ်စက္ကူမှာလည်း ထူးထူးခြားခြား အရောင်လက်နေရာ စက္ကူကလနား ဖွာလန်ကြဲ ဆွေးလုံးရစ်ပတ်ဖြစ်နေသော ထောင့်စွန်းနေရာများသည်ပင်လျှင် ဖြူစင်ဝင်းပမှုဖြင့် ကလနားသပ် လင်းလက်နေသည်။

စကားမဆိုတတ်သော ကလေးမလေးမှာ ကြောင်တိ ကြောင်တက်ဖြင့် ဖခင်၏ ခါတိုင်းနှင့် မတူသော ပုံပန်းသဏ္ဌာန်ကို စူးစမ်း လေ့လာကြည့်နေသည်။ မရမ်းစေ့ရောင် ရေလဲဝတ်ရုံ သိုးမွှေးထည်၏ ပိုက်တွေ့ထားမှုနှင့် သူ့ခြေချနင်းရာ ကြမ်းခင်း၏ အအေးဓာတ်ဖိအားက သူ့ ခြေထောက်ကို တိုးဆော့ပါးလျက်နားလျက် လုပ်နေသယောင် ခံစားရမှုက သူ့ကို ပုကြီးချဲ့လိုက်သည့်ထင်၏။ သူ၏ ဧရာမ ပေါင် လုံးကြီးများက ဝတ်ရုံနားဖားရွက်များကြား ကျပ်ညပ်ရုန်းထွက်ရင်း အဖြူရောင် လေထုထဲ ပြူခနဲ ထိုးထွက်လာသည်။ ယင်းတို့ကို သူ မြင်နေရသည်။ အားလုံးကိုပင် မြင်နေရသည်။ ပြောင်နေအောင် တိုက်ထားသော မှန်ချပ်သုံးချပ်ကို ဖောက်ထွင်း၍ သူ အရာရာ မြင်နေရသည့်အနက် သူ အရက်မူးလွန်ခဲ့သောအဖြစ် လက်ရှိ အိပ်ရေးမဝ ဖြစ်နေရမှု၊ ပတ်လည်ရစ်ဝိုင်းနေသော နှင်းထု ၏ တစိမ့်စိမ့် လက်နေသော ဆောက်ပမှုများ အကုန်ပါဝင်ပါသည်။ သူ၏အာရုံခံချက်ဉာဏ်မျှစူးရှထက်မြက်နေသည်နှင့်အမျှ သူကိုယ်တိုင်လည်း နူးညံ့ညင်သာလွန်းနေသည်။ ကြမ်းပြင်ပေါ်မှ အက်ကြောင်းရာနှစ်ခုက မျဉ်းပြိုင်ဖြစ်နေပြီး ဆေးသားများက သော်ငွေ့လက်သည့် ပန်းရောင်သန်းနေသည်။ သူ့သမီးငယ်လေးက သုန်သုန်မှန်မှန် အောက်သိုးသိုး မျက်နှာထားနှင့် သူ့ကို မျက်ကြောပြတ်မတတ် မျက်တောင်မခတ်စူးစိုက်ကြည့်နေသည်မှာ မျက်ဝတ်ရည်ထဲ ဓာတုဓာတ် တုံ့ပြန်ကျယ်ပြန့်လာမှုဖြင့် သူ့ငယ်အိမ် ပြူးကျယ်လာပုံ ရနေသည်။ စိတ်နောက်ကျိခြင်း မှန်သမျှကို တူရိယာတစ်ခု အပင်ပန်းခံ တီးမှုတ်ခြင်းဖြင့် သန့်စင် သုတ်သင်နိုင်သော်လည်း ယခုအာရုံများက သူ့ထံ နက်နက်ရှိုင်းရှိုင်း တိုးဝင်လာပြီး အလိုမတူသော်လည်း ရေကြီးသုတ်ပြာဖြင့် ဖိစီးနှိပ်စက်လာသဖြင့် အူထဲက အန်ချင်သလို ဖြစ်ရသည်။

သူတို့အိမ်က သေးငယ်သော်လည်း ရေချိုးခန်းနှစ်ခန်းပါသည်။ သူ့သမီးလေးအိပ်ခန်းနှင့် ကပ်လျက် ရေချိုးခန်းကို သူ သုံးသည်။ ရေချိုးခန်းလိုက်ကာတပ်သော အပေါ်သံတန်းက မျက်နှာသုတ်ပဝါရေစိုကို လှမ်းတင်လိုက်သည့်အခါ အလေးချိန်စီး၍ နိမ့်တုံမြင့်တုံ ညွတ်ယိမ်းသွားသည်။ အောက်ခြေမင်းတုံးထိုးရာနေရာတစ်ပိုက်၌ ပလတ်စတာနံရံ အောက်ခြေအပိုင်းအစအနများ ကြေမွနေသည်။ မိလ္လာအိုးကြွေခွက်ထဲ ငြိမ်နေသည့်ရေအိုင်ထဲတွင် သူ၏ မစင်ဘင်ပုပ်များစွာ ပုပ်သိုးသောတုတ်ချောင်းငယ်များကဲ့သို့ ပေါလောမျောနေသည်ကို သူ ငုံ့ကြည့်ပြီး တအံ့တသြနှင့် ကြောင်ငေးရပ်နေမိသည်။

အိမ်သာအိုးခွက်ကို ရေဖွင့်ချဆေးပစ်ရသည်။ အိမ်ငယ်၏ ထိန်ထိန်ညီး အတွင်းပိုင်းတစ်ခုလုံး လက်တွေ့သုတ်သင်ဆေးကြောပြီးလေပြီ။ သူ့သမီးငယ်၏ ဖရိုဖရဲဖြစ်နေသော ခန္ဓာကိုယ်ကို ကျွမ်းကျင်သေသပ်စွာ သူ ဝတ်ဆင်ပေးပြီး လှေကားဆီသို့ ချီမသွားသည်။ လှေကားအောက်ခြေခုံပေါ် အရောက် သူ့အိပ်ခန်း ရှိနေ၍ အိပ်ခန်းထဲပြူကြည့်ရာ ကျယ်ဝန်းသော ခုတင်ပေါ်မှ သူ့ဇနီးသည်က လွှတ်လွှတ်လပ်လပ်အနေအထား ပြောင်းအိပ်နေသည်ကို တွေ့ရသည်။

သူမ၏ လက်မောင်းအိုးလေးများက စောင် အပြင်ဘက် တန်းတန်းချထားလျက် နားနေသည်။ ခေါင်းအုံးထိပ်ဘက်သို့ လက်မောင်းနှစ်ဖက်စလုံး မြှောက်ပိုက်ချထားသဖြင့် သူမ၏ ဆံကေသာ ဖွားဖွား ဦးခေါင်းပုံရိပ်လုံးကို ဆင်စွယ်နှစ်ချောင်းက ပေါင်ခတ်ပေးထားသည်နှင့် တူနေသည်။ အထက်အောက် အရှည်လိုက် အပိုင်းပိုင်း ဖြတ်ကွဲနေသော ကောင်းကင်ပြင်ကို လိုက်လံ ဆန်းစစ်နေသည့် နေမင်းက တောအုပ်တစ်လျှောက် ခပ်နိမ့်နိမ့်တွဲခိုနေကာ ပြတင်းပေါက် မှန်ကူကွက်ရှိ ခပ်ကြိုကြို ဓာပန်းထည့်လိုက်ကာက နဂိုရှိ အရောင်အသွေးထက် ပိုဖျော့နေပြီး သူမမျက်နှာပြင်ပေါ် ဖြတ်လွှင့်သွားလိုက်၊ ပိတုန်းရောင် ဝက်သစ်ချသား အနားမည်း ဗဟုဂံပုံ ခေါင်းရင်း



ပျဉ်ကာဆီ တက်သွားလိုက် ဖြစ်နေသည်။ မြူမြင်းလွှင့်ထဲ ပိုးဖလံများ ပျံနေသည် ထင်ရသည်။ သူမ၏ မျက်ဝန်းပြာလေးများ ပွင့်လာပါပြီ။

သူ့ကို တွေ့သွားမှာစိုး၍ အောက်ဆင်းသော လှေကားမှာ ကွယ်နေလိုက်သည်။ မျက်စိလည်စေသော လှေကားထစ်ကျဉ်းကျဉ်းလေးများအတိုင်း သမီးလေး ပွေ့ချီ၍ သူ ဆင်းသက်သွားသည်။ သမီးလေးက သူ့လည်ကုပ်ကို အမှုမဲ့ အမှတ်မဲ့ ပုတ်ရင်း ပါသွားသည်။ ဤအားနည်းသော ထိတွေ့မှုက နေရောင်ခြည်နှာမောင်းတံလေးက တဖျတ်ဖျတ်ပုတ်သလို သူ့ရင်ထဲ သိမ့်ခနဲ တုန်သွားသည်။ အောက်ထပ်က ပိုမှောင်သွားသည်။ နှင်းများ၏ ရောင်ပြန်ဟပ်ချက်ကို စိုထိုင်း၍ အပေါက်ပေါက်ဖြစ်နေသော ပရိဘောဂများက စုပ်ယူထားသည်။ ငှားစားပြီးသော ပရိဘောဂများပေကိုး။ "ကောင်းသောမနက်ခင်းပါ မစ္စတာသာမိုစတက်" နွားနို့သည်က သည်နေ့ နောက်ကျလိမ့်မည်။ လည်ပင်းတွဲခိုနေသော ချိန်းကြိုးများက စည်းချက်သံ ထွက်မြို့ ထွက်ကာ တုတ်ခိုင်သော သူ့ခန္ဓာကိုယ်ကိုပင် နှမ်းလျပန်းဟိုက်စေသည်။ ကလေးချီထားသော သူ့လက်မောင်းများက ကိုက်ခဲလာသည်။

ကလေး၏ အာဟာရမုန့်သေတ္တာကို သူ ရှာမတွေ့နိုင်။ ဗီရိုထဲ၌ သကြားဘူးများ၊ ပလတ်စတစ်ဇွန်းများ ကိုးရိုးကားရား ထိုးထိုးထောင်ထောင် ဖြစ်နေကြသည်။ ဇွန်းတစ်ခု သူလှမ်းအယူ ကုလားထိုင်မြင့်မြင့်တစ်လုံးကို ခလုတ်တိုက်မိသွား၍ သမီးလေး၏ ခြေထောက်များ နေရာမှားကုန်သည်။ မရေမရာ ဆောင်လုပ်မြှောက်လုပ် လုပ်ရင်းနှင့်ပင် အေးစက်စက်ဟင်းဒယ်အိုးနှင့် ရေနွေးတည်မိသည်။ ဆောင်းရာသီအခါသမယ စပ်ပူပူ အာဟာရမုန့်ကျိုရေး ဘယ်နေရာများ ရောက်နေပါလိမ့် မျက်နှာကျက်မှာ တွန်းသံ၊ ရွှေ့သံ ပေါ်လာပြီး မိလ္လာပြွန်လည်း သီချင်းဆိုသံ ထွက်လာသည်။

ဝင်လာကြသူများက ဇနီးသည်နှင့် အမေ။ အပြာရောင်ပိုးထည် အဝတ်နှင့် ဇနီးသည်ခန္ဓာကိုယ်က ပုပန်းသဏ္ဍာန်မပေါ်၊ မျက်နှာက ဖြူရော်ရော်။ သူ့အိပ်ရာက ထသွားသည့်အချိန်ကတည်းက သူမလည်း ပြန်အိပ်ပျော်

နိုင်ခြင်း မရှိခဲ့။ သူက ခပ်ကြွားကြွား စိတ်သက်သာရာရဟန် ညင်ညင်သာသာ နှင့် ပိုက်ဆံစေ့ဆီဖြင့် အရောင်တင်ထားသော ထင်းရှူး စားပွဲပေါ်ထိုင်ချလိုက်သည်။ ပုဆွဲခဲတောင်ပမာ သေးသွယ်လှသော လိမ္မော်ရည်ဖန်ခွက်တစ်ခွက်က သူ့ရှေ့မှောက် မျက်လှည့်ပြလိုက်သလို အသင့်ရောက်လာသည်။ အစ်မတော် ပထဝီမြေကြီးကဲ့သို့ပင် မိန်းမက စားပွဲပေါ်မှ ပန်းများကို ရှေ့နားတွန်းလိုက်သည်။ ဖန်ခွက်ကို သူ့နှုတ်ခမ်းနား ပင့်ယူ ထိကပ်လိုက်စဉ် သူ့ လက်ချောင်းထိပ်များ၌ သူမ၏ ရနံ့ကို ရမိသည်။

သည့်နောက် သူ ကိုယ်စိတ်သက်သာရာရသွား၍ ပြတင်းပေါက်မှ ဖြတ်မြင်ရသော သူ့အပေါင်းအသင်း ဩကာသလောကဘက် ပြန်လှည့်ကာ ရှုခင်းငေးမော ကြည့်လိုက်ပြန်သည်။ နှင်းခဲလွှင်ပြင်ကို ဖြတ်၍ ခပ်ဝေးဝေး တောအုပ်များကို ကြည့်ရာ ထူထဲနက်မှောင်သော အက္ခရာစာလုံး အခွေအလိပ်များ ပြည့်နေသည့် တရုတ်စာ ပိတ်ကားချပ်တစ်ချပ် ခပ်မဆိတ် လဲလျောင်းနေပုံ တွေ့ရသည်။ နက်မှောင်သောဝတ်ရုံပေါ်၌ အဖြူရောင် ပုတီးစေ့များ ခိုင်ခိုင်မာမာ သံချေးတက် စွဲကပ်နေသည့်ပုံ။ ဘယ်အရာမှ ရွေ့လျားလည်ပတ်ခြင်း မတွေ့ရ။ အနိမ့်အမြင့် မထင်။ ကောင်းကင်က ပုလဲရောင် ကျောက်ပျဉ်ချပ်၊ တောအုပ်က ပန်းအိုးများ၊ ပန်းပေါင်းကူးလိပ်ခုံးများနှင့် ရေတံခွန်များ တိတ်ဆိတ်စွာ ပါဝင်နေသည့် မြင်ကွင်းအာရုံ ပိတ်ပါးလွှာတစ်လွှာပင် ဖြစ်တော့သည်။

သူ့ဇနီးက ကြက်ဥမွှေကြော် တစ်ပန်းကန် သူ့ရှေ့ လာချပေးသည်။ ပန်းရောင်ပန်းကန်ပြားထဲက ထိုကြက်ဥကြော်အစလေးများ တစ်စစီ ကောက်မြည်းစားနေစဉ်မှာ ပြတင်းပေါက်မှန်ချပ်၏ မျက်နှာပြင်မညီသော အပြစ်အနာအဆာကြောင့် နေရောင်ခြည်၏ ရွှဲစောင်းသော အလင်းထိုးချက်က ကွက်ခနဲ ကွက်ခနဲ ပန်းကန်ပေါ် လက်နေသည်။

ထိုစဉ် တစ်စုံတစ်ရာဖြစ်ပျက်သွားသည့် တံခါးအပြင်မှာ ကြီးမားသော နက်မှောင်သည့် ငှက်တစ်ကောင်ကောင်က ကျီးကန်း၏ မမောနိုင်



မပန်းနိုင် တောင်ပံခတ်သံမျိုးဖြင့် တဖျတ်ဖျတ်ခတ် ပျံသန်းလာသည်။ ထိုငှက်က ကွေ့ဝိုက်ပျံဝဲကာ တောအုပ်ဆီ သက်ဆင်း၍ ခြေချရပ်နားရန် အားယူသည်။

ထိုကျီးကို ခြောက်လှန့်လိုစိတ် ဖောက်ပ၍ သူ့နှလုံးသွေး ရပ်မတတ် ဖြစ်ရသည်။ မဖြတ်သန်း မကျူးကျော်ရ မျက်နှာပြင်ပေါ် အငမ်းမရ ဝင်ကျူးကျော် စီးနင်းလာသူ၊ သန်မာထက်မြက်သော သူ့ကိုယ်ထည်အတွက် နေရာ အနက်အဝှမ်းမရှိပါဘဲလျက် ဂလိုက်ပေါက်တစ်ခုခု ဆင်ကန်းဆောတိုး လိုက်ရှာနေသူ ထိုသတ္တဝါ ဝင်ရောက်နိုင်ခွင့်မရှိ။ သူ၏ မည်းနက်သော သဏ္ဍာန်က ဖျတ်ခနဲပစ်လိုက်သော လေယာဉ်ပစ် အမြောက်ကျည်ဆံတစ်လုံးကဲ့သို့ ပစ်လွှင့်တက်၍ သစ်ကိုင်းကြီးကြီးတစ်ကိုင်းပေါ်သို့ ဘုန်းခနဲ သက်ဆင်းနားလိုက်သည်တွင် ပုရိပ်သိကုံးထားသည့် ပန်းချီကား၏ တစ်စိတ်ခန့်မှ နှင်းစနှင်းနများ ရေပန်းသဖွယ် ဖွာလန်ကြဲလွှင့်စဉ်ကုန်သည်။ သူ တောင်ပံကို ဖြန့်ပြီးမှ ပြန်ခေါက်သွင်းလိုက်သည်။ အာရုံမြင်ကွင်း ပျက်စီးလေပြီ။ သူ့ နှလုံးသား ဖိတ်လျှံစီးထွက်ကုန်သည်။ 'ကလဲရာ' ဟု သူ တအားအော်ထည့်လိုက်မိသည်။

အမျိုးသမီး၏ လက်တွေ့ဆန်ဆန် ငါတကောကောရိပ်သန်းသော မျက်လုံးပြာများက သူ့မျက်နှာကြည့်နေရာမှ ပြတင်းအပြင်ဘက် လိုက်ကြည့်လိုက်ရာ သူမအနေနှင့် ဆီးနှင်းများကိုသာ မြင်ရသည်။ သူ့ထံ ပြန်လှည့်ကြည့်ရာ သူ့လက်ထဲ၌ စားရန်မလျော့ ကိုင်ထားနေဆဲ အငွေ့တထောင်းထောင်း ကြက်ဥကြော်ကို မြင်လိုက်သဖြင့် သူမ နှုတ်ခမ်းလှုပ်သွားသည်။

"ရှင် ကြက်ဥကြော် စားလိုက်လေ"

မူရင်း:

The Crow In The Words [Pigeon Feathers and other stories -မှ]

# နက္ခတ္တဗေဒဆရာ

## The Astronomer

သူလာလည်မှာကို ကျွန်တော်ကြောက်လန့်နေသည်။ ကျွန်တော်က နှစ်ဆယ်လေးနှစ်ရှိပြီ။ ကျွန်တော့်အဇ္ဈတ္တအတွင်း ဘာသာတရား ပြန်လည် ရှင်သန်လာမှုက ရေချိန်မြင့်နေသည်။ ထိုနွေရာသီစောစောပိုင်းတွင် ကျွန်တော် 'ကီးယားကဲဂါး'ကို ရှာဖွေတွေ့ရှိလိုက်သည်။ ထိုနောက် အပတ်စဉ်တိုင်း ပရင့်စ်တန် တက္ကသိုလ်ပုံနှိပ်တိုက်မှ ကြေးကြီးကြီး ရိုက်နှိပ်ထုတ်ဝေသော သူ၏ စာပေလက်ရာ ဆဝေဆာဆာများကို ကျွန်တော့်အခန်းသို့ တစ်အုပ်ပြီး တစ်အုပ် ပို့၍ ဝယ်ချလာမိသည်။ စာအုပ်များက လှပသည်။ ထူထဲလွန်းတာတွေလည်း ရှိသည်။ ပါးလှပ်လွန်းတာလည်း ရှိသည်။ ပုံနှိပ်စာလုံးကောင်းမွန်သေသပ်ခြင်းကိုက အမြဲတမ်း ဟဒယကြည်လင်စိတ် ကြွတက်လာစေပါသည်။ စာအုပ်အမည်ပါ အစစာမျက်နှာများ၊ ထပ်ဆင့်ခေါင်းစဉ်ခွဲမာတိကာများ၊ စာအုပ်ပဏာမ ဆောင်ပုဒ်များ၊ အလေးထားရိုက်သော စာလုံးစောင်းများ၊ စာလုံးစောင်းရိုက်ထားသော စာအုပ်အနှစ်ချုပ်ပြ စာသားများ စသည်တို့ဖြင့် ရှုပ်ပွနေသည်တွင် အနှစ်ချုပ်ပြစာသားတို့မှာ ဂျာမန်ဒဿနမှ ထုတ်နုတ်ပြီး အနုစိတ်ဘာသာပြန်ထားသော လက်ရာဖြစ်နေသည်။ ဘာသာပြန်သူ၏ နိဒါန်းအချီးများ အောက်ခြေမှတ်စုများနှင့်တကွ 'ကီးယားကဲဂါး'၏



ကိုယ်ပိုင် ဆုံးဖြတ်နိုင်သော အောက်ခြေမှတ်စုများလည်း ပါဝင်သည်။ လွတ်နေသော စာမျက်နှာတချို့ပေါ်၌ သူ၏ ဝေဒနာခံစားချက်၊ ပေါက်ကွဲသော ချည့်နဲ့တုန်ယင်သော ခံစားချက်များ ရေးပြီးရင်း ထပ်ရေးထားခြင်းများ၊ အထေ့အငေါ့များကို ထပ်ဆင့်ထေ့ငေါ့ သရော်ထားခြင်းများ စုပုံနေပြီး ကျိန်ဆဲမှုများအပေါ် ထပ်မံကျိန်ဆဲခြင်း၊ အကြိတ်မဲရှုံ့ထားသော ဒေါသစာလုံးများ 'ကိုပင်ဟောင်'မြို့ရှိ သူ၏နေအိမ်ထဲမှ ပုဂ္ဂိုလ်ရေးလွတ်လပ်မှုဖြင့် 'ယေဟောဝါ'ဘုရားသခင်ကို ချီးမွမ်းထောပနာပြုသော စာသားများလည်း တွေ့ရသည်။ သူ နှိပ်နယ်သတ်သော မကောင်းဆိုးဝါးက 'ဟေဂယ်'နှင့် သူ၏လူအသွင်ယူထားသူ နတ်များ ဖြစ်သည်။ ထိုအရာများကို ကျွန်တော် မသိပါ။ သို့ဖြစ်၍ သူစားပွဲနှင့်သူ ရှိနေသော 'ကီးယားကဲဂါး'မှာ ဝိညာဉ်များ၏ ဆုပ်ကိုင်ခံရမှုအောက်မှာ လူးလိမ့်နေရပြီး တကယ်အရှိမဟုတ်သော ရင်ဆိုင်နေရသည့် အရှိတရားကို ဒေါသဖြစ်ဖြစ်နှင့် တိုက်တဆိတ် သွေးစုပ်ခြင်းကို လက်နှင့် ဖြတ်ရိုက်ပုံရသည်။ ပုံနှိပ်ရုပ်ပုံအားဖြင့် ကျွန်တော်မြင်ဖူးသော တခြားပုံများနှင့် မတူသော မြင်ကွင်း ဖြစ်နေသည်။ ဤပုံက ကျွန်တော့်အား ထိုဩဂုတ်လ စက်တင်ဘာလ ညနေခင်းများကို နေသာထိုင်သာဖြစ်စေသည်။ အနောက်အဝေးပြေးလမ်းကြီးပေါ်မှ ကားအသွားအလာများက မမောမပန်းနိုင် လှစ်ခနဲ တက်သုတ်ရိုက် ဖြတ်ကျော်နေပြီး ကျွန်တော့်အိမ်သူသက်ထားက မီးဖိုဆောင် ကျဉ်းကျဉ်းလေးထဲမှာ ညစာဟင်းခွက်များ တချွင်ချွင်နှင့် လာချပေးသည်။

ကျွန်တော်တို့က ရေးဗားဆိုက်ဒရိုက်ခေါ် ကမ်းနားလမ်းမပေါ် တိုက်တစ်လုံး၏ ခြောက်ထပ်၌ နေထိုင်သည်ဖြစ်ရာ 'ဟမ်ဒ်ဆန်'အရပ်ကို အပေါ်မှ စီးမြင်နေရသည်။ မြစ်က မိုးကောင်းကင်နောက်ခံရှေ့မှာ မည်းမှောင်နေ သည်။ ခပ်ဝေးဝေးကမ်းစပ်ရှိ 'ဂျာစီ'မြို့လေးမှာ ထုထည်ကြီးသော အမှောင် ထု၏ ညှပ်ကြီးနှစ်ဖက်ကြားမှာ ညပ်မိနေသည့်ပမာ မီးပွင့်လေးများ စီရရီ တန်းနေသည်ကိုသာ မြင်ရတော့သည်။ ထိုမီးကျီခဲလေးများက မဟူရာရောင် ပေါ် အရိပ်ထင် စီတန်းရောင်ပြန်ဟပ်နေပြီး လှေတစ်စင်းတလေ မြစ်ပြင်ကို နှီးဆွ ဖြတ်မောင်းသွားသည့်အခါ ထိုရောင်ပြန်အရိပ်များ လွင့်စင်တွန့်လိမ်

သွားရင်း နှစ်ခြမ်းကွဲအစအနလေးများ ဖြစ်ကုန်သည်။ သို့သော်လည်း လှေ၏ အရိပ်အရောင်ဖြတ်ကျော်ပျောက်ကွယ်သွားပြီးသည့် မရှေးမနှောင်းများကို ရောင်ပြန်များ ပြန်လည်ဖွဲ့စည်း ဖြစ်တည်သွားကြပြန်သည်။

နက္ခတ္တဗေဒင်ဆရာမှာ ကျွန်တော်တို့၏ ကောလိပ်နေ့ရက်ကာလများ၏ အကြွင်းအကျန် ဖြစ်သည်။ သူ့ကို တွေ့ခဲ့သိခဲ့ကြသည်မှာ နှစ်နှစ်ပင် ကြာညောင်းလေပြီ။ ‘ဟာရီယေး’နှင့် ကျွန်တော်တို့နှစ်ယောက် ဘွဲ့မရမီက တခြားစုတွဲလက်ထပ်ဖြစ်သော လင်မယားတစ်စုက ကျွန်တော်တို့ကို သူနှင့် မိတ်ဆက်ပေးခြင်း ဖြစ်သည်။ ထိုမောင်နှံထဲမှ ဇနီးသည်မှာ ‘ဟာရီယေး’နှင့် အတူ ကျောင်းနေဖက်ဖြစ်ပြီး သူ့ခင်ပွန်းသည်မှာ နက္ခတ္တဗေဒဆရာနှင့် တွဲဖက်ဖြစ်သော သင်ကြားရေးဆရာတစ်ယောက် ဖြစ်ပါသည်။ သို့အတွက်ကြောင့် ‘ဘယ်လာ’နှင့် ကျွန်တော်မှာ ချိန်းကြိုးတစ်ကြိုး၏ အခြားဆန့်ကျင်ဘက်အဆုံးမှာ ရောက်နေသည်။ သူက ဟန်ဂေရီလူမျိုးတစ်ယောက်။ သူ့မိဘများက ‘ကွန်’၏ခေတ်ကို ကြောက်ရွံ့တုန်လှုပ်လျက် ထွက်ပြေးခဲ့ကြသည်။ စီးပွားရေးတော့ ချောင်လည်ခဲ့ကြသည်။ ဗီယင်နာမှ လန်ဒန်သို့ ရောက်လာကြရာတွင် ‘ဘယ်လာ’က ထိုမှ ‘အောက်စဖို့’သို့ ထွက်ခွာ၍ ထိုမှတစ်ဆင့် ဤဒေသသို့ နှစ်အနည်းငယ်က ရောက်လာသည်။ သူက အသက်လေးဆယ် ရှိပြီ။ အရပ်ပုပု တုတ်ခိုင်ခိုင် လူတစ်ယောက် သန့်မာသော ဆံပင်နက်နက်များလည်း ကြွယ်ဝချမ်းသာပါသည်။ ဆံပင်ကို ‘ဆလပ်’ စက်ဘီးသမားများ ကဲ့သို့ ဘေးနှစ်ဖက် မခွဲမပြဲဘဲ နောက်လှန်ဖြီးထားသည်။ ဆိုစလောက် ဆံပင်တစ်ချောင်းစ နှစ်ချောင်းစမျှလောက်သာ ဖြူပါသည်။ သူက ပုံမှန်မကျသော သိုသိုသိပ်သိပ် အမူအရာမျိုး လုပ်ပြတတ်သည်။ သူ့ခန္ဓာဗေဒဆိုင်ရာ အင်္ဂါအစိတ်အပိုင်းများက တစ်ခုပေါ်တစ်ခု ကွက်တိ ဆင့်က နေရာတကျ ဖြစ်နေသည်မှာ ခန္ဓာကိုယ်ဘေးဘီတိမ်းစောင်းနိုင်စေမည့် လဟာနယ် ကွက်လပ်သော်လည်းကောင်း၊ အသိမ်အမကလီစာများအတွက် နေရာထိုင်ခင်းသော်လည်းကောင်း မကျန်သလောက်ရှိသည်။ သူ့ ခြေထောက်



ကို ဖျတ်ခနဲရွှေ့လျားလိုက်သဖြင့် ခေါင်းက ဆတ်ခနဲ ခါသွားသည်။ ဟန်ဂေရီ၏ ပင်မလူမျိုးကြီး ‘မက်ဂျာ’ လူမျိုးတို့၏ မေးရိုးမျိုး သူ့မှာ ရှိနေသည်။ ဤမေးရိုးထောင့်ကျကျက ရှူးရှူးရှဲရှဲ ပိုင်စိုးပိုင်နင်းနှင့် တုံးတုံးတိတိနိုင်မှုများ သူ့မျက်နှာပေါ် အပ်နှင်းထားသည်။ သူက သံမဏိကိုင်းကွပ်ထားသော မျက်မှန်တပ်လျက် ထိုမျက်မှန်က အရွယ်အစား သေးငယ်လွန်းလှသည် ထင်ရသည်။ အခုတော့ ကိုလံဘီယာမှာ သူ သွား စာသင်ကြားနေသည်။ ပုံနှိပ်သတင်းစာများထဲ သူထောက်ထားငဲ့ညှာ ပါရှိခဲ့ခြင်း ရှားပါးသော်လည်း သူ့နာမည် ကျော်စောခြင်းက သူ့ကို တန်ခိုး ဩဇာ အရှိန်အဝါ ပြည့်စုံမှုများဖြင့် ပတ်လည်ဝန်းရံပေးလေသည်။ သူက ကျွန်တော့်ဇနီးကို သဘောကျခဲ့ပြီး ‘ကီးယား ကဲဂါး’ကဲ့သို့ပင် သူလည်း လူပျိုကြီး ဖြစ်သည်။ ထိုရှေးခေတ်က သူ၏ ပြီတီတီ ပိုးပန်းခြင်းလုပ်ရန် အတွဲအဖက်များက ခပ်လေးလေးပင်ပင် ရွှန်းရွှန်းဝေဝေ ပြောတတ်သော ဗြိတိသျှ လေယူလေသိမ်းနှင့် လိုမ်တက်နေသည်။ လေလုံးက ခပ်ထွားထွား၊ ကဖီးဆိုင်စားပွဲတွေမှာ ခပ်ပြုံးပြုံးနှင့် တွေ့ရတာလည်း ရှိ။ သူငယ်ချင်းတစ်ယောက်ယောက် ဧည့်ခန်းထဲ ညစာစားနေတာလည်း တွေ့ရတတ်သည်။ ကျွန်တော်အတွက် ထိုနေမှုထိုင်မှုများက မိုက်မဲရာလည်း ကျ၊ အစွမ်းအစ မရှိရာလည်း ကျပါသည်။ ထိုအချိန်က သူ ကြိုက်နေသော ကျွန်တော်၏ ဇနီးမှာ ကျွန်တော်နှင့် မညားသေးပေ။ “အား ဟာရီ အေး၊ ဟာရီ အေး”ဟု သူ့မနာမည်ကို သူက ပြင်သစ်သံအပြည့်နှင့် အဆုံးသတ်ခေါ်ရာမှာ မရိုးမဖြောင့်မှု အလေးချိန်က စီးနေပါသည်။ “လာပါဦးကွ။ ဟောဒီ ပုန်းခိုရာ ခုတင်ပေါ်မှာ ကိုယ်နဲ့အတူ လာကပ်ထိုင်ပါဦး” ပြီးနောက် သူ့နံဘေး ကုရှင်ဖုံကို လက်ပုတ်ပြမည်။ သူ့အလေးချိန်ဖြင့် ကုရှင်ဖုံ အိပဲ့ဖြစ်နေခြင်းက မြူဆွယ်သယောင်ရှိလိမ့်မည်။ နောက်ပြောင်ရုံသက်သက် မဟုတ်ဘဲ ပိုကဲသောအချက် တစ်စုံတစ်ရာလည်း ရှိနိုင်သည်။ မည်သို့ဖြစ်စေ ကျွန်တော်အတွက်တော့ ရိုင်းပျရာ မကျပါ။ ရိုင်းပျမှုကို လက်ခံသင့်ရန်လည်း ကျွန်တော်က ထိုစဉ်ကာလ သူ့မျက်စိရှေ့မှောက် သူ သတိပြုမိလောက်သည့်တည့်တည့်မှာ ရှိခဲ့သည် မဟုတ်။

သူက ကျွန်တော်ကို မျက်စိလျှမ်းနေပြီး အရာဝတ္ထုတို့၏ ကြယ်တာရာဆန်ဆန် တည်ဆောက်မှုထဲ မျှော်ခေါ်စူးစိုက် ငေးကြည့်နေသည်။ အလိုရမ္မက်ကို ရေးကြီးခွင်ကျယ် အာရုံဝင်စားနေခြင်းမှ လွဲ၍ သူ့ခေါင်းထဲ ဘာမှ ရှိပုံမရ။ လူသားဆန်ဆန် ကျိုးကြောင်းဆင်ခြင်တုံတရားလည်း တိမ်တိုက်ဖုံးနေပြီး အရေးမပါသော ဆင်ဆင်ခြင်ခြင်လုပ်ရန် တချို့က ထောက်ကူထားသည့် မျှော်လင့်ချက်အငွေ့သန်းမှုသာ ရှိနေသည်။ ဤသည်မှာ ကျွန်တော် ကြောက်လန့်သော သူ၏ အားကောင်းကောင်းရှင်းလင်းပီသသည့် မြင်ကွင်းပင် ဖြစ်တော့သည်။

သူ ကျွန်တော်တို့ အိပ်ခန်းထဲရောက်လာသောအခါ အခန်းထောင့်ပေါင်းစုံမှ ဝိုင်းအုံလက်ဆွဲနှုတ်ဆက်ကြသည်မှာ ပွက်လောညံသွားသည်။ ပြီးမှ သူ့ခန္ဓာကိုယ်ငြိမ်းထည်တစ်ခုလုံး ဖြန်းခနဲ မဏ္ဍိုင်တပ် ကိုယ်ရှိန်သတ်ဟန်လိုက်စဉ် 'Mero'ဆိုသော အဖုံးပျော့စာအုပ်တစ်အုပ်ကို သူသတိပြုမိလိုက်သည်။ ထိုစာအုပ်မှာ မြေအောက်ရထားပေါ်၌ ကျွန်တော် တစ်ဘူတာလျှင် နှစ်မျက်နှာကျ ရှေ့ပြန်နောက်ပြန်လာခဲ့ဖူးသော စာအုပ်ဖြစ်သည်။ ထိုအထဲ၌ ကောင်လေးတစ်ယောက်ထံမှ ရသော ဂျိုဩမေတြီ အမှန်တရားအချို့ကို ထုတ်ဖော်ထားသော 'ဆိုကရေးတက်စ်'၏ အမေးအဖြေ ဆွေးနွေးခန်းပုံစံ ရှင်းပြထားချက်များ ပါဝင်သည်။

"သခင်ကြီး ခေါ်လတော့၊ သခင်ကြီး သည်စာအုပ် ဘာလို့ ဖတ်တာလဲ နှစ်နဲ့ နှစ်ပေါင်းရင် လေးရတယ်ဆိုတာ သူက သည်စာအုပ်ထဲ သက်သေပြထားလို့လား"ဟု 'ဘယ်လာ'က မေးယူရသည်။

ပြတင်းပေါက်နံဘေး၌ ကျွန်တော်တို့ ညစာစားနေကြစဉ် ပါးလျသော အလင်းတန်း အက်ကြောင်းကြားမှ 'ဟပ်ဆန်'တို့က ထုထည်ကြီးများ အဖြစ် လူလုံးပြပေါ်လာကြသည်။ တောင်ကိစ္စ မြောက်ကိစ္စ မိတ်ဆွေသူငယ်ချင်းများအကြောင်း အသေးအဖွဲ့လေးများ ပြောကြ ဆိုကြသော်လည်း ကျွန်တော် အဇ္ဈတ္တအတွင်း ကိုယ်ဘာသာ ဒုက္ခခံတည်ဆောက်ယူထားရသော



အဆောက်အအုံကြီး အလဟဿ ပျက်သုဉ်းသွားသယောင် ခံစားရသည်။ ထိုအထဲ ပါသွားသည်မှာ ကျွန်တော်၏ယုံကြည်မှု (ချက်စတာတန် ပတ်ပတ်နပ်နပ်လုပ်ထားသော ဖြစ်တည်မှု ပဓာနဝါဒ) ကျွန်တော်၏ ဆုတောင်းမေတ္တာ ပို့သချက်များ၊ ကျွန်တော်၏ ဘုရားကျောင်းတက်မှုများ (မက်သဒစ်ကျောင်းတော်သို့ ဝတ်တက်ခြင်း၊ ထိုကျောင်းတော်မှာ နာမ်ပိုင်းဆိုင်ရာ အလဟဿအချိန်ဖြုန်းခြင်းမျိုးက ကွဲကြေလွယ်သော အမျိုးသမီး တစ်ဒါဇင်တို့ ဦးထုပ်များအပေါ်မှ စိုးမိုးအုပ်ချုပ်နေပြီး ဓမ္မဆရာကြီးက တံခါးအဝင်ပေါက်၌ ကျွန်တော်ကို တအံ့တသြ ကြည့်လျက် လက်ဆွဲနှုတ်ဆက်သည်) ဤအရာအားလုံးမှာ မောဟတရား၏ အပေါ်လွှာဆုံးသော မီးစာမျှင်လေးများ ဘဝသို့ သေးသိမ်ယုတ်လျော့လာကြကုန်သည်။ တစ်ချက် မီးခြစ်လိုက်သည်နှင့် တစ်စမကျန် အကုန်မီးလောင်ပြာကျကုန်မည်ကို ကျွန်တော်သိလိုက်သည်။

သူ့မျက်လုံးများနောက်ကွယ်၌ အတိုင်းမသိသော အာကာသ နှင့် ခေတ်ငွေ့များကို ခံစားမိသည်။ သူနှင့်အတူ ရှုစားရင်းဖြင့် ကျွန်တော်၏ တဒင်္ဂပဟာန် ရုပ်ခန္ဓာမှာ ဇရာမ မရဏတရားစနစ်ယန္တရားကြီးတစ်ခု အဖြစ် ပြန်မြင်နေရသည်။ ရှုပ်ထွေးဆူပွက်နေသော ရုပ်ဝတ္ထုလည်း ဖြစ်သည်။ နေမင်းတို့က မီးခြစ်ဆံခေါင်းများနှင့် ပမာတူ၍ ဂြိုဟ်များက မီးသွေးခဲနှင့် ဆင်သည်။ နဂါးငွေ့တန်းဆိုသည်မှာ ပြာမှုန့်ဝဲသြဃမျှသာ ထိုအရာများ လွန်မြောက်လျှင်တော့ဖြင့် ပို၍ တွေ့ရသော နောက်ထပ် နဂါးငွေ့တန်း စကြဝဠာ အနန္တများမှာ ပို၍ များပြား၍ ပို၍သေချင်စရာ အမြန်နှုန်းဖြင့် ကျွန်တော်တို့၏ စွမ်းအားအကြီးဆုံး နက္ခတ်ကြည့် မှန်ပြောင်းဖြင့်ကြည့်၍ မြင်ရသလောက် စကြဝဠာတံတိုင်းကလနားထိ တွေ့ရမည် ဖြစ်သည်။

သူ ရှင်းပြနေသည်များ ကျွန်တော် တစ်ခါက ကြားခဲ့ရသည်။ ကဖီးဆိုင်၌ ပြောခဲ့ခြင်း ဖြစ်ပါသည်။ ဖြူဖွေးဖွေး ကြယ်တာရာဂျပုလေးဖြစ်သည် မုဆိုးပုံ လုဒ္ဒက ကြယ်စု အရေအတွက်ကြောင်း အလင်းခေတ်တွေ သိပ်သည်း

နေရသည်ဆိုသည့်အကြောင်း၊ သလင်းကျောက်ခုနစ်စဉ်ရောင်တန်းရဲ့ အဆုံးစွန် အနီရောင်ဆီ ရှေးရှုတဲ့ ဆွဲငင်အားက ဆောင်ဆွဲလို့ အလင်းတန်းတွေ ထွက်ရသည့်အကြောင်းပင်။

အချို့ပွဲပန်းကန်တွေ ကျွန်တော့်မိန်းမက ပြန်သိမ်းသွားပါသည်။ နောက် ကော်ဖီခွက် ယူလာသည်။ အနီရောင်ဝိုင်အရက်ကို ကျွန်တော်က ဖန်ခွက်တွေထဲ အကုန်လောင်းထည့်လိုက်သည်။ 'ဘာယ်လာ'က ဆေးပြင်းလိပ်ကို မီးညှိသည်။ ဆေးပြင်းလိပ်ကို လုံးချောနေအောင် သပ်လိုက်သည်။ ဝိုင်ဖန်ခွက်ကိုလည်း သူ၏ လျှပ်စစ်ဓာတ်ပါသော ထိတွေ့မှုဖြင့် ပွတ်သပ်လိုက်ပြန်သည်။ နောက် စကားဆက်ပြောသည်။ ကျွန်တော်ရသောအလုပ်က စီးပွားဖြစ် ရုပ်သံဓာတ်လမ်းဓာတ်ကွက်များ ဖန်တီးပေးရေးတာဝန်ဖြစ်မှန်း သူ သိထားသည်နည်းတူ ကျွန်တော်ကိုယ်တိုင်က ဟာသအနုပညာရှင် ဖြစ်ရေးကို စိတ်ကူးနေမှန်းလည်း ရိပ်မိသဖြင့် ဘီဘီစီတတိယအစီအစဉ်မှာ သူကြည့်ခဲ့ရသော ဂန္ထဝင်စာပြောင် သရော်ဓာတ်တစ်ပုဒ်ကို သူက ပြန်ပြောပြသည်။ ထိုဓာတ်နှင့် ' 'ဘာထရန်ရပ်ဆယ်'က သင်္ချာသင်္ကေတ 'ပိုင်'(,,) အညွှန်းကိန်း၏ပမာဏကို ဒသမ နေရာ ပထမငါးရာထိ ဖတ်ပြသည့်အခန်း ပါဝင်သည်။ ထိုအခန်းပြီးသည်နှင့် 'မစ္စတာ တီအက်စ် အီးလီးယက်'က မိနစ် ၂၀ ကြာကြာ အသံတိတ်တရားထိုင်ပြခြင်းနှင့် ထိုနောက်တွင် 'ဘာထရန်ရပ်ဆယ်'ကပင် ပိုင် (,,)၏တန်ဖိုးကို နောက်ထပ် ဒသမနေရာ ငါးနေရာထိ ဆက်ဖတ်ပြခြင်း ပါဝင်သည်။

ကျွန်တော်၏ ရယ်မောပွဲကျမှုက အလွန်အကျွံပေါက်ကွဲထွက်မိပြီဆိုလျှင်တော့ ဤသည်မှာ သူ၏ သိမှတ်မှု ဉာဏ်ပညာကြောင်သော အနည်းအပါးမျှ စောင်းမြောင်းတတ်ရိုးမှန်စေကာမူ 'ဘာထရန်ရပ်ဆယ်'ကလည်း ရယ်ရလောက်သည့် အယူအဆမျိုး ရှိနိုင်ကာ 'Little Gidding' ရေးသူ စာရေးဆရာ၏ တရားထိုင်မှုကလည်း အနည်းဆုံး တဒင်္ဂမျှ စိတ်သက်သာရာရမှုသာ ဖြစ်စေပါသည်။ ကျွန်တော်ကိုယ်ပိုင်အယူသည်းမှု အယူအဆများ



ကို ပြန်ဆန်ကျင်နေရသော စိတ်ဖိစီးမှုမှ သက်သာရာရစေခြင်း ဖြစ်သည်။ ကျွန်တော့်ဇနီးက အခန်းထဲ ပြန်ဝင်လာရာတွင် သူ၏လက်မောင်းပေါ် လင်ပန်းတစ်ချပ် ပင့်သယ်လာစဉ် လင်ပန်းပေါ်၌ သံဖြူအိုးဆောင်းတစ်လုံးနှင့် တရုတ်ကြွေခွက်သုံးလုံး တင်ဆောင်လာသည်။ ကြွေခွက်များက လေးထောင့်စပ်စပ် အလင်းပိတ် အရိပ်ထင်နေသည်မှာ စူးစူးနစ်နစ် လှပသော သတ္တဝါတစ်ကောင်နှင့် တူနေသည်။

"အာ၊ ဟာရီ အေး ဟာရီ အေး၊ အိမ်ထောင်သည်ဘဝက ခင်ဗျားရဲ့ ထူးခြားပြောင်မြောက်မှုကို ဖျော့မှိန် မသွားစေခဲ့ပါဘူး"ဟု 'ဘာယ်လာ'က သူ့ဆေးပြင်းလိပ်ကို အောက်နိမ့်လျက် ထုတ်ပြောသည်။

ကျွန်တော့်ဇနီးက ရှက်သွေးဖြာသွားသည်။

သူ၏ ချီးကျူးထောပနာပြုခြင်းကို ချက်ချင်းတုံ့ပြန်ဖြေကြားရန် အတွက် သူမ အခြေပြောများက လိုက်လိုက်လျောလျော ဖြစ်လွန်းစွာ အနေအထား ပျက်နေပါသည်။ လင်ပန်းကို စားပွဲပေါ် တင်ထားလိုက်ပြီး သူမရဲ့ ကုလားထိုင်ကို ဆွဲယူလျက် ကျွန်တော်တို့ကို ကျွေးမွေးတည်ခင်းသည်။ ဝိုင်နှင့် ကာဖီများ ကျွန်တော်တို့ ပါးစပ်ထဲ ရောထွေးဝင်သွားသည်။ 'ဘာယ်လာ'က ဤကိုင်းပြည်သို့ သူ ပထမစရောက်ခဲ့စဉ်က အကြောင်းတွေ ပြောပြနေသည်ကို ကျွန်တော်တို့က ဝိုင်းနားထောင်နေကြသည်။ သူက 'မိဂျိဂန်'မြို့ရှိ တက္ကသိုလ်မှာ အထွေထွေသိပ္ပံပြသည့် နည်းပြဆရာတစ်ယောက် ဖြစ်သည်။ ကျောင်း၏သာမိုမီတာက လနှင့်ချီ၍ သုညအမှတ်ကို ပြနေသည်။ ကျောင်းသားများက ကျောင်းပရိဝုဏ်အတွင်းမှာ ဆီးနှင်းခဲ ပန်းပုရုပ်များကို အနုစိတ် ထုလုပ်ကြသည်။ သူတို့အားလုံး သိုးမွေးနားရွက်ကာများနှင့် ကြိုးသိုင်းမပါသော နှင်းတောစီး ကြက်ပေါင်ဖိနပ်များ စွပ်ထားကြသည်။ ပထမမှာမူ သည်နားရွက်စွပ်ကလေးများကို သူ တယ်မယုံကြည်လှပေ။ သူတို့ ကြည့်ရသည်မှာ ဥရောပအလယ်ပိုင်းရှိ တသီးတခြားနေတတ်ကြသော လယ်သမားအများစုကြား တွေ့ရတတ်သော လူတချို့နှင့် သွားတူနေသည်။ ဆိုင်တစ်ဆိုင်

သို့ အရဲစွန့်ဝင်သွားပြီး ထိုသို့သော ကလေးကလားဆန်သော ပစ္စည်းများ ဝယ်ယူစုဆောင်းဖြစ်ရန် သူမှာ အတော်ကြာ အချိန်ယူရသေးသည်။ သို့သော် နောက်ဆုံးမှာမူ ထိုသို့ စုဆောင်းဖြစ်သွားကာ သူတို့ကြားထဲ သူခပ်ပျော်ပျော် အဖွဲ့ကျသွားပါသည်။ သူတို့က အာရုံ ထိလွယ်ရှလွယ်ကြသည်။ သူအနေနှင့် ထိုအရာများကို ဆက်လက် ဝတ်ဆင်ဖြစ်သည်။ 'အရှေ့'ပိုင်းဒေသတွင်မူ ဤဝတ်ဆင်မှုက ဖက်ရှင်ကျပုံ မရပေ။

"ကျွန်မသိပါတယ်" ဟု 'ဟာရီအေး'က ပြန်ပြောသည်။ "သည်လို နေရာ ဆောင်းတွင်းကြီးမှာ ရှင်ဟာ 'မယ်ဒီစင်'ရိပ်သာက လူဆင်းရဲမျိုးတွေသာ တွေ့ရမှာပဲ"

"ဆော်လတာ'လို လူမျိုးတွေပေါ့လေ" 'ဘယ်လာ'က ပြေပြေပြစ်ပြစ် နှင့်ကြားဖြတ်လေပြည်ဝင်ထိုးရာတွင် သူ့ပန်းကန်ပြားအစွန်းဖျား၌ ဆေးလိပ်ပြာကို ချွေချလိုက်သေးသည်။

"မှန်တော့ မှန်ပါတယ်လေ။ သူက ဘယ်တော့မှ ဆံပင်ညှပ်လေ့ မရှိတော့ သူကြည့်ရတာ သိပ်ဆိုးလှပုံမပေါ်ဘူး။ ဒါပေမဲ့ တခြားဟာဒီ ဒီက လူတွေကတော့ သည်လောက် သေမတတ် လေထန်စိုထိုင်းနေတဲ့ ဆောင်းတွင်းကြီးမှာတောင် ဆံပင်ညှပ်ထားပြီး သူတို့ရဲ့ ခေါင်းထိပ်မှာ ခပ်ကြပ်ကြပ်ဦးထုပ်သေးသေးလေးတွေ ဆောင်းထားကြလေရဲ့။ နားရွက်တွေကလည်း မြေအောက်ရထားလမ်းထဲမှာတောင် နီရဲတောက်နေသေးတယ်"

'ဘယ်လာ'က ဆက်ပြောပြန်သည်။

"ပြီးတော့ မိန်းကလေးတွေလည်း ရှိသေးတယ်။ 'မစ်ဝက်စ်'အရပ်က ကောင်မလေးတွေက ထုထုထဲထဲ ဖောင်းဖောင်းကြွကြွတွေပဲ ဝတ်တတ်ကြတယ်" သူ့လက်ဝါးနှစ်ဖက်ကို တုတ်ခိုင်ခိုင်သူ့လည်ပင်းအား ဆားနှစ်ဖက် ညှပ်အုပ်ကိုင်ကာ ဖျတ်ခနဲ လန့်ဖြန့်သွားသည့်ဟန်ဖြင့် ကျွန်တော်တို့ကို



ဆတ်ခနဲ ပြုံးကြည့်သည်။ လက်ချောင်းနှစ်ခုကြား ဆေးပြင်းလိပ်ကို ညှပ်မြဲ ညှပ်လျက် ဦးခေါင်းက အညှောင့်ထိုးထွက်သည့် ပုံမျိုး ထိုးထိုးထောင်ထောင် ဖြစ်နေကာ မီးခိုးထွက်နေသော ဦးချိုတစ်ချောင်းနှင့် တူနေသည်။ သူ့လက်များ ဆတ်ခနဲ ဆန့်ထုတ်၍ ရင်ဘတ်ကို ပိုက်လိုက်စဉ် ရင်က ဖောင်းကားတင်းကျပ်လာသည်။ အခေးက လျှပ်တပြက် သေနတ်များကဲ့သို့ ကျွန်တော်တို့အတွက် အာရုံခံစားမိစေသည်။ "ဖြုလိုက်သမျှ သိုးမွေးတွေချည်းပဲ" သူက စူးရှရှထပ်ပြောသည်။ နာမဝိသေသန စာလုံးတိုင်းကို ကထိက ဆရာတစ်ယောက်၏ အင်အားမျိုးနှင့် ထုတ်ဖော်ကာ ရုတ်တရက် သူ ထွက်သက်ရှူထုတ်လိုက်သည့်အခါမတော့ ထိုစကားလုံးများလည်း နိမ့်လျော ကွေးဝိုက်သက်ဆင်းလာသည်။

"သူတို့ကြည့်ရတာ နှင်းခဲဘောလုံးဖွားဖွားကြီးတွေနဲ့ တူတယ်။ ရေခဲပြင်ကပွဲတွေမှာ မိန်းကလေးတွေ သူတို့ ရင်အုံပေါ် လွှားဝတ်ထားတဲ့ ပန်းပွားလုံးတွေမျိုးပေါ့" ရင်အုံစာလုံးကိုပြောရာ၌ 'အက်စ်'သံတွေက ထူးခြားပီသလွန်းနေသည်။

သည်ရေခဲပြင်ကပွဲတွေ သူကြည့်မှကြည့်ဖူးပါရဲ့လားဟု ကျွန်တော်တို့ တအံ့တသြ ဖြစ်မိသည်။

ပွဲတွေလျှောက်ကြည့်လေ့ရှိသူဟူ၍ သူ့ကို ကျွန်တော်တို့ထင်မထားခဲ့။ သို့သော် ထိုပထမနှစ်ကာလများအတွက်မှာပင် သူက တစ်တိုင်းတစ်ပြည်လုံးအနှံ့ စစ်ဆေးကြည့်ရှုပြီးလေပြီ။ နွေရာသီတစ်ခုမှာ သူဒေါ်ဂျစ်ကားတစ်စီး ဝယ်လိုက်ကာ အနောက်ဘက်တစ်လွှား သူဟာသူ လျှောက်မောင်းနှင် လည်ပတ်ကြည့်ခဲ့သည်။ အဆက်အစပ်မရှိသော ရိုသေကိုင်းညွတ်မှုမျိုးဖြင့် 'ဂရင်းကင်ယွန်' မဟာချောက်ကမ်းပါးပြတ်ကြီး၊ ယိုဆယ်မိုက်အရပ်နှင့် လူနီ ရိုင်း 'ဆီယောက်စ်'တို့ကို ပြန်လည်နေရာချထားပေးရာအရပ်တို့အထိ သူအကုန်ရောက်ခဲ့သည်။ နယူးမက္ကဆီကိုရှိ ရှည်လျားပြန့်ပြူးနေသော အဝေးပြေးလမ်းမကြီးအကြောင်း သူ ပြောပြသည်။

"အဲဒီမှာ တောင်ကုန်း အနက်တွေ ရှိတယ်။ လုံးဝ ဘာပင်မှ စိုက်လို့ မရဘူး။ ခရမ်းရောင်လုံးလုံး လွှမ်းတဲ့ သိုးစားကျက်လွင်ပြင်တွေပဲ စဉ်းစားမရအောင် အရုပ်ဆိုး အကြည်းတန်စွာနဲ့ မိုင်နဲ့မိုင်နဲ့ မိုင်နဲ့ချီအောင် တမျှော်တခေါ်ကြီးပါပဲ။ ခါတ်ဆီဆိုင်လည်း တစ်ဆိုင်မှ မရှိ၊ စိမ်းစိုတဲ့သစ်ပင်ကိုလည်း တစ်ပင်မှ မတွေ့ရ။ ဘာဆိုဘာမှ မရှိပါဘူးဗျာ"

ထို့နောက် သူ့မျက်နှာမှာ အခြားတစ်ဖက်မှ ကျွန်တော်တို့ဘက်ဆီ ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ သူ့ထံ၌ ယခင် ကျွန်တော် ဘယ်တုန်းကမှ မတွေ့ခဲ့ရဖူးသော ခံစားရချက် ဝေဒနာအရိပ်ကို တွေ့မိလိုက်ပါသည်။ သူ့နက်မှောင်မျက်ခုံးအစုက ချောမွတ်သော သူ့မျက်ခွံများကို ပေါင်းခုံးနှစ်ခုအဖြစ် ဖြန့်ကြက်အုပ်မိုးပေးထားသည်။ သူ့အပေါ်နှုတ်ခမ်းက အောက်နှုတ်ခမ်း၏အပေါ် ဖိကြပ်ထားသည်မှာ သွားနှင့်ကိုက်မိ၍ ပြန်ရုန်းတော့မယောင်ရှိသည်။ ကျုန်မျက်နှာရိပ်ကဲ့ အသွင်မှုရာကို တိတ်တိတ်ဆိတ်ဆိတ် သူ အပ်နှင်းပြီးမှ လှစ်ခနဲ ပြန်ဖျက်ပစ်လိုက်ပြန်သည်။ ဤသည်မှာ သူ ဖွင့်ဟပြောနိုင်စွမ်းမရှိကြောင်း ဝန်ခံရာကျသည်။ သူ ကြောက်လန့်နေပေပြီ။

ကျွန်တော်တို့မျက်နှာအောက်(စားပွဲ)ပေါ်၌မူ ဖန်ခွက်များ၊ လက်ဖက်ရည်ပန်းကန်လုံးများမှာ အရိပ်များကြောင့် အိုးခြမ်းကွဲစများပမာ ကွဲရှကုန်ပြီ။ ကော်ဖီ၏အညိုရောင်အနှစ်ဖတ်များ၊ ဝိုင်၊ ဆေးလိပ်ပြာခံခွက်နှင့် ပြာများမှာ စကြဝဠာအပျက်အစီးများနှင့် ခြားနားသည့် ဟန်ပန်မျိုးဖြင့် နွေးထွေးသော အနက်ရောင်ပုံလေးတစ်ပုံအဖြစ် အတူတကွ ဒရောသောပါး လှည်းကျင်းစုပုံခြင်း ခံရသည်။

ထိုအရာများမှာ ကျွန်တော် မှတ်မိသမျှ ဖြစ်ပါသည်။ စားပွဲပေါ်ရှိ အရောအနှောမှာ ကျွန်တော်တို့၏ အဆက်အစပ်မဲ့ ဝိညာဉ်များနှင့် အတိတ်ကအရိပ်များ ငမ်းငမ်းတက် လုံးပန်းကြွရွနေသော နတ်ပူးခြင်း၏ အပုရိုန်အတွင်းထဲမှ ပိုကြီးမားလာသော အရုပ်အထွေးပုံကြီးရဲ့ အစိတ်အပိုင်းမျှသာ ဖြစ်ပါသည်။ ထိုအရုပ်အထွေးပုံကြီးမှာ ယင်းတို့နှင့်အတူ အခန်းထဲသို့ အရာရာ



ကို ယူသွင်းလာသည်အနက် 'ကီးယားဂဲဂါး'နှင့် ချုပ်နှောင်တွဲဖက်ထားသာ အောက်ခြေမှတ်စု စကားစုအကျိုးအပဲ့များလည်း ပါဝင်သည်။ ကျွန်တော်တို့မှာ ဆဌမထပ်၌ နေထိုင်နေခြင်းကြောင့် ထိုမြင်ကွင်းမှာ မှတ်ဉာဏ်ထဲတွင် မမြင်ရသော မြင်ကွင်းတစ်ရပ်အဖြစ် တော်တော်မြင့်မြင့်မားမား ဝေဟင်ထဲ နေရာယူထားသည်မှာ မြို့တော်နှင့် မြစ်၏ မှောင်မိုက်ခြင်းကို ဆန့်ကျင်အထောက်အခံထားပြီး တန်းလန်းချိတ်နေသည့် ကြယ်တာရာတစ်ခုထဲ ကျွန်တော်နေထိုင်နေသည့်အလား ထင်ရသည်။ အားလုံးပြီးသည့်နောက် အတိတ်ဆိုသည်ကတော့ ဘာများဖြစ်ပါသလဲ။ သိသိသာသာ အရမ်းကာရော ထိုးချင်သလို ထိုးဆွခြင်းခံရသည့် အခိုက်အတန့်ကာလလေးများ ပါဝင်သော မှောင်မိုက်မှုကားချပ်ရှည်ကြီးတစ်ချပ် အဆောင်လက်နေခြင်းပဲ မဟုတ်ပါလား။

မူရင်း

The Astronomer

[Pigeon Feather and Other Storiesမှ]

# ကိုယ့်မယား ကိုယ် နောက်ပိုးခြင်း

## Wife-Wooing

အို - ကိုယ့်အချစ် မှန်လိုက်လေ။ ကိုယ်တို့ ထိုင်နေကြတာ ကြမ်းခင်းကတ်ထူပြားခပ်နွေးနွေးတစ်ချပ်ပေါ်မှာပေါ့။ မီးလင်းဖိုရဲ့ရှေ့ ကလေးတွေက ကိုယ်တို့နှစ်ယောက်ကြားမှာ အားလုံး လခြမ်းပုံ ဝိုက်ထိုင်လို့ စားကြသောက်ကြနဲ့ပေါ့။ သမီးလေးနဲ့ ကိုယ်နဲ့က ပြင်သစ်အာလူးကြော် အောင်စဝက် လောက် အတူတွဲစားနေကြတယ်။ မင်းနဲ့ သားလေးတို့ကလည်း နောက် အောင်စကို အတူတူပဲ စားကြလို့ပေါ့။ အလယ်ကောင်မှာက ဘာမှ ဝေစုမရ တဲ့ တို့ရဲ့ အနွေးထွေးဆုံး မွေးကင်းစလေးက ကျောက်မျက်ရတနာတစ်တုံးလို ကိုယ်ဟာကိုယ် ခပ်ရိုးရိုး အရောင်လက်လို့။ သူ့နို့ဘူးကိုစို့ရင်း ဆရာသမားဆန်ဆန် မျက်မှောင်ကြီးက ကြုတ်၊ တစ်ကိုယ်ကောင်းဆန်ဆန် တရားရှုမြင်ဆင်ခြင်တတ်တဲ့ သူ့မျက်ဝန်းတွေက မီးတောက်အလယ်က ဖွာခနဲ ထွက်လာတဲ့ ခိုးကြောင်ခိုးဝှက် မီးပွားတွေ လက်လာမှုကို ငေးနေလေရဲ့။ ပြီးတော့ မင်း - မင်းလေးကတော့ မင်းက စကတ်နဲ့။ သည်မနက် မိန်းမသားတွေရဲ့ ခပ်ပျော့ပျော့ ရဲစွမ်းသတ္တိနဲ့ မင်းစက်ဘီးပေါ်ခွတက်စီးသွားတုန်းက ဝတ်တဲ့ အနက်ရောင်စကတ်ပဲပေါ့။ ပြီးတော့ တနင်္ဂနွေနေ့ ဝတ်ကျောင်းတော်မှာ မင်းခပ်မြူးမြူး ထိုးထွက်လို့ ခက်ခက်ခဲခဲတေးသွားခလုတ် သံစဉ်လှိုင်းတွေ တီးခတ်စဉ်က ဝတ်ခဲ့တာလည်း သည်စကတ်နက်ပဲ။ အဲဒီတုန်းက သည်



စကတ်နက်လေးဟာ မင်းရဲ့ ခပ်ကြွကြွ မြင့်ထားတဲ့ ဒူးခေါင်းလေးတွေ လှစ်ပေါ်လာအောင် လျှောတက်ပြီး မင်းရဲ့ပြည့်ဝတဲ့ ခန္ဓာကိုယ်အလှကို ပြဖို့ မင်း ပေါင်သားလေးတွေ အောက်ကို ထပ်လျှောကျတယ်။ ဒါကြောင့် မင်းရဲ့ ပေါင်တံအောက်ကလနား ချဉ်းပြိုင်ပြေးနေတဲ့ ဖြူဖွေးမှုဟာ မီးဖိုရဲ့ ပူနွေးမှုအောက်မှာ ကိုယ်အတိုင်းသား မြင်နေတဲ့အထိ ပေါ်နေခဲ့တာပေါ့။ အို သည်မျဉ်းကြောင်းဟာ 'ဂွိုက်စ်'ပဲ။ 'ယူလီးဆီး' ဝတ္ထုကြီးထဲက ဂူ လိုက်ခေါင်းတွေကို မပြည့်မဝနဲ့ တူးဖော်ရှာဖွေကြည့်ရင်း သည်ပုံပြင်ကနေ သတိရစရာတွေ ပြန်ဖော်ထုတ်ဖို့ ကြိုးစားကြည့်တယ်။ နက်ရှိုင်းတဲ့ ဒဗ်ဘလင်သားရဲ့တွင်းတစ်တွင်းထဲအရောက် 'ဘလက်ဇက် ဘွိုင်လန်'တစ်ယောက် ကျေနပ်စေဖို့ ချိန်းကြိုးကို တုံ့ဆွဲရတယ်။ 'Man'ဆိုတဲ့ စကားလုံးရှေ့မှာ 'Wo' ('နောက်ပိုးခြင်း' Woo ရဲ့အတိုကောက်) ဆိုတဲ့ စာလုံးတပ်ပြီး 'Woman' မိန်းမရယ်လို့ ဘယ်သူကများ ဝေါဟာရထွင်ခဲ့ပါလိမ့်။ (ပိုးပန်းခဲ့လူသားလို့ ပြောချင်သလိုလို) တိတိကျကျ ခြားနားတယ်။ ပြီးတော့ အသံထွက်ကလည်း 'W'သံ ကျယ်ကျယ် 'O'ကို အာလုတ်ခံပြီး (Womb= သားအိမ်)ဆိုတဲ့ စာလုံးသံ ထွက်ရတယ်ဆိုတော့ အင်း စဉ်းစားစရာ။ လခြမ်းပုံ စီတန်းထိုင်နေကြတဲ့ ကိုယ်တို့ထဲက ကလေးတွေက သူတို့အရွယ်နဲ့သူတို့ မင်းဆီကနေ ကိုယ်ဆီ ဦးတည်လာနေပုံ ရတယ်။ လက်ချောင်းတစ်တွေ မျက်ဝန်းတွေ ရွှန်းစိုစိုနဲ့ ကြေးဝါရောင် လဲနေတယ်။ ကလေးက သုံးယောက်။ လူငါးယောက်ဖြစ်လာတဲ့ ဘဝ။ ကာလက ခုနစ်နှစ် ပေါင်ဖြူဖြူဖွေးဖွေး ပန်းဖြူမလေးကို ပြန်ပြန်ပြူပြူ ပူပူနွေးနွေးအောင်ရယ် ပေါင်းဖော်လက်ထပ်ခဲ့ကတည်းက ခုနစ်နှစ် ကြာခဲ့ပြီ။ ပိုးပန်းပြီး ပေါင်းဖော်ခဲ့ရတာပေါ့။ စကားလုံးတစ်လုံးရဲ့ ဓားသွားတစ်ချောင်းက သူ့ရဲ့ နောက်ဆုံး ကိုက်ဖြတ်ချက်နဲ့တောင် ပိုးပန်းခြင်းကို အဆုံးမသတ်ပေးနိုင်ပါဘူး။ ကိုယ် ဘယ်လောက် အံ့သြလိုက်ရသလဲ။

တို့အသားစားကြတယ်။ သည်ကနေတစ်မိုင်ဝေးတဲ့နေရာ ညစာစားပွဲတစ်ခုက 'ဟမ်ဘာဂါ'ကောင်မလေးရဲ့ ကြမ်းကြမ်းတမ်းတမ်းလက်ထဲကနေ

ကိုယ် တအားဆွဲလုလာခဲ့တဲ့ အသားပေါ့။ ရုန့်ရင်းကြမ်းတမ်းတဲ့နေရာ ကျေးကျွန်ဘဝတွေ အသားကျကျင်လည်ရာ အရမ်း ခရိုမိယမ် အရောင်တွေနဲ့ ရိုင်းနေကြတယ်။ အသားစားသူရဲ့ လူငယ်တွေက ကိုယ့်ကို ညစ်ပတ်တဲ့ ပြက်လုံးတွေနဲ့ ခြိမ်းခြောက်ဟိန်းဟောက်ကြလေရဲ့။ အဘိုးအိုတွေကလည်း ကော်ဖီရောင် နေလောင်တဲ့သူတို့ လက်ကြမ်းကြီးတွေနဲ့ ကိုယ့်ကို လှမ်းကိုင်တော့မလိုတောင် ယမ်းကြရဲ့။ ကိုယ်က ကိုယ့်ပိုက်ဆံအိတ်ကို စိမ့် ဆောင့်ကြပ် ထိမ်းသိန်းလို့ အောင်မြင်စွာ တပ်ဆုတ်ပြန်ခဲ့ရတယ်။ အေးစိမ့်တဲ့ ကားထဲမှာ ကိုယ်ရဲ့နံဘေးအသင့်ရှိတာက ဖောင်းအိအိ ပေါက်စီလုံးတွေ ပြည့်နေတဲ့ အညိုရောင်အိတ်တစ်လုံး။ ပိုသေးတဲ့ အိတ်ငယ်တစ်လုံးထဲမှာ ပြင်သစ်အာလူးကြော် နှစ်ကာတွန်းလောက် ရှိနေတယ်။ အစော်ပူပူနွေးနွေး ရှိသေးသလို အငွေ့ထနေသေးတယ်။ နောက်ဘက်အနက်ရောင် ဆောင်းဥတု လေထုထဲကနေ အခု မီးလင်းဖိုထိအောင် ဟူရေး ဟူရေး အော်သံ ဟေး ဟေး ဟားဟား ညာသံဆူးသံတွေက ကိုယ့်ကို နှုတ်ခွန်းဆက်တယ်။ သမင် တွေက ပါးစပ်တွေဟပြီး ဝါဂွမ်းလို လည်ပင်းတွေ ရှည်ထုတ်လို့ လက်တံရှည် မရေကာ မင်းက ကိုယ့်ပခုံးတွေပေါ် ကျော်ဖြတ်သွားလေရဲ့။ ပြီးတော့ အခုအချိန် မင်းက အဖြူရောင် ဝလုံးပုံ ပန်းကန်ပြားဘေးနားမှာ ရှိတယ်။ အဲဒီပန်းကန်ထဲ ဟမ်ဘာဂါကြားက ပြူထွက်လာတဲ့ ထွင်းဖောက်ကြည်လင် ကြက်သွန်ကွင်းလေးတွေကို ကလေးတွေက ရွှံရာလွန်းလို့ဆိုပြီး စူးစူးရှရှ အော်ဟစ် ဖယ်ရှားပစ်ကြတယ်။ မင်းကတော့ အဲဒီပြောင်လက်လက်ပန်းကန်ဆီ လက်ထိပ်လေးတွေ တစ်လက်မလောက် တိုးကပ် လှမ်းလိုက်တယ်။

ပြန်ကားကား ဇနီးမယားတစ်ယောက်က ဤအခမ်းအနားရဲ့ ဖြူရော်ရော် ကြောက်ဒူးတုန် စားသောက်ပွဲကို ပြန်ရောက်လာမယ်လို့ ဘယ်သူတွေ မိမှာလဲ။ သည်ခုနှစ်နှစ်ကာလဟာ ကိုယ်တို့ကို ဝေးကွာမသွားစေပါဘူး။ ဟောဒီ နွေးထွေးတဲ့အိပ်ရာ သဉ္ဇာတွေကို ဖြတ်သန်းရင်း အိမ်ထောင်ဦးအစ တုန်းကလို ရင်သိမ့်တုန်အမှတ်မှာ ရှိနေဆဲ မဟုတ်ပါလား။ ကလာပ်စည်းလေးတွေက ခုနှစ်နှစ်တိုင်းမှာ ပြောင်းလဲနေကြပါတယ်။ အဏုမြူအထိပေါ့။



သိသာလှတဲ့ ထူးဆန်းတဲ့ အဆက်ဖြတ်မှုပါပဲ။ ဘုရားသခင်ရဲ့ အလိုတော်အရ စကြဝဠာကြီးတောင် မျက်စိတစ်မှိတ် လက်ဖျစ်တစ်တွက်အတွင်း အသစ်အသစ်ဖြစ်တည်နေတာပဲ မဟုတ်လား။

(အား ဘုရားသခင်လား။ ချစ်စွာသော ဘုရားသခင်ရေ။ ကိုယ့်ကလေးဘဝရဲ့ သူငယ်ချင်းကိုလန်ဘားရေ။ သူတို့ ဘယ်လိုပဲ ကြောက်စရာကောင်းတဲ့ အတင်းစကားတွေပြောခဲ့ဦးတော့ တပည့်တော်ကတော့ အရှင့်ကို မမေ့နိုင်ပါဘူး။) သင့်ရဲ့ ခြေထောက်အစုံကို ရေချိုးဝတ်စုံတစ်စုံလို အပြည့်အဝ ပွင့်ကားထားတယ်။ အပူကြားထဲ နက်နက်ရှိုင်းရှိုင်း ပယင်းရောင်နဲ့ ဆေးကြောပြီးသား။

ကောင်းပြီ။ စလိုက်ပေတော့။ သစ်လုံးအရိုင်းထဲကရတဲ့ အင်တွဲတစ်အိတ်စာရဲ့ အစိမ်းရောင်မီးတောက်တစ်ခုက တစ်ဖက်စောင်းလျက် ပန်းထွက်လာတယ်။ လိမ္မော်ရောင်အရိပ်တွေက မျက်နှာကျက်ပေါ်မှာ လန်းဆတ်ရှင်သန်စွာ ဟိုသည်ယိမ်းနေတယ်။ ကဲ စပေတော့။

"တို့ရဲ့ ပျားရည်ဆမ်းခရီး မှတ်မိသေးလား။ ရေနံဆီမီးအိမ်က မီးခိုးတွေက မျက်နှာကျက် ပြတင်းမှာ ဇရာမ နှင်းဆီပန်းပုံပေါ်ခဲ့တာလေ"

"အင်း။ ရှင့်မေးစေ့က ဒူးခေါင်းထိအောင် နိမ့်ကျပြီး ထောက်နေပြီ။ ရှင့်ညို့သကျည်းတွေကို ရှင်ပြန်ဆွဲဖက်ထားတယ်။ သတိရစရာ သိပ်များများတော့ မရှိဘူး။ ရှင့်အတွက် များများ မရှိတာပါ။ ဆွေးတွေက ဆိုးဆိုးဝါးဝါး ယိုထွက်လို့။ အရာအားလုံးက လေးလံထိုင်းမှိုင်းနေတယ်။ ဇွန်လမှာတောင် အေးနေလိုက်တာ"

"မမေ၊ အေးတယ်ဆိုတာ ဘာလဲဟင်။ မမေ ဘာပြောတာလဲ" သမီးလေးက အသေအချာ ခပ်ပြတ်ပြတ် စိတ်ဆိုးဆိုးနဲ့ ဝင်မေးရာမှာ တစ်ခုခု နှုတ်ချော်ထွက်သွားလို့ ကိုယ်တို့ ဝိုင်းရယ်ကြမှာကို သတိကြီးကြီးထား ဆင်ခြင်နေပုံရတယ်။

"ဖေဖေနဲ့ မေမေတို့ တစ်ချိန်က အတူတူနေခဲ့ကြတဲ့ အိမ်တစ်လုံး ရှိတယ်လေ"

"အဲဒီအိမ် သားမကြိုက်ဘူး" သားလေးက ဝင်ပြောသေးတယ်။ 'ချာထရူး'အရက်နဲ့ မှန်ညင်းစေလိမ်းကျံထားတဲ့ ပေါက်စီတစ်ဝက်ကို သူ ကြမ်းပေါ် လွှင့်ပစ်လိုက်သေးတယ်။

မင်းက သည်ပေါက်စီကို ကောက်ယူလိုက်ပြီး လှပတဲ့ ဝိုးတဝါး သုန်မှုန်ခြင်းနဲ့အတူ ပြန်ပေးတယ်။

"ဒါက ဘာဖြစ်နေလို့လဲ။ တခြားပေါက်စီတွေမှာကော သည်လို မှန်ညင်းစေ မပါကြဘူးတဲ့လား"

"ကျွန်တော် အဲဒါကို မုန်းနေတာ" သားလေးက ခေါင်းမာမာ ဆက်ပြောတယ်လေ။ သူက နှစ်နှစ်သားပဲ ရှိသေးတာ။ ပြောတတ်ဆိုတတ်လိုက်တာကတော့ ဘာသာစကားဟာ သူ့အတွက် အတော်မရှင်းလင်းတဲ့ ကွေ့ကွေ့ဝိုက်ဝိုက် လက်ကိုင်ကွင်းကြီးဖြစ်နေတဲ့ တိုင်အောင် သူကတော့ ရှေ့ကိုင်ဆွဲ ဖမ်းဆုပ်ပြီး ပြောတာပဲ။

"ဟောဒီမှာဟော။ ဖေဖေ မုန့်လာစား။ ကိုယ်ဟာ သူ့ပေးလိုက်ကွာ" ကိုယ့်ရဲ့ ဟမ်ဘာဂါကို လှမ်းပေးတော့ မင်းက ယူလိုက်တယ်။ သည်နေရာမှ ကျော့ဖူးဆိုတဲ့ ရေပွက်လေးတစ်ပွက်တောင် မပွက်ပါဘူး။ တနင်္ဂနွေနေ့တိုင်း ညအိပ်ရာဝင်ချိန် အစားအသောက်လေးတွေ မင်းမလုပ်ရဘဲ ကိုယ်က သူ့ရဲ့ကောင်းဆန်ဆန် ဝင်လုပ်ကိုင်ပေးတတ်တာလည်း ဘယ်သူကမှ ချီးကျူး အသိအမှတ်ပြုကြတယ် မရှိပါဘူး။ မင်း အာရုံထားချက်က ကောက်ကျစ် သလိုပဲ။ သည်အာရုံမျိုးနဲ့ပဲ မင်းရင်ထဲ ဘာတွေ သိထားတယ်ဆိုတာ ကိုယ် လည်း ပြန်အာရုံခံမိပါတယ်။ မင်းရဲ့ စွမ်းအင်တွေကိုတော့ ပိုပြီး ပီတိဖြစ် ရမယ့် ကိစ္စတစ်ခုခုအတွက် သုံးဖြုန်းနိုင်အောင် စုဆောင်းသိုမှီးထားမယ်လို့ ကိုယ် မျှော်လင့်တယ်။ တို့နှစ်ယောက်ကြား အမြဲတမ်း အာရုံခံအသိနဲ့ စိတ်



ချင်း သိနေကြတာပါ။ ဂယက်ထတဲ့အခါတိုင်း တည်ရှိမှုတိုင်းနဲ့ မတည်ရှိမှု တိုင်းမှာ သိနေကြတာချည်းမို့ ပျင်းစရာတောင် ကောင်းလာသေး။ မယား တစ်ယောက်ကို လူပျိုလှည့် ပိုးပန်းရတာ မသိနားမလည်တဲ့ အပျိုစင် ကောင်မလေးတစ်ယောက်ကို အရပိုးရတဲ့ အင်အားထက် ဆယ်ဆလောက် တောင် ကုန်တယ်။ သတင်းစာဖြတ်စဖြတ်နအပိုင်းတွေကို မီးက စွဲလောင်ရာ မှာ သူတို့သတင်းစာသားမင်တွေက တစ္ဆေသူရဲရဲ့ မီးခိုးရောင်ဖျော့ဖျော့တွေ ထတောက်လှုပ်ခတ်နေတယ်။ မင်းက မင်းခြေထောက်ကို ပြင်ချိတ်ပြီး စကတ်ကို နဂိုနေရာ ပြန်ဆွဲချတယ်။ မီးလောင်ပြာကျလို့ ကုန်လုနီး ထင်း ချောင်းရဲ့ သက်ပြင်းချသလို ကလေးနို့ဘူးကလည်း ကုန်လုနီး တရှဲရှဲ သံ မြည်လာခိုက်မှာ ကလေးငယ်က ဘူးထဲက နောက်ဆုံးနို့တစ်စက်ကို စုပ် လိုက်တယ်။ ပြီးတော့ ဟာလာဟင်းလင်း ဖြစ်သွားတဲ့ ဘူးက အရသာမရှိ တော့တာမို့ ဘူးကို ကြမ်းပြင်ပေါ် လွှတ်ချပြီး ငိုပါလေရော။ သူ့ရဲ့ အတ္တကြီးလှ တဲ့ ပါးစပ်က ပြီဟာလို့။ သူ့ရဲ့ ကျေနပ်မှု မျက်ရည်တွေက နူးညံ့တဲ့ မွှေးညင်း နုတွေလို သွယ်စီးလာတယ်။ မင်းက သူ့ကို ကောက်ချီပြီး ထရပ်လိုက်ပါ တယ်။ ကိုယ့်ထက် မင်းက ကလေးကို ပိုချစ်တာကိုး။

ပြီးတော့ မင်းက တစ်သားမွေးပြီးတိုင်း တစ်သွေးလှလို့ အပျိုစင် တစ်ယောက်ပြန်ဖြစ်မယ်ရယ်လို့ကော ဘယ်သူက တွေးမိမှာလဲ။ ရှည်ရှည် သွယ်သွယ်၊ တင်တင်တယ်တယ်၊ သိုသိုဝှက်ဝှက်နဲ့ အဝေးကြည့်ခံလို့ ပိုးပန်း ချင်စရာကောင်းပါဘိ။

တို့ကလေးတွေ တစ်ယောက်ပြီးတစ်ယောက် အိပ်ရာထဲ သိပ်လိုက် တယ်။ အငယ်ဆုံးအစ အကြီးဆုံးထိ နောက်ဆုံးပေါ့။ ကိုယ်က ကန့်သတ်မဲ့ စွာ သည်းခံနိုင်ခဲ့တယ်။ ဖခင်လည်း ပီသနိုင်ခဲ့တယ်။ ကောင်းလည်း ကောင်း ခဲ့ပါတယ်။ ဒါပေမဲ့ မင်းသိတယ်။ အသက်ရှုနေတဲ့ မီးကြွင်းမီးကျန် ခေါင်းအုံး ပေါ်မှာ စက္ကူအိတ်တွေ ကတ်ထူသေတ္တာခွံတွေ ကိုယ်တို့အတူ စောင့်ကြည့် မီးရှို့ခဲ့ကြဖူးတယ်။ စာအတူဖတ် တီဗွီအတူကြည့် မုန့်ကြွပ်တွေ အတူတူ

ဝါး ဒါတွေ ပြဿနာ မဟုတ်ပါဘူး။ ဆယ်တစ်နာရီထိုးပြီ။ ခုတင်ပေါ် မင်း စာဖတ်နေတယ်။ 'ရစ်ချက်နစ်ဆင်'အကြောင်း တဲ့။ သူက မင်းကို စိတ်ဝင်စားနေတာကွ။ မင်းကတော့ သူ့ကို မုန်းပါတယ်။ သည် 'နစ်ဆင်' တစ်ယောက် 'ဂျယ်ရီဗူးဝါးရစ်' ကို ဘယ်လို အနိုင်ယူခဲ့တယ်။ 'မစ္စစ်ဒေါက်ကလပ်စ်'ကို ဘယ်လို သူကောင်း ပြုခဲ့တယ်။ စစ်ဆန့်ကျင်ရေး ခရစ်ယာန် 'ကွိတ်ကာ' ဂိုဏ်းဝင်တစ်ယောက်လည်း ဖြစ်လျက်နဲ့ ရေတပ်ထဲမှာ ဘယ်လို ပိုကာထောင်ခဲ့တယ် စတဲ့ မင်းစာဆန့်တဲ့ လှည့်ကွက်တွေ အဆင့်နိမ့်နိမ့် မှိုင်မြမ်းချက်တွေ မင်းအကုန်သိပါတယ်။ အို၊ ကျွန်ုပ်၏ အရှင်သခင်သည် သနားစရာလူသားကို အိပ်ရာထဲသာ ပို့လိုက်ပါတော့။ ကိုယ်တို့ဟာ ဘယ်သူ့မှ ပြည့်ဝကြတာလဲ မဟုတ်ပါဘူး။ "ဟော မီးပိတ်ကြရအောင်ကွာ"

"နေပါဦး၊သူက အခု သူ့အပေါ် တရားစွဲမှုကို သွားရင်ဆိုင်တော့မယ်။ ဒါ သိပ်ထူးခြားတာ။ သူ လုပ်သွားတာ သိပ်ဂုဏ်သိက္ခာရှိတယ်လို့ စာအုပ်ထဲမှာ ရေးထားတယ်"

"အေးပါ သူ သည်လိုလုပ်ခဲ့မှန်း သိပါတယ်" ကိုယ်က မီးခလုတ်ကို လက်လှမ်းတယ်။

"မလုပ်နဲ့ မလုပ်နဲ့ နေပါဦးရှင်။ သည်အခန်းတော့ ပြီးအောင် ဖတ်ပါရစေဦး။ အပြီးသတ်မှာ တစ်ခုခုတော့ ထူးမှာ သေချာတယ်"

"အချစ်ရယ် သူကိစ္စက အပြစ်ရှိပြီးသားပါ။ ကိုယ်တို့အားလုံးလည်း အပြစ်မကင်းကြပါဘူး။ တို့တစ်တွေအားလုံး သေသာသွားရော နောင်တသံဝေဂ ရသွားတယ်လို့ မရှိကြပါဘူး။ တစ်ချိန်က ကိုယ်ရဲ့ တန်ဆာဆင် အမွှမ်းမံ စကားလုံးတွေက မင်းကို နောက်ပိုးခဲ့ဖူးတယ်"

ကိုယ်က မင်းရဲ့ ပါးလျှလျှ ခုံးခွက်ခွက် နောက်ကျောကို ကျောပေးထိကပ်ပြီး လဲလျောင်းလိုက်တယ်။ မင်းက တစ်ဖက်လှည့် စာဆက်ဖတ်ရင်း အိပ်ဆေးဖော်နေတာပေါ့လေ။ မင်းရဲ့ သလင်းကျောက်လို ဖြူဖြူစုစုရှ



ဆံခြည်မျှင်တွေကြားက စာရွက်ကို ကိုယ်မြင်ရတယ်။ ရုတ်တရက် စာအုပ်က ချော်ပြီး မင်းလက်ထဲက အောက်ကျ လျောကျသွားတယ်။ မင်းအိပ်ပျော်သွားပြီလေ။ အို တော်တော်ဉာဏ်များတဲ့ လှည့်ကွက်ပဲ။ ကောက်ကျစ်ပါပေ။ အပြင်လမ်းပေါ်က ကားရှေ့မီးရောင်တန်းတွေက ကိုယ်တို့ အိမ်နံရံတွေ မျက်နှာကျက်တွေအပေါ် အလင်းယပ်တောင်ခတ်သလို ဖျတ်ခနဲ ဖျတ်ခနဲ အရှည်လိုက်ကျလာတယ်။ အခန်းရဲ့ အလယ်ကောင်မှာ ကိုယ်တို့ချထားခဲ့တဲ့ ရေနံဆီမီးဖိုအနက်ရဲ့ ထိပ်နားက ဝက်ဆံတိုင်ပုံ အပေါက်ကနေ ဖြတ်ပြီး ဧရာမ နှင်းဆီပြတင်းမှန်က မှားမှားမတ်မတ် အရိပ်လာထင်တယ်။ မီးဖိုရဲ့ စက်ဝိုင်းပုံ မီးစာက မီးတောက်ဖျတ်ခနဲ လှုပ်ခါသွားတုန်းမှာ အလင်းသိသိ နေ့တဲ့ အရိပ်ဖျော့တွေပင် လိမ်ယှက်နွယ်ရင်းက ကျယ်ဝန်းတဲ့ ကြယ်ပွင့်ပုံ ခပ်ရေးရေးအရိပ်ပုံတစ်ခု ပေါ်လာပြီး ရွှေ့လျားရွယ်နေတာဟာ ကြယ်ပွင့်ပုံ ပုံနှိပ်ထားတဲ့ ပိုးသားအထည်စကို ခပ်ဖြည်းဖြည်းဆောင်ဆွဲတဲ့အခါ ဒါမှ မဟုတ် လေနဲ့ခပ်သာသာ မှုတ်လိုက်တဲ့အခါ မြင်ရတဲ့ မြင်ကွင်းမျိုးနဲ့ တူလှတယ်။ သူ့အရောင်ကတော့ ဖျော့တော့တော့ မပီဝိုးတဝါး သွေးရောင်မျိုးပေါ့။ ကိုယ်တို့ရဲ့ ငြိမ်းချမ်းတဲ့ သိရိဂေဟာအတွက် ကိုယ်တို့မေတ္တာနဲ့ သွေးချင်းဆက်ထားကြပြီ။

*

မနက်မိုးလင်းတော့ ကိုယ်သက်သာရာရစေဖို့ မင်းက ကြည်ရဆိုးနေတယ်လေ။ တနင်္လာနေ့ အရုဏ်တက်ချိန် အလင်းမပီဝိုးတဝါးက မင်းကို ဆေးချွတ်ပစ်တာ အကွက်အကွက်တွေ ဖြစ်နေရဲ့။ မင်းရဲ့ ထူထဲမှုထဲက ကောင်းကွက်မှန်သမျှ သွန်ကျသွားရပြီ။ ရေချိုးဝတ်ရုံကို အဆီအငေါ်မတည့်အောင် စွန်းကွက်တဲ့ ဖန့်ပွန့် ဖြစ်စေပြီး ဝတ်ရုံလွှာက ဖြေသိမ့်မရအောင် တဖျတ်ဖျတ်ခါနေဆဲမို့ ပခုံးရင်ညွန့်ပေါ် မင်းဝတ်ရုံအထက်မှာ မင်းရဲ့ ကျွန်းမာရေး ချို့တဲ့ ပုံမျိုး ဝါကြန့်ကြန့် ပခုံးသားရင်ညွန့်တွေ ပေါ်နေလေရဲ့။ မင်းရဲ့ ညစ်ထေးညိုမှိုင်းမှုအောက်မှာ ကိုယ်ဟာ ကော်ဖီတည်ခင်း လိုက်ပါ

တယ်။ ပါးရေနားရေ တွန့်ရှုံ့မှုတိုင်း၊ အရောင်ဖျော့ပြယ် နာမကျန်း ဖြစ်မှုတိုင်း ဟာ စိတ်သက်သာစေမှုနဲ့ လက်စားချေမှုတစ်ရပ်စီ ဖြစ်လိုနေပေါ့။ ကလေး တွေက ယားယံယံနဲ့ ညည်းညူလိုက်ကြတယ်။ တံစိုတံက စိတ်ထောင်နေ တယ်။ ခုနစ်နှစ်တာကာလတာကတော့ သည်မိန်းမကို ဝတ်ဆင်ပြီးသွား ပါပြီ။

သည်အချိန်တာကပဲ လုပ်ငန်းခွင်ထဲ နွားလိုရုန်းတော့ဆော့လို မြားတံ တပ်ပစ်လွှတ်လိုက်တဲ့ လူယောကျ်ားကတော့ ကိုယ်လမ်းကိုယ်အခွင့်ပိုင်ရေး အတွက် စီးချင်းထိုးနေရပြီ အမြန်နှုန်းဆိုင်ရာ ဥပဒေကန့်သတ်ချက် မကျော် ရေး ပါးလွှာမာကြောတဲ့ သောင်နှုတ်ခမ်းစွန်းမှာ လမ်းကြောင်း ပြောင်းလဲ ကြည့်နေရတယ်။ အိမ်တွင်းရေး ရှုပ်ထွေးမှုကနေ ထွက်ပေါ်လာတဲ့ ပျော့ညက် မှု၊ ဖျော့တော့မှုနဲ့ ပျော့တွဲမှုတွေက မြို့ ထဲထိ ရောက်တတ်တယ်။ ကျောက်တုံး ဟာ သူ့ ခရိုင်နယ်၊ အသပြာပိုက်ဆံပြားကို အောင်နိုင်ခြင်းပဲပေါ့။ ဒြပ်မဲ့မှုတွေ ကိုပဲ သေနင်္ဂဗျူဟာ ဆင်နိုင်တော့တယ်။ နှလုံးသားကင်းမဲ့တဲ့ အမှုတွေ ဆောင်ရွက်ခြင်းကတော့ ဆက်လက်ဖြစ်နေဆဲ ခိုင်မာတဲ့အလုပ်ပျော်မှုတွေ ပါပဲကလား။

စက်ယန္တရားဘဝထဲ ကိုယ်ခေါင်းက ပိုက်ကွန်ပြန့်တိုးရင်း အိမ်ပြန် ရောက်လာတယ်။ ကိုယ့်ဦးနှောက်ထဲ ဘာတွေ အမြစ်တွယ်နေတယ်ဆိုတာ မင်းကို ရှင်းပြဖို့အတွက် ကိုယ်မှာ နည်းပညာကျကျ ရက်သတ္တပတ် တော် တော်များများ အချိန်ယူရတယ်။ မျက်ကန်းညနေခင်း ရောက်တိုင်းမှာ စကားစုတွေ၊ နံပါတ်တွေနဲ့ ကိုယ် တယောထိုးနေရတယ်။ မင်း ကိုယ့်ကို ညစာလာကျွေးရာမှာ စားပွဲထိုးမလေးလို ပြုစုပေမယ့် တကယ်စားပွဲထိုးမ လေးလောက်တော့လည်း မဟုတ်လှဘူးပေါ့။ မင်းက ကိုယ်သိထားပြီးသားလူ ဖြစ်နေတာကိုး။ ကလေးတွေက ခပ်လန့်လန့်နဲ့ ကိုယ့်ကို လာတို့တယ်။ သူတို့ ကြည့်ရတာ မြင့်မားတဲ့ ယက်မတန်းတွေကို မှုလီစုပ်တပ်ထားတဲ့ သည်အဖေဆိုတဲ့ ယန္တရားရုပ်ကြီးက ဘာကြောင့် သည်လောက်အရုပ်မြင်



လွန်းနေတာလဲဆိုတာ နားမလည်နိုင်ကြတဲ့ပုံပါပဲ။ သူတို့နောက် လုံလုံခြုံခြုံ စိတ်ချလက်ချပဲ ပြန်အိပ်မောကျသွားကြပြန်တယ်။ ကိုယ်တို့နှစ်ယောက်က သူတို့လေးတွေရဲ့ ဖြတ်သန်းမှုကို ငြိမ်ဝပ်တဲ့ ကိုက်ညီမှုဖြစ်အောင် အလိုက်သင့် နေပေးရသည်။ ကိုယ်ကတော့ ညဘက်ထောင့် မီးချောင်းအလင်းရောင် အောက်ထဲမှာ တွေ့ဆောတဲ့အလုပ် ပြန်လုပ်ရာမှာ သည်သက်မွေးဝမ်း ကျောင်း သံဆန်ခါပါးပေါ်က သည်အမြစ်တွယ် ခတ်စီးပတ်လမ်းတွေပဲ ပြန်ဆွဲထုတ်ကြည့်မိတယ်။ မင်းကတော့ သည် 'နှစ်ကဆင်'စာအုပ်ကိုပဲ တဖျတ်ဖျတ် လှန်လှောနေတယ်။ ပြီးတော့ အပေါ်ထပ်တက်သွား ပျောက် သွားပြီး ပိုက်ခေါင်းဖွင့်သံကြားရတယ်။ ရေချိုးခန်းပိုက်တွေ တသွင်သွင် ငိုယိုစီးကျကုန်တယ်။ ကိုယ်ခေါင်းထဲမှာတော့ နောက်ဆုံးခလုတ်ကို ရှာတွေ့ မယ် ထင်မိတယ်။ တွေ့တော့ ခလုတ်နှိပ်ကြပ်နေတယ်။ ထပ်နှိပ်ပြန်ရော ကြပ်နေပြန်ရော။ ကိုယ်လည်း မူးဝေ စိတ်ရှုပ်လာတာနဲ့ စီးကရက်တွေနဲ့ အပူတပြင်း အလုပ်များနေလိုက်တော့တယ်။ အခန်းထဲမှာ ဦးတည်ရာ မရှိ ဝဲလှည့်နေတယ်။

သည်လိုနဲ့ အလှည့်အပြောင်းတစ်ခု အမှတ်မထင် မမျှော်လင့်ဘဲ ကိုယ့်ကို ဆွဲကိုင်လာပါလေရော။ သိပ်အဓိပ္ပာယ်ပါလှတဲ့ အဲဒီမနက်ခင်း ဆယ်နာရီလောက်မှာ မင်းက ကိုယ့်ထံလာပြီး သွားတိုက်ဆေးပေနေတဲ့ ပါးစပ်နဲ့ တစ်ချက်နမ်းပြီး မီးကောက်ပေါက်လေးလို ဒရောသောပါး ထွက် ပြေးသွားတာ ကိုယ်ပါးစိုပြီး ကျန်ခဲ့တယ်။ သည်ဇာတ်လမ်းပြောပြနေရတဲ့ အခုအခိုက်အတံ့ ကျင့်ဝတ်တရားအရဆိုရင် မျှော်လင့်ပြီးသား လက်ဆောင် မွန်တစ်ရပ် ပေးအပ်ဖို့ မထိုက်တန်လှပါဘူး အချစ်ရယ်။

ကောင်းသာ

မှုရင်း

[ *Wife-Wooing [Pigeon Feathers and other Stories* မှ]

# ကားပေါ်မှာ

## Toward Evening

စိန့်ပက်ထရစ် ဘုရားကျောင်းရှေ့၌ နံပါတ်ငါး ဘတ်စကားကို စောင့်နေစဉ် 'ရုပ်ဖယ်'မှာ မောပန်းနွမ်းနယ်ကာ အိပ်ချင်မူးတူးလည်း ဖြစ်နေသည်။ နောက်ဆုံးဘတ်စ်ကား ဆိုက်လာသောအခါ အရုပ်ပြတ်ပြတ် ခပ်ဝဝ အနက်ရောင် ဂါဝန်ပွပွ အမျိုးသမီးတစ်ယောက် သူ့ရှေ့ တစ်ဟုန်ထိုး ရောက်လာကာ ကားရပ်စောင့်သည်။ သိသိသာသာလည်း မသန်မစွမ်း ဖြစ်နေသည်။ သူမက ဖွင့်ထားသော ကားတံခါးပေါက်ဝရှေ့ တည့်တည့်မှာ ရှိသည်။ ဘတ်စ်ကားမောင်းသူက လက်ကိုင်ဘီးကို လက်နှင့်တောက်နေ၍ 'ရောကဲဖဲလား'မျှော်စင်ကြီးက သူတို့အားလုံး အထက်မှာ မိုးထိုးနေသည်။ 'ရုပ်ဖယ်'က သိပ်တအံ့တသြ မဖြစ်မိပါ။ အမျိုးသမီးကြီးက သတ္တုသံပါပါ စိုးရိမ်ပူပန်စောကြွသံနှင့် ပြောနေသည်။ သူမကို ကြည့်ရသည်မှာ ကားပေါ် လှမ်းတက်နိုင်ပုံမပေါ်။ တံခါးပေါက်ဆီ ထောင်လိုက်လက်ကိုင်တန်းကို ဖမ်းကိုင်ရန် တစ်ခုခု အားယူကြိုးစားတက်ရန်လည်း တက်နိုင်ပုံမပေါ်။ သူမ ဦးထုပ်က အနက်ရောင်ကောက်ရိုးများနှင့် ရက်ထားပြီး မရန်းစေရောင် ဘယ်ရီသီးများ ဖုံးလွှမ်းကပ်ထားရာ တုန်တုန်ယင်ယင်နှင့် တစ်စုံတစ်ခုကို နာကျည်းနေသည်လား သို့မဟုတ် ကြောက်လန့်တုန်လှုပ်နေသည်လား မပြောပြနိုင်။ 'ကဲလာ ကျွန်တော်တို့ တက်ကြရအောင်"ဟု 'ရုပ်ဖယ်'က ပြောပြောဆိုဆို



နှင့် သူမကို ချိုင်းအောက်ဘက်နားက ဖမ်းဆုပ်ကိုင်ပြီး ဆွဲမပေးသည်။ အမျိုးသမီးမှာ သဲများ ပေကျံလျက်ရှိသည်။ 'ရုပ်ဖယ်'စိုးရိမ်နေသော အချက်တစ်ခုက သူ၏ လက်တစ်ဖက်နှင့် ကြိုးချုပ်ပြီး ဆွဲလာသော သေတ္တာတစ်ခုအတွင်းမှာ သူကလေးငယ်အတွက် မော်တော်ကားရုပ်တစ်ရုပ် ပါလာသည်ဖြစ်ရာ ထိုအရုပ် မပျက်စီး မကြေမွစေချင်သော ကြောင့်ကြမှုသာ ဖြစ်ပါသည်။

"အို ကျေးဇူးတင်လိုက်တာ"ဟု ကားလှေကားထစ်တစ်ထစ်ပေါ် စိတ်ချလက်ချ မရောက်သေးမီမှာပင် သူမက ဦးထုပ်အောက်မှ ငှက်သံစိုးစိုးစီစီ အသံစာစာနှင့် ထုတ်ပြောသည်။ "မင်းဘယ်သူပဲဖြစ်ဖြစ် ကျေးဇူးအများကြီးပဲ တင်ပါတယ်" သူ့မျက်နှာက သူမ ဦးထုပ်အတွင်းသို့ ငုံကြည့်သည်။ မဆိုစလောက်သာ မြင်ရနိုင်ပါသည်။ သူ့လက်ချောင်းများအောက်မှ သူမ၏အဝတ်မှာ ချွေးစိုလာ၍ ချောကျိကျိ ဖြစ်လာသည်။ တစ်ခုခုများ ကျိုးသွားလေမလားဟု 'ရုပ်ဖယ်'စိတ်ထဲ မထင့်ဝံ့ ထင့်ဝံ့ စိုးရိမ်ပူပန်မိသည်။ ဂါဝန်ပွမိန်းမကြီး ကားပေါ်မှ ချော်ကျသည်။ အမျိုးသမီးက စိတ်ဆိုးမာန်ဆိုးနှင့် ပလက်ဖောင်းပေါ် ပြန်ဆင်းလာသည်မှာ ခေါင်းပွအဝတ်ပုံကြီးထဲ ဦးခေါင်းတစ်လုံး မြုပ်ဝင်သွားသကဲ့သို့ ရှိ၍ 'The Wizard of Oz' ပြဇာတ်ထဲမှာ ဇာတ်ကောင် 'ရေဆိုက်ဂျာ'နှင့် တူသွားသည်။ သူမ၏ ကားပေါ်တက်ခြင်း မအောင်မြင်သည်ကို သိပြီးနောက် ရုတ်တရက် သူမက သူ့လက်ကို ဆောင့်ရုန်းတွန်းပစ်ပြီး ကိုယ်ဘာသာကိုယ် တက်သွားသည်မှာ လက်ထဲက ငှက်ကလေးများ လွတ်ထွက်သွားသကဲ့သို့ ရှိသည်။

"နေရာလေးများ မရနိုင်ဘူးလား"ဟု သူမက ကားသမားကို လှမ်းမေးစဉ် 'ရုပ်ဖယ်'ဘက် သူမမျက်နှာ လှည့်မကြည့်ဘဲ လွှဲထားသည်။

"ကားနောက်ပိုင်းကို တိုးသွားပါ"ဟု ကားသမားက သနားစရာ စည်းကမ်းလိုက်နာသူတစ်ယောက်၏ ညင်သာသော ပုံမှန်လေသံနှင့် ပြန်ဖြေသည်။ 'ရုပ်ဖယ်'က စက္ကူသေတ္တာကို သူ့ရင်ဘတ်နဲ့ ဖိကပ်ကိုင်ရင်း ကြားက

ခန္ဓာကိုယ်တစ်ခုလုံးကို တိုးရေ့တွန်းဖယ်လျက် ကြွေလက်ကိုင်ကွင်းကို လိုက်ရှာနေသည်။ အနက်ရောင်ဝတ်အမျိုးသမီးကိုတော့ မမြင်တော့ပေ။ နေရာရသွားခြင်းတော့ မဟုတ်နိုင်။ ကား၏ နောက်ပိုင်း၌မူ မတ်တတ်ရပ်စရာနေရာလပ်များက ပေါများသည်။ လှပချောမွေ့သော မိန်းမငယ်လေးတစ်ယောက် ရပ်နေသည်။ သူမ၏ ဆံပင်များကို မွဲပြာရောင် အစင်းကြောင်းနှစ်ခု ဘယ်ညာ တစ်ဖက်တစ်ချက် ညီနေအောင် ဆေးဆိုးထားသည်။ အပေါ်ဝတ် ကုတ်အင်္ကျီအနက် ယောကျ်ားလေးဆန်ဆန် အပေါ်ပိုင်းခပ်ကျယ်ကျယ်ကော်လံဆွဲပာ ရင်ကိုဖွင့်ထားသည်။ သူမကိုယ်လုံးကို တစ်ဝက်မျှသာ ဖုံးကာထားပါသည်။ သူမရဲ့ ခြေထောက်များက မီးခိုးရောင်ဖိနပ်များဆေါ် ခြေဖဝါးနှစ်ဖက် Vပုံသဏ္ဌာန် ချဲပြီး ရပ်ထားသည်။ မရေမတွက်နိုင်သော အလားတူ Vပုံသဏ္ဌာန်များကို သူမ၏ အင်္ကျီပေါ်အရစ်လိုင်းများဖော်ထားသည် ထိုလိုင်းများ စုဆုံရာနေရာတိုင်းမှာ တွေ့ရသည့်အပြင် သူမနောက်ကျော ချုပ်ရိုးကြောင်းနေရာ သူမ၏လက်အိုးတစ်လျှောက် သူမ၏ အင်္ကျီရင်အုပ်ခေါက်အနားအတွင်းပိုင်း စကတ် (သိပ်တိုကျသေသပ်တဲ့ စကတ်) ဘေးနား စသည့်နေရာတို့တွင်လည်း တွေ့ရသည်။ သူမ၏ လည်ပင်းအောက်ခြေနားတွင်မူ နောက် Vပုံသဏ္ဌာန်တစ်ခုက ပို၍ ပီသစွာ ပို၍လည်း တစ်စုံတစ်ရာ ရုပ်ထွေးစွာဖြင့် ဖြစ်ပေါ်နေသည်မှာ ဆန့်ကျင်ဘက် ဘယ်ညာပခုံးရိုးထိပ်စွန်း အရင်းနှစ်ဖက်နှင့် အဖျားရှူးသွားသော အပေါ်ဘက် အဖုံးအကာများ အာရုံကြောနှစ်ချောင်း၊ လည်ပင်းရိုးတိုပင် ပါဝင်နေသည်။ ထိုအရာတို့ကြား၌ ခွက်နေသော ချိုင့်တစ်ခုမှာ လက်ဖက်ရည်ဇွန်းတစ်ချောင်းတင်ထား၍ပင် ရနိုင်လေသည်။ သူမမှာ ပိန်သည်ဟု ဆိုရမည်ထက် အရပ်က ပိုပုသည်ဖြစ်ရာ သူမနဖူးက 'ရုပ်ဖယ်'၏ မေးစေ့နားလောက်သာ ရှိသည်။

ဘတ်စ်ကားက လမ်းကြောင်း တွေ့ဆောက်သွား၍ မတ်တတ်သမားများ ယိမ်းယိုင်ကုန်သည်။ သူမ မျက်နှာမှာ လွှဲဖယ်ထားသည်ကြားမှာ သူ့ဘက်ဝင်တိုက်ရင်း လည်လာ၍ မြင်လိုက်ရသည်။ ကြည်ကောင်းသည့်မျက်နှာပေါက်၊ ကြည်လင်တောက်ပသော မျက်ခုံးကောင်းကောင်းမျက်နှာ



မျိုး။ သူမပါးစပ်က ပြင်သစ်စကားပြောတတ်လိမ့်မည်ဟု သူခံစားသိလိုက်မိသည်။ အကယ်၍သာ သူမနှာခေါင်းက ယခုထက် ပိုတိုလျှင် ကြည့်ရဆိုးအောင် သေးလွန်းသွားလိမ့်မည်။ အပေါ်နှုတ်ခမ်း၏ အလယ်ဗဟိုထိပ် နှာဝအောက်မှ အထစ်အချိုင့်မြောင်းလေးမှာ 'ရုပ်ဖယ်'အမေ၏ အဆိုအရ 'အချစ်ပါးချိုင့်လေး'ဟု ဆိုရလျက် ကလေးထိန်းရာ၌ အမေ ထိုသို့ နောက်ပြောင်ကျီစယ်ခဲ့လေ့ရှိပြီး 'ရုပ်ဖယ်'က သူမမျက်လုံးများကို အံချီးမကုန် ဖြစ်နေသည်။ သူမက စာအုပ်များကို အာရုံစိုက်နေရာမှ သူ့ဘက်ကို ငေးမောရုံမျှလှည့်ကြည့်လိုက်စဉ် သူက ဆုတစ်ခုတက်ယူတော့မည်ဟန်မျိုးဖြင့် နှုတ်ခမ်းတုန်ယင်သွားဆော်လည်း ဘာမှမပြောဖြစ်ဘဲ ရှိသည်။ သူမလက်ထဲမှ စာအုပ်မှာ "A l'ombre des jeunes filles en fleurs" (ဖွံ့ထွားပွင့်လန်းစမိန်းမငယ်လေး၏ ခါးလယ်နံဘေးသားလေး)ဟု အမည်ရသည်။

ခေတ္တတအောင့်တနား ကြာသောအခါ သူမ၏လက်များကို ဆေ့လာငေးမောရှုစားနေခြင်းသည်ပင်လျှင် သူမမျက်နှာနှင့် စာအုပ်တို့၏ နှစ်မြှာပူးအမှတ်စက်နှစ်စက်ဆေါ် အခြေစိုက်၍ ဘဲဥပုံ ဝန်းပတ်နေသော မိန်းမောခြင်းနယ်ပယ်ထဲ ဝင်ရောက်ကျူးကျော်ခြင်း ဖြစ်နေပြီဟု သူခံစားမိသွားပါသည်။ 'ရုပ်ဖယ်'လည်း အရုပ်ပါသော ဆေတ္တာငယ်ကို ပွေ့ပိုက်၍သာ ကိုယ်ဟာကိုယ် မားမားရပ်လိုက်သည်။ ပြတင်းအပြင်ဘက်သာ မျက်နှာလှည့် ငေးမောနေလိုက်သည်။ ကားက 'ကိုလံဘတ်' အဝိုင်းကြီးကို ပတ်မောင်းပြီး 'ဘရောဝေး' ပြဇာတ်ရပ်ကွက်သို့ ဦးတည်ဆက်သွားသည်။ လမ်း၏ အရှေ့ဘက်ခြမ်းတစ်လျှောက် ရှင်းရှင်းလင်းလင်း မှတ်သားထားသော သက္ကရာဇ် နံပါတ်များကို စီတန်းတွေ့ရသည်။ ၁၈၃၂၊ ၁၈၃၆၊ ၁၈၄၆၊ ၁၈၅၀ (ဝပ်စ်ဝေါ်ဒ်ကွယ်လွန်)၊ ၁၈၈၀ (စိန့်ပီတာစဘတ်မှာ နိဂ္ဂိဝါဒီအကြမ်းဖက် သူပုန်များကိုရုံးတင်စစ်ဆေး)၊ ၁၉၀၀ ('ရုပ်ဖယ်'၏ဖခင် 'ထရမ်တန်'မှာ မွေးဖွား)၊ ၁၉၀၂ ('ဘရုပ်'တစ်ယောက် ပဲရစ်မှာ ပန်းချီလေ့လာရန် 'လယ်ဟာပ်'မှ ထွက်ခွာ)၊ ၁၉၁၄ ('ဂျိုက်စ်' 'ယူလီးဆီး'ဝတ္ထုကြီး စတင် ရေးသား၊ ဥရောပမှာ ပထမကမ္ဘာစစ် စတင်ဖြစ်)၊ ၁၉၂၆ 'ရုပ်ဖယ်'၏ မိဘများ 'အိမ်သာကာ'

မှာ လက်ထပ်)၊ ၁၉၃၆ (‘ရုပ်ဖယ်’ လေးနှစ်သား ရောက်လာ)။ လက်ရှိရုပ်နေသောနေရာမှာ အကွက်တစ်ကွက်က ဖျက်ချထားသည်။ ပြန်ပြီး နံပါတ်များဆက်လက်ရေးထိုးမှတ်ရမည်ဆိုလျှင် ၂၀၀၀ မှ စရမည်။ ငြီးငွေ့ဖွယ် စိတ်ကုန်စိတ်သန်းတစ်ရုပ်ဆပဲ။ ‘ရုပ်ဖယ်’က သူ့အာရုံကို ပြတင်းပေါက် အပြင်မှနေ၍ ပြတင်းအထက်ကပ်ထားသော ပိုစတာများဆီ ပြောင်းပစ်လိုက်သည်။ ပိုစတာက ‘ယိုမာ’ကော်ဖီမစ်အထုပ်ကို ကြော်ငြာထားသည်။ ကြော်ငြာစာရွက်က ‘ဆယ်လူးလိုစ်’ရွက်ဖြစ်ကာ လူတစ်ယောက်၏မျက်လုံး၊ လက်မောင်းနှင့် နှုတ်ခမ်းများကို ရှထောင့်အနေအထားနှစ်ရပ်ဖြင့် စွဲမြဲထင်ကျန်အောင် ရေးခြယ်ထားသည်။ ထောင့်တစ်ထောင့်မှကြည့်လျှင် ကော်ဖီခွက်တစ်ခွက်ကိုင်ပြီး နှုတ်ခမ်းဝတော့ထားသည့် လူတစ်ယောက်က ပြုံးဖြီးဖြီးနှင့် ကော်ဖီအနံ့အရသာကောင်းလှ၍ မျက်စိသူငယ်အိမ် ပြူးကျယ်ကျယ်နှင့် မျက်လုံးထိပ်တက်ကပ်နေပုံကို မြင်ရသည်။ နောက် ရှထောင့်တစ်နေရာမှ ကြည့်သောအခါ ထိုသူမှာ ကော်ဖီခွက်ကို အောက်နိမ့်ချပြီး သူ့မျက်လုံးသူငယ်အိမ်သည် အောက်စိုက်ကျသွားစဉ် နှုတ်ခမ်းများ အောက်ဘက် ဖွင့်ဟလျက် အားရကျေနပ်ဟန် ရယ်မောလိုက်ပုံကို မြင်ရပြန်သည်။ ‘ရုပ်ဖယ်’က ဤပုံကို အနီးကပ်မြင်နေရသည်လည်းဖြစ်၍ ကားအမိုးစောင်းအခုံးကလည်း အာရုံကို ထိန်းချုပ်ဆေါင်းမိုးပေးသလို ဖြစ်နေရာ မည်သည့်ဘေးပန်းအာရုံမှ ဝင်မနှောင့်နိုင်တော့ပေ။ ကြော်ငြာမှ လက်မောင်းများ မျက်လုံးများမှာ စက္ကူအာရုံအမြင်မပြတ်ဘဲ နိမ့်တုံမြင့်တုံ(ကား၏) လှုပ်ရှားနေမှုဖြင့် ‘ရုပ်ဖယ်’၏ ခေါင်းမှာလည်း ငုံ့လိုက်မော့လိုက်ဖြင့် အနေအထားအမျိုးမျိုး ပြောင်းကြည့်သလို ဖြစ်နေသည်။ ‘ယိုမာ’လူ၏ ပါးစပ်ဟပြီ ရယ်မောခြင်းကို နှုတ်ခမ်းစေ့အပြုံးက တစ္ဆေချောက် ကြားဖြတ်ဝင်ရောလိုက် နောက်က နှုတ်ခမ်းစေ့အပြုံးကို ရှေ့က ရယ်မောခြင်းက အရိုပ်ထိုး ပတ်ချာလှည့် ပေါ်လာလိုက်ဖြစ်နေရာ ‘ရုပ်ဖယ်’လည်း ကားတောက်စပြုလာသည်။

မိန်းမငယ်လေးဆီ သူပြန်လှည့်ကြည့်သည်။ သူမက သူ့ဘေးနားမှာ နေရာမပျက် ရှိဆဲ။ သို့သော် ထွက်ခွာလုဆဲဆဲ။ သူမ အိတ်ဆောင်စာအုပ်



ထုပ်ထဲမှ ‘ပရိုစ်’က ပြူထွက်နေသည်။ သူမ၏ မျက်နှာကမှ စိတ်ကူးယဉ်ဝတ္ထုအစအနတစ်ခုထဲမှ အဆုံးအဖြတ် စိရင်ချက်များ ရှိရာ ဒိဋ္ဌလောကထဲဆီသို့ ထိုးထွက်လာသော လူတစ်ယောက်၏ အသွင်အပြင်မျိုး ကြွေသားတင် ချောမွတ်ထားပြီး ဖြစ်နေသည်။ လေတိုးသံတမျှ ထိတွေ့သံလေးထွက်ပြီး သူမ သူ့ကို ကျောခိုင်းလှည့်သည်။ အစိမ်းရောင်လက်ကိုင်ကွင်းကိုကိုင်ပြီး သူမ ဘေးတံခါး ပွင့်သွားသည်။ သူမက နှုတ်ခမ်းစူစူ ခြေလှမ်းပြင်ဆင်းသက်လိုက်ပြီး တောင်ဘက်သို့ လျှောက်ရင်း ဝေးကွာသွားပါတော့သည်။

*

ခရီးသည်အသစ်များ ထပ်မံတက်ရောက်လာခြင်းက ‘ရုပ်ဖယ်’ကို ကားနောက်ပိုင်းကို ပို၍ ပို၍ ရောက်သွားစေသည်။ ထိုမိန်းကလေးနှင့်အတူ ရုပ်ခဲ့သောနေရာမှ ကိုက်အနည်းငယ် နောက်ရောက်သွားသည်။ တစ်စတစ်စ အစီအစဉ်မဲ့စွာ ဟိုတိုးသည်တိုး ရွှေ့လျားရင်း အမှတ်မထင်နှင့်ပင် လူမည်းမိန်းမပျိုငယ်တစ်ယောက်ထိုင်သော ခုံနံဘေးကပ်လျက်သို့ သူရောက်နေမှန်းသတိထားမိလိုက်သည်။ သူမ၏ ကလေးငယ်လို ပြားချပ်ချပ်နှာခေါင်း၏ ပြောင်လက်နေမှုက သူ့အာရုံကို ဆွဲခေါ်နားနေစေလိုက်ပြန်သည်။ သူမက ခြေထောက်အစုံကို ဘယ်ညာပြန်၍ တင်ပလ္လင်ချိတ်လိုက်သည့်အခါ အဝါရောင် ကုတ်အကျီက ပွတ်တိုက်သွားသည့် စိမ်းပြာရောင် စကတ်၏ အကွက်အကွင်း မကျနလှသော ကလနားအဝန်းကို သတိပြုမိလိုက်သည်။ သူမ၏ ထူထဲသော ဆံပင်များက နာကျင်ဖွယ်ရာ ဆွဲစုစည်းထားပြီး နီးဆေးမြင်ကွင်းသဘောဖြင့် ထင်ဟပ်နေသော သူမမျက်နှာပြင်ကောက်ကြောင်းများကဖတ်ရခက်လှသည်။ သူမ၏စိမ်းဖန့်ဖန့် ပြာလဲ့လဲ့ ပေါင်ခွင်ပေါ်တွင် ထူးခြားသော တိကျသေသပ်ခြင်းမျိုးဖြင့် သူမလက်နှစ်ဖက်ကို ပိုက်ထားသည်။ လက်များတွင် အပြာရောင် လက်အိတ်ပြတ်များ စွပ်ထားသည်မှာ လက်မ၏ အောက်နားထိသာ ရှိသည်။

သန့်စင်သော စိတ်နေမှုဘဝမှာ သူ၏မြန်ဆန်လှသော ပေးကွာသွားရမှုများကြောင့် တစ်ခဏချင်းပင် ရှည်လျားနွမ်းလျ ငြီးငွေ့ဖွယ်ဖြစ်သွားတော့သည်။ လူမည်းစစ်စစ် မဟုတ်ရာမလေးဆီသို့ အာရုံနေရာပြန်ချပြန်သော် 'ရုပ်ဖယ်'မှာ သူမ၏ ကုဋေကြီးကြီး အတွင်းရေးမှုမဆန်ဆန် ခေါင်းငုံမှု ဟန်ပန် လိမ္မော်ရောင် အသားအရေ၊ နာကျည်းခနဲ့ဟန်ပေါက်သော 'ကော့ကေးရှင်း'လူမျိုးတို့၏ နှုတ်ခမ်းအနေတို့ကို လေ့လာသုံးသပ်နေသည်။ ပင်လယ်ပြင် သဲသောင် သို့မဟုတ် ခဲခြစ်ကြောင်းတို့အတွင်း ဆင်ယင်ထားသော မိန်းမသားများ သူတို့က ဘာသာရပ်တစ်ခုတည်းပေါ်မှ အခန်းကဏ္ဍများ ဖြစ်ကြသည်။ 'စိန့်ပေါ'၊ 'ပေါတဲလစ်ချ်'တို့နှင့် ဘာမျှမတူ အဆုံးသတ်မှာတော့ ရှစ်ဆယ်ငါးလမ်းအရောက် သူ ကားပေါ်မှ ဆင်းသက်လိုက်သည်။ သူအတွေးထဲ၌ လူမည်းမလေးက ဒီဂရီအဆင့် လျော့ကျသွားပြီး သည်လို လက်အိတ်မျိုး တစ်ခါမှ မတွေ့ဖူးပါလားဟူသော အတွေးတစ်ရပ်သာ ကျန်ရစ်တော့သည်။

သူနောက်ကျော၌ ဘတ်စ်ကားတံခါး ပိတ်သွားသည်။ လူသူ ဆိတ်သုဉ်းသော ပလက်ဖောင်းတစ်ခုပေါ်မှာ ရပ်နေသော မိန်းမတစ်ယောက်က သူ့သေတ္တာရှည်ကို စိုက်ကြည့်သည်။ အထဲမှာ ကလေးအတွက် ကစားစရာ မော်တော်ကားရုပ်ရှိနေမှန်း ဘယ်တော့မှ ခန့်မှန်းသိနိုင်မည်မဟုတ်။ ပူနွေးသော လေထုမှာ 'ဟပ်ဆန်'၏ ရေငွေ့ရိုက်ခြင်းခံရ၍ နွေဦးရာသီကို အာမခံပေးသည်။ ('ရုပ်ဖယ်က ဆော့ဝိုက်ဝိုက် သန္တာကျောက်အရောင်လေ့ကားထစ်များကို တက်လိုက်သည်။ ကျားကွက် ပုံဖော်ထားသော ဧည့်ခန်းဆောင်ကြမ်းပြင်ကိုဖြတ်လျှောက်လာပြီး သေးငယ်သော ကြက်သွေးရောင်ဓာတ်လှေကားထဲ ဝင်လိုက်သည်။ ဤဓာတ်လှေကားက သူ့ကို အမြဲတမ်းဆောင်ကြိုနေဟန်လက္ခဏာရှိ၍ သစ္စာရှိသည်ဟု ဆိုရမတတ်ဖြစ်သော်လည်း ကျေးကျွန်သက်တော်ဆောင်ခွေးတစ်ကောင်လောက်တော့ ကျိုးနွံနာခံခြင်း မရှိပါ။ သူ့အိမ်ခန်းထဲတွင်မူ ကလေးမှာ အစာစားပြီးခါစ ဖြစ်ပြီး ရယ်မောနေသည်။ မိခင်ဖြစ်သူက ဆိုဖာခုတင်ပေါ် ကချော်ကချွတ် ငိုက်မျဉ်းနေသည်။



အကျိုးနည်း မမြင်ရသည်ဓာတ်ငွေ့က သူ့မျက်လုံးများကို စူးဝင်ပြီး ရယ်မောစေသည်။ ပေါက်တက်ကရတွေ ကဆေါက်တိကပေါက်ချာ ပြောစေသည်။ ကလေးကို လက်မောင်းထက်ဆီ ချီမလျက် လည်ကုပ်ပေါ် ကုန်းပိုးခွတင် ခါးကိုင်းလိုက်ရာ ကလေး၏ ဝမ်းဗိုက်က သူ့ငယ်ထိပ်ကို ဖိမိနေသည်။ သည်နောက် ကုန်းပိုးလျက်တန်းလန်း အခန်းထဲ ပတ်ချာလှည့် လျှောက်ရင်း သီချင်းဆိုနေတော့သည်။ "ငါ့မှာ သမီးငယ်လေးရှိတယ် ဟေ့၊ သမီးလေးနာမည်က 'လစ်ဇ်'တဲ့။ သမီးလေးက တကယ့်အရှိထက် ပိုသာတယ်လို့ ငါထင်ထားတယ်။ နောက်လည်း တကယ်ဖြစ်လာမှာတွေထက် ပိုသာနေဦးမှာပဲ။ ငါ ဖြစ်လာမယ့် အနေအထားထက်လည်း ပိုသာနေဦးမှာပဲ"

ကလေးငယ်က "ခစ် ခစ်"ဟု ရယ်မောသည်။

မော်တော်ယာဉ်က အောင်မြင်ခြင်းတစ်ရပ်တော့ မဟုတ်သေး။ 'အဲလစ်'က 'ကော်လ်ဒါ' ရုပ်အစစ်တစ်ခုတလေ ဝယ်လာမည်ဟု မျှော်လင့်ထားခဲ့သည်။ ပါလစ်တိုက်ထားပြီးသား သစ်ချောင်းများနှင့် လုပ်ထားသော အရုပ်။ ဝါယာကြိုး ခပ်ကြမ်းကြမ်းတစ်ချောင်းမှာ တွဲလွဲချိတ်ထားသည် ဆီစိမ်စက္ကူတောင်ပံတပ်၊ ရာဘာငှက်ရုပ်ခုနစ်ကောင်ပါ ကစားစရာမျိုး မလိုချင်။ ထိုအရုပ်မျိုး ဝယ်လာပါက အဲလီဇဘက် (သမီးလေးလစ်ဇ်)က ငှက်တွေကို သူ့ပါးစပ်ထဲ ကိုက်စားပစ်မည်တကဲကဲ လုပ်တတ်သည်။ ဘာမှ စိတ်ဝင်စားသည် မရှိ။ ထိုငှက်ရုပ်တို့၏ အကောင်အထည်မပေါ် ဒြပ်မဲ့ တွဲလောင်းဆွဲနေခြင်းကိုပင် ကြည့်ဖော်မရတတ်။ စက္ကူသေတ္တာပေါ်မှ ခံစား ချက်ရှိရှိ ပျော်တတ်သော မွေးကင်းစကလေးငယ်ရုပ်နှင့် လားလားမှ မတူ။

ကလေးက အိပ်ချင်နေပြီ။ 'အဲလစ်'က အားလုံး တုံးလုံးလဲကျတော့မည့်အခြေအနေအောက်မှာ ညစာပြင်ဆင်နေသည်။

"ကိုယ် သည်နေ့ရယ်စရာကောင်းတဲ့ လက်အိတ်တွေ တွေ့လာခဲ့တယ်ကွ"ဟု 'ရုပ်ဖယ်'က စကားစကြည့်သည်။

မီးဖိုဆောင်ဘက်မှ ဘာအဖြေမှ ပြန်မလာ၊ စိတ်ပျက်စရာ လက်ကိုင်ဒယ်အိုးအသံသာ ထွက်လာပါသည်။

*

ညစာရောက်လာသောအခါ အားလုံးသူ့အကြိုက်တွေချည်း ဖြစ်နေသည်။ ပဲစေ့များ၊ အသားညှပ် ဟမ်ဘာဂါများ၊ အာလူးဖုတ်၊ သူနှင့် မတည့်သော ချက်ပြုတ်ကြော်လှော်ထားခြင်း မပါ။ ဤဟင်းများက အလယ်ခွက်နေသော ပန်းကန်ပြားချပ်ထဲ အသင့်ရှိနေကာ လက်ထပ်စမောင်နှံကဲ့သို့ ကြည်နူးရွှင်မြူးမှု ကြည်ကြည်လင်လင် ပင်လယ်ပြင်ထဲသို့ ရွက်လွှင့်နေကြသည်။

မှောင်စပျိုးနေလေပြီ။ လျှို့ဝှက်သော ဝိုးတဝါးဖြစ်မှုက မချော်လင့်ဘဲဖန်တီးဖြစ်ပေါ်လာသည်။ သူ့ဇနီးက နေမထိထိုင်မသာ ဖြစ်နေရသည့်အကြောင်းတစ်ခုမှာ ဇနီးသည်ဖြစ်သူက လုပ်ငန်းခွင်ထဲက သူ့အခြေအနေမေးသည်ကို ပြန်ဖြေဖော်မရခြင်းပင် ဖြစ်ပါသည်။ အဖြေမရခြင်းအပေါ် သူမအနေနှင့် ကိုယ်ဘာသာကိုယ် စိတ်ဖြေနားလည်ပေးပြီး ခပ်မဆိတ်နေပေးသော်လည်း မထုံတက်သေး ဖြစ်နေသော သူ့စိတ်အခြေအနေမှာ လက်ရှိသူ့အပြုအမူများတွင် ထင်ဟပ်နေရုံမျှသာမက သူမ မေးခွန်းမှန်သမျှကိုပင် ချေဖျက်ပစ်သည်အထိ ကျယ်ပြန့်သွားပေတော့သည်။ သူမ၏ လက်ချောင်းကြားမှာ ဝဲလှည့်သွားသည့် ကြယ်ပွင့်ပုံတစ်ခု ဖြစ်သွားသည်။

သူထိုင်နေသော နေရာမှာပင် ညစာအပြီး စီးကရက်တစ်လိပ်ထိုင်ဖွာနေလိုက်သည်။ 'ဟပ်ဆန်'ကို ဖြတ်၍ ကျေးလက်တောရွာအစွန်ထိ စီးမြင်နေရသော 'ပါလီဆာဒက်စ်' ဆီ သူမျှော်ကြည့်နေသည်။ မိုးပေါ်မှာ မရန်းစေသွေးပြေးနေသော တိမ်လွှာတစ်ချပ်က အဝါရောင် တိမ်လွှာတစ်ချပ်ပေါ်အုပ်မိုး နိမ့်ကျနေသည်။ 'စပရိုင်း'ဆိုင်းဘုတ်က လင်းထိန်နေသည်။ ညမြင်ကွင်းမှာ ကောင်းကောင်းဖတ်၍ ရနိုင်အောင်ပင် ကြီးစိုးလွှမ်းမိုးတောက်ပနေသော နီယွန်ဆိုင်းဘုတ် ဖြစ်ပါသည်။ 'စပရိုက်' (မီးအနီ)၊'စပရိုင်း (မီး



အဖြူ)၊ 'ကင်ရန်၊ ဖုတ်ရန်အတွက် (အနီ)၊ ထို့နောက် 'စပရိုင်း' (အဖြူ)၊ ကြော်ရန်လှော်ရန်အတွက် (အနီ)။ သည်နေရာ ဆိုင်းဘုတ် ဘယ်လိုရောက်လာမှန်း 'ရပ်ဖယ်' စဉ်းစားမရ။ အမှုဆောင်အချို့ ကတော့ ပင်လယ်ကမ်းစပ်စိုက်ခင်းမှာ ဆိုင်းဘုတ်ထူရန် အမိုးလွတ်ရှိနေမှန်း သတိပြုမိကြမှာ မလွဲပါ။ "တို့ အဲဒီမှာ 'စပရိုင်း' ဆိုင်းဘုတ် ထူရင် ရနိုင်တယ်" သူက သူ့အတွင်းရေးမှူးမလေးကို ခပ်တိုးတိုး ပြောပြခဲ့ဖူးသည်။ သည်အတွင်းရေးမှူးမလေးကို ရုံးမှာ သူ့ရုံးဆင်းချိန်လွန်အောင် တောင်မြှောက်ခိုင်းထားပြီးမှ 'ရေးဗားဒေး'က သူမ၏ အိမ်အထိ ကားမောင်းလိုက်ပို့ပေးတတ်သည်။

နောက်တနင်္လာနေ့ ရုံးပြန်တက်တော့ သူမက 'ဂျေရီ'၏ မှတ်ချက်ကို ဌာနခွဲပေါင်းစုံသို့ မှတ်တမ်းအဖြစ် ပေးပို့သည်။ လူထုဆက်ဆံရေး ဌာနခွဲ၏ဒုတိယအကြီးအကဲ (ပထမ အကြီးအကဲက 'ပိုကိုနိုစ်'အရပ်ကို အားလပ်ရက်အပန်းဖြေထွက်နေဆဲ) က တာဝန်အသစ်အဖြစ် ဤအလုပ်မှာ စဝင်သည်။ သူက 'ယေးတက္ကသိုလ်' က ထွက်လာသည်မှာ ခုနစ်နှစ် ကြာခဲ့ပြီးလေပြီ။ 'ဂျေရီ'၏ နေရာဝင်ယူ လောက်အောင်တော့ သတ္တိမရှိ။ ဖန်တီးတီထွင်ရေး' ဌာနထဲမှ လူတစ်ယောက်ကို ပုံကြမ်းရေးဆွဲတင်ပြဖို့ ပြောလိုက်သည်။ ၃ ရက်ကြာပြီးသည်နောက် တီထွင်ရေးမှ ထိုလူက ရေးဆွဲတင်ပြလာသည်။ သူ့ရေးဆွဲချက်မှာ တစ်ရာ ရှစ်ဆယ်ခြောက်ပေါင်လေးသော 'စပရိုင်း'ပုံကြမ်းဖိုင်တွဲတစ်ခုကို ပြန်မိုငြမ်း အခြေပြုထားခြင်း ဖြစ်သည်။ လူထုဆက်သွယ်ရေးမှ လူထဲတွင် ကောင်လေးတစ်ယောက်ရှိရာ ထိုကောင်လေးကို ထိုဖိုင်တွဲအား ရုံးချုပ်သို့ သွားပေးခိုင်းလိုက်သည်။ ဂျေရီမှာ သူ့အကြံဉာဏ်ကိုအရေးတယူ ရုံးချုပ်ထိ ပို့ဆောင်ပေးကြသဖြင့် မြှောက်ကြွကြွပင် ဖြစ်သွားသည်။ ဖိုင်တွဲကျောဘက်မှာ သူက စာတစ်ကြောင်း ထပ်ကွန့်ရေးပေးလိုက်သည်။

"တောင်ဘက်သို့ မဆိုစလောက် နည်းနည်းလေးပဲ လှည့်ပြီး စိုက်ထူပါ။ ကိုလံဘီယာမှာ ဘယ်သူမှ ချက်ပြုတ်လေ့မရှိတဲ့ဟင်းလို သည်တိုင်းပဲရေးလိုက်အိုကေ။) သည်ပုံကြမ်းကို ပြိုင်တူမြင်လိုက်ကြရသော အခြား

အမှုဆောင်နှစ်ဦး (နှစ်ယောက်စလုံးမှာ သဘာဝထက် လွန်ကဲသောတိုက်ဆိုင်မှုကြီးအဖြစ် 'ဆာရာလော်ရင့်'က အိမ်ထောင်ပြုကြပေတော့ဟု အတင်းခြိမ်းခြောက်တိုက်တွန်းယူရသော သမီးများ ရှိနေကြသည်)မှာ 'ဂျေဂျီ'အနေဖြင့် ရှယ်ယာဝင်များအပေါ် သြဇာပိုလွှမ်းလာလေသလားဟု ဇဝေဇဝါဖြစ်ကာ ကိုယ်ရှိန်သတ်သွားကြပါသည်။ ထို အဆိုပုံကြမ်းတင်ပြရာတွင် တစ်ခုမှာ လက်ခံ အတည်ပြုခြင်း ခံရသည်။ နီယွန်အလုပ်သမားများက ဖန်ပြွန်များ ပုံဖော်ပြုလုပ်ကြရသည်။ သတ္တုအလုပ်သမားများက ဆိုင်းဘုတ်ကားချပ်ဆောင်ကို ခွေရသည်။ နိဝင်ဘာလ၏ အင်္ဂါနေ့တစ်နေ့တွင် နားကိုက်ချင်စရာကောင်းအောင် လေထန်နေစဉ် ဆိုင်းဘုတ်ကို လူ ၁၈ ယောက်အင်အားနှင့် စိုက်ထူရသည်။ ထိုထဲမှ အငယ်စားအလုပ်သမားလေးမှာ နောင်တစ်ချိန် နိုင်ငံတကာ နယ်ပယ်ထိ ကျော်ကြားသော ရုပ်ရှင်မင်းသားလေးဖြစ်လာပါသည်။ သူတို့ အလုပ်မထွက်ကြမီ တစ်နာရီခွဲအလို ညနေ ၃:၃၀ နာရီ၌ သူတို့အားလုံး အလုပ်သိမ်း လူစုခွဲသွားကြသည်။ သည်အကျိုးနည်းအလုပ်ကြီး ပြီးသွားပြီ ဖြစ်သောကြောင့် ဤသို့ဖြင့် 'စပရိုင်း'ဆိုင်းဘုတ် (ဤသို့မြစ်ကမ်း၊ ဤသို့ သစ်ပင်စိုက်ခင်း ကြား၊ ဤသို့ ကလေးသူငယ်များအိပ်ပျော်စဉ်) ပေါ်ပေါက်လာရပါသည်။

သူ မျက်တောင်တစ်ချက်ခတ်လိုက်စဉ် ထိုမြို့ငယ်လေးများ အာရုံမှ ကွယ်ပျောက်သွားကြပြန်သည်။ အနက်ရောင်ပင်လယ်ပြင်ကြီးမှာ မိုးကောင်းကင်နှင့် အလားတူ ကျယ်ပြောလှစွာ တွေ့ရသည်။ ထိုပင်လယ်ပြင်ထဲ ကျရောက်သမျှအရိပ်တို့မှာ မှုန်ဝါးဝါး၊ မိနစ်နှင့်အမျှ လှုပ်ခါလျက် မျက်နှာပြင်အောက် ခေါက်ဝင်ကုန်သည်။ 'စပရိုင်း'ဆိုင်းဘုတ်များ အခြား ဘယ်ကမ္ဘာကမှ လာမထွင်နိုင်၊ လာမယှဉ်နိုင်ဘဲ ညကို စိုးမိုးသိမ်းပိုက်နေသော်လည်း ဥပဒေဆောင်ဝင် တရားဝင်လက်နေသော ကြယ်ပွင့်လေးများကိုတော့ သိမ်းပိုက်နိုင်စွမ်း မရှိပါလေ။

မှုရင်း

Toward Evening ["The Same Door" ဝတ္ထုတိုစုမှ]

# လေချွန်နေတတ်တဲ့ကောင်လေး

## The Kid's Whisiting

အမှုကိစ္စများက ပြီးပြတ်လုနီးပြီ။ ခရစ်စမတ်ပြီးသည်မှာ ၃ ပတ်ကျော်လာပြီ။ 'ရှိုင်း'မှာ ညနေတိုင်း အလုပ်နောက်ကျနေတတ်ပြီး အချိန်ပိုလုပ်ခတိုဖြင့် လခနှစ်ဆ တက်လာသည်။ ယနေ့ညဦးမှာ မိုးက ရွာနေသည်။ မိုးရွာချိန်မှာ 'ရှိုင်း'အကြိုက်ဆုံးသော အာရုံခံချက်။ အိမ်မှာနေသည်ထက် အနားယူသည်ထက် 'ဟာလီယေး'၏အလုပ်ဌာန တကိုယ်ထပ် သူ၏ ပူအိုက်အိုက် အခန်းငယ်လေးထဲ ညမိုးချုပ်ထိ အချိန်ပို ထိုင်လုပ်ရသည်ကို သူက ပိုအရသာ တွေ့သည်။ အမှောင်ထု ကျယ်ဝန်းစွာဖြင့် လှသူဆိတ်သုဉ်းသွားသော စတိုးဆိုင်ကြီးက သူ့အခန်းအောက်မှာ ရှိနေသည်။ ရေဒီယိုသံက ညည်းတွားနေသည်။ မဟူရာလေသာပေါက်ပေါ် မိုးက တဆောက်တောက်ကျလျက် ရှိသည်။ တစ်မိုင်ခန့်အဝေး၌ 'ဘူခါနင်'လမ်းမ ကုန်တင်ကွက်လပ်၌ ရေ့တိုး နောက်ဆုတ်လုပ်နေကြသည့် ကားစက်သံများ ကြားရသည်။

အနှောင့်အယှက်တစ်ခုက ကောင်လေးတစ်ယောက်၏ လေချွန်နေသံ ဖြစ်သည်။ တစ်နှစ်မှာ ဆယ်လကြာအောင် 'ရှိုင်း'မှာ နေရာခင်းကျင်းရေးဌာနမှာ လုပ်ကိုင်ခဲ့သည်။ ကောင်တာကတ်ပြား မှာကြားခြင်းများ စုပုံလာသည့်အခါများတွင် သဘော်တင်ပို့ရေးဌာနခွဲက သူ့အတွက် အကူအညီရရန်

ကောင်လေးတစ်ယောက် စေလွှတ်ပေးတတ်သည်။ သို့သော် နိဝင်ဘာလ အစပိုင်းတွင်မှု စတိုမန်နေဂျာ 'ဆိုင်မွန်'က ကြားရက် ညနေပိုင်းများနှင့် စနေနေ့ တစ်ရက်တာများအတွက် အထက်တန်းကျောင်းသားကောင်လေး တစ်ယောက်ကို ငှားရမ်းခေါ်ပေးသည်။ ယခုနှစ် အကူတပည့်မှာ 'ဂျက်' ဟု ခေါ်သည်။ သူက လေချွန်တတ်သူ။ တစ်ချိန်လုံး လေချွန်နေလေ့ရှိသူ ဖြစ်သည်။

လက်အားနှင့်နိုင်ရသော ပုံနှိပ်စက်တွင် 'ဂျက်'က ကောင်တာ ကတ်ပြားများ ပုံနှိပ်ပြီး 'ခွဲရာသီအတွက်' အရန်သင့်လုပ်ထားသည်။ သူက အလုပ်လုပ်ရာတွင် အမောပြေ အေးအေးချမ်းချမ်း ဖြစ်စေရန် လေးသွားတစ်ခုခု ခံစားလေချွန်ပုံ ရပါသည်။ ကစားစရာလုပ်ငန်းဌာနအတွက် ဆိုင်းဘုတ်လုပ်ငန်း ရှိနေသော 'ရှိုင်း'က အရာရာ အဆင်ပြေစေချင်သဖြင့် ချာတိတ်သူ့အာရုံနှင့်သူ ရှိနေသည်ကို ကျေးဇူးတင်မိသည်။

ရေးနေကျထုံးစံ 'ဆယ်ရစ်စ်'ပုံမပါသော စာလုံးပုံစံ သို့မဟုတ် ရောမ အက္ခရာစာလုံးမည်းမျိုးရေး ထွင်းရမည် ဖြစ်သော်လည်း သူက အင်္ဂလိပ်ရှေးဟောင်းစာလုံးကြီး အက္ခရာနှင့်သာ ရေးထွင်းရန် စိတ်ကူးထားသည်။ ဤစာလုံးမျိုးက သူ့ကိုယ်ပိုင် အားရ ကျေနပ်သော ပုံစံသက်သက် ဖြစ်သည်။ အပိုစာသား ထပ်ကြိုးပမ်းနေ၍လည်း ဘယ်သူကမှ အနည်းဆုံး 'ဆိုင်မွန်'၏ ဖောက်သည်များအားလုံး အသိအမှတ်ပြုကြမည်လည်း မဟုတ်ပါ။ ၁/၂ X ၁ ၁/၂ X၁၁ ပေ၊ သုံးထပ်သား ပျဉ်ချပ်ပြား မျက်နှာပြင်ကိုဖြူညစ်ညစ်ချော ဆီဖြင့် မွမ်းပြီးနောက် 'ရှိုင်း' တစ်ယောက် စာလုံးအရာပေးသည့် အခြေခံမျိုးများ ချဆွဲသည်။ ခဲတံဖြင့် အက္ခရာများ ခပ်ရေးရေး ဖော်ပေးသည်။ နေရာလပ်များ ချန်ပေးသည်။ သူ စီးကရက်တစ်လိပ် မီးညှိသောက်ရင်း တအောင့်တနား ဖွာထုတ်နေသည်။ ရှုတော့ မရှု၊ သည်နောက် စီးကရက်ကို အလုပ်ခုတန်း ရှည်အစွန်းအဖျားဌ် ချထားလိုက်သည်။ သူ၏ ပန်းချီဆွဲကားချပ်ခုမှာ အဆင့်လေးဆင့်၏ ဒုတိယဆင့်မှာ မိုတွယ်ချိတ်လျက် ထောင်ထား



သည်။ အလုပ်လုပ်နေစဉ်၌ ဤ ကားချပ်ခုနှင့် ထိုင်သော ခုတန်းရှည်ကနားတိုမှာ သုံးဆယ်ဒီဂရီ ချိုးနေသည်။ အလုပ်မလုပ်တော့သည့်အခါ ထိုကားချပ်ခု ဘုတ်ပြားကို ထိပ်ဆုံးအဆင့်မှာ တပ်ထားသည့်သံကွင်းထဲ ချိတ်တပ်ခေါက်ထား၍ ရသည်။ သို့သော် သံကွင်းဝက်အူမှာ ဈေးပေါသော ထင်းရှူးသားပေါ် စုပ်ထား၍ ဝက်အူရစ် ပြုန်းပြီး အလုပ်မဖြစ်ရာ၊ ဘုတ်ပြားခုမှာ အမြဲတွဲလောင်းကျနေပေတော့သည်။

ဤသို့ဖြင့် အောက်ဆုံးအဆင့်အံမှာ တစ်ဝက် တစ်ပြက် ဖုံးပိတ်ကာမိလျက်သား ဖြစ်နေပြီး ပန်းချီဆေးပုလင်းလွတ်များ မေ့လျော့ပစ်ထားသည့် မှတ်တမ်းမှတ်ရာများ ကြပ်ခဲကျောက်ဖြစ်နေသည့် စုတ်တံများ၊ ပန်းပုထုကျောက်သား အကွဲအပဲစများ ထားသိုရာ ဂူငယ်တစ်ခု ဖြစ်သွားလေတော့သည်။ ဒုတိယဆင့်အံပေါ်၌ ပိုစတာဆေးဘူးများကို သက်တံရောင်စဉ် အစီအစဉ်အတိုင်း အတွဲလိုက်စီထားသည်။ တတိယဆင့်ပေါ်၌ သံဘူးများ၊ ချုပ်စက်သံဘူးများ၊ တွယ်ချိတ်ဘူးများ တင်ထားသည်။ ချုပ်စက်နှစ်ခု၊ တစ်ခုက ကျိုးပျက်နေသည်။ ရောင်စုံမင်များ (ခြောက်ခန်းနေပြီ)၊ ဝါယာကြိုးကွင်းတွင်းမှ ကလောင်တံ ထောင်ထည့်သော ကိုရီယား၊ ဆေးပြင်းလိပ်ဆေးတ္တာငယ်မှာ ကလောင်တံ ကညစ်များ၊ တူက သုံးချောင်း၊ ရှီးဆာစ်အလှပြု လူ့ရုပ်ပုံ၊ လက်မောင်းတပ်ရန် သံမဏိချောင်းနှစ်ချောင်း လွှလက်ကိုင်၊ လွှသွားဆောမရှိတော့။ ဤပစ္စည်းများက ပိုစတာပန်းချီဆေးများ ထည့်သကဲ့သို့ စနစ်တကျ ကျနသေသပ်မှု မရှိ။

စတုတ္ထအဆင့်နှင့် မျက်နှာကျက်ကြား ရှည်မျောမျောနေရာကွက်လပ်တွင် ဖရိုဖရဲ ရုပ်ထွေးပွေလီ ဖြစ်နေသော ခေတ်နောက်ကျသည့် ရှေးဟောင်းပစ္စည်းတချို့မှာ အင်ဒီယန်းလူနီရိုင်းတို့၏ အလင်းနောက်ခံပြု အရိပ်မည်းပုံများ၊ ဗျောက်အိုးများ၊ သမင်ပုံများ၊ တိမ်တိုက်ပုံများ၊ ဒေါ်လာပုံများ ဖြစ်ကြသည်။ ရှိုင်း၏ဘယ်ဘက်နံရံကိုလည်း ဆင့်များ အဆင့်ဆင့် ကာရံလျက်ရှိပြန်သည်။ သူ့ညာဘက် မလှမ်းမကမ်း၌မူ ထိုချာတိတ် သူ၏လက်အား

ပြု ပုံနှိပ်စက်နှင့် အဝင်ဆေါက်ဝတံခါးများ ရှိကြသည်။ သူ့နောက်ကျောဘွဲ့ လျှပ်စစ်ပါဝါကိရိယာများ၊ သစ်သားချောင်းတချို့နှင့် ရှိုးပြရုပ်လုံး၏ အဝတ်အထည်တို့မှာ အခန်း၏အမှောင်မိုက်ဆုံးထောင့်ထဲ၌ ဆောက်တည်လျက် ရှိကြသည်။ ‘ရှိုင်း’၌ ခြေတံရှည်ခွေးခြေခုံမြင့်ကြီးတစ်လုံး ရှိသော်လည်း သူက ပုံဆွဲကားချပ်ခုံရှေ့မှာ မတ်တတ်ရပ်နေသည်။ သူက နံပါတ်ကိုး စုတ်တံပြားပြားနှင့် မိုးပြာရောင်ပိုစတာဆေးကို ရွေးချယ်လိုက်သည်။ အက္ခရာစာလုံးပုံစံ စာအုပ်ထဲ တစ်ချက်မျှ ငဲ့ကြည့်ပြီး ‘ရှေးဟောင်းအင်္ဂလိပ်’အက္ခရာ အခန်းကို လှန်လိုက်သည်။ ငွေမင်ဆေးမှုန့်ပုလင်းကို လက်တစ်ကမ်းအကွာ၌ အသင့်ထားလိုက်သည်။

သည်နောက် နောက်ထပ်တွေဝေမှု ဖြစ်မနေတော့ဘဲ ရှိုင်းမှာ စုတ်တံကို ဆေးထဲနှစ်ပြီး ဘုတ်ပြားကို စထိတွေ့လိုက်သည်။ T အက္ခရာကွေးကွေးကြီးကို တစ်ချက်မှ တုန့်ယင်နေခြင်းမရှိဘဲ စဆွဲသည်။ ကျယ်ပြန့်သော မျဉ်းကွေးဖြင့် ကက်ဦးထုပ်ဆောင်းပေးပြီး ခပ်ငိုက်ငိုက် ညွှတ်ပေးလိုက်သည်မှာ ဘယ်မှ ညာဘက်သို့ နိမ့်ဆင်းသွားရမည့် စာတမ်းအတွက် ကိုယ်ကိုယ်ကို အားရယုံကြည်မှု အစပျိုးလိုက်ခြင်းပင် ဖြစ်သည်။ နံပါတ်နှစ် စုတ်တံဖြင့် ဆံချည်မျှင်လိုင်းများ ထပ်ဖြည့်သည်။ ငွေမင်ဆေးမှုန့်များကို ပန်းချီဆေးမခြောက်သေးသော အက္ခရာစာလုံးများအပေါ် ဖြူးချပြီး မှုတ်ထုတ်သည်။ ပြီးမှ နောက်ပြန်ဆုတ် စိုက်ကြည့်ပြီး ကျေနပ်နေသည်။

‘ရှိုင်း’၏ ခေါင်းထဲမှာတော့ ‘ဂျက်’၏ မရပ်မနား လေချွန်နေသော ‘ကောင်းကောင်းနေပါ–မေ’ ဆားသွားကို မကြားရအောင် တံခါး ဂျိုင်းခနဲ ပိတ်ထားရသည်။ စုတ်တံကို ရေကရားထဲ လှုပ်ခါဆေးကြောပစ်လိုက်သည်။ ‘O’အက္ခရာကို အဝါရောင်ရင့်ရင့်ဖြင့် ပြီးအောင် လက်စသတ် ရေးဆွဲလိုက်သည်။ အဖြူရောင်ကို ဆန့်ကျင်ပြီး အဝါရောင်က ထိုးထွက်နိုင်ပါမလား။ သူ မသေချာမိသော်လည်း အဝါက ထိုးထွက်လာပါသည်။ ငွေမင်မှုန့်များ ဖြူးပြီးမှ ပိုထင်းလာသည်။



‘ဂျက်’က ‘မင်းထွက်သွားပြီးတဲ့နောက်’တေးသီချင်းကို ခပ်ကျယ်ကျယ် ခလုတ်နှိပ်လိုက်ပြန်သည်။ ခြေဖျားတစ်ဖျုတ်ဖျုတ်ပုတ် စည်းချက်လိုက်နေသည်။ ထရမ်ပက်ဟာန် များလွန်းသည်။ ‘Y’အက္ခရာ၏ ခေါင်းထိပ် ဆံချည်မျှင်လိုင်းများ သပ်နေခိုက် အလယ်နားအရောက် ‘ရှိုင်း’လက်များ တုန်လာမှာ စိုးရိမ်သွားသည်။ နောက်လှည့်ပြီး ‘ဂျက်’၏ ကျောရိုးကို မီးလောင်မတတ် စိုက်ကြည့်နေလိုက်သည်။ ဘာမှ ထူးခြားတာ မရှိ။ ‘ဂျက်’က အရပ်ရှည်ရှည် ‘ရှိုင်း’ထက် ခြောက်လက်မခန့် ပိုရှည်၍ ပိန်လည်း ပိန်သည်။ သူ့လည်ပင်း လက်မောင်းလောက်ပင် ထူထဲကြီးမားခြင်း မရှိဘဲ မညှပ်မသင်သောဆံပင်အုပ်ထဲ ကချော်ကချွတ်ထိုးတက်သွားသည်။ စားပွဲပေါ်မှာ လက်ဝါးနှစ်ဖက်ယှက်ပြီး ထောက်လျက် နောက်ပြန်ထိုင်နေသော ချာတိတ်မှာ ရှင်မြူးသော ဂီတသံစဉ်ကြီးလေးခုကိုသာ ပျံလွှင့်နေစေသည်။

“ဟေး ဂျက်”ဟု ‘ရှိုင်း’က လှမ်းခေါ်သည်။

ကောင်လေးက နောက်လှည့်ကြည့်သည်။ “ဒြော် ခွင့်လွှတ်ပါဗျာ” ကောင်လေးက လန့်ဖျတ်သွားဟန် ရှိသည်။ သူက အမှန်တကယ် တခြားသာမန်ကောင်လေးများကဲ့သို့ မဟုတ်ပေ။

“ကုတ် (ကိုကာကိုလာ)တစ်ပုလင်းလောက် မရဘူးလား”

“ဖြစ်တာပေါ့။ ဆရာလိုချင် ရပါတယ်”

‘ရှိုင်း’က ဖျော်ရည်တကယ်တမ်း လိုချင်သည် မဟုတ်။ တိတ်ဆိတ်ခြင်းသာ အလိုရှိသည်။ သို့သော် သူ့မှာ ကိုယ်ဘာသာကိုသာ ကြိတ်အလုပ်လုပ်နေလျက် ဘာမှတခြားထမလုပ်နိုင်။ မှောင်မည်းသော ခန်းမကျယ်ကြီးထဲ ထွက်သွားပြီး အိပ်ကပ်ထဲမှ ပိုက်ဆံပြားနှစ်ပြား ဆွဲထုတ် ဈေးဝယ်စက်ထဲ ထိုးထည့် အရည်ဘူးနှစ်ဘူးဆွဲထုတ်။ သည်နောက် နေရာခင်းကျင်းရေး၌ာနခွဲကို ပြန်ယူဆောင်သွားရသည်။ ‘ဂျက်’ကို တစ်ဘူးလှမ်းပေးရာ ချာတိတ်က သူ့ကို နီကယ်တစ်ပေါင်နှင့် ငါးပဲနီ လှမ်းပေးသည်။

"မင်းပဲ ယူထားပြီး ဆိုက်ဆိုဖုံး ဝယ်လိုက်ပါ" ဟု 'ရှိုင်း'က ပြန်ပေးသည်။

'ဂျက်'၏ ကျေးဇူးတင်သော မျက်နှာရိပ် မျက်နှာထားက သူ့အတွက် နူးညံ့လွန်း၍ တစ်စွန်းတစ်စမျှသာ သတိပြုမိသည်။ သူက မင်စွန်းထင်းညစ်ပေစွာ 'စိုက်ပျိုးသူများ'ဟု တံဆိပ်ရိုက်ထားသော အိတ်တစ်လုံးသို့ လှမ်းမေးဆေါ့ပြရင်း "မြေပဲတွေ ကျန်သေးလားကွ" ဟု မေးလိုက်သည်။

'ရှိုင်း'လက်ထဲရောက်လာသော ဘူးက ခပ်လေးလေး ခပ်အေးအေးမို့ မြေပဲဆားလှော် ရှိနိုင်သေးသည်ကို ပြနေသည်။ သူ လက်တစ်ဆုပ်လောက် ယူပြီးမှ အိတ်ထဲ ခါလီဖြစ်လုနီးသာ ကျန်တော့မှန်း သတိပြုမိ၍ လက်သီးဆုပ်ထဲမှာ မြေပဲ တချို့တစ်ဝက် နည်းနည်းပြန်ချလိုက်ရသည်။ သူတစ်ဆေးပြီး တစ်ဆေး ငုံဝါးနေစဉ် ကောင်လေးက စကားလက်ဆုံကျ နိုးနိုး မျှော်ကိုးစောင့်ကြည့်နေသည်။ 'ရှိုင်း'က ယက်ဖောက်တံပေါ် စိုက်ထိုးပုံထားသော အမှာစာပုံအထပ်ကြီးထဲ ခပ်ဖွဖွ ဆုပ်ထားသော လက်သီးနှင့် ညွှန်ပြရင်း "မင်္ဂလာညအတွက် အလုပ်တွေ ဟိုမှာလေ" ဟု ပြောလိုက်သည်။

"ဒါတွေအားလုံးက ကျွန်တော်သည် တစ်ညတည်းနဲ့ ရှင်းပေးနိုင်ပါတယ်"

'ရှိုင်း'က ထိုစကားဖြစ်နိုင်မှန်း ယုံကြည်ပါသည်။ သို့သော် သူ့စကားအတိုင်း ခွင့်ပြုလိုက်ပါက လတ်လျားလတ်လျားဖြစ်သွားမယ့်အရေး အားပေးရာ ကျနေမည် ဖြစ်သည်။ ဘာစကားတစ်လုံးမှ ထပ်မပြောတော့ဘဲ ကိုယ်ဆိုင်းဘုတ်ဆီသာ ပြန်လှည့်လိုက်သည်။ 'Y'အက္ခရာ၏ ဒေါင်းအမွှန်းလိုင်း များကို သူ အရောင်တင်သည်။ ထို့နောက် ခပ်ဖြည်းဖြည်း အားရဖွယ် လက်မောင်းတစ်ချက် ရွှေ့လျားလိုက်ရဖြင့် အမြီးတပ်ပြီး ဖြစ်သွားသည်။

စုတ်တံနှစ်ချောင်းစလုံး သူ ရေဆေးအပြီး 'ကြက်သွေးရောင်'ဟု တံဆိပ်တပ်ထားသော ကရားကို ဖွင့်လိုက်သည်။ 'ရှိုင်း'က သူ့လက်များကို



အတော် သတိထားသည်။ လက်များက လေးထောင့်စပ်စပ် ချောမွတ်မွတ် အသလွန်သော လက်သည်းများနှင့် အပြည့်အဝ သန့်စင်လှသည်။ သို့သော်လည်း တောက်ပဖြူဖွေးသော အကျိုလက်များနှင့် နှိုင်းစာလျှင် နေလောင်ပြီး ညိုနေသော ဖန်ရေအရောင် ဝါကြန်ကြန်ကို မချွတ်နိုင်သဖြင့် သူ့လက်သည်းများက ဖြူသင့်သလောက် မဖြူပေ။ အကျိုလက်ဖျားများ အပေါ်ဘက် နှစ်ထပ်ခေါက်ထားပြီး ကော်တင်ထားသည် ဖြစ်ရာ ပါးလွှာလွှာ ပုံဆွဲကားချပ်တမျှ တောင့်နေသည်။ သူ့လက်မောင်းများ တံတောင်ဆစ်ဘေးသား ပေါ်ခပ်ပေါ်ပေါ်ဝိုဝိုပြားပြား ကျနေသော ထိုအကျိုလက်ဖျားကြောင့် သူ့မှာ လုံလုံခြုံခြုံ ခံစားရသည်။

ဤစိတ်ကြောင့်ပင် ချာတိတ်ကို သူ အော်မထုတ်မိခြင်းလည်း ဖြစ်ပါသည်။ ချာတိတ်၏ စိတ်ငြိမ်းချမ်းသာနေပုံမျိုး လေတချွန်ချွန်နှင့် ရပ်နေ ဟန်၊ ချေးတက်နေသော ခါးစည်းရှေ့ဖုံးကို သူ့ ဘေး သက်သက်သာသာ ဖြန့်ချထားပုံ၊ မြေပဲဆားလှော်ထုတ်လေးနှင့် 'အိုးဂိုးစ်' အထုပ်ကို သူ့နံဘေး စားပွဲပေါ် အမြဲတင်ထားတတ်ပုံ၊ ဤသည်တို့အရ သူ့ခေါင်းထဲ ဘာတွေ ရှိနေမည်ဆိုသည်ကို ဘုရားသခင်သာ သိပေလိမ့်မည်ဟု 'ရှိုင်း' တွေးမိသည်။ ချာတိတ်က ဆေးလိပ်မှန်မှန် ဖွာတတ်သည်။ သိပ်မသောက်ဖို့ တစ်ခါက 'ရှိုင်း'ပြောဖူးရာ သူက ဟင်အင်းဟု ပြန်ငြင်းသည်။ သူသောက်သည်မှာလည်း ဤအလုပ်ခွင်တစ်နေရာတည်းမှာသာ ဖြစ်ပါသည်။ သို့နှင့် 'ရှိုင်း' လည်း လက်လျှော့ဘေးမဲ့ ပေးထားရတော့သည်။ ကိုယ်က သူ့အဖေ လည်း မဟုတ်ပေဘဲကိုး။

'ရှိုင်း'က 'L'အက္ခရာကို စတင်သည်။ 'ဂျက်'က 'အကယ်၍ ကိုယ်မင်းနဲ့ သည်ည တစ်နာရီလောက်များ အတူနေခွင့်ရမယ်ဆိုပါလျှင်' သီချင်းကို ချွန်နေသည်။ သူ့အသံက ကျဉ်တင်တင် ခပ်လျော့လျော့နှင့် ချောင်းဆိုးသံပါသော လေချွန်သံမျိုး ဖြစ်နေသည်။ 'ကိုးမင်းဟောကင်းစ်'လို ဖြစ်အောင်၊ သို့မဟုတ် ကလိမ်ကညာစ်ဖြစ်အောင် ကြိုးစားနေပုံမျိုး။ 'ရှိုင်း'က မိုးသံကို

မကြားရ။ စင်ပေါ် ဖုန်တက်နေသော ရေဒီယိုကို ခလုတ်ဖွင့်ကြည့်လိုက်သည်။ ‘ဖိလ်ကို’အမျိုးအစား ရှေးဟောင်းတစ်လုံးမျှသာ။ မီးသီးတွေ အစုံပါသော်လည်း သက်တမ်းကုန်နေပြီး ကိရိယာစုံသည့်တိုင် ကျယ်သင့်သလောက် မကျယ်သဖြင့် ‘ဂျက်’အတွက် သူ့အသံနှင့်သူသာ လုံးနေသည်။ ထို့ကြောင့် သူ့အတွက် လေချွန်မပျက်။ ကျေးငှက်တို့ တိုင်းပြည်ထဲရောက်နေသည့် အလားပင် ထိုတိုင်းပြည်မှာ ဆိုသူ မီးမောင်းထိုးခံရမည့် မုချ။

‘ရှိုင်း’က ‘L’အက္ခရာကို အပြီးသတ်လိုက်သည်။ ရုတ်တရက် ‘ဂျက်’ တစ်ယောက် တိတ်ဆိတ်သွားသည်။ သူ့ထိုးစစ်မှာ ချာတိတ်တော့ ကျဆုံးသွားရာပြီဟု သူ တွက်လိုက်သေးသည်။ သို့နှင့် သူ့ရေဒီယိုကို ပြန်ပိတ်လိုက်သည်။ တိတ်ဆိတ်သွားတော့မှပင် ချာတိတ်ကို အမှန်တကယ် နှုတ်ပိတ်သွားစေသောအသံကို သူကြားလိုက်ရသည်။ ခါတ်လှေကားတံခါး ချပ်ခနဲ ပိတ်သွားသံနှင့် တူစွာ ဖိနပ်သံ တချွပ်ချွပ်ကို ကြားရသည်။

တစ်မိနစ်သာသာခန့်အကြာမှာ ခင်းကျင်းရေးဌာနခွဲ အဝင်တံခါးပွင့်လာပါတော့သည်။ ဖွင့်ဝင်လာသူက ‘ဂျဲနက်’။ သူမက ထုတ်ချင်းမြင် အကြည်သား မီးကာကုတ်ဝတ်ထားသည်။ ကုတ်အပေါ်၌ ရေစက်များ အနှံ့အပြား သီးနေကာ သူမ၏ ကလစ်ညှပ် အနီရောင် ဆံကေသာများပေါ်၌လည်း မိုးစက်များ ကြယ်လိုပွင့်နေသည်။ ထိုရေစိုဆံကေသာထဲ၌ တစ်စုံတစ်ရာ ကျူးကျော်လိုမှု ရှိနေသည်။ တောက်ပသော မီးရောက်အောက်၌ သူမ မျက်မှောင်ကြုတ်ရင်း ပြောသည်။ “မှောင်နေပြီပဲ။ ကျွန်မ ခလုတ်ပျောက်နေပြီ”

“မီးခလုတ်က ခါတ်လှေကား ညာဘက်နံဘေးမှာ” ဤသည်မှာ ‘ရှိုင်း’က စိတ်ထဲမှ ပြန်ဖြေနေသောစကားမျှသာ ဖြစ်သည်။

‘ဂျဲနက်’က ပုန်ိပ်စက်နှင့် ချာတိတ်တို့ကို ဖြတ်ကျော်လျောက်ထားပြီး ‘ရှိုင်း’၏ နံဘေးမှာ လာရပ်သည်။ ရှိုင်း၏ဆိုင်းဘုတ်ကို ငုံ့ကြည့်သည်။ ‘တုတ်ဒ်’ဟု စဖတ်သည်။



“ရှိုင်း ဒါ ‘Y’ ဖြစ်ရမယ်”

“ဒါပေမဲ့ စာလုံးက ထိပ်မှာ ပိတ်နေတယ်။ အခွေအလိပ်အမြီးတွန့်နဲ့ ‘D’ပုံ ဖြစ်နေတယ်”

“ဒါ ဂရိ ရှေးဟောင်းဂေါသစ်စာလုံးပါ”

“ကောင်းပါပြီ။ ကျွန်မ မငြင်းချင်ပါဘူး။ သည်စာလုံးလည်း ကျွန်မလို ဖြစ်နေမှာပေါ့”

“မင်းက ဘယ်လိုကဘယ်လို သည်ရောက်လာတာလဲ။ ဘာအတွက်လဲ”

“မိုးက ကျွန်မကို ဂနာမငြိမ်ဖြစ်အောင် လုပ်တယ်”

“မင်း မိုးရွာထဲ တောက်လျှောက်လျှောက်လာတာလား။ ဘယ်သူက သည် စတိုးထဲ ဝင်ခွင့်ပြုတာလဲ”

“ဘလောက်ခြောက်ကွက်လောက်ပဲ ဖြတ်လျှောက်လာရတာပါ။ မိုးရွာတာ ကျွန်မ မမှုပါဘူး။ ကြိုက်တောင်ကြိုက်သေး”

‘ဂျဲနက်’၏ ဦးခေါင်း က ခပ်စောင်းစောင်းငဲ့နေပြီး နားဆွဲတခါခါနှင့် ယောက်ယက်ခတ် အလှပ် ရှုပ်နေသည်။

“ညစောင့်က ဝင်ခွင့်ပေးခဲ့တာပါ။ သူက ‘အပေါ်သာတက်သွားတော့ မစ္စစ်မေစ်၊ သူက ခင်ဗျားကိုတွေ့ရင် ဝမ်းသာလိမ့်မယ်။ သူက တစ်ကိုယ်တော်တည်းဖြစ်နေတာမို့ ခင်ဗျားလာတာ သိပ်ဝမ်းသာမှာပဲ’ လို့လဲ ပြောသေးတယ်”

“‘အော်လေး’က ဝင်ခွင့်ပေးလိုက်တယ်လား”

“ကျွန်မ သူ့နာမည် မေးမကြည့်ပါဘူး” သူမက ‘ရှိုင်း’၏ အထုပ်ထဲမှ စီးကရက်တစ်လိပ် ထုတ်ယူလိုက်သည်။

"မင်း မိုးကာကြီး ချွတ်ပစ်လိုက်ပါလား ကွာ။ အအေးမမိနိုင်ပါဘူး" ရှိုင်းက ပြောယူရသည်။

သူမက ပခုံးတွန့်လိုက်ပြီး လျှပ်စစ်လွှ သစ်သားဖြတ်ပေါ်ကုတ်ကို လှမ်းချိတ်ထားလိုက်သည်။ ထို့နောက် ကျဉ်းကျပ်သော သူမ၏ စကတ်ကို အစွမ်းကုန်ကားရပ်ပြီး ဆေးလိပ်သောက်ရင်း ထိပ်ဆုံးဆင်ပေါ်က ပစ္စည်းပစ္စယများကို လေ့လာကြည့်ရှုနေသည်။ 'ရှိုင်း'က လိမ္မော်ရောင်ဆွဲချပြီး 'A' အက္ခရာကို စတင်ရေးဆွဲသည်။

"အနီရဲ့ဘေးမှာ လိမ္မော်ကို ကပ်ဆွဲတယ်လား" သူမက ဝင်ထောက်သည်။

"အိ" သူ ညည်းညူလိုက်ရာတွင် လက်ကို လွှမတိုက်မိအောင်တော့ သတိထားနိုင်သေးသည်။

"သည်သေတ္တာတွေထဲမှာကော ဘာတွေလဲ"

"သေတ္တာတွေလား" 'ရှိုင်း'မှာ အလုပ်ထဲ အာရုံနှစ်နေ၍ သူမ ပြောသည်ကို မကြားလိုက်။

"သည်က သေတ္တာတွေကို ပြောတာ"

သူက စုတ်တံကို မလိုက်ပြီး သူမ ညွှန်ပြသည့် ပစ္စည်းများကို ကြည့်လိုက်သည်။ "ရွှေချည်ငွေချည်တွေပါ"

"ရွှေချည်ငွေချည် ဟုတ်လား။ ဘာအတွက်လဲ။ နင့်မှာ နှစ်–လေး–ခြောက် ဒါမျိုး သေတ္တာပျော့ကြီး ခြောက်လုံးတောင် ရှိတယ်။ ဒါတွေနဲ့ ရှင် ဘာလုပ်မှာလဲ။ အထဲဝင်အိပ်ဖို့လား။ နွားတွေ ကျွေးမလို့လား"

"အရေအတွက်ကိုစွ မင်းလျှော့ချင် လျှော့ပစ်နိုင်ပါတယ်"

သူမက သေတ္တာပျော့တစ်လုံးကို တွေးတွေးဆဆနှင့် ကန်ကြည့်ပြီး နောက်တစ်လုံးပြီးတစ်လုံး ခပ်ဆဆ ကန်ကြည့်စစ်ဆေးနေသည်။ 'ဟာလီ



ယေး'လုပ်ငန်းထဲ 'ဂျဲနက်' နောက်ဆုံးလာရောက်စစ်ဆေးခဲ့သည်မှာ သုံးလကြာခဲ့ချေပြီ။ သူ့ကို ညစာစားရန်လာခေါ်သွားတတ်ပြီး ရုပ်ရှင်လည်း ပြတတ်သည်။ ထိုအကြိမ်နောက်ပိုင်း သူမ လုံးဝ ပေါ်မလာတော့။ "သည်အရုပ်အထွေးတွေ ရှင် ဘာ့ကြောင့် ရှင်းထုတ်မပစ်တာလဲ" သူမ လှမ်းမေးသည့်အသံ လိုက်သံပါပါဖြင့် အိမ်သာတွင်းမှ လှမ်းပြောလိုက်သည်နှယ် ရှိသည်။ အိမ်သာ ရေချိုးခန်းထဲ၌ အလှပြ မော်ဒယ်ရုပ်လုံးများ ထားရှိသည်။

"သေသေချာချာ ဂရုစိုက်နော်။ အဲဒီပစ္စည်းတွေ အဖိုးတန်တယ်" 'ရှိုင်း' က 'A' စာလုံးပေါ်မှ 'ဆာရစ်ဖ်'မှမ်းထားမှုကို ချွန်နေအောင် ပြုပြင် လိုက်သည်။

သူမက အခန်းထဲ ပြန်ဝင်လာပါသည်။

"ဒါတွေက ဘာတွေလဲ"

သူက သူမဘာပြောသည်ကို လှည့်မကြည့်မိ ဆေးမခြောက်သေးသော စာလုံးကို 'ငွေမင်ဆေးမှုန့်'များ ဖြူးသည်။ "ဒါတွေက ထင်းရှူးကိုင်းတွေပါ"

"အဲဒါတော့ သိတာပေါ့။ ကျွန်မဆိုလိုတာက သည်ကိုင်းတွေနဲ့ ရှင် ဘာလုပ်မှာလဲလို့ မေးတာ"

"ကျုပ် ဘာလုပ်မှာလဲလို့ မေးတာကိုက မင်းက ဘာသဘောလဲ။ သည်သစ်ကိုင်းတွေ ပြတင်းပေါက်ထဲယူလာပြီး ပန်းစည်းလုပ်တာပေါ့။ အခုခရစ်စမတ်ရာသီလေ။ ခရစ်တော်အတွက်ပေါ့"

သူမကို သူနောက်ကျောခိုင်းလိုက်သည်။

သူဆိုင်းဘုတ်ကိုသာ ငေးကြည့်နေလိုက်သည်။ သူမက အနားရောက်လာပြီး သူ့နံဘေး ဝင်ရပ်သည်။ သူက 'N' စာလုံး စရေးသည်။ အောက်စိုက်သော လိုင်းမျဉ်းကို အပြီးထိ သူဆွဲနေခိုက်တွင် သူ့လက်ဖျံက သူမနံဘေးကို ထိမိသွားသည်။ သူမက နီးကပ်လွန်းစွာ ရပ်နေသည်ပဲကို။

"ရှင် ဘယ်အချိန် အိမ်ပြန်လာမှာလဲ" ဟု သူမက ညင်ညင်သာသာ မေးလာသည်။ ပထမဆုံးအကြိမ် အခန်းထဲ တတိယလူတစ်ယောက် ရှိနေလေသည့်အလား သူမ ပြုမူပြောဆိုနေသည်။

"အခု ဘယ်အချိန် ရှိပြီလဲ"

"ကိုးနာရီထိုးပြီးစပဲ ရှိပါသေးတယ်"

"ညသသ နာရီမထိုးမီ ဘယ်လို ပြန်ရမလဲဆိုတာ စဉ်းစားမရဘူး သည့်ဆိုင်းဘုတ်တော့ အပြီးအစီး လက်စသတ်ဆေးရလိမ့်မယ်"

"အခုပြီးသလောက် ဖြစ်နေပြီပဲဟာ"

"သည့်ဆိုင်းဘုတ်ပြီးအောင်လုပ်ရမယ်။ ပြီးမှ ကိုယ်နဲ့ ချာတိတ် ဒါကို ချိတ်ဆွဲထားရမယ်။ သည့်နောက် တခြားလုပ်စရာတွေ ဆက်လုပ်ရဦးမယ်။ အလုပ်က ပုံနေတာပဲ။ ဒါတွေအားလုံးကို သသ နာရီအမီ အပြတ်ရှင်းရမှာ"

"'ရှိုင်း' အမှန်ပဲလား"

"ဟုတ်တယ်။ သသ နာရီအမီ ပြီးအောင် လုပ်နေတာ။ ဒါပေမဲ့ ကိုယ်ပြီးမယ်လို့ အာမမခံနိုင်ဘူး။ စိတ်မကောင်းပါဘူး အချစ်ရယ်။ ဒါပေမဲ့ 'ဆိုင်မွှန်' က တစ်ချိန်လုံး ကိုယ့်ကုတ်ပေါ် ခွစီးနေတာကွ။ တကယ်ငရဲပဲ။ ငါ့မှာ အချိန်တစ်ဝက်ပဲ ရတော့တယ်"

သူ '**N**' အက္ခရာအပေါ် 'ဆယ်ရစ်ဖ်' ထည့်နေစဉ် သူမ ငြိမ်နေသည်။ "ဒါဖြင့် ကျွန်မ သည်မှာ စောင့်နေဖို့ ဘာမှ အကြောင်းမရှိတော့ဘူးပေါ့" ဟု သူမ နောက်ဆုံး ထုတ်ပြောသည်။

'**N**' အက္ခရာက အတော်သပ်ရပ်သွားသည်။ တကယ်အချက်အရ ဆိုင်းဘုတ်က လွှဲအပ်ဆေးရမယ့်အဆင့်ထက်ပင် ပိုကောင်းနေသေးတော့သည်။ သူက ကိုယ့်ကိုယ်ကို ကြွားကြွားဝင့်ဝင့် အားရနေသည်။ သူမဝင်ပြီး မြည်တွန်တောက်တီးခွင့် မပြုတော့။



"ကျွန်မ ရှင့်ကို သသ နာရီလောက်ကျမှ လာကြိုမယ်" ဟု နာကြည်း ဟန်ပေါက်နေသော လက်ဝါးတစ်ဖက်သာ လှမ်းကာပြလိုက်ပြီး "ရှင့်ကို အနှောင့်အယှက် မပေးချင်ပါဘူး။ အချိန်တစ်ဝက်ပဲ ရှိတာ မဟုတ်လား။ ကျွန်မ ကိုယ်ဘာသာပဲ စမ်းတဝါးဝါး သွားပါတော့မယ်'

အခြေအနေကို ဖာဖာထေးထေးလုပ်လိုသည့် သဘောဖြင့် သူမ ထွက်ခွာသည်ကို သူ လိုက်စောင့်ကြည့်နေလိုက်သည်။ လိုဏ်ခေါင်းလို ဒိုးယိုပေါက် ဖြောင့်တန်းနေသော စင်္ကြံအတိုင်း သူမ ကျောခိုင်းသွားသည်ကို သူ နောက်ကကြည့်နေမှန်း သူမ လှည့်မကြည့်ဘဲ သိနေမည်ဟု သူ အတပ်ပြောရဲသည်။ 'ဂျက်' ၏ ခုတန်းကို ကျော်ဖြတ်မသွားသေးဘဲ သူမ 'ဂျက်' ဘက်လှည့်ရပ်လိုက်ကာ "ဟဲလို မင်းလည်း ဘာလို့ သည်လောက် နောက်ကျနေတာလဲ" ဟု နှုတ်ဆက်သည်။

'ဂျက်' က လတ်လတ်ဆတ်ဆတ်ရေးလက်စ မင်စိုနေသောဆိုင်းဘုတ်ဆီ မျက်စိဝေ့လည်လိုက်ပြီး "ဒါတွေ ပုံနှိပ်နေတာလေ" ဟု ပြန်ပြောသည်။

"ဒါလေးနဲ့ အကုန်လုံး လုပ်မလို့လား။ 'ဂျဲနက်' က စက်ကလေးကို ထိကိုင်ကြည့်သည်။ "မင်တွေ ရွှဲနေတာပဲ"

သူမက 'ဂျက်' ကို သူမ၏ လက်မလက်ညှိုးများကို ထောင်ပြသည်။ လက်ချောင်းထိပ်များမှာ မင်္ဂလာပွဲကြီးသော စက္ကူလေးအရွယ် ကြက်သွေးရောင်ဆေးများ စွန်းကုန်သည်။ ချာတိတ်က လက်သုတ်ပဝါတစ်ခုတလေ တွေ့လိုတွေ့ငြား အချည်းနှီး ဟိုထိုးသည်ထိုး ရှာဖွေကြည့်သည်။ အကောင်းဆုံး သူလုပ်ဖြစ်သွားသည်ကတော့ သူ့ခါးစည်းအဝတ်၏ထောင့်စွန်းအစ တစ်ဖက် လှမ်းပေးခြင်းသာ ဖြစ်သည်။ "သိပ်ကျေးဇူးတင်တာပဲ" သူမက လက်ချောင်းများ အနံ့အစပ် ခပ်ဖြည်းဖြည်း သုတ်သင်ပြီး ပြန်ပြောသည်။ တခါးဝအရောက် သူမက ပြုံးပြီး "အားလုံးပဲ ဂွတ်ဘိုင်နော်" ဟု နှုတ်ဆက်ကာ သူမခင်ပွန်းနှင့် ကောင်လေးတို့၏ကြား အလယ်ကောင်တည့်တည့် အမှတ်စင်္ကြံလမ်းမှ ထွက်သွားလေသည်။

'ရှိုင်း'က နောက်ဆုံးအက္ခရာ 'D'ကို ရွေးချယ် ဆေးရောင်သွင်းလိုက်သည်။ ကောင်းကင်ပြာရောင် ထပ်ခြယ်သည်။ အစ 'T' အက္ခရာခြယ်စဉ် က အတိုင်း ဖြစ်ပါသည်။ သို့မှသာ အစအဆုံး ညီညွတ်မှု ရှိမည်။ ပထမ နံပါတ် ၃ စုတ်တံ၊ နောက်နံပါတ် ၂ စုတ်တံ တို့ဖြင့် သူ အက္ခရာစာလုံးပုံဖော် နေခိုက်မှာ သူ့အခန်းထဲမှာ အာရုံလမ်းကြောင်း ကွေ့ကောက်သွားသော အနေအထား ဖျက်စေသော ပယောဂတစ်စုံတစ်ရာတော့ဖြင့် ဝင်သွားလေပြီ ဟု သတိပြုမိလိုက်သည်။ သူ့စိတ်အာရုံကို စုစည်းကြည့်ပြီး ဘယ်နေရာမှ အနှောင့်အယှက်ဝင်ခဲ့လေသလဲဟု အပြစ်နေရာရှာကြည့်သည်။ အမှားတစ်ခုခုကတော့ ရှိနေပြီး စာလုံးကို ငွေမင်ဆေးမှုန် ဖြူးပြီး 'ရှိုင်း'နောက်ပြန်ဆုတ် ခပ်လှမ်းလှမ်းက ပြန်ကြည့်မှပင် ထွက်နေသော နေရာကို တွေ့လိုက်သည်။

'D' အက္ခရာက ဖောင်းကားလွန်းသွားပြီး 'N'စာလုံးဘက် သိပ်ကပ်လွန်းနေသည်ကို။ 'ဆိုင်မှန်' သို့မဟုတ် တခြားလူ တစ်စုံတစ်ယောက်က ကြည့်လျှင်တော့ ဤချို့ယွင်းချက်ကို သတိထားမိနိုင်ဖွယ် မရှိ။ သို့သော် ဤလက်ရာ ပျက်သွားမှန်း 'ရှိုင်း'က ကိုယ်ဟာကိုယ်သာ သိသည်။ ယခု အချိန်မှာ ဘာကြောင့်ပျက်သွားမှန်းလည်း သူ သိလိုက်ပါသည်။ ချာတိတ်က တော့ လေမချွန်တော့ဘဲ ရပ်သွားခဲ့ပါပြီ။

မူရင်း

The Kid's Whistling [The Same Doorမှ]

# ဆန္ဒရမ္မက်၏ ဖွဲ့နှပဲ

## The Persistence of Desire

'ပင်နီပက်ကား'၏ရုံးခန်းမှာ ကြမ်းခင်းရှက်ထည်နံ့ နံနေဆဲပင် ဖြစ်သည်။ ကြည်လင်ပြီး ဝမ်းနည်းဖွယ်ရာ ထိုအနံ့မှာ လေးထောင့်ကွက်များ တစ်ခုပြီး တစ်ခု ခြားနားလျက် တသီကြီး ကျားကွက်စုံ အဆင်မျိုး ဖော်ထားသော ကြမ်းပြင်မှ ထိုးထွက်လာနေပုံ ရသည်။ ထိုကြမ်းကွက်ကပင် ရယ်စရာကောင်းစွာ 'ကလိုက်'ကို ချာတိတ်ဘဝက အပိုင်းပိုင်း ဖြတ်တောက်ခံရသည့် ဝေဒနာတစ်ရပ် ပေးအပ်ခဲ့သည်။ ယခုမူ သူ့ကိုယ်နှိုက်က နှစ်ထပ်ကွမ်းဖြစ်နေသော အာရုံတစ်ရပ်၏ ကြက်ခြေခတ်ခွဆုံပေါ် ရပ်နေမိလျက်သား ဖြစ်နေချေပြီ။ သူ၏လက်ရှိသီးခြားအနေအထားမှာ နှစ်ကာလတာတစ်ခုဖြင့် အဘက်ဘက် ပြစ်တင်ခံရသဖြင့် 'မက်ဆက်ချူးဆက်' အရပ်မှ 'ပင်ဆဲဆေးနီးယား'အရပ်ရှိ သူ၏ဖြေမဆည်နိုင်သော လူငယ်ဘဝထိ တိုးချဲ့ လာရောက်ဆုံတွေ့နေသည်။ ရုံးခန်း၏နံရံကြီးတစ်ခုလုံးကို ပုံကြီးချဲ့ထား သော အရောင်လွှင့်ပြယ်နေသည့် ကနေဒါ သဘာဝတောရိုင်းနယ်စပ် ရေအိုင်တစ်အိုင်ပုံ ဓာတ်ပုံကြီးက ဖုံးလွှမ်းနေဆဲပင် ဖြစ်ပါသည်။ သစ်ကြားပင် အဆီစွန်းထင်းနေသော ကုလားထိုင်များ၊ ခုံတန်းများက လှုပ်ခါစက်ကြီး၏ စရိုက်သဘာဝမျိုးကို သရိုးသရီ ဆက်လက် သရုပ်ဆောင်ပြနေကြသည်။ စားပွဲကြီး၏ လိမ္မော်ရောင် တစ်ဖက်ထိပ်၌ လေးထောင့်ကျကျထားရှိသော နောက်တိုးပစ္စည်းသစ်ဟူ၍ အရှိန်မှတ် ကိရိယာကဲ့သို့ ပြုလုပ်ထားသည့်

အနက်ရောင် စားပွဲတင်နာရီ တစ်လုံးသာရှိသည်။ သူက အာရဗီဘာသာ ဂဏန်းဖြင့် လက်ရှိအချိန်မိနစ် ၁း၂၈ကို ပြနေသည်။ အတိတ်နှင့် အနာဂတ် တို့၏အနန္တနှစ်ရပ်ကို သူ၏မမြင်ရသော ရစ်ခွေလှည့်ပတ်နည်းဖြင့် အလုပ် လုပ်ကိုင်နေပေသည်။

‘ကလိုက်’ရောက်လာတာ စောနေသေး၍ စောင့်ဆိုင်းခန်းမှာ လူသူ မရောက်သေးဘဲ ရှင်းနေသည်။ နာရီနှင့် မျက်နှာချင်းဆိုင်ကုလားထိုင်တစ်လုံး ပေါ် သူ ထိုင်ချလိုက်သည်။ နာရီက ၁း၂၉ ဖြစ်သွား သည်။ သူ စောင့်ကြည့် နေစဉ်မှာပင် နာရီက သူ၏သားကားထွက်သော ကွက်လပ်ပြင်ကျယ်ကြီးထဲ နောက်တစ်ချက် ကျပြန်သည်။ ဖြည်းဖြည်းမှန်မှန် သွားနေသည့် လက်များနှင့် မျက်နှာတစ်ခုရှိနေသော ထိုနာရီ အလိုကျအောင် သူအပျင်းပြေသဘော သားဘီလှည့်ပတ်ကြည့်ပြန်သည်။ တေမိဘိုးဘိုးက တုပ တီထွင်ထားသော အခြားရေးဟောင်းပစ္စည်းများ တွေ့ရသည်။ သူ မဂ္ဂဇင်းတစ်စောင် ကောက် လှန်ပြီး ချက်ချင်း ဖတ်ကြည့်သည်။ “ပုံမှန် လူ့ခန္ဓာကိုယ်၏ ကလာပ်စည်း များအားလုံး ခုနစ်နှစ်ကြာတိုင်း လုံးဝဥသုံ အကုန်အစင် အစားထိုး ဖြစ်တည် ကြောင်း သိပ္ပံပညာက ဖွင့်ချလိုက်ပြီ”

ခန်းမ၏ အခြားတစ်ဘက်ထိပ်ရှိ ဒပ်ချ်တံခါး အပေါ်ပိုင်းတစ်ဝက် ပွင့်လာသည်။ လေးထောင့်ကွက် တံခါးဝဘောင်အတွင်းမှ ပေါ်လာသည့် ‘ပင်နီပက်ကား’၏ အတွင်းရေးမှူးမက သူမ၏ တောက်ပသော မျက်နှာ ပြားချပ်ချပ်ကို သူ့ဘက်လှည့်ကာ– “မစ္စတာဘာယ် ပါလားရှင်”ဟု မေးလိုက် သောအသံမှာ ခေါင်းလောင်းလေးများ ဆင့်ကဲဆင့်ကဲတီးလိုက်သလို သာယာ လှပေသည်။ “ဒေါက်တာ ပင်နီပက်ကားတစ်ယောက် နေ့လယ်စာ သွားစား နေတာ တစ်မိနစ်အတွင်း ပြန်ရောက်ပါမယ်ရှင်” သူမက ဝက်ဘာ ခန်းမ ခပ်သေးသေးထဲသို့ နောက်ကြောင်း ပြန်လှည့်ဝင်ပြီး ပျောက်ကွယ်သွား ပါသည်။ ထိုခန်းမမှာ မျက်လုံး၊ နား၊ နှာခေါင်း၊ လည်ချောင်း လူသားဖြစ် သည့် ‘ပင်နီပက်ကား’တစ်ယောက် သူ၏အဆန်းတကြယ် ပစ္စည်းကိရိယာ



များနှင့် စီမံဆောင်ရွက်နေကျ နေရာဖြစ်သည်။ နံဘေးလမ်းမြှောင်း ပြတင်းကို ဖြတ်၍ ပြင်ပယာဉ်အသွားအလာများကို ‘ကလိုက်’မြင်နေရသည်။ ‘ဂရင်း’ ရိပ်သာထဲ တိုးဝေ့ ဒုံးစိုင်းချသွားကြသည်မှာ သူမှတ်မိသမျှထက်ပင် ဝင်းပ ပြောင်လက်နေသေးတော့သည်။ လမ်းနံဘေး လူလျှောက်စင်္ကြံပေါ်၌မူ လည်ပင်း ကြိုးကွင်းစွပ် မိန်းကလေးများ တစ်သွေးတည်း၊ တစ်သားတည်း တစ်ပုံစံတည်း နှစ်ယောက်တွဲ၊ သုံးယောက်တွဲ လျှောက်နေကြသည်။ မြို့ငယ်လေးမှာ စဉ်ဆက်မပြတ် ရှိနေတတ်မြဲ မြင်ကွင်းအဖြစ် သူတို့လေးတွေမှာ သူတို့ပွင့်လန်းမှု၏ ဝန်ထုပ်ဝန်ပိုးများအောက်၌ ပိုမိုဝမ်းနည်းကြေကွဲစွာ လှုပ်ရှားနေရလေသည်။ လမ်း၏ ကျန်ဆန့်ကျင်ဘက် ပလက်ဖောင်းပေါ်၌ ဆန့်ကျင်ဘက်လိင်တို့က အုပ်စုလိုက် ဘေ့စ်ဘောလက်စွပ်များ ကိုင်ဆောင် လျက် သွားနေကြသည်။

‘ကလိုက်’မှာ သူကျွမ်းဝင်ပြီးသား လမ်းဟောင်းကြီးကို စောင့်ကြည့် ရင်း အလွန်အထီးကျန်ဖြစ်လာစဉ်မှာ ဆင်ဝင်ဆောင်မှ တံခါးမကြီး ပွင့်လာ ပါတော့သည်။ အာမေဋိတ်တစ်ရပ်ကို စုတ်သွင်းမိလိုက်ခြင်းနှင့်အတူ ဝင်လာ သူကို သူမော့အကြည့် ဤသူမှာ ဤမြို့ငယ်အတွင်း သူ့သိဟောင်းကျွမ်း ဟောင်းသာ ဖြစ်ရမည်ဟု စကန့်မလွဲ သိလိုက်သည်။

“ကလိုက်ဘာယ် လားဟင်” သူမက စ၍နှုတ်ဆက်သည်။ သူမ၏ အသံမှာ ကလေးထိန်းဆန်ဆန်၊ မိဘဆန်ဆန် ပုံဖမ်းသော်လည်း ခပ်လန့်လန့် ပုံစံနှင့် အဆုံးသတ်သွားသည်။ သူ့ကို ကလေးတစ်ယောက်လို သဘောထား ပုံရပြီး ကျန်စကားလုံးများက ဓာတ်လမ်းတစ်ခု၏ ကိုယ်ကျင့်တရားလည်း ဖြစ်နေသည်။

“ဂျဲနက်” သူက ခပ်ရှုရှုနှင့် ကုလားထိုင်မှ ခပ်ကိုင်းကိုင်း နှုတ်ဆက် လိုက်သည်မှာ သိပ်ယဉ်ကျေးပျူငှာသည့် သဘောမဟုတ်ဘဲ သူ့နှလုံးသား ပေါ် သက်ရောက်နေသော ဖိစီးမှုဒဏ်မှ သက်သာရာ သက်သာကြောင်းသာ ရည်ရွယ်ပုံရသည်။

“ဘယ်လိုပဲ ဖြစ်ဖြစ် ရှင် သည်ဘက်တွေ ပြန်ရောက်လာရပြန်ပြီပေါ့နော်” တစ်ချိန်က သူ့ကို သိခဲ့ဖူးသည့် လူဟောင်းတစ်ယောက်၏ အနေအထားမျိုး ဖမ်းရင်း သူမက ပြောသည်။

သူက လေးလေးပင်ပင် ထိုင်ချလိုက်ရင်း “ကျွန်တော် အမြဲတမ်း ပြန်လာနေတာပဲ။ ခင်ဗျားသာ သည်နေရာမှာ ဘယ်တော့မှ မရှိတာပါ”ဟု ပြန်ပြောလိုက်သည်။

“ဟုတ်ပါတယ်လေ။ ကျွန်မကလည်း ကျွန်မခင်ပွန်းနဲ့အတူ ဂျာမနီကို ရောက်နေခဲ့တာပါ” သူမက သူ၏ဖွာထွားလုံးကြွနေသော ပေါင်လုံးနှစ်ဖက်ကို ဟိတ်နှင့်ဟန်နှင့် တင်ပလ္လင်ချိတ်ထိုင်လိုက်ပြီး ပြောလိုက်သည်။

“သူက လေတပ်မှာ မဟုတ်လား”

“ဟုတ်တယ်လေ” သူမ၏အသံက အနည်းငယ် ခပ်လန့်လန့်ဖြစ်သွားပုံရသည်ကို သူ သိသည်။

“အခု သူ အလုပ်ထွက်လိုက်ပြီလား” ‘ကလိုက်’က ထိုသူ့ကို မတွေ့ဖူးပါ။ သို့သော် ယခု ‘ဂျဲနက်’ကို ထပ်တွေ့နေရပြန်သည်။ ‘ဂျဲနက်’အပေါ် သူချန်ထားရစ်ခဲ့သော အတွေးတိမ်၊ အသိတိမ်ကောမှုကို ထိုသူကောင်သားက စီရင်ဆုံးဖြတ် ကြိုက်နှစ်သက်ရလောက်အောင် ထိုသူက မဆိုစလောက်တော့ စာတတ်ပေတတ် နည်းနည်းရှိကြောင်း သူ ကောင်းကောင်းသိထားခဲ့ပြီးဖြစ်သည်။ မျက်ခုံးမွေးပုံစံ နေကာမျက်မှန်မျိုး သူတပ်ထားပြီး ကျွန်ခံနေရသည့် လူစားမျိုး၊ စေစပ်ဖျန်ဖြေ၍ ရနိုင်သော ပါရမီမျိုးလည်း သိပ်မရှိတတ်သူ၊ ကလဲ့ရီနက် မှုတ်ချင်မှုတ်နေမည့် နိုင်ငံရေးကာတွန်းမျိုး ဆွဲချင်ဆွဲနေမည့်လူမျိုးဖြစ်ဖွယ် ရှိပြီး လောလောဆယ် ယခုတော့ ခပ်ညစ်ထေးထေးစီးပွားရေးလုပ်ငန်းရိပ်သာတစ်ခု ထောင်နေသည်ဟု သူ သိရသည်။ အဖြစ်နိုင်ဆုံးလုပ်ငန်းက အာမခံရောင်းဝယ်ရေးဖြစ်မည်။ သနားစရာကောင်းသူက ‘ဂျဲနက်’လေးပဲ ဟု ‘ကလိုက်’ ခံစား စာနာမိသည်။ သူ၏သိုက်မြိုက်ပြီး



ချွတ်ခြုံကျ အတ္တအတွက် အားလပ်ချိန် အသုံးတော်ခံရန် သက်သက်ဖြစ်နေမည်။ သူမ ဘာအလင်းရောင်မျှ မြင်ရမည် မဟုတ်။ သို့ပေမယ့် သူမ၏ အောက်မျက်ခွံမို့မို့လေးက အမှတ်လက္ခဏာပြုထားသော အိပ်ရေးပျက်ဆိတ်ငြိမ်အေးချမ်းမှုနှင့် လှပသော တည်ငြိမ်မှုတို့ကိုတော့ သူမ ပြန်ရယူထားနိုင်ပါသည်။ သူမက ပို၍ ပိန်ပါးပါးသွယ်လျလျနှင့် ပိုအသက်ရလာသည်နှင့်အမျှ သူကလည်း ဝဖိုင့်မှုကို ပို၍တောင့်ခံရင်းနှင့်ပင် အသက်ထောက်လာပါသည်။ သူမ၏ ထူထဲလုံးဝန်းသော ခြေမျက်စေ့လေးများနှင့် သူမအသားစိုင်၏ ပျော့ပျော့ အထိမခံ ခေါင်းမာခြင်းများက သူ့ကို မရှုမလှနာကျင်စေရန် နှင်တံနက် ထိုးဆွရာ၌သာ အသုံးကျမြဲ ဖြစ်နေသည်။

“ဟုတ်တယ်” သူမအသံက ခင်ပွန်းသည်ထံမှ သူမ တပ်ပြန်ဆုတ်လာသည်ကို အရိပ်အမြွက် ပြောရာကျသည်။ နောက်ဆုံး လမ်းခွဲကြရခြင်းက သူမထံပါး ထပ်မံဖြစ်ဖြစ်လာရသည်က အရုပ်ဆိုးအကျည်းတန်မှု တချို့ရှိနိုင်သည်။

“ကျွန်တော်ကတော့ ၄–ထပ်ကွမ်း စာမေးပွဲကျထားသူပဲပေါ့” သူ ဒါကို ရက်ရက်နှင့်ပင် ဝန်ခံရသည်။ သူမက အပြောင်းအလဲကို သတိမထားမိ။ သူက အတွင်းကျကျ ဆက်ပြောရသည်။ “ငြိမ်းချမ်းရေးကာလရဲ့ လျော့တိလျော့ရဲ စီးပွားရေးသမား တစ်ယောက်ပေါ့။ ဒါထက် ဘယ်အရာကတော့ မျိုးရိုးဂုဏ် နိမ့်စေမှာတဲ့လဲ”

သူက ခေတ္တတိတ်သွားပြီးမှ ဆက်မေးသည်။

“ရှင် အခု ကလေးဘယ်နှယောက်ရပြီလဲ”

“နှစ်ယောက်၊ သုံးနှစ်နဲ့ တစ်နှစ် အရွယ်တွေ။ မိန်းကလေး တစ်ယောက်၊ ယောက်ျားလေး တစ်ယောက်ပေါ့။ တော်တော်ကို အချိုးကျတယ်။ ခင်ဗျားတော့”ဟု သူဆက်မေးမလိုလိုနှင့် နည်းနည်းရက်သွားကာ ထိုအရက်ကို ဖုံးဖိလိုဟန်နှင့် နှုတ်ကို ပွတ်သပ်ပစ်လိုက်သည်။

"ဘယ်နှယောက် ရနေပြီလဲ"

"ဟင့်အင်း မရပါဘူး။ ကျွန်မတို့လင်မယား ခိုင်မြဲနေတုန်းကတော့ သည်လို ကလေးမယူတာ တရားမမျှတာဘူးလို့ ထင်ခဲ့ကြပါသေးတယ်"

ယခုမူ တိတ်ဆိတ်သော တစ်ဒင်္ဂအခိုက်ကို သူ ဆုပ်ကိုင်ထားရလိမ့်မည်။ သူ ဆုံးရှုံးပြီးရင်း ဆုံးရှုံးခဲ့ရအောင် သူမ ယခင်က အကွက်ရိုက်လာခဲ့သည်။ ခြေနှစ်ဖက်ကို သူမ တင်ပလ္လင်ပြန်ချိတ်ထိုင်သည်။ ပြီးတော့ ပရိယာယ်ပါပါ အကြောဆန့်ပြီး ပြုံးပြသည်။

"ကျွန်တော် သတိရအောင် ကြိုးစား ပြန်ဖော်ထုတ်နေရတယ်" သူက ဝန်ခံသည်။ "ကျွန်တော်တို့နှစ်ယောက် နောက်ဆုံးတွေ့ခဲ့ကြတုန်းကလေ၊ ဘယ်လိုက ဘယ်လို ကျွန်တော်တို့ ကွဲသွားကြတာလဲ မမှတ်မိတော့ဘူး"

"ကျွန်မလည်း မမှတ်မိဘူး။ ဒါမျိုးက ခဏခဏ ဖြစ်ဖြစ်နေတာပဲကိုး"

နာကြည်းအောင် ခနဲ့တဲ့တဲ့ ပြောလိုက်သော သူမစကားက သူ့မျက်ဝန်း နှုတ်ခမ်းစပ်မှာ ကြေကွဲမှု မျက်ရည်များ ဝေလည်လာအောင် သဲ့ယူဖို့ ရည်စူးလေသလားဟု ထင်မိလေသည်။ ဟုတ်ချင်မှလည်း ဟုတ်ပါလိမ့်မည်။ တင်ကူးကြိုတင်ကြံစည်ခြင်းမျိုးက သူမအတွက် လက်နက်တစ်ခုသဖွယ် ဘယ်တုန်းကမှ သိပ်မရှိခဲ့။ ဤလက်နက်ကို သူ့ထံမှပင် သူမ လေ့လာသင်ယူရန် ကြိုးစားခဲ့သေးသည်။

သူ ကြမ်းခင်းရွက်ထည်ကို ဖြတ်လျှောက်ပြီး သူမနံဘေး ခုတန်းပေါ် ထိုင်ချလိုက်သည်။ "ကျွန်တော် ပြောမပြနိုင်အောင်ပဲ။ သည်မြို့လေးမှာ ရှိသမျှ လူအားလုံးအနက်မှာ ကျွန်တော် သိပ်ကိုအဆွေ့ချင်ဆုံး လူက ခင်ဗျားတစ်ယောက်ပဲဗျ" ဤအပြောမှာ မိုက်မဲရာတော့ကျသည်။ သို့သော် သူမကို ပြန်များတွေ့မည်ဆိုလျှင် ဤသို့ ပြောမည်ဟု သူပြင်ဆင်ထားခဲ့ပြီး ဖြစ်သည်။

"ဘာကြောင့်လဲ"



ဤအမေးက သူမနှင့် ပိုတူလာသည်။ တုံးတိတိ နှုတ်ခမ်း၊ တွန့်ရှုံ့ရှုံ့ စပ်စုခြင်းမျိုး။ သူ ဒါကိုပင် မေ့နေခဲ့ပြီ။

"ကောင်းပြီ။ အေးလေ။ အကြောင်းခံလေးတွေတော့ ရှိတာပေါ့။ ကျွန်တော် ပြောချင်တာလေးတွေက"

"ဘာတုံး"

"သည်လိုပါ။ တကယ်လို့ ခင်ဗျားကို ကျွန်တော် စိတ်ထိခိုက်စေခဲ့တယ်ဆိုရင် ဒါ ကျွန်တော် ငယ်သေးတဲ့အချိန် မိုက်မဲမှုကြောင့်ပဲ ဖြစ်ပါတယ်။ သည်လို ဖြစ်ခဲ့ပြီးကတည်းက ကျွန်တော် ခဏခဏ စဉ်းစားမိတာက ကျွန်တော့် မိသားစုအပြင်ဘက်က သူစိမ်းအနေနဲ့ ကျွန်တော့်အပေါ် အမှန်တကယ် နှစ်သက်သဘောကျသူဆိုလို့ ခင်ဗျား တစ်ယောက်ပဲ ရှိတယ်ဆိုတာပါပဲ"

"ကျွန်မက အဲလိုပဲလား"

"ခင်ဗျား ဘာမှ မလုပ်ဘဲ တစ်သံတည်း ထွက်တဲ့ မေးခွန်းတွေပဲ မေးလို့ အကျိုးများမယ် ထင်ရင်တော့ မှားလိမ့်မယ်"

သူမမျက်နှာကို လွှဲဖယ်လိုက်စဉ် သူမ၏ ခန္ဓာကိုယ်ရှိ ဖျော့တော့တော့ တိုင်လုံးပမာ ချောမွတ်သော လက်မောင်းတံနှင့် ယင်ကြီးဥလောက် မှဲ့ခြောက်လေးများ လခြမ်းပုံ စီရရီ ရှိနေသော ပခုံးသားတို့သာလျှင် သူမ၏ နွေရာသီဝတ် ချည်ထည်အောက်မှ သူမြင်ရသော တစ်ခုတည်းသော အာရုံအဖြစ် ကြွင်းကျန်ရစ်သည်။ "အကျိုးထင်အောင် လုပ်တတ်တာ ရှင်တစ်ယောက်ပဲ ရှိတယ်" ဤသည်မှာ သူမ၏ ကိုယ့်ကိုယ်ကို ကာကွယ် ပြောကြားရန် အတွက် အားလျော့ပြီး အဓိပ္ပာယ်လည်းမဲ့သော စကားတစ်ရပ်သာဖြစ်သည်။ 'ကလိုက်'မှာ အချစ်ထိုးဆေးတစ်ရပ် နှင်နှင်နဲ့နဲ့ ဆွဲထိုးခံရ၍ အကြောတက် အကြောလိုက်သွားသည်နှယ် သူမလက်မောင်းအိုးလေးကို ရေခဲတမျှ အေးစက်စက်လက်နှင့် တို့ထိလိုက်သည်။

သူမက ဤသို့ တို့ထိခံရမည်ကို ကြိုသိနေသည့်အလား ဖျတ်ခနဲ ခြေမြန်လက်မြန် ရှောင်ထွက်ပြီး သောစကြံပြတင်းပေါက်နား ရှိ စားပွဲတစ်လုံးဆီ သွားရပ်သည်။ စားပွဲပေါ်၌ မဂ္ဂဇင်းများ ကစဉ့်ကရဲ စုပုံထပ်ထားသော စာအုပ်ပုံများ စီတန်းရှိနေသည်။ မဂ္ဂဇင်းပေါ်မှ ခေါင်းစဉ်များကို သူမ ခေါင်းငုံ့ကြည့်လိုက်သောအခါ သူမ၏ လည်ကုတ်နေရာ ပြေလျော့ပျက်ကျ လုလု ဆံထုံးအောက်နား လောင်းရိပ်ကျနေရာတွင် ဇက်ပိုးချိုင့်ခွက်လေး ပေါ်လာသည်။ သူမက ဆံပင်ကို ဒုက္ခရှာပြီး ဆံညှပ်နှင့် ထိုးစည်းထားလေ ရှိသည်။

'ကလိုက်'က သိသိသာသာ ရှက်သွေးဖြာရင်း "ခင်ဗျားယောကျ်ား ကသည်နေရာတစ်ဝိုက်မှာ အလုပ်လုပ်တာလား"

"သူက အလုပ်လိုက်ရှာနေတယ်" ဤစကားဖြင့် သူ့ကို မျှော်လင့်ချက်ပေးလျက် သူမ နောက်လှည့်ကျောပေးနေလိုက်ပါသည်။

*

'မစ္စတာဘယ်' သေးသေးသွယ်သွယ်၊ ပိန်ပိန်ပါးပါး သူနာပြုဆရာမ က ပေါ်လာလိုက်၊ ပျောက်သွားလိုက်နှင့် ချိန်သီးနှင့် တူနေသည်။ သူ့ကို လူသူဆိတ်သုဉ်းသော ကြားခန်းမမှ ဖြတ်ကျော်၍ ခေါ်သွားကာ သားရေနက် ကွပ်ထားသော ခပ်မြင့်မြင့်ကုလားထိုင်တစ်လုံးပေါ် ထိုင်ခိုင်းထားသည်။ 'ပင်နီပက်ကား'၏အသုံးအဆောင်ပစ္စည်းများက သူ့ကို အမြဲ စိတ်တင်းကျပ်စေသည်။ ထိုတင်းကျပ်မှုတန်ချိန်များစွာက အခန်းထဲ လှည့်ပတ် အာကာပြနေသည်။ ရှုပ်ထွေးသော ဖန်ပွန်သစ်ပင်တစ်ပင်၊ မှန်ဘီလူးခုံများက သူ့ဘယ်ဘက်ပခုံးအပေါ်ဘက်၌ မှိုင်မြမ်းပြုထောင်လျက် ရှိကြသည်။ သူ့ညာဘက်တံတောင်ဆစ်သေးနားတွင်မူ ကြွေလက်ဆေးဇလုံက မျှော်လင့် ထားသည့်အတိုင်း တင်ထားသည်။ မျက်စိမှုန်ခြင်း စမ်းသပ်သော အက္ခရာ ပုံပြကားချပ်က တွန့်လိမ်ကောက်ကွေးနေ၍ ဖတ်မရအောင်ရှိသည်။ 'ပင်နီ



ပက်ကား'ကိုယ်တိုင် အချိန်မီပေါ်လာသည်။ လူက အရပ်ရှည်ရှည် ခါးကိုင်းကိုင်းနှင့် အစက်အပြောက် ပြည့်နေသော မေးရိုးကားကားနှင့် လေသံက ဒေါသကို ဖိနှိပ်ထားသည့် ပုံပေါ်သည်။

"ကဲ၊ ဘာတွေဖြစ်လာတာလဲ ကလိုက်ရေ"

"ဘာမှတော့ မဟုတ်ပါဘူး။ ဆိုလိုတာက သည်လိုနည်းနည်းအသေးအဖွဲလေးပေါ့။ 'ကလိုက်'က မသေမသပ် ရယ်ကျဲကျဲလုပ်ရင်း စပြောသည်။ သူကြီးကောင်ဝင်စအချိန်က သူ့သွားဆရာဝန်နှင့် သူကုနေကျ ဆရာဝန်တို့နှင့် မိသားစုလို နောက်ပြောင်ပြောင် ဆိုနေကျဖြစ်သည်။ သို့သော် 'ပင်နီပက်ကား'နှင့်မူ ရင်းနှီးကျွမ်းဝင်အောင် လုပ်၍မရခဲ့ပေ။ ထိုလူက သူ့ပထမဆုံး စတွေ့ကာစကကဲ့သို့ပင် အောက်ကျို့ခယမှုများကို ခုံခုံမင်မင် ဖောဖောသီသီ ခံယူစုဆောင်းနေသည့် ပစ္စည်းထိန်းအရာရှိတစ်ယောက်ကဲ့သို့ ရှိနေဆဲ တွေ့ရသည်။ တတိယတန်း ကျောင်းသားဘဝ၌ 'ကလိုက်'ကို သူမျက်မှန် စတပ်ဆင်ပေးခဲ့သည်။ နောက်ပိုင်း သူ နှစ်စဉ်နှစ်တိုင်း ဤမျက်မှန်ကို သန့်စင်ဆေးကြောပေးသည်။ 'ကလိုက်'၏ နားရွက်ထဲမှ နားဖာချေးများထုတ်၊ 'ကလိုက်'၏နှာခေါင်းထဲ ကြေးချောင်းလေးနှစ်ချောင်းထိုးသွင်းပြီး နှာယောင်ချိုင့် သန့်ရှင်းအောင် အချည်းနှီး ဆေးကြောပေးသည်။

'ကလိုက်'က 'ပင်နီပက်ကား'နှင့် သူနှင့် မထိုက်တန်ဟု ခံစားရသည်။ ဆရာဝန်၏ ကျော်ကြားမှုနှင့် သူ့ကိုရိယာတန်ဆာပလာများ ချောချောမောမော စီးဆင်းရလေအောင် ထွန်ကြောင်းဖော် ရေသွယ်ပေးသည့် ညစ်ညစ်ပတ်ပတ် ရေပြွန်တစ်ခုလိုပင် သူသတ်မှတ်ခံစားရသည်။ နောက်ဆုံး သူအချည်းနှီး ဆရာဝန်ထံ ရောက်ခဲ့သည့်အခေါက်ကို ပြန်ပြောရမှာ ရှက်နေသည်။ "ဖြစ်နေတာ နှစ်လကျော်ကျော်လောက်ရှိပြီ။ ကျွန်တော် သည်မျက်တောင်တွေက စိုးစိုးစစ်စစ်နဲ့ တုန်နေတယ်။ ဘာဖြစ်မှန်းကို မသိဘူးဗျာ"

'ပင်နီပက်ကား'က 'ကလိုက်'၏ညာဘက်မျက်လုံးကို ခဲတံအရွယ် ခာတ်မီးဖြင့် ဝိုင်းပတ်ထိုးကြည့်သည်။

"ဖြစ်တာက ဘယ်ဘက်မျက်ခွံပါ" ကလိုက်က သူ့ခေါင်းကို မလှည့်ရဲဘဲ ပြောလိုက်သည်။ "ကျွန်တော်နေတဲ့ နေရာရဲ့ အပေါ်ထပ်က ဆရာဝန်ဆီ သွားကြပါသေးတယ်။ သူက မီးဖိုမီးကပြာထဲက တဖြိုးဖြိုး တဖျောက်ဖျောက် မြည်တာမျိုးလောက်ပဲ။ တခြားဘာမှ မဟုတ်ဘူးလို့ ပြောတယ်။ ဒါပျောက်သွားမှာပါလို့ သူက ပြောပေမယ့် မပျောက်ပါဘူး။ သည်တော့ ကျွန်တော် သည်ကို လာပြဖို့ အမေက ရက်ချိန်းယူပေးရတော့တာပေါ့"

'ပင်နီပက်ကား'က သူ့ဘယ်ဘက်မျက်လုံးဘက် လှည့်သွားကာ ပို၍ နီးနီးကပ်ကပ် စိုက်ကြည့်သည်။ ဆရာဝန်မျက်လုံးနှင့် သူ့ပါးစပ်နှုတ်ခမ်းထောင့်စွန်းများကြားမှ အကွာအဝေးမှာ ဝေးကွာလှသည်ဖြစ်ရာ သူ့ မျက်နှာပြင်၏ စိတ်လှုပ်ရှားမှုပုံသွင်ကို အနီးကပ်မြင်ရသည်မှာ အာကာသထဲ ဒုံးပျံတစ်စင်းပေါ်မှ ကနဦး လက်ဦးမှုရ ခာတ်ပုံဆရာများက ကမ္ဘာကြီးကို ပြန်ရိုက်စဉ် ကမ္ဘာဂြိုဟ်၏အနားဝိုင်းစက်စက်ကို အထင်းသား မြင်ရသည်နှင့် တူနေသည်။ "မင်းအိမ်ဝင်းထဲမှာတုန်းက ဘယ်လိုရှိသလဲ"ဟု 'ပင်နီ ပက်ကား'က မေးကြည့်သည်။

"ကောင်းပါတယ်"

"ကြည့်ရတာ နည်းနည်းထူးဆန်းမနေဘူးလား"

မေးခွန်းကိုယ်နှိုက်က နည်းနည်းဆန်းကြယ်သလို ရှိနေသည်။ "နည်းနည်းလောက်ပါပဲ"

"အင်း၊ ဒါ စိတ်ဝင်စားစရာပဲ"

"မျက်စိနဲ့ပတ်သက်လို့ အချက်နှစ်ချက် ရှိတယ်လို့ ကျွန်တော် ထင်တယ်။ တစ်ချက်က 'မက်ဆက်ချူးဆက်'မှာ ဘယ်သူမှ သွားမလုပ်ချင်ကြတဲ့ လုတစ်ယောက်ဆီမှာ ကျွန်တော် မျက်မှန်တချို့ သွားလုပ်ဖူးခဲ့တယ် ဆိုတာပါ။ သူ့ဆေးညွှန်းက မှားချင်လည်း မှားနိုင်လိမ့်မယ်။ သူသုံးတဲ့ ကိရိယာတွေ



ကလည်း သိပ်ရှေးကျပြီး 'ဒုရာ'ပုံနှိပ်ရုပ်ပုတွေလို ပင်ကူမျှင်တွေတောင် တက်နေပြီ" 'ပင်နီပက်ကား'တစ်ယောက် ကျွမ်းကျင်မှု ဘယ်ရွေ့ဘယ်မျှ ရှိကြောင်း သူ မဆုံးဖြတ်တတ်ပေ။ ကနေဒါရေအိုင်ကြီးက သည်ကိစ္စ အငြင်းအခုံလုပ်လိမ့်မည်။ သို့သော် သူက သူ့လုပ်ငန်းမှာတော့ သူ့နယ်မှာ သူ နာမည်တစ်လုံးနှင့် ကျော်ကြားပြီး ဖြစ်ပါသည်။ သူ့ခရိုင်နယ်မှာ ဆရာဝန်များက တခြားအတတ်ပညာရှင်များလောက်ပင် မြင်မြင်မားမား အထင်ကြီးခံကြရပါသည်။

ခပ်နွေးနွေးနေရောင်ကဲ့သို့သော အလင်းတန်းတစ်ခုကို ရစ်ပတ်ဝန်းရံဖမ်းချုပ်ထားသော ဆရာဝန်၏ မျက်လုံးစမ်း ခာတ်မီးအလင်းတန်းနောက်ကွယ်တွင် 'ပင်နီပက်ကား'၏ မျက်နှာမှာ မေးမိုန်မှု ယှက်သန်းလျက် အရောင်အဝါလည်း ကင်းမဲ့နေသည်။ 'ကလိုက်'မျက်လုံးတည့်တည့်ကို သူ့ခာတ်မီးက ထိုးထားကာ သူပိုးတဝါးမျက်နှာက စိတ်ဆိုးမာန်ဆိုးရှေ့သို့ ချောင်းနေလျက် အလင်းမိပြီး ကန်းမတတ်ဖြစ်နေသော 'ကလိုက်'မှာမူ 'ပင်နီပက်ကား'တစ်ယောက် သူ့ဝိဉာဏ်၏ ကြမ်းခင်းကိုပင် စစ်မေးနေလေသလားဟု ကြောက်ရွံ့စိတ်ဖြင့် သွေးပျက်အကြောလိုက်ရင်း အသက်မျှင်းမျှင်းသာ ရှူနေရသည်။ "တခြားအချက်က မျက်လုံးထဲ တစ်ခုခုတော့ ဝင်နေတဲ့ အချက်ပါပဲ။ ညာဘက်တွေမှာ မျက်ခွံအောက်အတွင်းဘက်မှာ အစက်သေးသေးလေးတစ်မှုန် ဝင်နေသလို ခိုးလို့ခုလု ဖြစ်တတ်တယ်"

'ပင်နီပက်ကား'က နောက်ပြန်ဆုတ်ကာ မောက်မောက်မာမာ ခာတ်မီးကို 'ကလိုက်'၏ မျက်နှာတစ်ခုလုံး ဖြတ်ကျော်နေရာနှင့် ထိုးကြည့်ပြန်သည်။ "ခင်ဗျား ဒီမျက်ခွံပေါ်မှာ အဲဒီ အလိပ်လိုလို၊ အဖတ်လိုလို ရောက်နေတာ ဘယ်လောက်ကြာပြီလဲ"

မချေမငံပြောသံကြောင့် 'ကလိုက်' လန့်သွားသည်။

"ရှိတော့ ရှိနေပြီလား"

"ဘယ်လောက်ကြာနေပြီလဲလို့ မေးတာ"

“မနက်မနက်တွေမှာ ဆားလိုလို အမှုန်လေးတွေ ဝင်နေသလို စပ်တယ်။ အိပ်မွေ့ချအမှုန့်တွေလို ကျွန်တော် နာမည်မှည့်ထားတယ်”

“ဒါ အိပ်မွေ့ချအမှုန့်တွေ မဟုတ်ဘူး”ဆရာဝန်က ပြန်ပြောသည်။ “ဒါ အိပ်မွေ့ချအမှုန့်တွေ မဟုတ်ဘူး” ဟု ထပ်ပြောပြန်သည်။ ‘ကလိုက်’ က သူ့ကလေးဆန်ဆန် အဘိဓာန်လုပ်ပြီး ပျက်ချော်ချော် ပြောလိုက်ခြင်းကို ပြန်သဘောကျပြီး စတင်ပြုံးမိသည်။ သို့သော‘ပင်နီပက်ကား’က သူ့ခံစားမှုကို ဖြတ်တောက်ပစ်သည်။ “သည်လိုဖြစ်ရပ်မျိုးက မျက်တောင်တွေ တောင်ပြုန်းတီးသွားနိုင်တယ်နော်”

“အမှန်ပဲလား” ‘ကလိုက်’က မျက်တောင်နှင့်မှ ကြည့်ကောင်းသည့် ရုပ်မျိုး။ ကလေးဘဝ ချာတိတ်အရွယ်ကပင် ရှည်လျားကော့ညွတ်နေသည့် ထိုမျက်တောင်များက သူ့မျက်နှာကို ထိုးထွက်ပေါ်လွင်စေပြီး မိန်းကလေးတစ်ယောက် မျက်နှာကဲ့သို့ နူးညံ့ချောမွတ်စေသည်။ “ဒါ မျက်ကြောရှု့နာဖြစ်ကြရခြင်းရဲ့ အကြောင်းရင်း ဇာစ်မြစ်များ ဖြစ်နေမလားပဲ” သူ့မျက်နှာမှာ မျက်တောင်များ ပြောင်စင်နေပြီး ထိုကျွတ်ထွက်သော မျက်တောင်ကလေးများက သူ့ပါးပေါ်မှာ ပိုးကောင် ခြေချောင်းလေးများကဲ့သို့ ပျံ့ကြဲနေမည်ပုံကို စိတ်ကူး ပုံဖော်ကြည့်သည်။ “ကျွန်တော် ဘာလုပ်ရမလဲ”

“မင်း မျက်လုံးကို သိပ်အသုံးချသလား”

“အထိုက်အလျောက်ပါပဲ။ အရင်တုန်းကလောက်တောင် မျက်လုံးကို အလုပ်မပေးဖြစ်တော့ပါဘူး”

‘ပင်နီပက်ကား’၏ လက်များက ‘ကလိုက်’၏ ဇဝေဇဝါမှုထက် ပိုပြာရောင်သမ်းကာ အံဆွဲတစ်ခုထဲမှ အညိုရင့်ရောင် ပုလင်းတစ်လုံးကို ဆွဲထုတ်လိုက်သည်။ “ဒါဟာ ဘက်တီးရီးယားပိုးလည်း ဖြစ်နိုင်တယ်။ ခေတ်မတည့်လို့ ယားယံတာလည်း ဖြစ်တယ်။ မင်းပြန်ရင် တခြားနည်း ကုပေးနိုင်မယ့် ဆေးတချို့ပေးလိုက်မယ်။ ငါနောက်လိုက်ခဲ့ပါလား။ အခုပဲ



လိုက်ခဲ့ ကလိုက်ရေ’ သူ့အသံက တိုးတိုးညှင်းသာဖြစ်လာပြီ။ ‘ကလိုက်’ကို နှစ်သိမ့်သယောင်နှင့် ခေါင်းပေါ် လက်တင်လိုက်သည်။ “မင်းမျက်လုံးထဲ မျက်စဉ်းနည်းနည်း ချပေးမယ်။ ပြီးတော့ မက်ဆက်ချူးဆက်မှာ မင်းဝယ်လာတဲ့ မျက်မှန်ဆေးစာကိုလည်း စစ်ကြည့်ရတာပေါ့”

သူ့မျက်စဉ်း ဘယ်လောက်ထိ စူးအောင့်သည်ကို ‘ကလိုက်’ မမှတ်မိနိုင်တော့။ လန့်အော်လိုက်သည်မှာ အသံပင် မထွက်နိုင်။ ‘ပင်နီပက်ကား’ က သူ့မျက်ခွံနှစ်ခု ဆွဲလှန်နေစဉ် မျက်ရည်များပင် ထွက်လာ၍ မျက်တောင် ပြန်ခတ်ရသည်။ ‘ပင်နီပက်ကား’က ‘ကလိုက်’ ၏မျက်နှာပေါ် ခပ်ဝိုင်းဝိုင်း ညိုမည်းမည်း မျက်မှန်သေးသေးလေးတစ်လက် တပ်ဆင်ပေးသည်။ အပြန်အလှန်သဘော ‘ကလိုက်’ကသူ၏စတိုင်ကျသော ကျွဲချို ကိုင်းတပ် မျက်မှန်ကို အိပ်ကပ်ထဲ ခေါက်သိမ်းလိုက်သည်။ ဤသည်မှာ ‘ပင်နီပက်ကား’၏ သူ့အခန်းသေးသေးလေးထဲ စောင့်ဆိုင်းရသော လူနာများ တင်းကြမ်းပြည့်နေအောင် လုပ်တတ်မြဲ နည်းလမ်းဖြစ်သည်။ ပြီးတော့ လူနာတစ်ယောက်ပြီး တစ်ယောက် သူ့ ကုသန်းနေသည်မှာ နွားချေးပုံ ကောက်သူနှင့် တူနေပေတော့သည်။

*

အတွင်းရေးမှူးမ၏ ဆည်းလည်းသံ တလွင်လွင်လေးမှာ အဝေးကြီးမှနေ၍ ခန်းမဟောင်းလောင်းကို ဖြတ်ကျော်ပြီး အသံချဲ့စက်ဖြင့် ချဲ့ထုတ်သလိုပြန်ကြားလာရသည်။ ‘ပင်နီပက်ကား’က ဝင်လာခိုက် ပျာယာခတ်နှုတ်ဆက်စဉ် ‘ဂျဲနက်’က ပြန်တုံ့ပြန် နှုတ်ဆက်သည်။ “ခေါင်းကိုက် တာပါ”ဟု သူမစကား တစ်လုံးတည်းနှင့် ပြန်ဖြေလိုက်သံက စိတ်တို ကြွပ်ဆတ်ဆတ်ဟန်ပေါက်နေပြီ။ သူ့အဖြေနှင့် သူ မတ်တတ်ရပ်နေပြန်သည်။ ထို့နောက် တံခါးတစ်ချပ် ပိတ်သွားကာ တိတ်ဆိတ်သွားတော့သည်။

သူမ ပြောပေါက်ဆိုပေါက် အချက်ကျလှချည့်ဟု ‘ကလိုက်’က ချီးကျူးမဆုံး ဖြစ်မိသည်။ သူမ၏ ဤအားပြိုင်ချက်ကို သူ့ အမြဲသဘောကျ

တတ်သည်။ သူမ၏ ဤလောကအလယ် အာဏာပိုင်စိုးမှုက သူမ အလွန်တရာ ခယမိုခိုဝပ်တွားနေရသည့် အချစ်လောကကြီး၏ အပြင်ပန်းကလနားဝန်းမှုသာဖြစ်သည်။ စားပွဲထိုးမလေးများကို သူမ မည်မျှမျက်နှာ ပြောင်တိုက်ပစ်ခဲ့သည်ကို သူ မှတ်မိသေးသည်။ ပြီးတော့ သူမ၏ မိခင်ဖြစ်သူ လျှပ်ပေါ်လော်လီသည့် မိန်းမကြီးကို ဖဲကစားကြစဉ် တစ်ပတ်ရိုက်ပစ်ခဲ့ပြန်သေးသည်။ ထိုသို့ဖဲကစားခဲ့ကြသော မှန်ကူကွက်အကာအရံနှင့် ဆင်ဝင်တွင်ထောင့်များ၌ အဖိုးတန် ပန်းအိုးများ ချထားသည်မှာ သစ္စာရှိအစောင့် မှင်စာလေးများနှင့်တူ၍ ရော်ဘင်ငှက်လေးများက ပြင်ပရှိ မာခါးပန်းပင်များကြားထဲတွင် အသိုက်များ ဆောက်ထားကြသည်။ မှန်ကူကွက်နှင့် လက်မ နည်းနည်းသာ ကွာခြားသည်။ ဤသည် အတိတ်နိမိတ်တစ်ခု၊ မေတ္တာပို့ခြင်းတစ်ရပ် ဖြစ်နေသည်။ တစ်ညနေခင်း သူတို့နှစ်ယောက်အတူ စက်မဲ့ယာဉ်စီးကြခြင်းက ရှေ့လျှောက် ကျေးငှက်များကို စိတ်ဒုက္ခပေးခြင်း မရှိတော့ပေ။

'နိုဗိုကိန်း'ဖြစ်ခဲ့သော ရောဂါနှင့်မတူဘဲ သူ၏ သူငယ်အိမ်ကားထွက်ခြင်းမှာ ရှင်းပြ၍ ရနိုင်ဖွယ် မရှိပေ။ ဖွင့်ထားသော တံခါးပေါက်ဝကိုဖြတ်၍ မြင်နေရသော နံရံအပြည်ကပ် ပိုစတာမှာ ခါတိုင်းထက်ပို၍ ထူးခြားနေပုံရသည်။ သူ့လက်ချောင်းများဖြင့် သူ့နှာခေါင်းကို ထိကြည့်သော အခါ အပေါ်ယံအကာအရေပြားကို မခွဲခြားနိုင်ခဲ့ပေ။ သူ့နှာခေါင်းသေး သားများကို စမ်းသပ်ကြည့်သောအခါတွင်လည်း မျက်ရည်များက စွပ်ကြောင်းများ ထင်ကျန်ရစ်သည်။ သူ့လက်ချောင်းများကို သူပြန်ငုံ့ကြည့်မိရာ အမွေးအမှင်ကြီးကြီး ထူလပျစ် ဖြစ်နေသည်။ လက်ထိပ်ဇွေရာ ခရုပတ်ခွေများကိုပင် မမြင်ရတော့။ သူ့ရုပ်အကျီ၏ ချည်မျှင်များက စွဲစွဲမြဲမြဲမရှိသော မျက်နှာပြင်ပေါ် ချွေးရည်များထဲ ပျော်ဝင်နေသည်။

တံခါးတစ်ချပ်က ပွင့်လာပြီး ပြန်ပိတ်သွားသည်။ နောက်ထပ်လူနာတစ်ယောက်က အတိုင်ပင်ခံအခန်းထဲ အလျင်စလိုဝင်လာပြီး 'ပင်နီပက်ကား'၏ အကျဉ်းချုပ်ခြင်း ခံရသည်။ 'ဂျဲနက်'၏ခြေသံများကမူ တခြား



ခြေသံများနှင့် မရောယှက်ပေ။ အပြုအမူ အနေအထိုင်ကောင်းခြင်းဟူသော သူ့နာမည် ဂုဏ်သတင်းကို လုံးဝစတေးခံခြင်းမပြုဘဲ 'ကလိုက်'မှာ အထက်တန်းကျောင်းသားဘဝက စာသင်ညံ့သည်။ သို့မဟုတ် တရားမျှဟု ထင်ရသော ဆရာ၊ ဆရာမများအပေါ် စိတ်ညစ်အောင် ဂျိုက်ကျောင် မေးခွန်းများ ဖြစ်ဖြစ် မေး၍ စိတ်ဒုက္ခပေးခဲ့ဖူးသည်။ သူ ကုလားထိုင်မှ ထရပ်ကာ၊ ခန်းမတာမျှော်တခေါ် ထိအောင် အတွင်းရေးမှူးမ ဘယ်နေရာက ပေါက်ချလာမလဲဟု ကြည့်သည်။ ထို့နောက် ပိတ်ထားသော တံခါးတစ်ချပ်ကို ခပ်ဟဟတန်းဖွင့်ပြီး လှစ်ခနဲ အထဲဝင်လိုက်သည်။ သူ့သွေးထဲက ပြောနေသည်မှာ သည်အခန်းထဲမှာ ရှိရမည်ဟူ၍။

'ဂျဲနက်'မှာ သူထိုင်ခဲ့ဖူးသော ကုလားထိုင်ပေါ်၌ ခပ်မတ်မတ်ထိုင်နေသည်။ ဘီးစိပ်တန်းနှစ်ဖက်ပါသော ဘီးစိပ်ကို ပါးစပ်ထဲကိုက်ကာ သူမလက်နှစ်ဖက်ကို နောက်ပြန်မြှောက်၍ ဆံပင်ကို နောက်တွဲထုံးချည်နေသည်။ သူ တံခါးဝမှ ဖြတ်ဝင်လာသောအခါ သူမက သွားကိုက်ထားတဲ့ကြားမှ ဘီးစိပ်ကို ဆွဲထုတ်လိုက်ပြီး သူ့ကို ရယ်ပြသည်။ သို့သော် သူမ ခေါင်းပေါ်၊ သူ့ခေါင်းပေါ်အထက်၌ ချိတ်ထားသော ဘောင်မရှိတော့သည့် မှန်ထဲတွင်မူ သူမ ခိုးကြောင်ခိုးဝှက်နှင့် တိတ်တခိုး မျက်နှာမဲ့ရွဲ့လိုက်သည့် စိတ်နာပုဟန်ပန်ကို သူတွေ့လိုက်မိသည်။ ချောကလက်ကွင်း နှစ်ကွင်းကို ဖန်ထည်အဝတ်အစားနှင့် သူမမှာ ကိုးရိုးကားရား ဖြစ်နေသည်။ သူမရယ်ပြသည်ကိုတော့ သူ အသိအမှတ်ပြုလိုက်ပါသည်။ သို့သော် သူပြောမည်ဟု ပြင်ဆင်ထားသော စကားများနှင့် အံတော့မဝင်။ မည်သို့ဖြစ်စေ သူ့စကားကို သူပြောဖြစ်အောင် ပြောချလိုက်သည်။ "ဂျဲနက် ခင်ဗျားပျော်မှပျော်ရဲ့လား"

သူမက လက်တွေ့ဆန်သော မျက်နှာထားတစ်ရပ်နှင့် ထရပ်ပြီး သူ့ကို ကျော်ဖြတ် လျှောက်သွားကာ တံခါးကို ချက်ခနဲ ပိတ်လိုက်သည်။ ပြီးတော့ တံခါးရွက်ကို မျက်နှာကပ်ရပ်ပြီး ပြင်ပမှ ဘာအသံများ ထွက်လာမလဲဟု နားစွင့်လိုက်သေးသည်။ သူက သူမ၏ ဆံကေသာများကို လည်ဂုတ်

ချိုင်လေးမှ လွတ်ထွက်အောင် မ တင်လိုက်သည်။ ထိုချိုင်ခွက်လေး လောင်းရိပ်ကျနေမည်ဟု သူထင်ထားသော်လည်း ဖယောင်းတိုင်မီးတမျှ လင်းထိန်နေသဖြင့် သူ့မျက်လုံးများပင် ပြူးကျယ်သွားမိသည်။ သူလို ချိုင်ခွက်ကလေးကို နှုတ်ခမ်းအစုနှင့် ကိုးရိုးကားရား ထိနမ်းမိသည်။

"ရှင် မိန်းမကို ရှင်ချစ်သလား" သူမက မေးလိုက်သည်။

"မယုံနိုင်လောက်အောင်ကို ချစ်လှတာပေါ့" သူက ဤစကားကို သူမလည်ကုတ်ထဲ နစ်မြုပ်နေလျက်က ညည်းတွားပြောမိသည်။

သူမက သူ့ကိုဖယ်ရှားလိုက်ရာ သူ့ခမြာ ကစဉ့်ကရဲ မှိုတွယ်ကျန်ရစ်သည်။ မှန်ရှေ့အရောက် သူမဆံပင်များကို နားရွက်မှ လွတ်အောင် ဖြီးထုတ်လိုက်ပြီး ထိုင်ချလိုက်ပြန်သည်။ ပြီးနောက် ပေါင်ခွင်ထဲဝယ် လက်ကောက်ဝတ်နှစ်ဖက်ကို လိမ်ယှက် ထိုးသွင်းနေမိသည်။

"ကျွန်တော့်မျက်တောင်တွေ ကျွတ်ကုန်တော့မယ်ဆိုတဲ့ အကြောင်းပြောပြမလို့ ပြင်နေတာ" 'ကလိုက်'က စကားပြောင်းသည်။

"ရှင့်ရဲ့ လှပတဲ့ မျက်တောင်တွေလား" သူမက ဆွေးဆွေးမြေ့မြေ့ ပြန်မေးပါသည်။

"ခင်ဗျား ဘာကြောင့် ကျွန်တော့်ကို မုန်းရတာလဲ"

"ရှင်၊ ကျွန်မ အခု ရှင့်ကို မမုန်းပါဘူး"

"ဒါပေမဲ့ အရင်က မုန်းခဲ့ဖူးခဲ့တယ်လေ"

"ဟင်အင်း၊ ကျွန်မ တစ်ခါမှ မမုန်းခဲ့ပါဘူး။ 'ကလိုက်' ရှင်ဘာတွေ စိတ်ညစ်နေတာလဲ။ ဘာတွေများ နောက်ပိုင်းမှာ ဖြစ်ပျက်ခဲ့သလဲ"

"ဟာ ဒီကောင်၊ ကျုပ်က စိတ်ညစ်နေသတဲ့လား။ ကျုပ်သိတယ်။ ကျုပ်ကသာ တစ်ချိန်လုံး မမေ့နိုင်အောင် သတိရနေတာ၊ ခင်ဗျားကတော့



မေ့ပစ်လိုက်ပြီပေါ့။ ခင်ဗျားက အတော်နေနိုင်ရက်တဲ့လူ။ ကျွန်တော်အခုသည်လာတာ ဝေဒနာတွေ အထုပ်လိုက် အထည်လိုက် ရင်ဝယ်ပိုက်ပြီး ခင်ဗျားကို စိတ်မကောင်းတဲ့အကြောင်း လာပြောတာ။ ခင်ဗျားကို ကျွန်တော် ပျော်စေချင်တယ်။ ကျွန်တော် ရရှိသမျှက ဟောဒီခင်ဗျားရဲ့ဇက်ပိုးက ချိုင်ကလေးပဲ။ မျက်ဝန်းထဲ မြင်ရသမျှ၏ အကျိုးရလဒ်ကြောင့် သူ့နှုတ်လျှာမှာ လျှာရဲရဲ တွဲကျကာ၊ အာရုံထင်ဟပ်ချက်များ စီးသွန်ကျလာကာ စေးထန်းထန်းဖြစ်မှုက ထိပ်ဆုံးမှတ်ထိ တက်လာသဖြင့် သူမ၏ နံဘေးသို့ သူ ဒူးထောက်ထိုင်ချလိုက်စဉ် ဒုန်းခနဲ မြေသံတစ်သံကြောင့် 'ပင်နီပက်ကား'များ ဝင်လေပြီလားဟု စိတ်ထင်သွားမိသည်။

"မင်းကို ကိုယ် နောက်တစ်ခါ လာတွေ့ရမယ်"

"ရှ"

"ကိုယ် သည်ကိုပြန်လာမယ်။ မင်းကို သိပ်ဆိုးဆိုးဝါးဝါး ဆက်ဆံခဲ့မိလို့ ကိုယ့်အပေါ် မင်း သိပ်မုန်းနေပေမယ့် ကိုယ့်အတွက် အမြဲတမ်းစိတ်ချမ်းသာစေတဲ့လူက မင်းပဲ ရှိပါတယ်"

"ကလိုက်၊ ရှင် ကျွန်မကို ဆိုးဆိုးဝါးဝါးဆက်ဆံခဲ့တာ မရှိပါဘူး။ ရှင်က ကျွန်မအပေါ် ကောင်းခဲ့တဲ့ ကောင်လေး တစ်ယောက်ပါပဲ"

ဒူးကို ပြန်မတ်ရပ်လိုက်ပြီး သူ့လက်ချောင်းများဖြင့် သူမဝတ်ရုံလည်ပင်းပေါက်က အနားချုပ်ရိုးစွန်းတစ်လျှောက် ခပ်ဖွဖွ ပွတ်သပ် စမ်းကြည့်နေပြီး ထိုလည်ဟိုက်များကို ခပ်ဟာဟာ ဆွဲဟထားလိုက်ပြီး သူမ၏ ရင်နှစ်မွှာကြား ခပ်ဝါးဝါး ခပ်မှောင်မှောင် လိုက်ဂူထဲ အပေါ်စီးမှ ငုံ့ကြည့်နေမိသည်။ သူမမှာ ပခုံးစွန်းမှ ရေလဲဝတ်ရုံထဲအထိ မှဲ့ခြောက်အစက်ကလေးများ စီရရီ စီတန်းဆင်းသွားသည်ကို သူ မှတ်မိနေသေးသည်။ သူ့မျက်မှန်က သူမပေါ်းပြင်ကို ထိုးမိသည်။

သူ့လက်ခုံကို သူမက ဘီးစိပ်ချောင်းထိပ်ချွန်နှင့် ထိုးလှန်လိုက်ရာ သူ ထခုန်မတတ် လူချင်း ခွာပေးလိုက်ရသည်။ ခပ်လျော့လျော့ ကြေကွဲမှု

အသစ်၏ လောင်းရိပ်အောက်မှ "ဘယ်တော့လောက်လဲ"လို့ သူ မေးကြည့်သည်။

"ဟင့်အင်း" သူမ ငြင်းသည်။

"မင်းရဲ့ လက်ထပ်တဲ့ မျိုးစပ်နာမည်တစ်လုံးက ဘာလဲ"

"ကလိုက်၊ ရှင်က အောင်မြင်နေတယ်လို့ ကျွန်မ ထင်တယ်။ ရှင်မှာ ချစ်စရာကောင်းတဲ့ ကလေးတွေလည်း ရထားပြီလို့ ထင်ပါတယ်။ ရှင် မပျော်ဘူးလား"

"ကျွန်တော်၊ ကျွန်တော်၊ ဒါပေမဲ့"

ဤစကားလုံးများက သူ့နှုတ်ခမ်းကို သပ်ရပ်သိမ်းရုံမျှ မပွင့်တပွင့်ပြောမိခြင်းမျှဖြစ်သည်။ "ပျော်ရွှင်မှုရှိရုံနဲ့ အရာရာ မပြီးသေးပါဘူးလေ"

ခန်းမထဲမှ သူတို့ တံခါးဆီလျှောက်လာသော ခြေသံများ ကြားရသည်။ ပြီးတော့ ဖြတ်ကျော်သွားသည်။ သူ့ရင်ကို ကြောက်ရွံ့ထိတ်လန့်မှုက ဗလာ ဖြစ်စေသည်။ သို့သော် သူ၏အထက်တန်းကျောင်းသားဘဝက ပေါ်တန်သော စရိုက်ကို ပြောင်မြောက်အောင် တုပသည့်အနေဖြင့် သူမကို ဖျတ်ခနဲ အနမ်းတစ်ချက်မှုတ်၊ ခဏတွေရပ်၊ တံခါးကိုဖွင့်ကာ ဝေ့ခနဲ ဖြတ်ထွက်သွားလေတော့သည်။ သူရှိသင့်သော အခန်းထဲမှ အတွင်းရေးမှူးမက ထွက်ပေါ်လာပြီး သူ့ကို ကြမ်းခင်းရှက်ဖျင်စော်နံသော ခန်းမထဲမှာ ရင်ဆိုင်တွေ့သည်။ "ကျွန်တော် ဘယ်မှာများ ရေသောက်ရမလဲခင်ဗျား" ရှင်းရှင်းနှင့် ရိုးရိုးအအကြီး သူ မေးကြည့်သည်။ မျက်ကန်းသူတောင်းစားတစ်ယောက်၏ ခါးကိုင်းကိုင်း ကိုယ်ဟန်မျိုးနှင့် အောက်ကျို့မေးခြင်းဖြစ်သည်။ အမှန်တကယ်က သူ့ဘာသာသူလည်း မသိလိုက်ပါဘဲနှင့် ရေဆာနေသည်က အမှန်။

*

"ဟိုနှစ်ယောက်က မင်းတို့နယ်ကို ငါဖြတ်သွားခဲ့ဖူးသေးတယ်" 'ပင်နီပက်ကား'က 'ကလိုက်'၏ နှာခေါင်းပေါ် တင်ထားသော မျက်မှန်



ကိုင်းထဲသို့ မှန်ချပ်များ အလေးချိန် ပိုတိုးထည့်ရင်း စကားစသည်။ 'ကလိုက်' အပေါ် သူပို၍ ပျော့ပျော့ပျောင်းပျောင်းနှင့် ဆက်ဆံ၍ စကားလက်ဆုံလည်း ပိုကျလာသည်။ ယခုမူ သူ့အခန်းသေးသေးလေးထဲ လူပြည့်နေလေပြီ။ 'ကလိုက်'မှာ နှာတံကြားမှ ဟိုဟိုသည်သည် မျက်စိ ကစားကာ 'ဂျဲနက်' တစ်ယောက် အလုပ်များ ဆင်းသွားလေပြီလားဟု ရှာကြည့်သည်။ ရှိနေဦးမည်ဟု သူ ထင်ထားသည်။ ဤအတွေးက သူ့မျက်ခွံကို လေးစေသည်။ သူမ၏ လက်ထပ်မျိုးစပ် နာမည်ကိုပင် သူမသိခဲ့။ ဂီတ်ကြေးစခန်း 'တိုးဂိတ်' အထိရောက်ခဲ့တာပေါ့။ 'ပင်နီပက်ကား'က ဆက်ပြီးပျင်းစရာ တဂျိုဂျိုပြောနေပြန်သည်။ သူ့မျက်နှာက မျက်မှန်၏ ဆုံချက်ထဲ ဝင်လာလိုက် ဝါးသွားလိုက်နှင့်၊ 'နယူးဂျာစီ' ဂိတ်အသစ်ပေါ့ကွာ။ 'ဂျော့ချ်ဝါရှင်တန်' တံတားပေါ်က ဂိတ်လေ။ မယ်ရစ်ရဲ့အထက်၊ 'ချန်းပလိန်း' ရေအိုင်ကြီးအထိသွားတဲ့ အဝေးပြေးလမ်းမကြီး အမှတ် (၇) ပေါ်မှာလေ။ ဒါမင်းအတွက် အတွေ့ အကြုံပဲ"

"ခင်ဗျားရဲ့ စောင့်ဆိုင်း နားနေခန်းထဲမှာ နာရီအသစ်တစ်လုံး ရောက်နေပါလား"

"အယ်လ်တန် မျက်မှန်ကုမ္ပဏီက ခရစ်စမတ်လက်ဆောင် ပေးလိုက်တာပါကွာ။ အဲဒီထဲက စာလုံးတွေ မင်းဖတ်နိုင်လား"

"အိပ်ချ်'၊ 'အယ်လ်'၊ 'အက်ဖ်'၊ 'ဝိုင်'၊ 'တီ'။ ဒါက'အက်စ်' လိုလို 'အီး' လိုလိုနဲ့"

"ကေ (K)ပါကွ" 'ပင်နီပက်ကား'က မကြည့်ဘဲ ပြင်ပေးလိုက်သည်။ အကျိုးနည်း သည့်အကျွရာတွေ သူမှတ်မိနေသေးရောလား။ အခိပ္ပာယ်မဲ့ တုံးတိတိ စာလုံးတွေလေ။ 'ကလိုက်'က သူ့အပေါ် မေတ္တာတော့ ထားချင်မိပါရဲ့။ မျက်မှန်ပါရဂူကြီးက မှန်တစ်ချပ် လဲပြန်သည်။ "ဒါက ပိုကြည် မကောင်းဘူးလား ။ ဒါမှမဟုတ် ဟောလိုဆိုရင်ကော..."

စမ်းသပ်မှုပြီးသွားသည့်အခါ 'ပင်နီပက်ကား'က ရှင်းပြသည်။ "အရင်ဆရာဝန်ရဲ့ ကိရိယာတွေက ဖုံတက်နေပေမယ့် သူပေးတဲ့ ဆေးစာ အညွှန်းကတော့ကောင်းပါတယ်။ မင်းရဲ့ ညာဘက်မျက်လုံးထဲမှာ အနီးမှုန် စေတဲ့ မျက်ဆံဝင်ရိုးစောင်းမှု ဒီဂရီတော်တော်များတယ်။ သည်မှန်တွေ တပ်မှ မှန်သွားမှာ။ တကယ်လို့များ 'ကလိုက်'ရေ့ သည်မျက်မှန်တပ်တာ ကြာလာလို့ နာလာမယ်ဆိုရင် အကြောင်းရင်းကကိုင်းလေးလပြီးနှာတံပေါ် အောင် လျှောကျလာလို့ အမြင်မှာအရောင်ခုနစ်မျိုးဖြာထွက်နေတာကြောင့် ဖြစ်မယ်။ နှာယောင်မှာ အကိုက် ကွက်တိတော်နေဖို့က နှာထောက် အရှင် တပ်ထားတဲ့ သတ္တုကိုင်းမျိုး သုံးရလိမ့်မယ်"

"အခု တပ်ထားတဲ့ မျက်မှန်က မင်းရဲ့နှာခေါင်းသေးသေးပေါ်မှာ အရုပ်ဆိုးတဲ့ ခုလို အပိန်အချိုင့်တွေ ဖြစ်စေတယ်"

"အခုဟာမင်း တပ်ထားသင့်တယ်။ ဟောဒီနှာထောက်တွေ လား" ဆရာဝန်က သူ့မျက်မှန်၏ နှာထောက်ကို ခေါက်ပြသည်။ "သည်နေရာက အလိုက်သင့်ပဲ။ ဒါတပ်ထားရင် မျက်မှန်ကိုင်း မသပ်ရပ်ဘူးဆိုရင်တောင်မှ မင်းမျက်နှာနဲ့ လိုက်ဖက်အောင် ထောက်ပိုးပေးထားမှာ။ မင်းက မျက်မှန် အချိန်ပြည့် တပ်ထားတတ်သလား"

"ရုပ်ရှင်ကြည့်တဲ့အခါနဲ့စာဖတ်တဲ့အခါပဲ တပ်ပါတယ်။ ကျွန်တော် တတိယတန်း ကျောင်းသားဘဝက ကျွန်တော့်မှာ မျက်မှန်တပ်ထားဖို့ သည် ကိစ္စနှစ်ခုပဲ ရှိတယ်လို့ ဆရာပဲ ပြောထားခဲ့တယ်လေ"

"အချိန်ပြည့် တပ်ထားသင့်တယ်ကွ"

"တကယ်ပဲလား။လမ်းလျှောက်နေတုန်းလည်းတပ်ထားရမှာလား"

"မှန်တယ်။ အချိန်ပြည့် မချွတ်တမ်းပဲ တပ်တော့။ မင်းမျက်လုံးက သက်လတ်ပိုင်း အရွယ်ထောက်လာပြီ"



'ပင်နီပက်ကား'က ညှစ်ပြီး အစက်ချရသော ပလတ်စတစ် မျက်စဉ်း ပုလင်းတစ်လုံး လှမ်းပေးသည်။ "ဒါက မင်းရဲ့ မျက်ခွံထဲက မှိုတွေ၊ အမှုန် အမွှားတွေ ဆေးကြောဖို့"

"မှိုတွေတဲ့လား။ တော်တော်ကြမ်းကြုတ်တဲ့ အတွေးပဲ။ ကောင်း ပါပြီလေ သည်မျက်စဉ်းက မျက်ကြောရှုံ့ရောဂါကို ကုနိုင်ပါမလား"

'ပင်နီပက်ကား'က စိတ်မရှည်စွာနှင့် ပြန်ပြောသည်။

"မျက်ကြောရှုံ့နာဆိုတာ ကြွက်သားတွေ လျော့တွဲအိကျလာလို့ ဖြစ်တာကွ"

ဤသို့ဖြင့် 'ကလိုက်'မှာ သူ့အာရုံစိုက်မှုအပေါ် ဝင်ရောက်ကျူးကျော် သော အမှုကိစ္စများ ထူပြောလွန်းသည့် ပုပ်သိုးညစ်ညမ်း ပျက်စီးနေသည့် ကမ္ဘာလောကကြီးထဲ ပြန်ဝင်လာရသည်။ ခန်းမကျယ်ကြီးကို မျက်မှန်သစ် တပ်လျက် ဖြတ်သန်းလာစဉ် အတွင်းရေးမှူးမက ကျသင့်ငွေချေရန် ပြော သည်။ စောင့်ဆိုင်းခန်း လူပြည့်နေပြီ။ အများစုက စိတ်ဓာတ်ချွတ်ခြုံကျ အဘိုးအိုများနှင့် မိခင်အပေါ် ကြောက်ကြောက်နှင့် ဖမ်းတွယ်ထားသော အနီးမှုန်ရောဂါသည် ကလေးငယ်များပင်ဖြစ်သည်။ ထိုလူအုပ်စုအတွင်းမှ ရင့်မှည့် ပြည့်ဝင်းသော မိန်းမငယ်တစ်ဦး တိုးထွက်လာကာ 'ကလိုက်'၏ ရင်ဘက်တည့်တည့်ဆီ ရှေ့ရှုလျှောက်လာပါသည်။ သူမ၏ အသားအရေနှင့် ဆံကေသာများမှ ထုတ်လွှင့်လိုက်သော ရနံ့ကို ရင်းနှီးကျွမ်းဝင်နေသည့် အလျောက် 'ကလိုက်'မှာ နွမ်းခွေနိမ့်ကျ နင်းဆီပွင့်လို အားယုတ်ကားထွက် ပျော့ခွေကျသွားသည်။ 'ဂျဲနက်'က သူ့အကျႌအိတ်ကပ်ထဲ မှတ်စုစာရွက် ခေါက်တစ်ခု ထိုးထည့်ပေးပြီး စကားဖောင်ဖွဲ့ ပြောသလိုမျိုးဖြင့် "သူ့အပြင်က ကားထဲမှာ စောင့်နေတယ်"ဟု ပြောသွားသည်။

ကြားနေဖြစ်ပြီး နိမိတ်မကောင်းလှသော ဤ'သူ'ဆိုသူက 'ကလိုက်' ခေါင်းထဲ တဒင်္ဂဝင်လာသော လုပ်ကြံမှုကြီးကို ဖွင့်ချလိုက်ပါသည်။ သူမ

ထွက်ခွာသွားချိန်ရအောင် သူ တစ်မိနစ်ခန့်မျှ နောက်ချန်နေရစ်လိုက်ပါသည်။ လူငယ်လူကြီး ဘောပရိုသတ်တို့၏ စီရင်ချက်ချအကြည့်များဖြင့် ရစ်ပတ်ခံရသဖြင့် သူ့မှာ စင်ပေါ်အောက်ခြေ မီးထိုးမှုဒဏ်မှ မမြင်မကန်း အကာအကွယ်ယူ ပုန်းရှောင်ဖို့ ကြိုးစားနေရသော ပြဇာတ်မင်းသားနှင့် တူနေရတော့သည်။ အရှိန်ပြကိရိယာနှင့် ဆင်တူသော နာရီဆီ သူမျက်လုံး ထောင်ကပ်စွေကြည့်မိရာ နာရီဒိုင်ခွက်ကလည်း ပြဇာတ်စင်ပေါ် တက်ဖတ်လေ့ရှိသော ဇာတ်စာကဲ့သို့ ဗလာကျင်းလျက် ရှိပါသည်။ ထို့နောက် ဘက်နှစ်ဖက်စလုံးအပေါ် သူ သရော်တော်တော် ခနဲ ပြုံး ပြုံးလျက် ဆောင်နေခန်းမှ ထွက်လာကာ 'ပင်နီပက်ကား'၏ ဝင်ပေါက် စင်္ကြံကျယ်သို့ ရောက်လာသည်။ ကျောက်သစ်ရွက်နုဖြင့် ကိုင်ထားသော ထီးရိုးတိုင်ဖြင့် ကန့်ထားသော အခန်းငယ်လေး၏ အကာအရံ ရာဘာဖျာချပ် အနီရောင်ပေါ်တွင် ကြည့်ရ ဖတ်ရလွယ်ကူအောင် စာလုံးကြီးကြီး ရေးထားသည်ကတော့ "ဝင်လာခဲ့ပါ" ဟူ၍ပင် ဖြစ်သည်။

သူမ ပေးသွားသော စာကို သူ မဖတ်ဘဲ နေနိုင်မည်ဟုတော့ သူ့ကိုယ်သူလည်း မျှော်လင့်မထားမိပါချေ။ ထိုစာကို သူ့လက်ထဲ လက်တစ်လုံး ဆန့်တန်းကိုင်ဆွဲပြီးမှ သူ့ မျက်နှာတူရူရှေ့ကို ခပ်ဖြည်းဖြည်း တိုးကပ်ကြည့်သည်။ ထို့နောက် တံခါးအပြင်ဘက်မှလာသော အလင်းရောင်အောက်တွင် ထိုစာကို သူ တဆက်ဆက် လှုပ်ခါကြည့်နေသည်။ သူ ထိုသို့ ကြိမ်ဖန် များစွာ လှုပ်ကြည့်သော်လည်း ထိုစာက ၎င်း၏အရိုးရှင်းဆုံး စာလုံးတစ်လုံး တလေကိုတောင် စွန့်လွှတ်ပစ်ခြင်း မရှိပေ။ စိုနေသော အပြာရောင် အစက်ကလေးများသာ ဖြစ်သည်။ မည်သို့ဖြစ်စေ ထိုမင်စက်ကလေးများ အောက်တွင် သူတို့နှစ်ယောက်၏ အနေအထားပျက်မှုများ သိပ်သိပ်သည်းသည်း၊ သဲသဲလှုပ်ခံစားရမှုများ ရှိနေသည်။ ဤစာပါ ခပ်စောင်းစောင်း ရေးခြစ်ထားသော မူရင်းမဟုတ်သော်လည်း ပွင့်လင်းသော စာလုံးများက နှစ်ကာလများစွာအခါက သူ လက်ခံရရှိထားခဲ့ဖူးသော အခြားသောစာများကဲ့သို့ ရင်းနှီး ကျွမ်းဝင်နေသဖြင့် ယင်းစာသားကို သူ အဓိပ္ပာယ်ဖော်ထုတ်နိုင်မည်ဟု



ယုံကြည်ထားသည်။ စာရွက်၏အရေပြားကိုဖောက်ထွင်း၍ သူမ၏ ဖြောင့်ကျသောအတ္တကို လျှပ်တစ်ပြက်တွေ့ ရှိလိုက်ရခြင်းက သူမခန္ဓာကိုယ်ကို ထိတွေ့လိုက်ရခြင်းထက်ပင် သူ့ ဆန္ဒရမ္မက်ကို ပိုချိုမြဆေပါသည်။ ထို စာရွက်ကို သူ့ ရုပ်အင်္ကျီအိတ်ထဲ ပြန်ခေါက်ထည့်လိုက်ရာ ထိုစာရွက်၏ တောင့်တင်းမှုက သူ့နှလုံးသားအတွက် ဒိုင်းတစ်ချပ် ဖြစ်သွားပါသည်။ ချပ်ဝတ်တန်ဆာနှင့် သူလျှောက်နေကျ လမ်းမပေါ် လျှောက်နင်းထွက်ချလာသည်။ မာဘယ်ကျောက်တုံးလေးများ၊ လမ်းခင်းကျောက်စရစ်အကြေ အလွှာလွှာများ၊ အရိပ်များ၊ နေအိမ်များ၊ ဘီလပ်မြေများက သူမှတ်မိထားသော ရှုခင်းတစ်ရပ်အဖြစ် သူ၏ ဗလက္ကာယနိုင်သော မျက်ဝန်းများထဲသို့ တောက်ပဝင်းလက်စွာ ဝင်ရောက်လာပါသည်။ ဤမြို့ငယ်၌ သူကလေး တစ်ယောက်ဘဝ ပြန်ဖြစ်လာနေသည်။ ထိုမြို့၌ ဘဝဟူသည် ကွာလှမ်းသောစွန့်စားခန်းတစ်ရပ်၊ ကောလာဟလ တစ်ခုလည်းဖြစ် ကျရောက်လာအံ့ဆဲဆဲ အပျော်အပါးတစ်ရပ်လည်း အမြဲတစေ ဖြစ်နေပေတော့သည်။

မူရင်း "The Persistence of Desire"

(From "Pigeon Feathers" and other Stories)

# မိကျောင်းများ

## The Alligators

'ဂျူးအက်ဒ်ိဆန်' တစ်ယောက် 'မေရီလင်း' ပြည်နယ်မှာနေ၍ ငါးတန်းကို နှစ်ဝက်ကာလနှင့် မတ်လအခါက ရောက်လာခဲ့ပါသည်။ သူမ၏ ပါးလျှလျှ မျက်နှာက မိန်းမကြီးတစ်ယောက်၏ မောပန်းနွမ်းနယ်နေသော ရုပ်အသွင် အပြင်မျိုး ရှိနေသော ရှည်လျှား နက်မှောင်သော မျက်တောင်များကမူ ကော်ပတ်ရုပ်တစ်ရုပ်၏ မျက်တောင်များနှင့် တူနေသည်။ အတန်းထဲရှိ လူတိုင်းက သူမကို မုန်းကြသည်။ ထိုလမှာ ဆရာမ 'ဖစ်ဖရစ်ဇ်'က အိမ်စာ ပေး စာသင်ခန်းထဲတွင် သူတို့အား 'အင်မီ'ဆိုသော ကောင်မလေး တစ်ယောက်အကြောင်း ပြောပြသည်။ ထို'အင်မီ'မှာ အတော်ဆိုးဆိုးဝါးဝါး ပျက်စီးနေပြီး သူမ၏ အမြွှာပူညီမ 'အန်းနီ'အကြောင်း မဟုတ်တန်းတရား များ မိဘများထံ အမြဲတိုင်ကြား၊ အတိုအထောင် လုပ်တတ်သည်ဟု ပြော သည်။ ဘယ်သူမှတော့ မယုံကြပါ။ မည်မျှ အံ့သြဖွယ် ကောင်းလိုက်ပါ သနည်းဆိုသော် သူတို့က 'အင်မီ'ကို အကြီးအကျယ် ရွံမုန်းနေသည့် အခိုက် မှာမှ တိုက်တိုက်ဆိုင်ဆိုင်၊ 'ဂျူး'က ကျောင်းသို့စရောက်လာခြင်းပင်။ ဝတ် လာသည်က ပွဲနေပွဲထိုင်သွားသည့်အဝတ်မျိုး အပြစား။ သူမ ဆံပင်များက ဖြတ်လည်း မထား။ ကျစ်ဆံမြီးလည်း မကျစ်ထားဘဲ သူမ၏အမွှေးကြမ်း ဖွာဖွာ ဆွယ်တာ၏နောက်ကို ဖားလျားချထားလေသည်။ အတန်းထဲကို



ပေါင်မုန့်ခြောက်ယူလာခြင်းကြောင့် သူမနှင့် ဆရာမများ စကားများကြ ရသည်။ "ကောင်းပါပြီ။ ကျွန်မ မှားပါတယ်"ဟု သူမက ခုပေါ်မှ ထိုင်ရာ မထ 'မစ်ဖရစ်ဇ်'ကို လှမ်းပြောသည်။ "ဒါပေမဲ့ အိမ်စာတွေပေးတာ ဘာ အဓိပ္ပာယ်ရှိသလဲလို့ ကျွန်မ နားမလည်ဘူး။ 'ဘာတီမိုး'မှာဆို ကျွန်မတို့ ဘာအိမ်စာမှ မလုပ်ရဘူး။ သည်ကျောင်းက ချာတိတ်တွေက ဖတ်စာအုပ် ထဲပါသမျှ သိပြီးသားပါ"

ကိုယ်နည်းနှင့်ကိုယ် အိမ်စာလုပ်ရသည်ကို ကြိုက်နှစ်သက်မြဲ ဖြစ် သည့် 'ချာလီ'မှာ တခြားကျောင်းသားများ၏ စိတ်ဆိုးမာန်ဆိုး မြည်တွန် တောက်တီး ထောက်ခံကြသည့်အထဲ ဝင်ပါရန် အဆင်သင့် ရှိနေသည်။ 'မစ်ဖရစ်ဇ်'၏ မျက်မှောင်ကြားတွင် အခံရခက်၊ စိတ်နာပုံရသော အရေး အကြောင်း အတွန့်လိုင်းလေးများထလာရာ ဆရာမအတွက် သူစိတ်မကောင်း ဖြစ်မိသေးသည်။ စက်တင်ဘာလက ကျောင်းသားဆိုး 'ဂျွန်အေဘာလီ' တစ်ယောက် သဲစက္ကူအသစ် ခင်းထားသော စာသင်ခန်း ကြမ်းပြင်ပေါ် 'ရှီးကဒ်' သုတ်ဆေး မရန်းရောင်ကို တမင်လိုလို မတော်မဆလိုလို ဖိတ်ကျ ပစ်စဉ်က ဆရာမမှာ သူ့စားပွဲပေါ် လက်နှစ်ဖက်တင် မျက်နှာမှောက်ချပြီး မျက်နှာမဖော်တမ်း ငိုခဲ့ဖူးသည်။ ကျောင်းဘုတ်အဖွဲ့ လူကြီးတွေဆီ ရောက် ရမှာ သူမ ကြောက်တတ်သည်။ "မင်း အခု 'ဘာတီမိုး'မှာ မဟုတ်တော့ဘူး။ ဂျူး။ မင်း အခု 'ပင်ဆဲဗေးနီးယားနယ်' 'အိုလင်ဂါ'ကို ရောက်နေတာ"

'ချာလီ'အပါအဝင် ကလေးများက ဝိုင်းရယ်ကြသည်။ 'ဂျူး' ရှက် သွေးဖြာပြီး မျက်နှာ အညိုဖျော့ဖျော့ရောင် သန်းသွားသည်။ မုန်းတီးခံရမှု ရေစီးကြောင်းကို အန်တုရင်ဆိုင်လိုစိတ် အုံကြွလျက် သူမ လေသံမြှင့်တင် ပြီး ရှင်းပြဖို့ ကြိုးစားသည်။ "ဟောဒီမှာ စာအုပ်တွေထဲက ပန်းပင်တွေ အကြောင်း ဖတ်ကြည့်နေမယ့်အစား ကျွန်မတို့ အသီးသီး ကိုယ်ဟာနဲ့ကိုယ် တစ်နေ့နေ့ ပန်းတွေခူးလာပြီး သည်အခန်းထဲမှာ လက်တွေ့ဖြတ်တောက် ဖွင့်ချပြီး 'မိုက်ခရိုစကုတ်'အောက်မှာ အနုစိပ် ကြည့်ရှုလေ့လာတာက

ပိုကောင်းတာပေါ့" သူမက ထိုသို့ပြောသည့်အကြောင်းရပ်တွင် ရွက်ပြားကြီးကြီး သစ်ရွက်များ၊ အကြမ်းထည်အတိုင်း အလွှာလိုက် လှီးဖြတ်ထားသည့် နိုင်ငံခြားပန်းပွင့်များအကြောင်းတွေပါ ပါဝင်လာရာ သူမအပေါ် သူတို့ ထင်ထားသမျှ စိတ်ကူးအထင်အမြင်တွေ မှောင်မိုက်ရှုပ်ထွေးသွားတော့သည်။

'မစ်ဖရစ်ဇ်'က လိမ္မော်ရောင် သူမနှုတ်ခမ်းများကို ကောက်ကြောင်းသေးသေးလေးများပေါ်အောင် တွန့်ရှုံ့လိုက်ပြီးမှ ပြုံးလိုက်သည်။ "အပေါ်ထပ်ကို အတန်းထပ်တက်တဲ့အခါကျမှ သည်ကျောင်းက အဲဒီလက်တွေ့တွေ မင်းကို လုပ်ခွင့်ပေးလိမ့်မယ်။ အရာရာဟာ အချိန်ကျရင် ရောက်လာကြမှာပါ။ 'ဂျူး'သည်းခံ စောင့်ကြည့်ပါဦး မိန်းကလေးရယ်" 'ဂျူး'က ဤကိစ္စကို စတင်ငြင်းခုံ စောဒကတက်လာသောအခါတွင် 'မစ်ဖရစ်ဇ်'က အလေးချိန်ပိုစီးသည့် လူကြီးသူမတို့၏ အမူအရာမျိုးဖြင့် နောက်လှန်လက်သုံးတစ်ချောင်း ထောင်ပြရင်း ဖြတ်ပြောလိုက်သည်။ "တော် တော်၊ နောက်ထပ်ဘာမှ ထပ်မပြောနဲ့တော့ အပျိုပေါက်ကလေးရေ...။ နို့မဟုတ်ရင်တော့ မင်းနဲ့ ဆရာမတို့ ကောင်းကောင်းပြဿနာတက်ကြမယ်နော" သူမကို'မစ်ဖရစ်ဇ်'ကလည်း မနှစ်မြို့ကြောင်း တွေ့ကြရခြင်းက အတန်းထဲရှိလူများကို အားပေးအားမြှောက် လုပ်သလိုတော့ ဖြစ်သွားပါသည်။

ထိုနောက်ပိုင်းမှာ 'ဂျူး'တစ်ယောက် တည်ည်းည်း တည်းကျည်ဖြစ်ရသော ကိစ္စမှလွဲ၍ အတန်းထဲမှာ ပါးစပ်ဟသည် မရှိတော့။ အပြင်ဘက်ကျောက်စရစ်အလွှာခင်း ကစားကွင်းထဲတွင် လည်းကောင်း၊ အားလပ်ချိန်တွင်လည်းကောင်း၊ မီးသတ်စစ်ရေးပြ လေ့ကျင့်ခန်းတွင် လည်းကောင်း၊ မနက်ခင်း ဥသြဆွဲသံကို စောင့်ဆိုင်းရာတွင် လည်းကောင်း သူမကို ဘယ်သူမှ စကားတစ်ခွန်း မပြောကြ။ သို့သော် 'မ-ဘာဝင်'၊ 'အင်မီ' သို့မဟုတ် မိန်းမပျက် 'ဘာတီမိုး'ကလာတဲ့ မိန်းမပျက် ဟူသော ရန်စနောက်ပြောင်တတ်သည်။ ကောင်လေးများက သူမ၏ ဝတ်ကောင်းစားလှ၏ နောက်



ကျော ခါးစည်း လိပ်ပြာပုံကြိုးစည်းထုံးကို ဆောင့်ဆွဲဖြေချသွားတတ်ကြသေးသည်။ သူမ၏ ဖားလျားကျနေသော ဆံပင်အခွေအလိပ်ကြားထဲကို လည်း စက္ကူလုံးလေးများ လက်မနှင့် တောက်ပြီး ပစ်ပေါက်တတ်သည်။ 'ဂျွန်အက်ဘာလီ' ဆိုလျှင် ပန်းချီစာသင်ခန်းထဲမှ သူ ခိုးယူလာသော အဝါရောင် ပလတ်စတစ် ကတ်ကြေးနှင့် သူမဆံပင်များကို အကွက်လိုက် ညှပ်ပစ်တတ်ပြန်သည်။ ဤကိစ္စမှာ 'ဂျူး'တစ်ယောက် အမှန်တကယ် မျက်ရည်စက်လက်နှင့် ငိုရသည်အထိ ဖြစ်သွားသည်ကို သူ တစ်ကြိမ်တွေ့ဖူးသည်။ သူက တခြားသူများကဲ့သို့ပင် ဆိုးသေးသည်။ အဆိုးဆုံးဟု ပြောရမည်။ အဘယ်ကြောင့်ဆိုသော် တခြားလူများက ပျော်စေပျက်စေ သဘောနောက်ပြောင်ရုံမျှ သက်သက်ပြုလုပ်ကြသော်လည်း 'ဂျွန်'မှာ ထိုသို့မဟုတ်။ စိမ်ကိန်းချ ကြိုတင်ကြံစည်ပြီး သူ့ကိုယ်သူ ထင်ပေါ်အောင် လုပ်ခြင်းလည်း ဖြစ်နေသည်။ ပထမတန်း၊ ဒုတိယတန်း ဘာဝတုန်းက သူ စာကောင်းကောင်းတော်ခဲ့သော်လည်း နောက်ပိုင်း ကျောင်းစာမှာ သူ နိမ့်ကျသွားခဲ့သည်။ ကျောင်းမှာ ဂိုဏ်းအဖွဲ့ ရှိသည်။ ယောက်ျားလေး၊ မိန်းကလေးတွေ အစုံပါဝင်သည်။ စနေနေ့တိုင်း စုဝေးတတ်မြဲဖြစ်သည်။ 'စတူး ဝပ်မော်ရစ်ဆင်'၏ ကားဂိုဒေါင်က အစည်းအဝေးခန်းမပင် ဖြစ်ပါသည်။ ခြေကျင်ခရီးထွက်သည့်အခါ၊ ဘောလုံးကစားသည့်အခါ အားလုံးအတူတူ ပါလေ့ ရှိသည်။ တနင်္လာနေ့မှာ ထိုအစည်းအဝေးအကြောင်း ပြန်ပြောလေ့ ရှိကြသည်။ ဆောင်းရာသီမှာ ဆောင်ကုန်းလမ်းမပေါ် စကိတ်စီးကြသည်။ နွေဦးပေါက်ရာသီမှာ 'အိုလင်ဂါ' မြို့တစ်ခွင် စက်ဘီးစီးထွက်ကြသည်။ ဘာကိစ္စပဲ လုပ်လုပ် ဂိုဏ်းသားတွေ စိတ်တူကိုယ်တူ ပါဝင်မြဲ။ ချာလီက ထိုဂိုဏ်းခေါင်းဆောင်ဆိုသူကို သူငယ်တန်းမတိုင်မီကတည်းက သိထားခဲ့သည်။ သို့သော် ကျောင်းဆင်းချိန်များတွင်တော့ ချာလီမှာ ဘာမှ လုပ်စရာ မရှိတော့။ အိမ်ကိုသာ ကပျာကသီပြန်ကာ အိမ်စာများ လုပ်ရသည်။ အမေရိကန်အလယ်ပိုင်းက တံဆိပ်ခေါင်းတွေနှင့် အချိန်ဖြုန်းနေလိုက်သည်။ ပြီးတော့ ကြောက်စရာ သူ့ရဲဇာတ်ကားတွေ တစ်ယောက်တည်း သွားကြည့်နေလိုက်

သည်။ တစ်ပတ်အဆုံး စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင်လည်း ဘာမှ လုပ်စရာမရှိ။ ကျောက်ခဲတုံးလေးတွေ တစ်သမတ်တည်း ကောက်ယူပစ်ချင် ပစ်နေမည်။ သို့မဟုတ် 'မိုနိုပိုလီ' ကစားနည်း၊ စစ်တုရင် ကစားနည်းများကို 'ဒဲရယ်ဂျွန်စီ'နှင့်ဖြစ်စေ၊ 'မာဗင်အောဘာက်ချ်'နှင့်ဖြစ်စေ အတူတူ ဆော့ချင်ဆော့နေမည်။ သည်ကစားဖော် နှစ်ယောက်က သူ့အိမ်နီးချင်း အိမ်ဘေးကပ်လျက်နေသူများသာ မဟုတ်ခဲ့လျှင် သူလည်း သူတို့ကို သွားဒုက္ခပေးမည် မဟုတ်ပါ။ သူတို့နှစ်ယောက်က သူ့ထက်အနည်းဆုံး တစ်နှစ်စီ ပိုငယ်နိုင်ပြီး သူတို့အသက်နှင့် သူတို့ဉာဏ်သိပ်ကောင်းလှသည်တော့မဟုတ်။ ချာလီအနေဖြင့် ထိုဂိုဏ်း၏ ပေါ်လစီများကို မမေးမမြန်းဘဲ ထောက်ခံမည်သာဆိုလျှင် ဂိုဏ်းက သူ့ကို သတိပြုမိပြီး ဂိုဏ်းထဲ သွတ်သွင်းမည်ဖြစ်ကြောင်း သူ စဉ်းစားမိသည်။

သိပ္ပံဘာသာရပ်သင်ကြားရာ အခန်း–၅(က)မှာ 'မစ်ဘာရောစ်'၏ စာသင်ခန်းဖြစ်ပြီး စင်္ကြံရည်ကြီး၏ အလယ်မှာ ရှိသည်။ သူက 'ဂျူး'၏ရှေ့ တည့်တည့် ခုံတစ်လုံးမှာထိုင်ပြီး သူမကို တတ်နိုင်သမျှ နှောင့်ယှက်နေသည်။ ဤသို့နှောက်ပြောင်နေစေကာမူ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် မနှစ်မြို့ခြင်းများကို နှစ်ယောက်အတူ ခွဲဝေယူထားကြသည်။ သူတွေ့ရှိလိုက်သောအချက်တစ်ခုက သူမက ဉာဏ်ရည်သိပ်မထက်မြက်ခြင်းပင်။ နှုတ်တိုက်၏ ဆေးချက်များတွင် သူမက သူ့ထက် အမြဲအမှတ်တွေ နိမ့်ကျနေသည်။ သူက ခပ်ကြွားကြွားကဲရဲ့လိုက်သေးသည်။

“ပန်းပွင့်တွေ တစ်လွှာချင်း ဖြတ်တောက်ကြည့်တဲ့ကိစ္စက မင်းကို သိပ်အကျိုးမပြုလှပါဘူးကွာ။ ဒါမှမဟုတ် 'ဘာတီမိုး'မှာ မင်းကို သူတို့ သင်ပေးခဲ့သမျှတွေက သိပ်ကြာလာလို့ မင်း အသက်ကြီးပိုင်း ရောက်တဲ့အခါကျရင် မေ့ပျောက်ကုန်မယ့်ဟာတွေပါပဲကွာ”

ချာလီက ပုံဆွဲသည်။ သူ့ကျောက်သင်ပုန်းကို နောက်က သူမအတွက် သူ့ပခုံးကို ကျော်ကြည့်လျှင် မြင်သာအောင် လက်ထဲထောင်ကိုင်ပြီး ပုံ



တစ်ပုံရေးဆွဲသည်။ ပုံအမည်ကို 'ဘိန်းစားမ ဂျူး'ဟုလည်း တပ်ထားလိုက်သေးသည်။ မိန်းကလေးတစ်ယောက်၏ ဘေးတိုက်အမြင်ရုပ်ပုံသာ ပိန်လှီသော နှာတံ၊ ကြေကွဲမှုကို နှပ်နှပ်စဉ်း စားထားသောပါးစပ်၊ ခဲတံလောက်ပင် မည်းနက်သော မျက်ဝန်း၊ အောက်နှုတ်ခမ်းတောင်များနှင့် ဆံပင်ဖွာလျားကျနေဟန်မှာ ငါးမျှားချိတ်များ တစ်တန်းပြီးတစ်တန်း စီတန်းနေပုံနှင့်တူနေပြီး အောက်ခြေမှာ ကျောက်သင်ပုန်း အောက်ခြေအစွန်းနှင့် သီးခြားဖြစ်အောင် ပင်လယ်ပြာ ကန့်လန့်မျဉ်းများအပြည့် သဘောဆွဲထားသည်။

မတ်လက နွေဦးရာသီသို့ ပြောင်းသွားသည်။ အထက်တန်းကျောင်းဝင်းပေါ်မှ ပြောင်းလဲမှုလက္ခဏာများအနက် တစ်ခုမှာ ကျောက်မီးသွေးချော်စွပ်ကြောင်းကြီးကို မရှင်းလင်းရသေးမီ 'ဆော့ဖ်ဘော' ကစားကွင်းတစ်ခုလုံးလည်း ရွှံ့နှစ်များ လေးလက်မခန့် ဖုံးအုပ်နေစဉ် 'ဟက်ပီး လက်စကာ'ဆိုသူက သူ့ဆောင်းတွင်းတစ်ခုလုံး အချိန်ကုန်ခံ တီထွင်ဖန်တီးထားသည့် လေယာဉ်ပုံစငယ်နှင့်အတူ ရောက်လာသည်။ ထိုလေယာဉ်တောင်ပံထိပ်မှာ အမေရိကန် ကြယ်ပွင့်ပုံများ ပါဝင်နေပြီး လေယာဉ်ခေါင်းပိုင်းထဲ၌ ပိုင်းလော့တစ်ယောက်ပုံ ဆေးရေးခြယ်ထားသည်။ အသေးစားမော်တာက တကယ်ဓာတ်ငွေ့ကို ရှို့ပေးနိုင်သည်။ စနေနေ့ မနက်တိုင်း ထိုလေယာဉ်တက်လိုက်၊ ဆင်းလိုက်နှင့် အစမ်းပျံသန်းပြနေသည်ကို ဒုတိယလမ်းမှ 'လိုင်နပ်စ်'အရပ်ရှိ ကလေးငယ်များ လာရောက် အားပေးကြည့်ရှုကြသည်။ သို့သော်လည်း ဖြစ်နေကျအတိုင်း နိဂုံးချုပ်သွားပါသည်။ 'ဟက်ပီး'က လေယာဉ်ကို လေထုထဲ ပျံသန်းမောင်းနှင်စမှာတော့ ချောချောမောမောပင်။ အထက်ကို ပိုမြင့်မြင့်ပျံတက်နေစဉ်မှာ ခလောက်သံလို အသံမျိုး တစ်မိနစ်ခန့်ကြာအောင် ထွက်လာနေပါသည်။ သည်နောက်တော့ လေယာဉ်က နှာခေါင်းအောက်စိုက် ထိုးကျ ပျက်စီးသွားသည်။ ဖြစ်နေကျအတိုင်း မြက်ခင်းပေါ်ဖြစ်ဖြစ်၊ ရွှံ့တောထဲ ဖြစ်ဖြစ် မီးလောင်သွားနိုင်သည်။ 'ဟက်ပီး'၏ ဖခင်ကတော့ ချမ်းသာပါသည်။

သူမ စရောက်လာပြီး ရက်သတ္တပတ် အနည်းငယ်ကြာသောအခါ ‘ဂျူး’၏အဝတ်အစားများမှာ တဖြည်းဖြည်း ရိုးရိုးရှင်းရှင်း ဖြစ်စပြုလာပါသည်။ တခြားကျောင်းသူများနှင့် မတိမ်းမယိမ်း ဖြစ်လာသည်။ တစ်နေ့မှာ သူမ ဆံပင်ကို ဖြတ်လာသည်။ ကျန်ဆံပင်များက သူမ၏နားသယ်တစ်ဖိုက်တစ်ဖက်တစ်ချက် အပြားလိုက်ကျဆင်းနေပြီး နောက်ဆောက်တွင် ဆံမြိတ်လေးတစ်ချောင်း ချထားသည်။ သူမကို ဝိုင်းဟားတိုက် လှောင်ပြောင်ကြသောအသံများကို ခါတိုင်းထက်ပင် သူမ ကြားလာရသည်။ ‘အိုး ခေါင်းတုံးမ၊ ခေါင်းပြောင်မ’ တချို့ခပ်ကဲကဲ ကျောင်းသူကောင်မလေးများက ပစ္စည်းထားခန်းထဲ သူမ ဝင်လာသည်နှင့် အထိတ်တလန့် ဖြစ်ရလေဟန် တမင် စူးစူးရှရှ အော်ဟစ်ကြသည်။ မိုက်ကန်းကန်း စောင်းချိတ်ပြောကြသော စကားများကလည်း တစ်မနက်လုံး စာသင်ခန်းအနံ့ ပတ်ပတ်လည် ပျံ့နှံ့ လျှောဆင်းကုန်သည်။

“ဘာတိမိုးက လာတဲ့ ခေါင်းတုံးမ၊ ခေါင်းပြောင်မ။ ခေါင်းတုံးမ၊ ခေါင်းပြောင်မ။ မယ်အိုစာကြီးမျက်နှာ ဘာလို့ နီရဲသနည်း” ‘ဂျွန်အက်ဘာလီ’ က သူ့ လက်ချောင်းများနှင့် ကတ်ကြေးကိုက်ဟန် အမူအရာလုပ်ပြကာ လျှာကလည်း ဖျော်ရည်စုတ်သည့် အသံတပွက်ပွက် လုပ်ပြသည်။ ‘မဲဖရစ်ဒ်’ က လက်ခေါက်နှင့်ပြတင်းမှန်ကို တခေါက်ခေါက်ခေါက်ပြီး ဟန်ရသည်မှာ သူမ လက်ခုံများပင် နာလာ၍ ကျန်လက်တစ်ဖက်နှင့် ပွတ်ရသေးသည်။ နောက်ဆုံးမှာ သူမက ကောင်လေး နှစ်ယောက်ကို ‘မစ္စတာလင်ဂယ်’၏ ရုံးခန်းသို့ ပို့လိုက်တော့မှပင် ‘ချာလီ’ ရင်ထဲမှကြီးမားသော အလုံးကြီးလည်း ကျသွားတော့သည်။

ထိုဆံပင်ပုံစံအပေါ် သူကတော့ ခပ်မဆိတ်တုံ့ပြန်သည့် အနေဖြင့် သူမ၏ ပုံတူပန်းချီ ဆွဲနေလိုက်သည်။ တခြားရေးဆွဲသော ပုံများကို စားပွဲပေါ်မှာ ခေါက်တင်ထားရာ အမျိုးအစား တစ်ခုချင်းအလိုက် သူ့ အုပ်စုနှင့် သူပုံဖော်ထားသည်။ လင်းနို့လုပုံ ‘အေ’ပုံများနှင့် ကော်စတာရီကာ တံဆိပ်



ခေါင်းများ ပါဝင်သည်။ သူ့ထံမှ အခန်းကိုဖြတ်၍ လမ်းတစ်ဝက်တွင် ‘ဂျူး’မှာ ငြိမ်ငြိမ်သက်သက် ခပ်ကြောက်ကြောက်နှင့်ပင် ရပ်နေသည်။ လက်လေးတစ်ဖက်ပင် မလှုပ်ရဲအောင် ကြက်သေသေ၍ မျက်နှာလည်း ဖြူဖပ်ဖြူရော် ပန်းနုရောင်မျှသာ ရှိတော့သည်။ ယခု ဆံပင်ပုံစံသစ်ကြောင့် သူမနဖူးက ပိုပေါ်လွင်လာကာ လည်ပင်းကိုလည်း ဖွင့်လှစ်လိုက်ရာ ကျနေသည်။ သူမမေးစေ့ကလည်း ပို၍ချွန်ထွက်လာပြီး မျက်လုံးများလည်း ပိုပြူးကျယ်လာပုံ ရသည်။ ‘ချာလီ’က သူ့ကိုယ်သူ ယောကျ်ားလေးအဖြစ် မွေးဖွားလာရသည်ကို ကောင်းလေစွဟုပင် ကျေးဇူးတင်စိတ်ဖြစ်နေသည်။ နို့မဟုတ်လျှင် သူတို့ မိန်းကလေးများလိုပင်၊ တစ်ခုခုလန့်တိုင်း ငယ်သံပါအောင်အော်ရ၊ ဆံပင်ခွေလိပ်တွေ ဖြတ်တောက်ဆုံးရှုံးရ၊ သွေးဆင်းတာတွေလည်း ဖြစ်၊ နောက်လည်း နာကျင်မှု ဝေဒနာတွေ ဆက်တိုက်ဖြစ်နေပေဦးမည်။ မိန်းကလေးများ မည်မျှနာနာကျင်ကျင် ခံစားတတ်ကြရသည်ဆိုသည်ကိုက သူ စဉ်းစားသမျှထဲက ပထမဆုံး စဉ်းစားမိသောအချက်ဖြစ်သည်။ သူမ၏ ပုံကို ရုပ်ပြောင်ကာတွန်းပုံဆွဲသော သူ၏ ကာရိုကေးချားလက်ရာက ပါရမီရှင်တစ်ယောက်၏လက်ရာလို ကောင်းလှသည်။ နောက်ဘက်ရှိ ‘စတူးဝပ်မော်ရီဆင်’ကို သူ ဤပုံထိုးပြလိုက်သည်။ ပုံက ‘စတူးဝပ်’ အသိအမှတ်ပြု ချီးကျူးရန်အတွက် ကောင်းလွန်းနေသည်။ သူ့ ထိုင်းထိုင်းမှိုင်းမှိုင်း ဘဲဥပုံမျက်လုံးက ပုံကို ပုတ်ခတ်ပုတ်ခတ်ကြည့်နေသည်။ ‘ချာလီ’က ဤပုံကို တခြားစက္ကူတစ်ရွက်ပေါ် ကူးဆွဲရာတွင် သူမကို ခေါင်းတုံးပြောင်သည်အထိ ရေးဆွဲပစ်လိုက်သည်။ ‘စတူးဝပ်’က ထိုပုံသစ်ကို ဆွဲလုပြီး လက်ဆင့်ကမ်းပေးလိုက်သည်မှာ အတန်းသားအားလုံး လက်ထဲအဆင့်ဆင့်ရောက်ရှိ ပွဲကျသွားကြလေတော့သည်။

*

ထိုညမှာ သူ အိပ်မက်တစ်ခု မက်သည်။ နိုးလာတော့ အိပ်မက်တစ်ခုလုံး လတ်လတ်ဆတ်ဆတ် မှတ်မိနေဆဲဖြစ်၍ အရုဏ်တက် မိုးလင်းကာစမှာ

မက်ခြင်းဖြစ်ရမည်ဟု ယူဆမိသည်။ အိပ်မက်ထဲမှာ သူတို့တွေ တောအုပ်တစ်ခုထဲ ရောက်နေသည်။ ‘ဂျူး’က စုတ်ပြတ်နေသော ဆာရီဝတ်ရုံမျိုး ဝတ်လျက် ကြည်လင်သော မြစ်ရေပြင်ထဲ မိကျောင်းများကြားမှာ ရေကူးနေသည်။ သူက ထိုနေရာအထက် သစ်ပင်တစ်ပင်ပေါ် ရောက်နေသကဲ့သို့ပင် သူမ ရေကူးနေသည်ကို အပေါ်စီးမှ မြင်နေရသည်။ ပိန်ပါးပါး၊ သွယ်လျလျ မိန်းကလေးနှင့်မိကျောင်းတို့၏ လှုပ်ရှားမှုတို့က ငြိမ်ငြိမ်ဝပ်ဝပ်ရှိနေကြကာ ပြတင်းမှန်လိုပင် ကြည်လင်ထွင်းဖောက်မြင်ရနိုင်သော ရေပြင်မှာ ငုပ်လိုက်ပေါ်လိုက်နှင့် ရှိနေကြသည်။ ‘ဂျူး’၏မျက်နှာမှာ ရေငုပ်စဉ် ကြောက်လန့်တုန်လှုပ်နေပုံ ပေါ်၍ တစ်ခါတစ်ရံမှာမူ မထုတက်သေး ကြောင်ငေးငေးဖြစ်နေပြန်သည်။

သူမဆံပင်များက နောက်ကျောပေါ် ဖြန့်ကျနေကာ ရေပေါ် သူမမျက်နှာပေါ်လာခိုက် ခေါင်းခါလိုက်သည့်အခါ ဆံပင်များက ယပ်တောင်ခတ်သည့်နှယ် ဝေ့သွားလေသည်။ သူက ကြေကွဲစိတ်နှင့် အသံထိတ်လန့်အော်မိသည်။ သည့်နောက် သူမကို သူ ဝင်ရောက် ကယ်ဆယ်လိုက်သည်။ ရေထဲ သူ့လက်မောင်း နှစ်လိုက်သည်ဟုပင် မထင်မှတ်ရဘဲ သူမကို သူ လက်မောင်းနှစ်ဖက်ဖြင့် ပွေ့ချီလိုက်သည်။

သူကိုယ်တိုင်ပင် ရေကူးဝတ်စုံနှင့် ဖြစ်နေပြီး သူ့ခြေထောက်များက မိကျောင်းတစ်ကောင်၏ဘုလုံးထူလပျစ် ကျောကုန်းပေါ် အခိုင်အမာတက်ရပ်ပြီး ဖြစ်နေသည်။ အောက်က မိကျောင်းက ရေပြင်ပေါ် စမ်းချောင်းထိ ရေဆန်တက်ကူးသွားရာ မြင့်မားသော သစ်ပင်ကြီးများ၏အရိပ်များ၊ ပန်းဖြူဖြူများ၊ တွဲလောင်းကျ နွယ်ရစ်နွယ်ခွေများကို တရိပ်ရိပ် ဖြတ်ကျော်သွားသည်မှာ ရုပ်ရှင်ရိုက်ကွင်းထဲ ရေလွှာ လျှောစီးအပြားပေါ် တက်လိုက်နေရသလို ငြိမ့်လှသည်။

သူတို့ မိကျောင်းယာဉ်က စမ်းချောင်းကို ဖြတ်ကျော် သွယ်တန်းထားသော သစ်သားတံတားတစ်ခုစီ ဦးတည်ပြေးနေသည် ထင်ရသည်။ သူ



ဘယ်လိုငုပ်ရမှန်းမသိ ဖြစ်နေစဉ် မြစ်များ၊ တောအုပ်များမှ ဘယ်လိုက ဘယ်လို သူ့အခန်း၊ သူ့အိပ်ရာ ခုတင်ပေါ်ရောက်၍ ရောက်သွားမှန်း မသိလိုက်တော့ပေ။ သို့သော် ပြောင်းလဲသွားမှုက စန္ဒရားခလုတ်များ နှိပ်လိုက်သကဲ့သို့ရှိ၍ မိန်းကလေးကို ကယ်တင် လိုက်နိုင်သော သယ်ယူပွေ့ချီလာရသော ပီတိသောမနဿ ဝင်ကြွားနိုင်မှုနှင့် ချိုမြသောရသတို့က သူ့မှာ စွဲထင်ကျန်ခဲ့တော့သည်။

သူ ‘ဂျူးအက်ဒီဆင်’ကို ချစ်မိလေပြီ။ မနက်ခင်းက မိုးရွာနေသဖြင့် သူ့မိခင်က ထီးအောက်မှနေ၍ သူ့အား ဤအချက်ကို ထုတ်ပြောသည်။ သူ့ကိုယ်သူလည်း မီးခိုးကွင်းမှုတ်သလို ဤအချက်ကို ထပ်ခါထပ်ခါရေရွတ်မြည်တမ်းကြည့်သည်။ အချစ်ဆိုသည် ဘာအရေးသာမှုမရှိပါ။ သို့သော် သူ၏ ဂန္ဓာရုံစွမ်းအားကို ချွန်မြပေးနိုင်သည်ဖြစ်ရာ ဆီစွန်းသော သူ့ကုတ်အင်္ကျီ အနံ့၊ သူ့ရာဘာဘိနပ် အနံ့၊ အိမ်နံရံခပ်နိမ့်နိမ့်ပေါ်မှ တွဲလောင်းဆွဲချထားသော ထိပ်ဖျားနီနီနှင့် ခြံနွယ်ပင်များအနံ့မှ ‘ဂရင်း’လမ်းမကြီးတစ်လျှောက်ရှိ ပန်းချုံတန်း ရနံ့များထိအောင်ပင် သူ ရှင်းရှင်းလင်းလင်း အနံ့ရနေလေသည်။ ပလက်ဖောင်း အက်ကွဲကြောင်းများကြားမှ ကပ်ဆေါက်သည့် ရေညှိပင်များနှင့် ဖုန်နံ့များပင် မကျန်တော့ပေ။ သူ့ရင်ညွှန့် လည်မျိုဝနား သစ်သားအလေး တစ်ခု တင်ထားသလို တစ်ဆို့မနေလျှင် ထိုအနံ့များအပေါ် သူရယ်မိမှာ သေချာသည်။ ချက်ချင်းလည်း သူ့မှာ ရယ်ကျဲကျဲ စလုပ်နိုင်စွမ်းမရှိ။ တနင်္ဂနွေဝတ်ပြုချိန် စာသင်ခန်း၌ နှုတ်ခမ်းမွေး ရေးရေးပေါက်နေသည့် သနားစရာ ဆရာမ‘မစ်ဝက်စ်’တစ်ယောက် သူ့ကို ဘုရားရှိခိုးရန် မဆွဲဆောင်နိုင်ခဲ့သည် အဖြစ်မှနေ၍ ခုမှ သူ့ဘာသာသူ ဘုရားပြန်တရသည်ဘဝ ရောက်လာရသည်။

“‘ဂျူး’အား တပည့်တော်ထံ ခေါ်ဆောင်ပေးတော်မူပါ”ဟု သူ ဆုတောင်းနေရလေသည်။ စိုထိုင်းသော ရာသီဥတုကြောင့် အထီးကျန် ဆန်ဆန် ငြီးငွေ့ဆေမှုက အရာရာအပေါ် ကျရောက်လာသည်။ လိမ္မော်ရောင် ဘတ်စ်

ကားတစ်စီးက အဝိုင်းကြီးကို ပတ်ကွေ့နေသည်။ တယ်လီဖုန်းဝါယာကြိုး ပေါ်မှ ငှက်လေးကောင်က အရေးပါမှု တစ်ထပ်တည်း ဖြစ်နေကြသည်။ သူ့စိတ်ထဲ ပိုခိုင်မာတောင့်တင်းလာသလို၊ ပိုပေါ့ပါးသွားသလိုလိုနှင့် အစွန်းထွက် အရာဝတ္ထုမှန်သမျှ ကြာပွတ်နှင့် ရိုက်ဖြတ်ပစ်ချင်သည့် စိတ်၊ ရေမြောင်းထဲ ဝမ်းလျားထိုး ဆင်းကူးသွားချင်စိတ်များ ပေါ်နေသည်။ အကယ်၍များ သူမကို သူကယ်ထုတ်သွားနိုင်မည်၊ ဤကျောင်းတစ်ခွင် တခြားလူများ၏ ကောက်ကျစ် ချိုးနှိမ်မှုများမှ သူမကို ကယ်တင်သွားနိုင်မည်ဆိုလျှင် သူ ဂိုဏ်းကို အန်တုဖီဆန်ပြီး သူ့ကိုယ်ပိုင် ဂိုဏ်းသစ်ခွဲထောင် ရဖို့ ရှိသည်။

ပထမဆုံး စထောင်ကာစတော့ 'ဂျူး'နှင့် သူနှစ်ယောက်တည်းနှင့် စရမည်။ သည့်နောက် ထုံထိုင်းမှု၊ အပေါစားဆန်မှုတို့မှ လွတ်မြောက်လာသော အခြားလူများပါ ပါဝင်လာကြပြီး သူ့ဂိုဏ်းသစ်က ပိုအားကောင်းလာနိုင်၍ 'စတူးဝပ် မောရစ်ဆင်'၏ ဂိုဒေါင်မှာ စနေနေ့တိုင်း လူခေါင်းသွားဖွယ် ရှိသည်။ ချာလီက သူ့ကိုယ်ပိုင် ထိတွေ့နေကျ ဘောလုံးကွင်းမှ ဘုရင်တစ်ဆူ မင်းမူလာနိုင်မည်။ လူတိုင်းက သူ့ထံမှောက် လာရောက်ဝပ်တွားပြီး ညှာတာထောက်ထားစေကြောင်း ခယနေကြရမည်။

သူ့ပထမခြေလှမ်းက ပစ္စည်းပစ္စယထားသိုခန်းထဲတွင် အတန်းသားများအား သူ 'ဂျူးအက်ဒီဆင်'ကို ယခုချစ်မိနေကြောင်း ပြောချလိုက်ခြင်း ဖြစ်သည်။ သူ မျှော်လင့်ထားသလောက် ကြားရသူများက တယ်အရေးစိုက်ကြသည် မရှိပါ။ သူမ မည်မျှ မုန်းစရာကောင်းသည်ဟု စဉ်းစားနေကြဆဲပင်။ သူက ဤသို့ ပြောလိုက်လျှင် အနည်းနှင့်အများ လက်သီးချင်းပင် ယှဉ်ရလိမ့်မည်ဟု ထင်ခဲ့သည်။ လူတွေ တိုင်း သူစီကာပတ်ကုံး ရုပ်လုံးဖော်ပြောသော သူ့အိပ်မက်အကြောင်း စုရုံး လာရောက် နားထောင်သူ ဟူ၍ လည်း မရှိသလောက်ပင်။ သို့သော်လည်း ထိုနေ့မနက်မှာမူ သူမကို သူ ချစ်နေကြောင်းသတင်းက အတန်းထဲလူတကာထံ နားပေါက်သွားသည်တော့ အမှန်ပဲ ဖြစ်သည်။ ဤသို့ လူသိရှင်ကြားအဖြစ်မှာ သူဖြစ်စေချင်သောဆန္ဒ



အတိုင်း မှန်သော်လည်း သူနှင့်'ဂျူး'တို့အကြား လမ်းဖွင့်ပေးရာကျသည် မှန်သော်လည်း သတင်း ပျံ့ပုံပျံ့နည်းက ပြက်ရယ်ပြုခံရသည့် လူရယ်စရာ မျိုး ဖြစ်သွားပုံရသည်။ 'မစ်ဖရစ်ဇ်'က သူ့ကို ခေါ်ပြီး ကျောက်သင်ပုန်းပေါ် တစ်ခုခု စာရှင်းပြခိုင်းသည့်အခါ သူ့ခမြာ ထစ်အ ထစ်အ ဖြစ်နေတော့သည်။

နေ့လယ်စာ ကျောင်းခေတ္တလွှတ်ချိန်တွင် သူ ကုန်မျိုးစုံ စတိုးဆိုင်ထဲ တမင်ပုန်းပြီး စောင့်နေရာ နောက်ဆုံး သူမ လျှောက်လာသည်ကို တွေ့ရသည်။ သူမနှင့် အတူပါလာသူ တစ်ရပ်တည်းသား သူငယ်ချင်းမတစ်ဦးက နောက်လမ်းထိပ်အရောက် လမ်းခွဲဝင်သွားသည်ကို တွေ့ရသည်။ သူ တစ်မိနစ်ခန့် စောင့်ကြည့်နေသေးပြီးမှ ထွက်လာသည်။ သူထွက်လာသော လမ်းနှင့် အဖော်ကောင်မလေး လမ်းခွဲဝင်သွားသော လမ်းတို့အကြားက ကွက်လပ်နားအရောက် သူမကို သူခုန်အုပ်မိတော့မတတ် မှီသွားသည်။ မိုးကလည်း တိတ်သွားသဖြင့် သူ့ထီးကို ပိတ်ပြီး လိပ်ကိုင်လိုက်ရာ ကွန်မန်ဒို တပ်သား၏ လှံစွပ်သေနတ်နှင့် တူသွားသည်ဟု သူ စဉ်းစားမိသည်။ သူမ၏ နောက်နားကပ်၍ "ဒိုင်း ဒိုင်း"ဟု သူ နောက်လိုက်သည်။

သူမက နောက်လှည့်လိုက်သည်။ ငေးမောနေသည့် သူမအကြည့်အောက်တွင် သူမကို သူချစ်ကြိုက်နေမှန်း သိထားကြောင်း ပေါ်လွင်နေသည်။ သူ့မျက်နှာ နွေးခနဲ ပူသွားကာ မျက်နှာကို အောက်စိုက် ငေးနေလိုက်သည်။ "ဘာလဲ၊ ချာလီ" သူမလေသံက 'မေရီလင်း'ဒေသဟန် နေးနေးကွေးကွေး ပြောပုံမျိုး။ "သည်လမ်းဘေးမှာ မင်းဘာလာလုပ်နေတာလဲ" ဟုမေးသည်။ မြို့ခံရဲသား 'ကား' က မူလတန်းကျောင်းရှေ့မှာ မတ်တတ်ရပ်နေပြီး ကျောင်းသား ကလေးသူငယ်များကို သူတို့ပိုင်သော 'ဂရင်း'လမ်းမ၏ အခြားတစ်ဖက်သို့ ပို့ပေးနေသည်။ ယခု 'ချာလီ'မှာ အန္တရာယ်များလှသော လမ်းငါးခွဆုံကို သူ ဘာသာသူ ရိပ်သာဖြတ်ပြီး ကူးရမည်။

"ဘာမှမဟုတ်ပါဘူး" သူက ကြိုတင်စီစဉ်လာသော စကားတစ်ခွန်းကို စတင်သုံးစွဲလိုက်ပါသည်။ "ကိုယ် မင်းရဲ့ ဆံပင်ပုံစံသစ်ကို ကြိုက်ပါတယ်"

"ကျေးဇူးပဲ"ဟု သူမက ပြောပြီး ရယ်လိုက်သည်။ 'ဘာတီမိုး'မှာ ကိုယ်ဟန်အမူအရာလုပ်နည်း သင်ခန်းစာတွေ သူမ သင်ခဲ့ပြီး ဖြစ်ရမည်။ သူမက သူ့ကို မျက်လုံးစိုက်ကြည့်သည်။ သူ့မြင်ကွင်း တစ်ခုလုံးဆောင်းနှုတ်ခမ်းစပ်မှ ဖိတ်ကျသလို သူမ၏ အောက်မျက်ခမ်းအစပ်မှ ခုန်ထွက်ကျသွားသည်။ သို့သော်လည်း သူမ သိမ်းပိုက်ထားသည့် ဤနေရာကွက်လပ်မှာပင် သူ့အတွက် ကြီးမားသော စိတ်ကျေနပ်ပြည့်ဝမှု ရနေခြင်းကိုက သူ့ကို စိတ်နေမြင့်စေသည်။ ပြတင်းပေါက်ဘောင်မှာ ရပ်ပြီး ဆီးနှင်းပိတ်ဖုံးသည့် မနက်ခင်းကို နှင်းခါထုတ်ပြီး ကြည်လင်သာယာသော မနက်ခင်းကို ပေးနိုင်သည့် လူသားကဲ့သို့ သူ မားမားမတ်မတ် ရပ်နေမိပါသည်။

"ဒါပေမဲ့ မင်းရဲ့ အရင်ဆံပင်ပုံစံဟောင်းလည်း မဆိုးလှပါဘူး"

"အဟုတ် တကယ်"

ထူးခြားနေသော ပြန်ကြားချက်ပင်။ နောက်ထပ်ထူးခြားသော အရာတစ်ခုက သူမအရေပြားအောက်မှ သစ်ခေါက်ဆိုးရောင် ထွက်နေသော နေလောင်မှု။ ယခင်ကတည်းက ဒါကို သူသတိထားမိသော်လည်း ယခုကဲ့သို့ အနီးကပ်ကပ်မမြင်ဖူးသေးပေ။ ထိုအသားအရေကို သူမအနီရောင်ဆိုးမည့်အစား အညိုရောင် ရှူးရှူးတောက်တောက် ဆိုးလိုက်လျှင် မည်သို့နေမည်လဲ သူ တွေးကြည့်သည်။ ထို့ပြင် သူမမှာ မွေးကြိုင်သော ပန္နည်းတချို့လည်း ဆင်ယင်ထားပြန်သည်။

"အိုလင်ဂါကို သဘောကျရဲ့လား"ဟု သူ မေးကြည့်သည်။

"အိုး သည်နေရာ ဟန်ကျသားပဲ"



"ဟန်ကျတယ် ဟုတ်လား။ အေးလေ ဟုတ်မှာပေါ့။ ဟန်ကျတဲ့ 'အိုလင်ဂါ' ကျွန်တော်လည်း တခြား ဘယ်နေရာမှ ရောက်ဖူးတာ မဟုတ်တော့ မပြောတတ်ဘူးလေ"

သူမက သည်စကားကို ဟာသလို အောက်မေ့ပြီး ရယ်မောလိုက်ခြင်းက ကံကောင်းသွားသည်။ တကယ်တန်း ဟာသမဟုတ်သည့် စကားကို အရဲစွန့်ဆက်ပြောရေးထက် သူ့ ထီးချွန်ကိုသာ 'ချာလီ'တစ်ယောက် လက်ချောင်းထိပ်ပေါ်တင်ပြီး ဟန်ချက်ငြိမ်အောင် ကစားနေသည်။ ဟန်ချက်မလဲအောင် နောက်ဆုတ်လိုက်၊ ငြိမ်နေစဉ် ရှေ့တိုးလျှောက်လိုက် လုပ်စဉ်တွင် ထီး၏လက်ကိုင်ရိုးဝေါက်မှာ လုပသောအပြာကွက်ဖော် မိုးကောင်းကင်ဆီ မိုးထိုးနေကာ သူ့လက်ဝါးတစ်ဖက်မှ တစ်ဖက်သို့ ကူးပြောင်းနေလေသည်။ သူတို့နှစ်ယောက်လမ်းခွဲကြသည့် လမ်းဆောင့်တွင် သူက ထီးရိုးကြိမ်လက်ကိုင် ချိတ်ကောက်ကို အားပြုမှီထောက်ရပ်ပြီး နူးညံ့ပျော့ပျောင်းသော လူကြီးလူကောင်းစတိုင်မျိုး တုပ၍ မျှော်လင့်ချက်ကင်းမဲ့စွာဖြင့် ဟိတ်ဟန်ထုတ်နေလိုက်သည်။ သူမ၏အံ့သြအထင်ကြီးမှုက သူမ မိခင်၏ သူနှင့်သဘောမတူ ကန့်ကွက်တားဆီးလာနိုင်မှုထက် တန်ဖိုးနှစ်ဆထိ မြင့်မားလှလေသည်။

သူမကို နောက်ပိုင်း ကျောင်းဆင်းချိန်များမှာ သူ လမ်းလျှောက်လိုက်ပို့ရန် ကြိုးစားစီမံကြည့်သည်။ နေ့လယ်ချိန် တစ်ချိန်လုံး သူတွက်ကိန်းချစဉ်းစားကြည့်သည်။ သူ့ ဖခင်နှင့် သူတို့နှစ်ယောက် စက်ဘီးကို ဆေးပြန်သုတ်ရမည်။ နောက်တစ်ကြိမ် သူ ဆံပင်ညှပ်လျှင် လက်ရှိကိုးရိုးကားရားပုံစံမှ ကင်းဝေးသွားအောင် ဆံပင်ကို အခြားတစ်ဖက် ပို့ချပြီးခွဲရမည်။ သူ့ တစ်ကိုယ်လုံးကိုပင် ပုံစံပြင်ရမည်။ သူဘာတွေများ ဖြစ်သွားတာလဲဟု မြင်ရသူအားလုံးက တအံ့တသြ ဖြစ်သွားစေရမည်။ ရေကူးတတ်အောင်လည်း သင်ရဦးမည်။ ရေလှောင်တာတာမ ရှိရာတက်လည်း သူမကို ခေါ်သွားရဦးမည်။

ညနေခင်းမှာမူ သူ့ အိပ်မက်များ၏ အရှိန်အဟုန်မှာ တစ်နည်းနည်းဖြင့် လုံးပါးပါးသွားပါတော့သည်။

ယခု သူမကို သူ မျက်စိအောက်က အပျောက် မခံဘဲ တကောက်ကောက် လိုက်ကြည့်မိရာ သူ့ ဝမ်းဗိုက်ထဲ မအီမသာ အန်ချင် ပျို့ ချင်သလို ဖြစ်နေသည့်ကြားမှ အရာရာကို သူ သတိထားမိနေသည်။ မွန်းလွဲဘက် 'မစ်ဘာရောစ်' အခန်းမှ 'မစ်ဖရစ်ဇ်' အခန်းသို့ ကူးပြောင်းသည့်အချိန်အထိ တိုင် 'ဂျူး'မှာ တစ်ယောက်တည်း မတွေ့ရဘဲ အခြားသူများနှင့် စကားစမြည် ပြောနေတာချည်း တွေ့နေရသည်။ အတန်းထဲမှာလည်း သူမမှာ တိုးတိုး တိုးတိုးနှင့် စကားပြောနေပြန်သည်။ သို့အတွက် သူ့မှာ ပို၍ အရှက် ရကာ ထိုအရှက်ကြောင့် သူ့ မိဘကိုပင် သူ ပြန်မျက်နှာချင်းမဆိုင်ရဲအောင် ဖြစ်မိ သည်။ ထိုအရှက်က အံ့သြရခြင်းထက် ပိုကဲသေးသည်။ ကုန်မျိုးစုံ စတိုးဆိုင် ၏မည်းမှောင်သော ပြတင်းမှန်ချပ်နောက်ကွယ်မှ စောင့်ကြည့်ရာတွင် သူမကို ဂိုက်းအဖွဲ့သားများနှင့်အတူတူ ရောနှော လမ်းလျှောက်လာသည်ကို တွေ့ရ သည်။

သူမနှင့် 'စတူးဝပ်မော်ရစ်ဆင်'တို့နှစ်ယောက်သား အပြန်အလှန် ပရောပရိ အလွှမ်းသင့် အော်ဟစ်ပြောဆိုနေကြသည်။ 'စတူးဝပ်' က တစ်စုံ တစ်ရာကို အတုခိုးသရုပ်ဆောင်ပြနေကာ သနားစရာ အကျင့်ပျက် 'ဂျွန် အက်ဘာလီ'ကတော့ သူမနောက်ကို အမြီးတုတ်တုတ်တစ်ချောင်း တန်းလန်း ပါလာသကဲ့သို့ ခြေရာခလိုက်နေသည်။ သူတို့အားလုံး မြင်ကွင်း နောက်ကွယ် သို့ ပျောက်ကွယ်သွားသည့်တိုင် သူ ချူစည်းရို မြင်မြင်နောက်မှ လိုက်ကြည့်နေ သေးသည်။ သူ၏ပြောင်လက်ဖောက်ထိုး ဖြစ်သွားသော ဘဝ ၏သေးငယ် သော ပွတ်တိုက်မှုတစ်ရပ် ကြုံလိုက်ရသည် မှန်စေ၊ သူ့ စိတ်ထဲ တစ်ချက် သက်သာရာတော့ ရမိလိုက်သည်။

သူမကို သူ ဆွဲထုတ် ကယ်တင်မည်ဟု ဆိုသော်လည်း သူမအပေါ် ကောက်ကျစ် စော်ကားကြမှုက အချစ်ဖြစ်နေကြောင်း သူမကို အားလုံးက



မုန်းတီးကြသည်မှာ အစကတည်းကပင်။ အားလုံးက သူမကို ဝိုင်းချစ်နေကြ ခြင်းသာ ဖြစ်ကြောင်း သူတွေ့လာရသည်။ ဤအချက်က သူကိုယ်တိုင် မချစ်မိခင် ရက်သတ္တပတ် အနည်းငယ် အလို ကပင် ဖြစ်ခဲ့မှန်း သူအမိုက်မဲဆုံး ရိပ်မိရပြန်သည်။ သို့အတွက် သူမမှာ အတန်း၏ အလှဘုရင်မ ဖြစ်ချင်ဖြစ်လာ မည်။ မဖြစ်ချင်လည်း မဖြစ်။ ကောင်းကွက်မှန်သမျှ အားလုံးအတွက်။ ထိုအသိုင်းအဝိုင်းမှ သူ ထွက်ချလာရပေလိမ့်မည်။

မူရင်း

“ The Alligators.”( The Same Door ဝတ္ထုတိုစုမှ)

# အငေးအမော

## The Stare

ထိုအခါ၊ ထိုအရာရှိသောနေရာမှာ သူ၏မျက်လုံးအတွင်းထောင့် တစ်နေရာမှာ ဖြစ်သည်။ သူ လှည့်ရှောင်သော်လည်း သူ့နှလုံးသားက အေးခဲသွားသည်။ ဤနေရာမှာ သူမ တည်ရှိနေသည်ဟူသော မယုံကြည်နိုင်ဖွယ် အဖြစ်သည် ယခုအခါ သူမြို့ထဲ ပြန်ရောက်နေစဉ် တစ်နေ့သောအခါတွင် ဤစားသောက်ဆိုင်တစ်ခု၏ စားပွဲတစ်လုံးပေါ်၌ ထပ်ကြုံတွေ့နေရပြန်ပြီ ဖြစ်သည်။ သူ့နှလုံးသားက ကြိုတင်အေးခဲနေခြင်းကိုလည်း ပြန်မစစ်ဆေးနိုင်ပေ။ အကြောင်းက နယူးယောခ်တစ်မြို့တည်းမှာပင် နေထိုင်ကြသော သူတို့နှစ်ယောက်မှာ အချိန်နှင့်အမျှ တစ်ယောက်နှင့် တစ်ယောက် တွေ့ဆုံမိရန် အမြဲတစေ ကံကောင်းနေတတ်ကြခြင်းကြောင့်ပင် ဖြစ်သည်။ ဤ တွေ့ဆုံခြင်းက နောက်တစ်ကြိမ်ပင် ထပ်ဖြစ်ပေဦးမည်။ မှတ်မိနေခြင်းနှင့် တစ်ဖက်လှည့်ရှောင်ခြင်းတို့အကြား အခိုက်အတန့်ကာလလေးအတွင်းမှာ သူ၏ ပထမဆုံး စကားလုံးများကို သူဘောင်ကွပ်ထားပြီး ဖြစ်နေခဲ့ပါသည်။ ကျခြေရသည်ဟု သူမ ထင်မှတ်လေ့ရှိသော ကိုယ့်ကိုယ်ကို ယုံကြည်မှုကင်းမဲ့ခြင်းနှင့်အတူ သူ ထရပ်လိုက်ပြီး သူမထံ သွားကာ နှုတ်ဆက်လိုက်သည်။ "ပေါ၊ မင်း မဟုတ်လား"



သူမက တောင်းပန်ခယသော အပြုံးလေးတစ်ချက်ပြုံး၊ နှုတ်ခမ်းအောက်တွဲကျလျက်ကနေ ပခုံးလေးတွန့်ပြီးမှ "ကိုယ်ပဲလေ"

"တွေ့ရတာ ကိုယ် သိပ်ဝမ်းသာတယ်။ ဖြစ်ခဲ့ရသမျှတွေအတွက် စိတ်မကောင်းပါဘူး" အရာရာကို နားလည်သဘောပေါက်မိကြပြီ။ သည်းခံခွင့်လွှတ်ကြဖို့ လိုအပ်လာခြင်းက သူတို့နောက်ကွယ်၌ မော်ပညာဆန်ဆန် ကျရောက်လာပြန်ပါသည်။ သူတို့ ဖြတ်သန်းကျော်ဖြတ်ခဲ့ရာ အတိတ်ကာလနံရံစက္ကူချုပ်ကြီးတစ်ချပ် မီးလောင်ပြာကျသွားခဲ့သလိုပင် ဖြစ်သည်။

အခုတွေ့နေရသည် အခြားမိန်းမတစ်ယောက်ပမာ သိပ်အသက်မငယ်လှသော အမျိုးသမီးတစ်ဦး၊ ဆံပင်က သူမ ဆံပင်အရောင်မျိုးတော့ မဟုတ်သော်လည်း တစ်ဝက်တစ်ပြက်မြင်ရသမျှ သူမဆံပင်ပုံနှင့် တူနေသည်။ အလယ်တည့်တည့်ခွဲထားပြီး ထိပ်ကို ပြောင်တင်းအောင် လှန်ဖီးလျက် ပြင်သစ်ဆံထုံးထုံးထားသည်။ နဖူးထိပ်မှာ ဆံယဉ်စလေးများကို အနက်ရောင် တောင်ပံနှစ်ဖက်ဖြာထွက်သလို သပ်ထားရာ သူမမျက်မှောင်က ပို၍ နိမ့်တွဲ ပိုသိပ်သည်းကာ သူမ၏ အငေးအမောကို ပိုလေးပင်နက်ရှိုင်းစေသည်။ နေ့လယ်စာအတူတူလာစားနေကြသော သူ့အပေါင်းအသင်းများ၏ မျက်လုံးများက သူ့ကို အမေးပုစ္ဆာ ထုတ်နေသည်။

သူတို့ဘက်ကို သူအာရုံပြန်လှည့်လိုက်သည်။ ထိုမသိသော အမျိုးသမီး၏အသွင်အပြင်ထဲမှ အခြားသော အမျိုးသမီးတစ်ယောက်၏ အသွင်အပြင်ကို ဖိညှစ်ဖော်ယူရန် ကြိုးစားအားထုတ်နေရသော သူ့မျက်လုံးများလည်း ကျိန်းစပ်လာသည်။ စားပွဲဝိုင်းရှိ သူ့အပေါင်းအသင်းတစ်ဦးဖြစ်သူ နုညံ့သောဆံပင်ဖြူဖြူ ဘဏ်လုပ်ငန်းရှင်ကြီးက သူ့ကို ရက်ရောသော ချက်လက်မှတ်တစ်စောင်ပမာ ခင်မင်သဘောကျနှစ်သက်သူဖြစ်ပြီး ယခုပရိယာယ်မပါ လူမှုရေးအတတ်ပညာကို လျှော့ပေါ့လျက် သူတို့နှစ်ယောက်ကြားလုံခြုံမှုအပေါ် လစာတိုးကာ ရိုးရိုးကုပ်ကုပ်လေးနှင့် ခပ်မဆိတ် ငုပ်လျှိုးနေလေသည်။ သူ့အပြုံးမြဲစိစိကလည်း တစ်စုံတစ်ရာ ရက်ချည်းဖော်ထုတ်

ဝန်ခံချက်ပေးတော့မည့် သူ့တွန်းအားကို သူ ပြန်ကန်ကွက်တားဆီးနေဟန် ရှိသည်။ အခြားသော အပေါင်းအသင်းတစ်ယောက်မှာ အသက်ပိုကြီးသော အမျိုးသမီး ဖြစ်၍ အာမခံပစ္စည်း လက်မှတ်ထိုးသူ ယခင် ပူးတွဲတာဝန်ခံ ဟောင်းလည်းဖြစ်၍ သူ၏စာရင်းအင်းဆန်ဆန် သုံးသပ်မှုက နောင်တရဖွယ် မရှိအောင် မှန်တတ်ပြီး သူမ၏ပုဂ္ဂိုလ်ရေးအမူအရာက ပူဆွေးသွေးပျက်နေ သယောင်ယောင်ကို လုပ်ကြံဖန်တီး ဟန်ရေးပြချက်များသာ ဖြစ်သည်။

"ကျွန်တော် သရဲတွေ တွေ့လာတယ်ဗျ" ဟု သူက သူမကို ရှင်းပြရာ သူမက ခေါင်းတညိတ်ညိတ်နှင့် နားစိုက်ထောင်သည်။ သည်အပေါင်းအသင်း သုံးယောက်စလုံးက ယုံလွယ်လွန်းမှု တိုက်စားမှုမှိန်သွားသော ခပ်ပျော့ပျော့ နှင့် ဘာမျှ မယုံတတ်သူများအဖြစ် တစ္ဆေသရဲအကြောင်း ဆွေးနွေးနေကြ သည်။ စကားလက်ဆုံကျမှု ကန့်လန့်ကာက ထပ်မံ ကာလိပ်ကျလာသော်လည်း သူ့လက်ဝါးနှစ်ဖက်မှာမူ မှန်နှစ်ချပ်ကြားထဲ ညပ်နေသည့်အလား တဆတ်ဆတ် တုန်ယင်နေရသည်။ သူမ၏ငေးစိုက်နေမှုများ ဆပွားဆင့်ကဲ လာရာက ပြန်လျော့ပါးလာသည်ကို သူ မျက်နှာမူပြီး အတွေးဝင်နေပုံရသည်။

သူတို့နှစ်ယောက် ပထမဆုံး စတွေ့ကြသည်က ကြီးမားသော သတ္တု ကျောက်ပြားချပ်ကြီးနှင့်တူသည့် ပန်းချီကားချပ်ပါရှိသော တိုက်ခန်း တစ်ခန်း မှာ ဖြစ်၍ ထိုအထဲရှိ ပရိဘောဂများက ကွဲရှနေကာ သူမ ဝင်လာသည်က ခြေဖျားထောက်ဝင်လာပုံရလျက် သူမ၏ခင်ပွန်းသည်ပြောခဲ့ ဆိုခဲ့သည်များ အပေါ် တစ်စုံတစ်ရာ ဖာဖာထေးထေး ကာကွယ်ပြောလို၍ လာသည် ထင်ရ ပါသည်။ ဤသို့သော စိတ်ခတ်ထင်ရှားပြီးသည့် သူမလို မိန်းကလေးမျိုးက နားကင်းထူလှသော စကားစတည်ခြင်းမျိုးဖြင့် သူမကိုယ်သူမ ဘယ်အတွက် ကြောင့် အခြေစတည်လာသည်ကို သူ မရိုးမရွ ဖြစ်စွာ စဉ်းစားမရ ဖြစ်မိ သည်။

သူမ ပေးအပ်လိုက်သည့် ငေးစိုက်ကြည့်မှုကို ရရှိလိုက်သော သူ့အနေ နှင့် စိတ်ထဲ မရိုးမရွဖြစ်လာပုံကိုလည်း သူမက အခန်းထဲ ဖြတ်လာရင်း



သတိပြုမိရမည်သာ ဖြစ်သည်။ ဤအခေးမှာ အကြည့်တစ်ရပ်အနေနှင့် တုံးတိတိလည်း နိုင်၊ ရှောင်ထွက်ရာလည်း ကျသည့်အပြင် တစ်စုံတစ်ရာ အားစက်စက်နိုင်နေ၍ မရေမရာ မာကြောကြောဟန်လည်း ရှိကာ သို့သော် စပ်စပ်စုစု ဖြူကျယ်ကျယ်နှင့် ပါဝင်သည့် အမယ်အင်္ဂါရပ်များက အမည်တပ် ခံရမည့်အရေးမှ လန့်ဖျတ်ရှောင်တိမ်းသည့်အတွက် အကြည့်က ပွင့်လင်း၍ ပင် လာသည်။

ဤမျက်လုံးများသည်ပင်လျှင် သူမ၏ အရိုးအဆစ်ကြီးကြီး မဲ့ခြောက် များ ပြည့်နှက်နေသော ခပ်ကြမ်းကြမ်း ယောကျ်ားလျာမလေးဆန်သော မျက်နှာပေါ်ရှိ တစ်ခုတည်းသော ညို့ယူဖမ်းစားနိုင်စွမ်းရှိသည့် လက္ခဏာ ရပ်ဖြစ်နေသည်။ သည်မျက်နှာက ပျော်ရွှင်မြူးထူးမှုများကို ထုတ်ဖော်ရန် ရှူးရှူးရှရှ စိတ်ပါလက်ပါ ရှိတတ်မှုအရာ၌ ဖောဖောသီသီ နာမည်ရနေသည်။ သူမ ရယ်မောလိုက်သည့်အခါ သွားများ အဖွေးသား ပေါ်ထွက်လာသည်က ဦးခေါင်းအခွံအရိုးနှင့် တူလှသည်။ သူမ ငေးကြည့်နေစဉ်တွင်လည်း သူမ၏ ကြီးမား၍ ကျက်သရေလည်း ရှိ။ ပြည့် ပြည့်ဝန်းဝန်းနှင့် ဝိုင်းစက်နေသော မျက်လုံးများက ယင်းတို့၏ပုံသဏ္ဌာန်ကို ကျောက်ရုပ်မျက်လုံးအလား မပျက် အောင် တင်းခံထားကြသည်။

နောက်ပိုင်း သူတို့နှစ်ယောက်၏ သိကျွမ်းရင်းနှီးမှု ရှင်သန်ကြီးထွား ကာ အဆိုပါ ကနဦး မရိုးမရွဖြစ်မှုကို လွန်မြောက် ကျော်လွှားနိုင်သည့်အခါ တွင် သူမကို ခေတ်သစ်မော်ဒန်ပန်းချီပြတိုက်၌ သူ သွားရောက်တွေ့ဆုံလေ့ ရှိသည်။ ခေတ်ဟောင်းရုပ်ရှင်ကားများ၏ရုပ်သေခတ်ပုံပြပွဲကာလ အတွင်း က ဖြစ်သည်။ အပြစ်ကင်းသော ရွှင်မြူးခြင်းကို ရှေ့ထားလျက် သူ သွား တွေ့ရာတွင် သူ့မျက်မှောက်၌ သူမ ရှိနေလျက် ကိုယ်က သူ့ကို နိုးကြား နေစေပြီး သူမ၏ အခေးအမောနှင့်လည်း မမျှော်လင့်စွာ ဆုံမိရပြန်သည်။
"သောကြာနေ့ညက ရှင်တို့လာမယ်လို့ ကျွန်မတို့ ထင်နေခဲ့တာ"

"ခင်ဗျားတို့ မျှော်နေတယ် ဟုတ်လား။ အဲဒီ သောကြာနေ့ညက ဘာရှိလို့လဲ"

"အို ဘာရယ်လို့ မဟုတ်ပါဘူး။ ကျွန်မတို့အိမ်မှာ ပါတီပွဲလေးတစ်ခု လုပ်တာပါ။ ရှင်တို့ လာမယ်ထင်လို့ ကျွန်မတို့ စောင့်နေခဲ့သေးတယ်"

"ကျွန်တော်တို့ကိုလည်း မဖိတ်ပါလား"

"ဖိတ်ပါတယ်။ ရှင့်ဇနီးကို ဖုန်းလှမ်းဆက်ပြီး ဖိတ်လိုက်တယ်လေ"

"မိန်းမက ကျွန်တော့်ကို ဘာမှပြန်မပြောဘူး။ သူ မေ့သွားတာပဲ ဖြစ်ရမယ်"

"ထားပါတော့လေ။ ဒီကိစ္စ သိပ်တော့လည်း အရေးမကြီးလှပါဘူး"

"ဒါပေမဲ့ သည်ပျက်ကွက်မှုက ဖြစ်သွားခဲ့ပြီ။ ကျွန်တော် စိတ်မကောင်းပါဘူး။ ကျွန်တော် လာချင်ပါတယ်။ မိန်းမက သည်ကိစ္စ ပြန်ပြောဖို့ မေ့သွားတာကတော့ အတော်ရယ်စရာ ကောင်းပါတယ်။ သူက အမှန်တကယ်ဆိုရင် ပါတီပွဲတွေနဲ့ပဲ အသက်ရှင်နေရတာပါ"

"မှန်ပါတယ်" သည်နောက် သူမ၏ အငေးအမောက သူ့ကို စိတ်ဂယောက်ဂယက် ဖြစ်သွားစေပါသည်။ အကြည့်က သူ့ကို တည်တည်ကြည့်နေခြင်း မဟုတ်တော့။ သူ၏အကြောင်းပြချက်များ မပြည့်ဝ၊ မဖုံးလုံသေးခင်မှာပင် မိန်းမသားနှစ်ယောက်ကြားမှာ ရန်လိုရန်စောင်မှုက ဖြစ်တည်နှင့်ပြီ ဖြစ်သည်။

သူတို့အားလုံး တက်ရောက်ခဲ့ကြသည့် ပါတီပွဲတစ်ခုမှာ ပွဲနောက်ပိုင်း ခဏတာအခိုက်အတန့်မျှ သူနှင့် သူမ နှစ်ယောက်တည်း ဆိတ်ကွယ်ရာ၌ ရှိကြစဉ် သူမကို သူ နမ်းမိခဲ့သည်။ သူမနှုတ်ခမ်း၏ တုံ့ပြန်မှုက မတင်မကျ အကြိအိုက်နေပုံပေါက်၍ သူလည်း နောက်ပြန်ဆုတ်ကာ သူမ မျက်နှာအား အကဲခတ်ကြည့်ရာ သူ့အနမ်းကို ဆွဲညှို့သိမ်းပိုက်ခဲ့သော စိုစွတ်စွတ် ပုံ



သဏ္ဌာန်မဲ့ နွေးထွေးမှုကို တွေ့ရမည့်အစား သူမ၏ ငေးစိုက်ကြည့်နေမှုသာ တွေ့ရသည်။

ထိုအကြိမ် ရင်ဖွင့်လိုက်ပြီး၍ လအနည်းငယ် အကြာတွင် သူမ၏ အငေးအမောကို ကြည့်ရခြင်းမှာ သူ့အတွက် အပန်းတော်ဖြေ၊ အငြိုးတော်ဖြေသဘော ဖြစ်လာပါသည်။ သူ့လက်အောက်မှာ သူမခန္ဓာကိုယ်မှ နုညံ့ပျော့ပျောင်းမှုများ စုဆောင်းမိပြီး ဖြစ်နေသည်။ နောက်ထပ်ပါတီ ပွဲတစ်ခုပြီးဆုံး၍ အိမ်ပြန်အရောက် ညဉ့်နက်သန်းခေါင်ယံအချိန်တွင် သူ့ ဇနီးသည်က သူမ၏မသိနားမလည်မှု အရုဏ်ဦးအကြို မှောင်မိုက်ခြင်းထဲမှာ သူ့နံဘေး၌ အိပ်မောကျလဲလျောင်းနေသည်။ ပြိုင်ဘက်မိန်းမတစ်ယောက်၏ တရားနည်းလမ်းကျမှန်ကန်သော အကဲဖြတ်ချက်ကို သူမက အေးအေးချမ်းချမ်း အမှတ်လက္ခဏာပြုနေပါသည်။

သူမ ဘယ်လောက်လှလိုက်ပါသလဲ။ သူမ၊ အခြားသောသူမ၊ ထိုသူမကတော့ တရားမှန် လမ်းမှန် ဖြစ်လာနေပြီဟု သူ၏သဏ္ဌာန်ဖောက် နွေးနွေးထွေးထွေး သဉ္ဇာထက်မှာ နိုးတစ်ဝက် အိပ်မက်မက်ရင်းဖြင့် သူ သိလိုက်ပါသည်။ သူမ၏ရယ်မောခြင်းက ယခင်ကလို ဆာလောင်မွတ်သိပ်မှု ပြင်းစွာ တလက်လက်ထခြင်း မရှိတော့။

ထိုပြင် သူနှင့်သူမတို့ ဖန်တီးခဲ့ကြသည့် လျှို့ဝှက်မှုတိုဖြင့် ဆေါင်းလန်နေသော သူမမျက်ဝန်းများကလည်း နောက်ပိုင်း ပိုနက်ရှိုင်းလာကာ သူမမျက်နှာ၏အခြားဘက်၌ လေးတွဲတွဲမှိုခိုခဲ့သော မိန်းမ ငယ်လေးဆန်မှုကို ပြန်ရယူသွားသည်ထင်ရသည်။ သူမကို သူ နှင်းအပ်ထားသော အလှတရားဖြင့် ရစ်ပတ်လျက် မတ်တတ်ရပ်နေသည်ကို အခန်းထဲ မြင်ရလေတိုင်း သူ့ကိုယ်သူ ဖန်ဆင်းသူတစ်ယောက်၏ ဂုဏ်သိက္ခာ၊ ဖခင်တစ်ယောက်၏ ဂုဏ်ယူခြင်းမျိုး ခံစားရသည်။ လင်မယားနှစ်ယောက် အတူတူ သွားလာရလေတိုင်း သူတို့ ခွဲခွာစဉ်က အဝေးပို့ထားခဲ့သော မှင်စာနှင့် ဆင်တူနေသည့် သူတို့၏ရင်သွေးငယ်လေးသောနားမှာ အတူပါလာလေသယောင် နုညံ့မှု

တစ်ရပ်က ရှိနေတတ်မြဲပင်။ သို့သော်လည်း ထိုလများအတွင်း သူတို့၏ လျှို့ဝှက်ထိမ်ချန်ချက်များ အနက်အရှိုင်းအတွင်းမှာပင် အတူတူ တိုက်ပိတ်ခံထားရသည်သို့ နှစ်ယောက်သားလဲလျောင်းရင်း သူတို့ကြားက လျှို့ဝှက်ချက်များ ကြေမွ ကွဲပျက် ပွင့်ထွက်လာခဲ့သော် ဘယ်အရာကိစ္စများ အလျင်စလို လုပ်ရမည်ကို ဆွေးနွေးနေခဲ့ရာ သူ့ရင်ထဲ မကြာခဏ မှိတ်တုတ် မှိတ်တုတ် ပြိုးပြက်လာသည့် အရာက မည်သို့ပင် နွမ်းလျမှုအလွမ်းပိုမျက်ရည်များဖြင့် အရည်အချင်း ပြည့်မီသည်မှန်စေ၊ မမှားယွင်းနိုင်သော စွဲချက်တင်ခံရနိုင်ဖွယ် ရှိသည့် မာတောင်မှုတစ်ရပ် ဖြစ်နေတော့သည်။ ထိုသို့ ရင်ထဲအုံကြွနေသည့် စွပ်စွဲခံရမည့်အရေးကိစ္စအနှစ်အသားတော့ မပါဝင်။ ဘာတွေစွပ်စွဲခံရသလဲဟု ဖိအားပေး အမည်တပ်ပြောရမည်ကို သူ့အသိစိတ်က လန့်ဖျတ်ရှောင်တိမ်းသော်လည်း ထိုဘောက မသိမမြင်နိုင်လောက်အောင် ထင်ရှားလာသည် ဖြစ်၍ သူ့မှာ စိတ်သက်သာရာရဖို့ ကူသူ ကယ်သူ မဲ့နေရှာတော့သည်။

နှစ်ဦးသား ခွဲခွာသည့်အခါတိုင်း သူ့အိမ်က အထွက် သူမ တခါပြန်ပိတ်တော့မည်ဆဲဆဲ နောက်ဆုံးတဒင်္ဂလေးမှာ သူမ လှမ်းကြည့်သော အကြည့်က သူ့အား ခြောက်လှန့်နေသည်တော့ ကြာရှည်ခံအောင် သွန်းခတ်ထားသော သလင်းကျောက် လက်စွပ်ပြားပြားလေး တဖျတ်ဖျတ်လက်သကဲ့သို့ ရှိသည်။

ညင်သာသော လများစွာ ကုန်လွန်တိုက်စားသွားခဲ့ပြီး သူမကို သူ နောက်ဆုံးတွေ့ခဲ့စဉ်က သူမ၏ငေးစိုက်ကြည့်မှုမှာ ဟာလာဟင်းလင်း ဖွင့်လျက် ရှုပ်ထွေးဆူပွက်လာပါသည်။ “ရှင် ကျွန်မကို မချစ်ဘူးလား” မိသားစု နှစ်စုကတော့ ဝရုန်းသုန်းကား ပျက်စီးချေတော့မည်။ သူမထံငြိတွယ်ဖြစ်သွားအောင် သူ့ကို ပို့ဆောင်ပေးသော စိတ်တသိက်က ယခုတော့ ပုန်းရှောင်တောင်းပန်ခယရန် လိုအပ်လာမှုအဖြစ် ခပ်ပါးပါးရောက်လာပါသည်။

“လုံလောက်အောင် သဲကြီးမဲကြီးတော့လည်း မဟုတ်တော့ဘူးပေါ့” အမြဲတမ်း ခပ်ရှင်းရှင်းပြောနေကျအချက်အလက် ထိရှမိရှခပ်ရိုးရိုး သူဆိုလိုရင်းဖြစ်သည်။



သို့သော် သူမက ဤသူ့စကားကို အသေရိုက်သတ်ချက် တစ်ရပ်အဖြစ် ခံယူလိုက်သည်။ သူမမျက်နှာ ဖွေးခနဲ ဖြူရော်ဆင်းသွားကာ မကြာခင်ရက်များက ကြုံရသော တုန်လှုပ်ရမှုများ၏ ဆုပ်ဆွဲထားခြင်းကိုလည်း ခံရသည်။ ခပ်တင်းတင်းဖြီးသင် သပ်ခွဲထားသော သူမဆံပင်မဟူရာ တောင်ပံနှစ်ဖက်အောက်နားတွင် သူမ၏ ငေးစိုက်ကြည့်မှုက ဆွေးအေးအေး ထိန်းချုပ်ထားပြီး ခွင့်မလွှတ်တမ်း ရန်လိုနေသော ဘဝတစ်ခုအတွင်းသို့ ပြန်လည်ရှင်သန်ဝင်ရောက်လာနေသည်ဖြစ်ရာ ရက်သတ္တပတ်များစွာ ကြာသည်အထိ ထိုအကြည့်ကို ရင်မဆိုင်ဘဲ သူ့မျက်လုံးအစုံကို ပိတ်ထားနိုင်စွမ်း မရှိတော့ပေ။ ညဉ့်ပန်းနှိပ်စက်ခံ သားကောင်တစ်ယောက်က သူ့ကို မျက်လုံးကန်းစေသော မီးရဲရဲတောက် သံတွေခဲကို မျက်တောင်မမှိတ်တမ်း မကြည့်မနေရ စိုက်ကြည့်နေရသကဲ့သို့ပင်ရှိသည်။

*

ယခုတော့ ‘နယူးယောခ်’ သို့ သူပြန်ရောက်စ တစ်ယောက်တည်း လမ်းလျှောက် အေးရာအေးကြောင်း တစ်ခုခုစားသောက်ကာ အကျိုးအမြတ်ရှိမည့်စကားမျိုးသာ ရွေးပြောရင်း ကိုယ်စိတ်ကို ကိုယ်အတော်ကုသထားမနေပြီဟု သိထားပြီးကာမှပင် ယခု သူ့ဒဏ်ရာက ပွစပ်ပွလောင်နှင့် ပြန်ပွင့်လာရပြန်ပါသည်။ တလက်လက်တောက်ပနေသည့် မြို့တော်မှာ အစွမ်းထက်မြက်သောအချွန်များဖြင့် ထောင်နေလေသည်။ သူ့စက္ခုအာရုံမြင်ကွင်းအစပ်မှ စဉ်ထွက်လာသမျှသော ခပ်ပြားပြား မျက်နှာတိုင်းက သူမမျက်နှာပင် ဖြစ်နေသည်အလား ထင်နေရသည်။ သူ့ကို သူမကိုယ်တိုင် လိုက်လံရှာဖွေနေပြီဟုလည်း သူ စနိုးစနောင့် ဖြစ်ရသည်။ ဘယ်နေရာမှာများ သူမ သွားရှာဖွေနေပါလိမ့်။ ခပ်ရိုးရိုးပင် သူနှင့်များ တွေ့လိုတွေ့ငြား လမ်းတစ်လျှောက် ဟိုဝင်သည်ထွက်နှင့် တွေ့သမျှပြုံးပြနေမှာက သူမ၏ကိုယ်ပိုင်ဟန်ပန်ပဲ ဖြစ်လိမ့်မည်။ သူ့မှာ စိတ်ထင့်လေးနေတာ တစ်ခုရှိသည်။ မှန်သည်

ဟိုနေရာ လေးဆယ့်သုံးလမ်းကို ဖြတ်ကျော်ရန် သူ စောင့်နေစဉ် 'ပွာတိုရီကန်' စေတာမန်ကောင်လေးနှစ်ယောက်ကြား ရပ်နေသည်မှာ သူမ ဖြစ်နေတော့သည်။ သူရှိရာဘက် ကျောခိုင်းရပ်နေခြင်းပင်။ တစ်ခုခုကို မျှော်ကိုးနေဟန် ခေါင်းလေးငံ့တဲ့တဲ့နှင့် စောင့်နေသည့်ဟန်က တခြားလူနှင့် မည်သို့မျှ မမှားနိုင်။ ပါးမို့မို့ ခပ်မြင့်မြင့်တင်းနေသည့် ကောက်ကြောင်းက ကောင်မလေးဆန်လှသည်။ ဆံပင်အုကောင်းကောင်း ထူထူထဲထဲလိပ်ထားသော ဆံပြောင်လက်နေသည့် ဆံထုံးတွင် သူမ၏ဆံညှပ်များက သူမခေါင်းကို ထိုးမိ၍ နာနေရှာတော့မည်ဟု သူ အမြဲတကြောင့်ကြကြ ဖြစ်နေကျ။

သူက ရှိုးတိုးရှန့်တန့် နောက်သလို ပြောင်သလိုနှင့် သူမနှင့်ဘေးချင်းယှဉ် ရင်ပေါင်တန်းလိုက်ကာ အံ့သြသွားအောင် လုပ်သည်။ သူမက ကြိုတင်ဘဏ်ဆင် ဆေးခြယ်ထားသော မိန်းမတစ်ယောက်အဖြစ် အောက်နှုတ်ခမ်းအိတွဲကျနေသည်။ သူက မယုံမကြည်နိုင်စွာ လှည့်ပတ်စိုက်ကြည့်နေဆဲ၊ သူမ၏ အဝေးအမောက မှိတ်တုတ်တုတ် ရေးရေးမှိန်ပျပျသာ လင်းလျက် ခေတ်မီဘဏ်တစ်ခု၏ယိုင်တိုင်တိုင် နံရံပြတင်းပေါက်တစ်ခုအတွင်း ဝင်ရောက် ပျောက်ကွယ်သွားပါသည်။ လမ်းကို ဖြတ်ကူးပြီး ဘဏ်ထဲ သူကြည့်လိုက်ရာ ဘယ်သူမှ မရှိ။ သူသိသူတစ်ယောက်မှလည်း မတွေ့။ မြင်ဖူးသလို ဝိုးတိုးဝါးတားဖြစ်သော အပူပိုင်းဖုံ သစ်ပင်တချို့ကိုသာ ပန်းအိုးဖြင့် အလှချထားသည်ကို တွေ့ရသည်။

သူ့အလုပ်ထဲ ပြန်လာသည်။ သူ့ကုမ္ပဏီက ရက်အားရက်မှာ လူတစ်ယောက်၏ ရုံးခန်းသို့ သွားရောက်ရန် ဤအလည်အပတ်ခရီးအတွက် သူ့ကို ငှားထားခြင်းဖြစ်သည်။ သူ့မှာ အလုပ်ချိန်တိုင်း၏ နောက်ဆုံးပြီးလုလု ၅-မိနစ်တာ ကာလလေးများမှာ သူ့ကိုယ်သူ သူမ ရောက်လာလျှင် ဧည့်ခံရန် အဆင်သင့်ပြင်နေသည့်သဖွယ် စိတ်ကူးယဉ်အာရုံတွင်း ဝင်စားနေမိသည်။ သူ့စားပွဲပေါ်မှ တယ်လီဖုန်းသံ မြည်လာလေတိုင်း ဤအကြံအိုက်နေသော မိန်းမတစ်ယောက်တော့ဖြင့် ယောက်ယက်ခတ် မျက်လုံးတွေနှင့် သူ့ကို



တွေ့ခွင့်တောင်းလာကြောင်း ဧည့်ကြိုစာရေးမလေးက အသိပေးတာများလေလားဟု သူထင်မိယောင်မှား မျှော်လင့်မိတတ်သည်။

သူ ခန်းမကျယ်တွေထဲ ဖြတ်လျှောက်လျှင်လည်း သူ့မြင်ကွင်းထဲ ဖြတ်ဖြတ်ပေါ်လာသော အတွင်းရေးမှူးမလေးတစ်ယောက်တလေက အလားတူ အချက်များ လာပြောလေမလားဟု သူ့နှလုံးသား တဖတ်ဖတ်ရိုက်ခဲရသည်နှယ် ဖြစ်ပြန်သည်။ ငှားရမ်းထားသော သူ့ရုံးခန်းထဲ သူ ပြန်လာသော အခါအထဲမှာ သူမကို မတွေ့ရ၍ ကြက်သီးဖျန်းမိပြန်သည်။

ရှုံ့ရှုံ့မဲမဲနှင့်ပင် အဝါရောင်ခြယ် ကလေးသူငယ်များ၏ပန်းချီကားများ၊ လူတစ်ယောက်၏ ကလေးသူငယ်ပုံများကို နံရံပေါ် တိတ်နှင့်ကပ်နေသည်။ ငြီးငွေ့ဖွယ် နေ့လယ်ခင်းက ဤနံရံများပေါ်အရိပ်များ ကပ်ထားခဲ့သည်။ သူ့ပြတင်းပေါက်အပြင်ဘက်၌ မိုးမျှော်တိုက်များက နေရောင်လက်စပြုပြီ။ ဓာတ်လှေကားဖြင့် သူ အောက်ဆုံး ဆင်းချကာ အေးအေးချမ်းချမ်း နေဝင်ဆည်းဆာထဲလျှောက်လျက် သူမ အကြောင်း စဉ်းစားခွင့်ရသည်ကို ကျေးဇူးတင်နေသည်။

သူမ ရှိနေကြောင်း အကြောင်းကြားချိန်းဆိုခြင်းဖြင့် သူ၏တစ်နေ့တာ ရုံးအလုပ်များကို လက်စသတ်ပေးလိုက်သည်မှာ သူမပင် ဖြစ်လိမ့်မည်။ နှစ်ယောက်အတူတူ သွားလာဖြစ်ကြသည့် ကစဉ့်ကရဲပြန့်ကြဲသော နာရီပိုင်းကာလများတွင် သူမက အမြဲတစေ သူ့အပေါ် မယားဝတ္တရား ကျေပွန်သော ဇနီးသည်တစ်ယောက်၏ နေပုံထိုင်ပုံ ဆက်ဆံပုံ ပြုလုပ်ပုံများ အတုယူဟန်ဆောင်လုပ်ပြလေ့ရှိသည်။ သို့သော် ယခုအခါ၌မူ သူမမှာ ပုန်းလျှိုးကွယ်လျှိုး သိုသိုသိပ်သိပ်နေပေးမှုများ ရပ်စဲသွားဖွယ်ရှိရာ သူ့အနေနှင့် သူမကို ညစာကျွေးရန် သက်သက်သာသာ စိတ်ပေါ့ပါးစွာနှင့် ခေါ်ထုတ်သွားနိုင်ပေပြီ။

သူ ပိုက်ဆံအိတ်ကပ်ထဲ ပိုက်ဆံလောက်၊ မလောက် သေချာအောင် ပြန်စစ်ရသည်။ သူမက သံသယဖြစ်ဖွယ် မရှိ။ ပြဇာတ် သွားကြည့်မည်ဟု ပူဆာလာမှာ သေချာနေသော်လည်း သူမကို ပြဇာတ် လိုက်မပြဖို့ သူ ဆုံးဖြတ်မိသည်။ သူမက ပြဇာတ်သိပ်ကြိုက်သည်။ သို့သော် သူတို့မှာ တကိုယ အကြောင်းကိစ္စတစ်ခုအပေါ် စိတ်မဖြောင့်နိုင်ဘဲ အတူနေရန် မဆိုစလောက်သာ အချိန်က ရသည်။

သူတို့ နှစ်ယောက်၏ ဟိုတယ်ခန်းဟု အခုထိ သူသတ်မှတ်ထားဆဲဖြစ်သောအခန်းတစ်ခုသို့ သူ ရောက်လာသည်။ သူမက သူ့ကို ဧည့်ကြိုဆောင်မှာ ထွက်စောင့်မနေမှန်း သိရ၍ သူ အံ့သြသွားသည်။ ဧည့်ကြိုဆောင်မှာ ပါတီတစ်ခုအဖြစ် လူပြည့်နေသည်။ ရယ်ပွဲဖွဲ့မှုတွေ အပြိုင်ကြဲနေကြသည်။ ‘ချားလ်စ်ဘွိုင်ယာ’က ဓာတ်လှေကားကို စောင့်နေသည်။ သူမက ဧည့်သည်များ စောင့်ကြိုရသည်ကို နှစ်သက်ခုံမင်တတ်မြဲအတိုင်း စားပွဲရှေ့ခုတန်းရှည်ပေါ် ထိုင်နေရင်း ဧည့်သည်များကို စောင့်ကြိုနှုတ်ဆက်ကြည့်ရှုနေရာ သူမ၏သွယ်တန်းသော ဆေးလိပ်တံလေးများကို ချိတ်လျက် အနက်ရောင်သူမဖိနပ်တစ်ဖက်က ခွာထိပ်ချွန်မြမြနှင့် လေထဲ ဆက်ခနဲ ထိုးနေသည်။

ဤမိန်းမမှာ သူ့ဇနီးဖြစ်ကြောင်းကို အလုပ်ထဲမှ သူ့လက်အောက်စာရေး တစ်ယောက်ကို သူ ရှင်းပြထားပြီး ဖြစ်သည်။ သူတို့နှစ်ယောက်သား အခြေအတင် စကားများခဲ့ကြပြီးပြီ။ သည်နောက်တော့ သူမက စိတ်ဆေးဆော်မှု အလိုလိုက်ကာ နယူးယောခ်အထိ လိုက်ခဲ့မည်ဟု ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ပုံမှန် သမားရိုးကျတော့ မဟုတ်။ သို့သော် အမျိုးသမီးပင် မဟုတ်လော။ သို့အတွက် သူ၏တစ်ခုတည်းသော အရန်ထားချက်ကို သနားကြင်နာထောက်ထားသောအားဖြင့် နှစ်ခုတွဲ နှစ်ဆောင်ပြိုင် ထားလိုက်နိုင်ပါမလား။ ကျေးဇူးပါပဲလေ။

ဤပြဇာတ်သေးသေးလေးကိုတော့ သူ့ခေါင်းထဲ အခိုင်အမာ ဇာတ်လမ်းခွဲထားပြီး ဖြစ်သည်။ ခေါင်းဆောင်မင်းသမီးဖြစ်သူ ဘေးအဖိဆွယ်



အခန်းတွေထဲ ရှိ၊ မရှိ သေချာအောင် သူ ဘားခန်းထဲ ဝင်ကြည့်သည်။ ဘားခန်းက အပြာရောင်လဲ့လဲ့ လင်းနေကာ နတ်သမီးလေးများက ဖောဖောသီသီ စောင့်ရှောက် ထိန်းသိမ်းပေးနေကြသည်။ သူတို့က ချွဲပျစ်ပျစ်နှင့် တမင်တကာ ဌာန်ကရိုဏ်း ပီသအောင် လုပ်ယူထားသော လေသံများဖြင့် ဂီတသံစုံ ဇာတ်မြူးတစ်ပုဒ်အကြောင်းကို တကယ်နှစ်သက်စွဲလမ်းနေလေသယောင် ဆွေးနွေးပြောဆိုနေကြလေသည်။

သူမ၏ အငေးအမောက ခုံကာကွယ်လို စိတ်နှင့် ချွန်မြနေသည်။ “ဟောဟိုအိတ်အဟောင်းကြီးပေါ့။ သည်မိန်းမ သူ့ကိုယ်သူ အလွန်အကျွံဖော်နေပြီ” နတ်သမီးများအနက်မှ တစ်ယောက် က နာကြားပြင်းကပ်ဖွယ်ကျော်ကြားသော မင်းသမီးကြီးအကြောင်း ထုတ်ပြောသည်။

သူ ဓာတ်လှေကားဖြင့် သူ့အခန်းထဲ တက်လာသည်။ ဤအခန်းမှာ သူတို့နှစ်ယောက်စလုံး စပ်တူပိုင်သော အခန်းနှင့် ဆင်တူသည်။ အတိအကျတစ်ထပ်တည်း တူညီတာတွေတော့ ဘာမှမရှိပါ။ ရေပိုက်တွေ တူနေသည်မှန်သော်လည်း တပ်ဆင်ပုံတပ်ဆင်နည်းမှာ မတူညီပြန်။ သူက ရုပ်အကျႌနှင့် လည်စည်းများကို ချွတ်လဲလိုက်သည်။ မှန်ထဲတွင် သူ၏ နောက်ဘက်ဦးမျှဉ်းကွေးတစ်ခု၏ ခပ်ဖြည်းဖြည်းရွေ့လျားမှုကို မိန်းမတစ်ယောက်၏ နှိုက်နှိုက်ချွတ်ချွတ် ခြေလှမ်းတစ်မျိုးနှင့် တူစွာကြားလိုက်ရ၍ သူ့ကျောရိုးထဲ စိမ့်ဝင်သွားသည်။ တံခါးလျှောခနဲ ပိတ်လိုက်သံလည်း ထပ်ပေါ်လာသည်။ မှမ်းကျပ်သောအခန်းထဲမှ စကြံလမ်းဘက် သူ တစ်ဟုန်ထိုး ထွက်လာသည်။ သူမကို တွေ့နိုင်ခြေရှိသည်ဟူသော မမြင်ရသော ဖြစ်နိုင်ခြေကို သူ ရှုသွင်းနေသည်။

သူတို့နှစ်ယောက် အတူတူစားသောက်ရန် သူ သတ်မှတ်လျာထားပြီးသား စားသောက်ဆိုင်၌ သူ ဝင်စားသောက်သည်။ စားပွဲထိုးက ပြာလောင်ခတ်နေပြီး တစ်ယောက်တည်းသမား သူ့ကို နေရာထိုင်ခင်းပေးသည်။ အနီးအနားစားပွဲမှာထိုင်နေသော စုံတွဲတစ်တွဲမှအမျိုးသမီးတစ်ယောက်က

နားကပ်တို့အနေအထားသို့နေသည့်အမှုအရာမှာ သူမ ပိုင်ဆိုင်သောအမှုအရာဖြစ်နေသည်။ သူမမှာက အမှန်တကယ်အားဖြင့် နားပေါက်ပင် မရှိပေ။ သူမအသားအရေ၏ ဤပင်ကိုသဘာဝရိုးသားရှင်းလင်းမှုက သူ့အတွက် ချစ်စဖွယ် ဖြစ်သည်။ သူ ကော်ဖီကို ရောင်ကြဉ်ထား၍ ယနေ့ည စွဲစွဲမြဲမြဲ နှစ်နှစ်ခြိုက်ခြိုက် သူ အိပ်ပျော်ပေလိမ့်မည်။

သူ လမ်းလျှောက်ခြင်းက ကိုယ်ဟာကိုယ် ပင်ပန်းအောင် လုပ်ခြင်းပင်။ ဘဲရော့ဝေးရပ်ကွက်က ထိပ်တိုက်တိုးစားခွက်လုကြခြင်းများဖြင့် အမွှမ်းအမံလွန်ကဲသော ဒေသဖြစ်သည်။ သဘော်သားများ၊ အသည်း ကျော်များနာကြည်းစေသူများနှင့် ဒလံလုပ်စားသူများ ပေါလှသည်။ နွေဦးပေါက်ရာသီက ဌာနေမြို့ခံလူများ၏သွေးသားထဲမှတစ်ဆင့် မြို့ထဲ စိမ့်ဝင်လာသည်။ မြို့သေားပတ်လမ်းများမှာ ‘ပူမင်း’အိပ်ရေးကြီးသူများ နေထိုင်ရာ ဘုရားကျောင်းဟောင်းစကြံလို တိတ်ဆိတ်ငြိမ်သက်ကာ ဘက်စုံထောင်စုံ တမျှော်တခေါ် မျှော်ကြည့်လျှင်ပင် လူဆက်ပြတ်လှသည်။

သူမက သူ့ကို ပဋ္ဌမရိပ်သာလမ်းပေါ်မှာ ရှာကြည့်လာလိမ့်မည်။ သူမ၏အိမ်တိုင်ရာရောက် ဈေးဝယ်တတ်မှုအသိဉာဏ်ကပင် သူမကို ထိုနေရာသို့ ပို့ဆောင်လိုက်ခြင်း ဖြစ်သည်။ သူမ၏အရိပ် သူ ခပ်လှမ်းလှမ်းကပင် မြင်သည်။ ‘ရောကဲဖဲလား ဇဟိုဌာန’အနီးမှာ ဖြစ်သည်။ သူ အနီးကပ်ကွက်ကွက်ကွင်းကွင်းတွေ့ရသော သူမမျက်နှာ၏တစ်စုံတစ်ရာအခိုက်အတန့်ပြင်ညီပြင်မှာ အခြားသောမျက်နှာတစ်ခု ဖြစ်သည်။ သူလည်း မသိ။ မနမ်းဖူးသော၊ ခေါင်းအုံးပေါ် ချအုံးခိုက် အေးအေးချမ်းချမ်း လေ့လာ အကဲခတ်ခြင်းပင် မရှိခဲ့ဖူးသော ထိုအခြားမျက်နှာတစ်ခုကို နောက်ချန်ထားရစ်ကာ လှစ်ခနဲလှစ်ခနဲ ပျံပြေးသွားတော့သည်။

တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ခန့်မျှ ‘ပရိမီသီယမ်’ ရေတံခွန်သို့ အလည်အပတ် မောင်းချသွားစဉ် ခုံတန်းကို လက်တို့ခေါက်ရင်း တံခါးပေါက်ဝ တိုးဝေ့သည့်အခိုက် သူ တစ်ချက် ဝေခနဲ လှည့်ကြည့်အလိုက်၊



သူတို့နှုတ်ဆုံမှု၏ မှင်စာ ချာတိတ်ကလေးငယ်လေးကို အိပ်ပျော်နေမှန်း တွေ့ရသည်။ သို့သော် သူမတော့ မဟုတ်။ သူမမှာ သူ တန်ဖိုးချမှတ်ပေးထားသော အဆန်းတကြယ် ရှင်မြူးပေါ်ပေါ်မှုနှင့်တကွ မွှေးပျံ့သင်းကြိုင်သောရနံ့ထုထဲ ကျရောက်နေသည်။ စာရင်းအင်းဆန်ဆန်အရ များနိုင်သမျှ များများတွေ့နေသော မျက်နှာပေါင်းမြောက်မြားစွာထဲမှာ သူမ မျက်နှာတစ်ခုမျှ မပါဝင်သည်မှာ အံ့သြဖွယ်ရာ ကောင်းနေသည်။ လုံလောက်သော အရေအတွက်ရှိ သူစိမ်းတစ်ရုံးများကြားထဲမှ သူမကို သူ သီးခြားခွဲထုတ် သဲယူစစ်နိုင်သည်ဆိုလျှင် ကျိုးကြောင်းဆီလျော်သည် ထင်ရပါလိမ့်မည်။ သူ့အနေနှင့် သူမကို ရေဒီယမ်အောက်ဆိုဒ် သတ္တုကျောက်ပိုင်းမှ ရေဒီယမ်သတ္တုစစ်ထုတ်သကဲ့သို့ စစ်ထုတ်သန့်စင်ယူနိုင်စွမ်းရှိသည်။ သူမက သူ့ဆီမှာ အရန်အဖြစ် ဘယ်သောအခါမျှ မရှိခဲ့ဖူး။ ယခု ကြောက်စရာကောင်းသော နည်းလမ်းနှင့် သူမ ပျက်ကွက်နေခြင်းမှာ သူမ မဟုတ်သကဲ့သို့ပင်။

လမင်းက စကိတ်စီးကွင်း၏ ရေမခဲတော့သော ကလနားစပ်ကို သူ၏အလင်းရောင်ဖြင့် မေတ္တာကို အခမဲ့ထွန်းလင်းပေးနေသည်။ သူ လှုရှာနေသည်ကိုသိနေသည့်အလား သူ ဖြတ်ကျော်သွားရာ မျက်နှာများကို ထွန်းပေးနေသည်။ သူမ ရှိနေမှန်း ဆက်ခါဆက်ခါ သိလိုက်ရသည် တဒင်္ဂလေးက သူ့ကို တုန်လှုပ်သွားစေသည်။ ဤတွေ့ဆုံပွဲက ဘယ်သို့ရှေ့ဆက်စခန်းသွားမည်ကို သူ ပြည့်ပြည့်ဝဝ သိထားခဲ့သည်။ သူမမျက်ဝန်းများက သူ့ကို မီးရောင်ထိုးကျနေမည်။ သည့်နောက် သူမပါးစပ်က အမြဲအနေရပ်တိုင်းမှာ တမင်နှုတ်ခမ်းတွန့်ပြုံးသော အပြုံးနှင့် နှုတ်ဆက်တတ်လေ့ရှိပြီး မည်သို့ပင်ကျက်သရေရှိသည်ဆိုစေ အနည်းငယ်ကြီးလှသောပါးစပ်ဖြစ်သည်။ သူမ၏အငေးအမောကလည်း သူမခန္ဓာကိုယ်ကို ရှေ့သို့ ဆွဲယူနေမည်။

ပြီးနောက် သူ အနီးကပ် တည်ရှိနေမှုကို စုဆောင်းယူရင်း မာကျောသော ထိန်းချုပ်မှုရှိသော အေးတိအေးစက်နိုင်မှုတို့ကို ဖျောက်ဖျက်သွန်ပစ်နေလိမ့်မည်။ သည့်နောက် ဘာပါလဲ။ မူလစကတည်းက ဤနေစရာမှာ

ရောက်ရှိနေခဲ့သော ထိုအခြေခံတရားသည် ဘာပါလဲ။ ထိုနောက် အဆုံးသတ် မှာ သူ့နှလုံးသားက စွမ်းအားကြီးကြီး လှုပ်ရှားနေသည့်ကြားမှ သူ့မှာ ပြင်းပြင်းပြပြဖြစ်လျက် အကြမ်းထည် ပိုးတဝါးရေ့ပြေးနိမိတ်ဖတ်ချက် တချို့က ရက်စက်ကြမ်းတမ်း ညှဉ်းပန်းတတ်သော အာဏာပိုင်စိုးမှုကို ပြည့်ဝ အောင်မြင်အောင် လုပ်ပေးနေသည် မဟုတ်လော။ သူ ဘယ်သောအခါကမှ အမည်မတပ်ခဲ့သောအရာကတော့ ဘာလဲ။ အမည်မတပ်ဖြစ်ရသည့် အကြောင်းမှာ ထိုအရာသည် သူ မတိုင်ခင်ကပင် တည်ရှိခဲ့၍ သူ့ကိုလည်း ချိတ်ဆက်ထားကြောင်း ဆိုသော အချက်နှစ်ချက်စလုံးကို သူ့ပကာသနစိတ်က ယုံကြည်လက်ခံရန် ငြင်းဆန်နေသော အကြောင်းကြောင့်ပင် ဖြစ်သည်။

ယခုအချိန်မှာ သူ့အဖို့ မောပန်းအနားယူရန် လိုလောက်ခြင်း မရှိ သူ စဉ်းစားမရပေ။ သူ့ခြေထောက်များတွင် အနာဂတ်ကို ကောင်းကောင်း နိမိတ်ပြ ဟောနိုင်သော ကိုက်ခဲမှုတစ်ရပ် ရှိနေသည်။ ဟိုတယ်သို့ သူပြန် လျှောက်လာသည်။ ဧည့်ကြို့ စကြံခန်းနှင့် ပွဲပြီးမီးသေ အငွေ့အသက်များ က ကျန်ရှိနေဆဲ။ ဘာအခမ်းအနား ပွဲလမ်းပါတီမှ မမြင်ရတော့။ ဝတ်ကောင်း စားလှနှင့် မိန်းမငယ်တချို့မှ စွင့်စွင့်ကားကား ဟန်ပန်တို့နှင့် အစောင့် အရှောက်တစ်ယောက် သို့မဟုတ် ဓာတ်လှေကားကို စောင့်ဆိုင်းနေကြ သည်။ ဘာမှ မှားစရာမလို ဓာတ်လှေကားခလုတ်ကို သူနှိပ်လိုက်စဉ် မျက်နှာ တစ်ခုက သူ့အာရုံမြင်ကွင်းဘေးစွန်းကို ဖြတ်အဝင် သူ့ခေါင်း ဆတ်ခနဲ လှည့်ကြည့်အမိ ခုလိုစကား သူ ကျယ်ကျယ်လောင်လောင် ပွင့်ထွက် ပြောချ မိမတတ် ဖြစ်သွားပါတော့သည်။

"ဘာမှ ကြောက်မနေပါနဲ့ကွာ။ ကိုယ် မင်းကို ချစ်တာအမှန်ပါပဲ"

**ကောင်းသာ**

မူရင်း။ ။ " The Stare."

[ The Music Schoolဝတ္ထုမှ]

# အချစ်ရဲ့လက်သည်းမှာ ချေးတွေနဲ့

## My Lover Has Dirty Fingernails

သူမ အခန်းထဲဝင်လာစဉ်က သူမတ်တတ်ရပ်နေခိုက် ဖြစ်သည်။ အတိအကျ ဆိုရသော် သူမတံခါးဖွင့်လာခိုက်မှာ သူက သူ့စားပွဲနောက်မှာ မတ်တတ်ရပ် နေခြင်း ဖြစ်သည်။ သူမက တံခါးကို ကျောခိုင်းပိတ်လိုက်သည်။ အခန်းက လေးထောင့်စပ်စပ်။ အိမ်ခန်းမက ရုံးခန်းမကျတကျ အလယ်အလတ်ပုံစံ။ မြင်ကွင်းထဲမှာ စာအုပ်တွေတင်ထားတာ ကိရိယာတန်ဆာပလာတွေ ချထား တာမရှိသော်လည်း ခပ်အေးအေး အဆန်းတကြယ် ဟန်ပန်အမူအရာမျိုး ပရိဘောဂတွေ ဆင်ယင်ချထားပါသည်။ (နံရံပေါ်မှ ခပ်ဖျော့ဖျော့အရောင်နဲ့ အနုစိပ် ရေးခြယ်ထားသော ဂျပန်ပုံနှိပ်ပန်းချီကားများရှိကာ ထူထဲသော ကော်ဇော၏အပြာရောင်က ထူးခြားသိပ်သည်းပြင်းပြသည့် တိတ်ဆိတ် ငြိမ်းချမ်းခြင်း၏ အရိပ်အာဝါသများ ကိန်းအောင်းနေလျက် အနက်ရောင် ထူထဲသော ဆိုဖာထိုင်ခုံမှာလည်း တစ်ခုတည်းသော သုံးမြှောင့်ပုံ လေထိုး ခေါင်းအုံးတစ်လုံးနှင့်တကွ ရှိနေသည်။)

ဤအခန်းမှာ ဘယ်လိုလူမျိုးများ အဆီအငေါ်တည့်အောင် နေထိုင်နိုင် ပါမလဲဟု မှန်းဆ ကြည့်ရခက်သလိုပင် လောလောဆယ်လည်း လူနေခြင်း မရှိ။ ယခု သူနှင့် သူမတို့ နှစ်ယောက်စလုံးက အပြစ်ပြောစရာမရှိအောင်ပင်

ကြောကြောမောမောနှင့် သားနားနေကြသည်။ အမျိုးသမီးက မီးခိုးရောင် လိုင်နင်စ ဝတ်စုံနှင့် ဘိနပ်အဖြူ၊ မှတ်စု စာအုပ်အဖြူ၊ ငွေရောင်လွှင်လွှင် ဆံကေသာအုကောင်းကောင်းကို ပြင်သစ်ဆံထုံးအဖြစ် တင်းကျပ်စွာ ထုံးထားသည်။ သူမ ဦးထုပ် ဆောင်းလေ့ဆောင်းထ မရှိ။ ယနေ့အတွက် သူမ လက်အိတ်များလည်း စွပ်မလာဖြစ်။

အမျိုးသားက အမျိုးသမီး၏ အဝတ်ထက် မဆိုစလောက် အရောင်ပို ဖျော့သော မီးခိုးဖျော့ ရွှေရာသီဝတ်စုံ ဝတ်ထားသည်မှာ ပြတင်းပေါက်အလင်း ရောင်နား ကပ်ပြီး ရပ်နေခြင်းကြောင့်လည်း အရောင်ပိုဖျော့သွားခြင်းလည်း ဖြစ်နိုင်ဖွယ် ရှိသည်။ ပြတင်းပေါက်မှာ နဂါးတစ်ကောင်၏ လေးထောင့်စပ် စပ် နှာသီးထိပ်ဝနှင့်တူနေကာ အထပ်အောက်ဆွဲချပိတ်ရသော လေသာမှန် တံခါးရွက်က ကျပ်နေသည်။

လေအေးပေးစက်ကလည်း ကြောင်အော်သံလို တရှီရှီ မြည်နေသည် မှာ ကြောက်စရာပင် နည်းနည်းကောင်းနေသည်။ အဆောက်အအုံ၏ မျက်နှာစာမှာ နေကျောခိုင်းသည်ဘက် လှည့်နေ၍ ရောင်ပြန်ရိုက်သော အလင်းသာ ဝင်လာသည်ကြားမှ ဗင်းနစ်မြို့ ဖြစ်နေကာ ယင်းအိမ်ကြောင် အခန်းထဲ မှိန်ပျပျသာ လင်းတော့သည်။ ထိုသူမှာ တစ်ဝက်တစ်ပြက် ဖြူဖွေး သောဆံပင်များဖြင့် တစ်ခေါင်းလုံးပြည့်နေကာ လှိုင်းတွန့်ထလျက် စေ့စေ့စပ် စပ်ကြောနေအောင် ဖြီးသင်ထားပြီး ဝင့်ဝါသည့်ဂိုက်ဆိုက်မျိုး ရှိနေသည့် အပြင် လူငယ်တစ်ယောက်ဟု ထင်ရလေသော ပုရိပ်က နဖူးထိပ်မှာ ထင်ရှိ သည်။

အမျိုးသမီးက သူ့ကို သူမထက် ဆယ်နှစ်ခန့် အသက်ပိုကြီးမည်ဟု ခန့်မှန်းလိုက်သည်။ ထိုအချည်းနှီးဖြစ်နိုင်ခြေမှန်းချက်အပြင် သူမက ထိုသူ၏ ဦးစွန်းထိပ်ရှိ ရှောင်တခင်ထင်ဟပ်ချက်ကို မောပန်းနွမ်းလျှမှုသာ ဖြစ်မည်ဟု ဖတ်ရှုနေမိသည်။ အချိန်က နေ့လယ်ခင်း။ သူကအတော်များများ နားစိုက် ထောင်ခဲ့ပြီး ဖြစ်၍ သူမက တောင်းပန်ခယလိုဟန် မရိုးမရွဖြစ်လျက် ကိုယ်



ဘာသာကိုယ်သာ သက်သာအောင် ဖြေလျော့။ သူမ လည်ပင်းကို ယောင် ကန်းကန်း ကုတ်ခြစ်၊ ကောင်မလေးဆန်သော ဂနာမငြိမ်မှုဖြင့် လက်ချောင်း များ အမွှေးထောင်နေသည်။ သူမ ထိုသို့အဖြစ်နှင့် ကိုယ်ဘာသာ ကိုယ်ထိုင်ချ ဖြစ်သည်အထိ သူက စောင့်ဆိုင်းနေသည်။ သူမ၏ မိန်းမသား ဖြစ်မှုအပေါ် ထပ်ဆောင်းလိုက်လျော့ပေးမှု ခပ်သေးသေးတစ်ရပ်အဖြစ် သူတို့နှစ်ယောက် ကြားရှိ ပုဂ္ဂိုလ်စွဲကင်းမဲ့မှု နံရံကြီးထဲ ပြတင်းပေါက် ဖွင့်ကြည့်သည်။ ထို ပြတင်းပေါက်မှ သူမချောင်းအကြည့် သူ့အပေါ် ကြည့်ကောင်းသည်လည်း မဟုတ်၊ အရုပ်ဆိုးခြင်းလည်း မရှိဟူသော အချက်ကို ရိုက်ခတ် တွေ့ရှိလိုက်ရ သည်။ ထိုအချက်အပေါ် သူမ ဘာလုပ်ရမည် မသိ။ ဘာကို မျှော်ကိုးရမှန်း လည်း မသိ။ နဖူးတိုစပ်စပ်နှင့် သူ့မျက်နှာမှာ လေးလံ ပြီး စိတ်ကြွပ်ဆတ်နေပုံ ရသည်။ ထိုမျက်နှာရိပ်မျက်နှာကဲ မတင်လိုက်ပြီး အပြစ်ကင်းသော မျှော်လင့် ချက်များ မျက်နှာပေါ် ပြန်ပြည့်လာသည် ထင်ရပြန်သည်။ ဖြစ်နေကျထုံးစံ။ သူမမှာ မျက်ကလဲဆန်ပြာ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေသည်။ သူမ၏ လက်ဝါးနှစ်ဖက်က မှတ်စုစာအုပ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား သည်။ လေအေးစက်၏ တရှီရှီမြည်သံက သူမ ပထမဆုံး စပြောမည့်စကား လုံးများကို ခြိမ်းခြောက် နှစ်မြုပ်ပစ်လိုက်သည်။ အခန်းထဲမှာ ပန်းပွင့်ရနံ့တစ်ခု မှ မရှိကြောင်း သူမ ခံစားမိသည်။ သူမ၏ကိုယ်ပိုင်အိမ်မှာသာဆိုလျှင် ပန်းအိုး နှင့် ဆိုက်ထားသော ပန်းပင်များက ပြတင်းအောက်သောင် ကျောက်ထုပ်မှန် သမျှမှာ ပြည့်နေသည်သာ။

"ကျွန်မ သူ့ကို သည်အပတ် တစ်ကြိမ်တွေ့ရတယ်"ဟု သူမက နောက်ဆုံးစကား စလိုက်သည်။ ယဉ်ကျေးမှု အလေ့အထအရ ပြန်ဖြေမည့် သူ့စကားကို စောင့်နေလိုက်သေးသည်။ ထို့နောက်မှာ ဤနေရာမျိုးမှာ ယဉ်ကျေးနေစရာ မလိုမှန်း သတိလိုက်ရသည်။ သို့နှင့် ပြောလက်စ သူမ ဆက်ပြောသည်။ "ပါတီတစ်ခုမှာတွေ့တာ ကျွန်မတို့ နည်းနည်းစကားပြော ဖြစ်တယ်။ ကျွန်မက စပြီး စကားပြောတာ။ ကျွန်မတို့နှစ်ယောက် စကား မပြောသင့်ဘူး၊ သဘာဝမကျလွန်းဘူးလို့ ထင်တယ်လေ။ ကျွန်မက စပြီး

သူ့ဆီ ထသွားပြီး စနှုတ်ဆက်စကားပြောတော့ သူတော်တော် သဘောကျသွားပုံပါပဲ။ ကျွန်မကို ကားအကြောင်း၊ ကလေးတွေအကြောင်းမျိုးတွေ ပြန်ပြောတယ်။ ကျွန်မ သည်ရက်တွေမှာ ဘာတွေလုပ်နေသလဲ လို့လည်း မေးတယ်။ "ဘာမှလုပ်ဘူး"လို့ ပြန်ပြောလိုက်တယ်။ သူ သည်ထက်ကြာကြာ စကားဆက်ပြောမလို့ပါဘဲ။ ကျွန်မက စကားဖြတ်ပြီး ထွက်သွားလို့ ကျွန်မ ဆက်ပြီး ခံနိုင်ရည်အား မရှိတော့ဘူး။ သူ့စကားသံတွေကြောင့် မဟုတ်ပါဘူး။ သူ့ရဲ့အပြုံးကြောင့်ပါ။ ကျွန်မတို့ ဟို… တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေမိခိုက်မှာ သူ့ဆီက ကျွန်မ ဆွဲထုတ်ယူသွားနိုင်တာသည် အပြုံးတစ်ခုပဲ ရှိမယ်လို့ ထင်မိပါတယ်။ ကျွန်မကို တွေ့တိုင်း သူ သည်လိုပုံမျိုး ကြည့်နေကျပေါ့။ သည်အပြုံးက သူ့မျက်နှာတစ်ခုလုံးကို ထွန်းညှိပေးနေတာ၊ ပြီးတော့ လိမ်ကောက်နေတဲ့ သူ့သွားတွေ အားလုံးကိုလည်း ထုတ်ပြနေတယ်။ ခုလည်း သည်အတိုင်း သူ့ဆီ ကျွန်မ ထသွားကတည်းက ပြုံးကြည့်နေတာဟာ သည်ပျော်ရွှင်ကြည်နူးနေတဲ့ အပြုံးပဲ။ သည်လဆွေအတွင်းမှာ ဘာမှ အပြောင်းအလဲမရှိတဲ့အတိုင်းပါပဲ"

သူမက ပိုက်ဆံအိတ်ဆီ ဖမ်းဆုပ်ကြည့်ရင်း သူမ စကားစပြောပုံဆိုးဝါးသွားပြီဟု ယူဆလိုက်သည်။ ထိုလူ၏သဘောမကျမှုက လေအေးစက်အသံကဲ့သို့ သူမအတွက် အစစ်အမှန် ဒိဋ္ဌဖြစ်နေသည်။ ထိုသဘောမတူမှုက သူမထံ စီးဆင်းလာပြီး သူမကို မီးခိုးရောင်အေးစိမ့်မှုထဲ စာအိတ်ပိတ် ထည့်လိုက်ပါသည်။ သူမစိတ်ထဲ ဤသို့ ခံစားနေရခြင်းကို မှန်လား၊ မှားလားဆိုတာလည်း မသိတော့ပါ။ သူ့သဘောမတူမှုကို သူမ ဆန္ဒရှိနေတာလည်း များပြီ ထင်တယ်။ သူမက ကြာမှုပေးနေခြင်း မဟုတ်ကြောင်း ပြလိုသည်သဘောဖြင့် သူမ မျက်နှာကို ချီလိုက်သည်။ တခြားအခန်းတစ်ခန်းထဲသာ သွားလျှင် သူမကိုယ်သူမ မိန်းမလှတစ်ယောက်ဟု သတ်မှတ်စဉ်းစားဝင့်ကြွားနေနိုင်မည်က အမှန်။ ဤအခန်းမှာတော့ သူမအလှက တည်ရှိမှုမှ ရပ်စဲသွားရပြီ။ သူမလက်နက်လည်း ဖျက်သိမ်းခံရပြီ။ ကာကွယ်ရေးနှင့် ဖုံးကွယ်ရေးများအတွက် သည်အလှအပေါ် သူမ မည်မျှထိ အမှီခိုပြုခဲ့ကြောင်း



လည်း သဘောပေါက်သွားရသည်။ ဤအချက်ကို သူမ ဖွင့်ပြောသင့်၊ မပြောသင့် စဉ်းစားမရပေ။

"သူက ကျွန်မကို ဖောက်ထွင်းသွားတော့မတတ် စူးကြည့်တာ။ သည်အကြည့်ကြောင့်ပဲ သူ အရင်က အံ့သြဖွယ်ကောင်းနေပြီ။ အခုတော့ သိပ်ကြောက်စရာတောင် ကောင်းလာပြီ။ သူ ပြုံးကြည့်တဲ့အခါ ကျွန်မရဲ့ မျက်နှာနောက်ကွယ်မှာ ကျွန်မ ပုန်းအောင်းမနေနိုင်တော့ဘူးဆိုတာ သူသိနေတယ်။ သူ ကြည့်ရတာ ကျွန်မကို ခွင့်လွှတ်ပုံပေါ်ပါတယ်။ သူ့ဆီ မလာတာတောင် ခွင့်လွှတ်သလိုပဲ။ ကျွန်မကတော့…ခွင့်မလွှတ်နိုင်ဘူး"

ထိုလူက ကုလားထိုင်မှာ ခပ်သွက်သွက် အနေအထားဖြင့် ထိုင်သည်။ သူမ ပြောဆိုနေသည်ကို စိတ်မရှည်တော့သည့် လက္ခဏာဟု သူမ ယူဆမိသည်။ သူမအနေနှင့် သူမ ကြားနာလိုသည့် စကားများပြောဆိုရန် ရိုးဖြောင့်သော လက်ဆောင်တစ်ခု ရှိနေသည်ဟု ယုံကြည်သည်။ ထိုပွင့်လင်းမှုနှင့် ရှုပ်ထွေးမှုအတွင်းမှာ သူ စိတ်ကျေနပ်စေမည့်စကားတချို့ သူမပြောရန် ကြိုးစားကြည့်သည်။

ကျွန်မ မျိုသိပ်ထားရတယ်။ တကယ်လို့ သူသာ ကျွန်မရဲ့ချစ်သူ မဖြစ်ခဲ့ရင် ခုလိုစကားပြောနေမှာ မဟုတ်ဘူးဆိုတဲ့တစ်ချက်ကို သူက ထုတ်ပြောတယ်။ ကျွန်မရဲ့ အဝတ်အစားကိုလည်း အောက်စိုက်ကြည့်ပြီး ရှက်အမ်းအမ်းအသံနဲ့ ပြောသေးတယ်။

"မင်း သည်အဝတ်အစားတွေ ဝတ်လာပြီး မင်း ကိုယ်ကို ထိခိုက်နာကျင်အောင် လုပ်လာတာလား"တဲ့ သည်လိုမေးတာ မတရားဘူး။ သူ့စကားက ကျွန်မကို နည်းနည်း ဒေါသထွက်စေတယ်။ ကျွန်မမှာ ဝတ်ကောင်းစားလှတွေ တစ်ပုံကြီးရှိတာပဲ။ သူနဲ့ သွားတွေ့တဲ့အခါ ဝတ်တဲ့ သည်အဝတ်ကို ကျွန်မ ကျွန်မ ဘယ်မှာ စွန့်ပစ်ထားနိုင်မှာလဲ"

"အဲဒီ အဝတ်အစားအကြောင်း ရှင်းပြပါဦး"

သူ ဤသို မေးနေခိုက်မှာ သူစိတ်ဝင်စားမှုက စိတ်ပျက်ဖွယ် နိမ့်ကျနေပုံရသည့်အဆင့်ရောက်နေပုပင်။ "အို– လိမ္မော်ရောင်ဘက် များတဲ့ လိမ္မော်ညိုရောင်မျိုးပါ။ အစင်းကြောင်းတွေ ပါတယ်။ လည်ပင်းပေါက် ပိုင်းစက်စက်နဲ့ နွေရာသီဝတ်စုံတစ်ခုပေါ့။ ဒါဝတ်ထားရင် ကျွန်မဟာ လယ်သူမလေးနဲ့ သိပ်တူတာပဲလို့ သူ ပြောလေ့ ရှိခဲ့တယ်"

"ဟုတ်ကဲ့" သူ့သောင်းဘီကို လက်နှင့် ဖြတ်ရိုက်သတ်ချလိုက်သည့် အမှုအရာမှာ ရိုင်းစိုင်းရာကျ၍ သူမ လန့်သွားမိသည်။ လူမှုယဉ်ကျေးမှုအကြောင်း သူ ဘယ်စာအုပ်မှာမှ လေ့လာခဲ့ပုံမရဟု သူမ တွေးကြည့်သည်။ နောက်ပိုင်းကျမှ သူ့ကို သူမ ကြောက်နေမိပါလားဟု ကိုယ့်ကိုယ်ကို ပြန်တွေ့ရှိရသည်။ သူ ကြည့်ရသည်မှာ မူယာမာယာမရှိ ။ ရိုးရိုးရှင်းရှင်းနှင့် ဟောဟောဒိုင်းဒိုင်း တုံးတိတိသမား ဖြစ်ပုံရသည်။ အချိန်မရွေး တစ်ခုခု မမှန်မကန်တာတွေတော့ သူလုပ်မိနိုင်သည့် အန္တရာယ်ရှိနေသည်ဟု သူမ တွေးထင်မိသည်။ တစ်ခါက သူမ စန္ဒရားဆရာမတစ်ယောက် ခေါ်သင်ဖူးသည်။ ခုတန်းပေါ် ဆရာမနှင့်သူမ ဘေးချင်းယှဉ်ထိုင်ရင်း စန္ဒရားသံစဉ် သင်္ကေတများ ဖော်ထုတ်နေစဉ် သူမ အမှားတစ်ခု လုပ်မိသည်။ ထိုအမှားကို သူမဘယ်တော့မှ မေ့မရနိုင်၍ စန္ဒရားအတီးလည်း မသင်တော့ပေ။

သို့သော် ထိုလူ၏ တုံ့ပြန်ချက်ကို သူမအသိစိတ်ရှိရှိနှင့် အမြဲတမ်းသဲလွန်စ တစ်ခုတလေ တွေ့လိုတွေ့ငြား သူမ စစ်ဆေးကြည့်သည်။ သူတို့၏စကားပြောဆိုမှုထဲ၌ သူ၏ မူလဘူတ တောဆန်သော စိတ်ကူးယဉ်မှုကိုပြန်ပြန်၍ ဖော်မိနေရာ ထိုရိုးရှင်းလှစွာသော စိတ်ကူးယဉ်မှုထဲ၌ သူမ၏ကြေကွဲမှုအကြောင်း ရှင်းပြချက်တစ်ရပ် လိုအပ်ချက်အရ ပါဝင်နေသည်။ သူ့အနေနှင့် ဤယောက်ျားတို့ ဖြစ်တတ်မြဲ စိတ်မရှည်မှုကို အနည်းငယ်မျှဖော်ပြရင်းဖြင့် သူမ အနေအထားက နက်ရှိုင်းမှုထဲ သိပ်စိတ်စောစွာ ထိုးစိုက်ဆင်းနေကြောင်းကို အသိပေးလိုသည့်သဘောဆီ ဦးတည်ရည်စူးဖွယ် ရှိသည်။



သူ၏မြင်လည်းမြင်သာနေသော အားထုတ်မှုက သူမအား သိသာမြင်သာမှုထဲမှာ ဘယ်အရာတွေက မသိသာ မမြင်သာသလဲ ဆိုသည်ကို အာရုံစိုက်တတ်အောင် ညွှန်ကြားနေပုံ ရပါသည်။ "သည်အဝတ်အစားကို ခင်ဗျား သည်နေရာကိုတော့ ဝတ်လာဖူးသေးလား" ဟု သူက မေးကြည့်သည်။

"သူက ဘယ်လောက် ထူးဆန်းလိုက်တယ်မှတ်သလဲ ရှင်သိရဲ့လား" အစစ သူမ ပြန်စဉ်းစားကြည့်သည်။ ကြာသပတေးတိုင်း၊ ကြာသပတေးတိုင်းမှာ ကားရပ်နားစခန်းမှာ ကားရပ် သော့ခတ်မိတာကိုနှိပ်၊ နေသာတဲ့မြို့လယ်လမ်းမက ကိတ်မုန့်တိုက်တွေ၊ အပ်ချုပ်ဆိုင်တွေ၊ သွားစိုက်ဆရာဝန်ဆိုင်းဘုတ်တွေဆီ လျှောက်သွားဖြတ်ကျော်ပြီး သူ့အိမ်အဆောက်အအုံ၏ သုန်မှုန်သော ဆင်ဝင်ဆောင်ထဲ ဝင်လာတတ်သည်။ သူ့အဆောက်အအုံမှာ နင်းပန်းပုံများ ရိုက်နှိပ်ထားသော သတ္တုနန်းပြားချပ်များစွပ်ပြီး တာရုံထားသည်။ သူမ၏ လက်အိတ်စွပ် လက်ချောင်းများက သူ့လူခေါ်ခေါင်းလောင်းဆီ လှမ်းနှိပ်မည်ဟန်ဖြစ်သည်။ "ဟင့်အင်း သည်လိုလုပ်လို့ မဖြစ်သေးပါဘူး"

"ဘာလို့ မဖြစ်သေးတာလဲဆိုတဲ့ အတွေးမျိုးတော့ မဝင်မိဘူးလား"

"ဒါနဲ့ပတ်သက်လို့ ပေါ်လွင်ထင်ရှားတာ ဘာမှမရှိပါဘူး။ သည်အဝတ်က ရှောင်တခင် အမှုမဲ့အမှတ်မဲ့ ဝတ်တာပါ။ ငယ်ရွယ်နုပျိုတယ်။ မြို့ထဲအဝင် မိန်းမတစ်ယောက်ဝတ်ရမယ့် ဝတ်စုံမျိုးလို့ သတ်မှတ်ထားတဲ့ အဝတ်မျိုးလည်း မဟုတ်ဘူး။ ကျွန်မ ရှင့်ကို လာတွေ့တာလည်း လူချင်းတွေ့ဖူးရုံ သက်သက်လာတာ မဟုတ်ဘူး။ ကျွန်မ ပစ္စည်းတွေ ဝယ်တယ်။ လူတွေဆီ လည်ပတ်တယ်။ တစ်ခါတစ်ရံမှာ 'ဟာရီ'နဲ့ သောက်ဖို့၊ စားဖို့ ထွက်လည်တတ်တယ်။ ညစာအတူ စားတာဖြစ်ဖြစ်၊ ရုပ်ရှင်အတူကြည့်တာဖြစ်ဖြစ် လုပ်တယ်။ မြို့ထဲလျှောက်လည်စဉ် ကျွန်မရင်ထဲ ဘယ်လိုနေတယ်ဆိုတာ ရှင့်ပြောပြရဦးမလား"

သူမ ချက်ချင်း မြို့လယ်ကောင်ထဲ ရောက်နေသည်နှယ် ခံစားရသည်။ နေရောင်ခြည်ထဲ ကျက်သရေရှိရှိ တက်တက်ကြွကြွ ဖြစ်နေတာ သူမနှင့် ပတ်သက်သမျှ ရှင်းပြစရာတွေက အများကြီး ထုတ်ပြောချင်စိတ် ပေါ်နေသည်။

သူက ဆက်မေးသည်။ "ပြီးခဲ့တဲ့အပတ်က ညစာစားပွဲပါတီမှာတော့ သည်လုံးဝထုံးတမ်းဓလေ့နဲ့ မညီတဲ့ သည်ဝတ်စုံကို မဝတ်ခဲ့ဘူး မဟုတ်ဘူးလား"

"ဒါက ကျွန်မတို့ သူငယ်ချင်းတွေရဲ့ ပါတီပွဲပဲ။ မြို့ဆင်ခြေဖုံးထဲမှာ နွေခေါင်ခေါင်ကြီးလေ။ ဝတ်စုံက ရိုးရိုးလေး။ စုတ်စုတ်ချာချာတော့ မဟုတ်ဘူး"

"သည်ပါတီပွဲကို ခင်ဗျား ဒါဝတ်သွားမယ်လို့ ရွေးလိုက်တာဟာ သူလာမယ်ဆိုတာ ကြိုသိလို့လား။ သူက သည်အဝတ်ကို ထူးထူးခြားခြား ကြိုက်လွန်းတာ ခင်ဗျားမှတ်မိနေတာပဲ မဟုတ်လား"

သူမအပေါ် ထိုလူ အလွန်အကျွံ ဦးဆောင်ညွှန်ကြားနေပြီလားဆိုတာ သူမ မစဉ်းစားတတ်။ သူ ထိုသို့မလုပ်ဘူးဆိုတာပဲ သူမ အသေအချာသိထားတယ်။ "ကျွန်မ မမှတ်မိဘူးရှင်" ထိုလူသည် အဝတ်အပေါ် သိပ်ကို အလေးထားလွန်းနေပြီဟု သူမ နားလည် သဘောပေါက်လာရင်းက ဖျတ်ခနဲ စိတ်မရှည်သလို ဖြစ်လာပြီး ပြောမိသည်။ "ရှင်က ကျွန်မ မှတ်မိတယ်လို့ ထင်နေတာလား"

သူက ညင်သာသိမ်မွေ့သော အစောင်အရှောက်ခံ သူ့အပြုံးကို ပြုံးပြရင်းက ပခုံးတွန့်လိုက်သည်။ "ကျွန်တော့်ကို အဝတ်အစားအကြောင်းတွေပဲ ပြောပြပါ"

"တခြားအဝတ်တွေလိုပါပဲ။ ရှင်က ကျွန်မကို အဝတ်အစားတွေနဲ့ ပတ်သက်လို့ လုပ်ငန်းအဖွဲ့တွေနဲ့ ကင်းကွာတဲ့ လွတ်လပ်သူ ဖြစ်စေတာလား"



"ခင်ဗျားခေါင်းထဲ ဘာတွေ ဝင်နေတာတုံး"

လေအေးစက်က သူ၏ အဆက်မပြတ် မနာလိုဝန်တိုမှု စည်းချက်သံဖြင့် သူမ၏နှုတ်ဆိတ်မှုကို လွှမ်းမိုးပစ်လိုက်သည်။ အချိန်က သူမအပေါ် သွန်းလောင်းကျလာလျက် သူမ၏ရုံးထိုင်ခြင်းကို သူမ ပြန်ဖြုန်းတီးမိနေသည်။ "ကောင်းပြီလေ၊ သူ" ဒါ တော်တော်ထူးဆန်းနေသား။ သူမစိတ် အခု ဘယ်လောက်ထိ လွတ်လပ်နေသလဲ။ ဤ'သူ'ဟူသော နာမ်စားတစ်ခုက သံလိုက်တစ်ခုလို ပျံထွက်သွားခဲ့ပြီ။ "သူက ကျွန်မအဝတ်တွေနဲ့ ပတ်သက်ရင် လှောင်ပြောင်တတ်တယ်။ သူက ကျွန်မ ဝတ်တာ၊ စားတာ လိုတာထက် ပိုလွန်းတယ် ထင်တတ်တယ်။ တယ်ငွေကုန်ကြေးကျများတဲ့မယား တစ်ယောက်ပဲလို့ ကျီစယ်တတ်၊ စတတ်တယ်။ အမှန်မှာတော့ ဒါမမှန်ပါဘူးရှင်။ ကျွန်မက ကောင်းကောင်း စက်ချုပ်တတ်တာ ကိုယ့်အဝတ် ကိုယ်ချုပ်ထားတာ အများကြီးပဲ။ အဲဒီအချိန်မှာ 'နန်စီ' ဆိုတဲ့ မိန်းမဝတ်တဲ့ အဝတ်တွေကတော့ 'အာအိပ်ချ်စတန်းစ်'ရဲ့ လက်ရာဖြစ်ပြီး တယ်ဈေးကြီးလှတာကလား။ ကျွန်မအဝတ်တွေဟာ သူ့စွဲလမ်းကြည်ညိုရာနတ်ဘုရားပဲလို့ ရှင်ပြောမယ်ဆို ပြောနိုင်တယ်။ ကျွန်မ ချွတ်ချထားတဲ့ သည်အဝတ်တွေ အပေါ် သူ မျက်နှာ မှောက်အိပ်ထားတတ်တယ်။ ပြီးတော့ နှစ်ယောက်သား အိပ်ပြီးတော့လည်း ပြန်ဝတ်ဖို့ သူပဲ သည်အဝတ်တွေ တခုတ်တရ ယူလာပေးတတ်တယ်။ သည်တော့ သည်အဝတ်ဟာ ကျွန်မတို့နှစ်ယောက်ကြား ရှုပ်ထွေးလိမ်ယှက်နေတာပဲပေါ့"

သူမက သူ့ကို အာခံဖီဆန်သောအကြည့်နှင့် ငေးစိုက် ကြည့်နေလိုက်သည်။ ရှက်ခြင်းမရှိ။ သူမက မလှုပ်နိုင်၊ မရှားနိုင်။ နားဆင်နိုင်မှု အပြုံးကို အပေါ်ပါးဆုံး ပြုံးပြနေသည်။ ဖြီးတင်ထားသော သူ့ဆံပင်က ပြတင်းမှ အလင်းရောင်ဖြင့် ငွေရောင်တောက်နေသည်။

"ကျွန်မ တစ်ခါက မှတ်မိသေးတယ်။ ကျွန်မ ဈေး ထွက်ဝယ်ဖို့ သူ့ကို ခေါ်ပြီး နှစ်ယောက်သား မြို့ထဲလျှောက်သွားတုန်းကပေါ့။ သည်လို

ဈေးအတူတူဝယ်ရတာ သူ ကြိုက်မယ် ထင်ပေမယ့် အမှန်က သူ မကြိုက်ဘူး ဖြစ်နေတယ်။ အရောင်းစာရေးမလေးတွေက သူ့ကို ကျွန်မရဲ့ အစ်ကိုလား၊ ယောကျ်ားလား စသဖြင့် ဘာတော်မှန်း ဘယ်သိကြမလဲ။ သူက သာမန် ယောကျ်ားတစ်ယောက်လိုပဲ ပြောဆို ပြုမူနေတယ်။ ခြေမကိုင်မိ လက်မကိုင်မိ ဂယောင်ဂတမ်းနဲ့ ရှက်သလိုလို၊ ကြောက်သလိုလို လုပ်နေတယ်လေ။ သူ သည်လိုဖြစ်နေတာကို နည်းတစ်နည်းအရ ကျွန်မ သဘောကျသား။ ဘာ ကြောင့်ဆို ကျွန်မပိုင်ဆိုင်တဲ့ လူသားတစ်ယောက်အဖြစ် သူ့ကို စဉ်းစားကြည့် တဲ့အခါတိုင်းမှာ သူဟာ မိန်းမဆန်သူ တစ်ယောက်များ ဖြစ်နေမှာလားလို့ ကျွန်မ စိုးရိမ်ကြောင့်ကြခဲ့ရတာ ရှိလို့ပဲ။ သိပ်နက်တဲ့ နက်ရှိုင်းမှုရဲ့ အပေါ်ယံ မျက်နှာပြင်ပေါ်မှာ ဒါမျိုး မတွေ့နိုင်ဘူး။ ဆိုလိုတာ သူ့မှာ သို့ဝှက်တဲ့မြူစိစိ သဘောထားရှိတယ်။ သူ့ဆီ ကျွန်မလာဖို့အတွက် သူပြောမနေရဘဲ ကျွန်မ မလာမဖြစ် လာဖြစ်အောင် လုပ်နိုင်တဲ့နည်းတစ်ခု သူ့မှာရှိနေတယ်”

သူမနှင့် ဆန့်ကျင်သော နားဆင်နိုင်စွမ်း စိတ်နှလုံးတစ်ခုအတွင်းသို့ သူမ ခရီးထွက်နေမိပြီး အင်မတန်ကျဉ်းမြောင်းသော နေရာတစ်ခုထဲ ရောက် လာသယောင် သူမ ခံစားရသည်။ ပြန်ဆုတ်ရန် သူမ ကြိုးစားကြည့်သည်။ သည်ခရီးကို သူမ ဘာနဲ့များ စမိပါလိမ့်။ အဝတ်တွေနဲ့ပါလား။ “သူက သူ့ကိုယ်ပိုင်အဝတ်အစားတွေ ပတ်သက်ရင်တောင် သိပ်အပျင်းကြီးတာ။ သူ့အဝတ်အစားတွေအကြောင်းတော့ ရှင် ကြားချင်လား။ ဒါမှမဟုတ် ကျွန်မ အဝတ်တွေနဲ့ပဲ။ နောက်ဆို ကျွန်မကလေးတွေရဲ့ အဝတ်အစားတွေအကြောင်း ပြောရဦးမယ်”သူမက ကိုယ့်ကိုယ်ကို တခစ်ခစ်ရယ်ခွင့်ပြုလိုက်ပါသည်။

သူက ဘာမှ မတုံ့ပြန်။ သူ့ကို ဒုက္ခတော်လိုသည့် သဘောဖြင့် သူ စိတ်ညစ်ရလိမ့်မည်ဟု သူမ သိထားသောအကြောင်းကိစ္စ ခေါင်းစဉ်ကို သူမ ဆက်ပြောသည်။ “သူက ဖြစ်ကတတ်ဆန်း နေတတ်တယ်။ အဝတ် ဝတ် တာတောင် သူ့ရုပ်အကျိုကော်လာမှာ ကြယ်သီးမတပ်ဘူး။ ပြီးတော့ စုတ်တဲ့ ပြဲတဲ့အထိလည်း ဝတ်သေးတယ်။ ကျွန်မ မှတ်မိသေးတယ်။ လမ်းဆုံ



ညောင်ညိုပင် စခန်းရောက်ခါနီးမှာ ကျွန်မတို့ ခွဲကြဖို့ ကြိုးစားပြီး သူ့ကို ကျွန်မ ရက်သတ္တပတ် ကြာတဲ့အထိ မတွေ့ဖြစ်တော့ဘူး။ အဲဒါ တစ်နေ့မှာ ကျွန်မ ဘယ်လိုများ နေမလဲရယ်လို့ သူ အကဲခတ်ဖို့ ကျွန်မအိမ်ကို ရောက် လာတယ်။ ကျွန်မ သူ့ရုပ်အကျိုအောက်ကို လက်လျှိုနှိုက်မိတဲ့အခါ သူ့အတွင်း ခံ စွပ်ကျယ်တီရှပ်မှာ အပေါက်တစ်ပေါက်ပြဲနေတာ စမ်းမိသွားတယ်။ ဒါ ကျွန်မကို အသေသတ်တာပဲ။ ကျွန်မ သူ့ကို ကြွေနေပြီ၊ အပေါ်ထပ်ကို တက်ကြမယ်ကြနေတာ။ ကျွန်မ သည်ကိစ္စ ကောင်းကောင်းရှင်းမပြတတ် ဘူး။ ဒါပေမဲ့ သည်လူနဲ့ ပတ်သက်တဲ့ အထင်အမြင် တစ်ခုခု ရတာပေါ့လေ။ သူက ကျွန်မတို့လို ငွေကြေးပေါများတဲ့ လူပါပဲ။ သည်လို အတွင်းခံစွပ်ကျယ် မှာ အပေါက်ကြီးနဲ့ ဆိုတာကတော့ ကျွန်မကို အားယုတ်စေပါတယ်။ သည် ဟာကွက်အပေါ် မိခင်စိတ်နဲ့ သနားကြင်နာ ကွက်လပ်ဖြည့်ပေးသင့်တယ်လို့ တော့ ထင်ပါတယ်။ ဒါပေမဲ့ ရင်ထဲခံစားရတာတော့ အဲဒါနဲ့ ဆန့်ကျင်ဘက် ဖြစ်သွားတော့တာပါပဲ။ သည်လို သူ့ ကဖျစ်ကညစ် ဝတ်စားတတ်တာဟာ ကျွန်မ မနှစ်သက်နိုင်တဲ့ နည်းလမ်းတစ်ခုခုနဲ့ သူ့ကို အားပိုကောင်းသည် ထက်ကောင်းအောင် လုပ်ပေးလိုက်သလိုပဲ။ ကျွန်မကတော့ ကိုယ့်ရဲ့ ဝတ်စား ဆင်ယင်မှုအသွင်အပြင်အပေါ် သိပ်ကြီးကြီးမားမား ဂရုစိုက်လွန်းသူ ဖြစ်နေ တယ်ထင်ပါရဲ့။ သည်လို မဝတ်ရင် မလုံမခြုံ ဖြစ်တယ်လို့ ယူဆထားတာ ကို။ ကျွန်မ ပြောတာ ရယ်လိုက်ရမလား။ သတိထားမိတာက သည်လိုလေ သူ့လက်သည်းတွေ ကြားထဲမှာ ချေးတွေ အထပ်ထပ်နဲ့ရှင်”

“အဲဒီလို လက်သည်းတွေ ညစ်ပတ်တာကို ကြိုက်သလား”

“ကျွန်မ မသိဘူး။ ကျွန်မ သတိထားတာ တချို့ကို ပြောပြတာ”

“အဲဒီ လက်သည်း ညစ်ညစ်ပတ်ပတ်တွေနဲ့ ခင်ဗျား အပွေ့အဖက် ခံရမှာကို ကြိုက်သလား”

“အဲဒါတွေက သူ့လက်တွေ ဖြစ်နေတယ်လေ”

သူမက ခါးမတ်မတ် ဆန့်ထိုင်လိုက်သည်။ ယောကျ်ားတစ်ယောက်၏ ဆေဒနာမျိုး ခံစားနိုင်သည့်အရည်အသွေး သူမမှာ ရှိလာသလိုလိုနှင့် နာကျင်သွားမိသည်။ သူ့အကြောင်း ဆက်ပြောရန် သူမ ကြိုးစားလိုက်သည်။

"ရှင် ဆိုလိုတာ ကျွန်မကိုယ်တိုင် သည်လိုဖြစ်ရမှာ ကြိုက်မကြိုက်လား။ ဘာစာလုံး သုံးရမလဲ။ ကျွန်မ သည်စာလုံးကို မျိုသိပ်ထိမ်ချန်ထားမိခဲ့သည်။ အသရေ ဖျက်ခံရတယ် ဆိုရမလား။ ဒါပေမဲ့ သည်မိန်းမပီသမှုမျိုးက လူတိုင်းမှာ ရှိတတ်တာ မဟုတ်ပါဘူး။ ကျွန်မ သိပ်ခံလိုက်ရတယ် ရှင်ထင်သလား"

ထိုလူက ကုလားထိုင်ပေါ် သူ့အလေးချိန်ကို နေရာပြင်ရွှေ့သည်။ သူ့လက်များကို လေထုထဲ ထောင်ဖြတ်စလွယ်သိုင်းလွှဲနေသည်။ သူတည်ရှိမှုကို ဇက်တုံ့ဆွဲခံရသော တွေဝေမှုက ပိုင်စိုးထားသည်မှာ ဘော်ဇွေရောင်ရေအိုင်ပေါ် ညင်သာသော လေညင်းတစ်ချက် ရှပ်တိုက်သွားသည့်နှယ်ပင်။

"ကျွန်တော်ထင်တာတော့ သည်နေရာမှာ အလုပ်ဖြစ်မယ့် အချက်အလက်တွေ အများကြီး ရှိနေတယ်။ ဘက်တစ်ဘက်အားဖြင့် ခင်ဗျားမှာသည် သူ့အပေါ် ဇက်ရဲလက်ရဲစီးပိုးနိုင်မှု ရှိနေတယ်။ သူ့ကို ခင်ဗျား ပါတီတွေ ခေါ်သွားနိုင်တယ်။ သူ့ကို မသက်မသာဖြစ်စေမယ့် ဈေးဝယ်ထွက်တဲ့ ခရီးတွေမှာ ခင်ဗျားနဲ့အတူ သူ့ကို ဒရွတ်တိုက်ဆွဲခေါ်သွားနိုင်တယ်"

သူမက တုန်တုန်လှုပ်လှုပ်နှင့် ထိုင်နေရသည်။ သည်လိုတော့လည်း မဟုတ်သေးပါဘူး ထင်ပါရဲ့။ ဟုတ်များ ဟုတ်ခဲ့သလား။

ထိုလူက ဆက်ပြောသည်။ လက်တစ်ဖက်က သူ့ဆံပင်ထဲ ထိုးဖွနေရာ ငယ်ရွယ်နုပျိုမှုက သူ့နဖူးပေါ် ပြန်ကြောဝင်လာသည်။

"ဖြစ်ခဲ့သမျှတွေ မြုပ်နှံလိုက်ပြီးပြီဆိုတဲ့ ခုလိုအချိန်မှာတောင် သူ့အတွက် သီးခြားအခိပ္ပာယ်ရှိတဲ့ သည်ဝတ်စုံပဲ ဝတ်ပြပြီး သူ့ကို ခင်ဗျားရှေ့ဆက်မျှဆွယ်နေတုန်းပဲပေါ့"



"ကျွန်မ သည်ဝတ်စုံအကြောင်း ရှင်းပြပြီးပြီနော်"

"သည်နောက်မှာ ကျွန်တော်တို့ ထိတွေ့ဆွေးနွေးလို့ရမယ့် အတိုင်းအတာတစ်ရပ် ရှိနေတယ်။ သူ့ရဲ့ တွန့်လိမ်တဲ့ သွားတွေ၊ မိန်းမလျာဆန်မှုတွေ၊ အားနွဲ့စုတ်ချာတာတွေ ဒါတွေကို ခင်ဗျားရဲ့ ကျန်းမာဆူဖြိုး ဆရာလုပ်နိုင်မှုနဲ့ နှိုင်းယှဉ်ချိန်ထိုးရမယ်။ ပွဲ့ဖက်မှုတစ်ရပ်ရဲ့ အလယ်မှာ သူ့ရုပ်အကျီအောက်က အပေါက်တစ်ခု ခင်ဗျားတွေ့ရတယ်။ သည်တွေ့ရှိမှုက သူဟာ ဖရိုဖရဲပြိုပျက်နေကြောင်း ခင်ဗျား သံသယဖြစ်မိတာကို အတည်ဖြစ်သွားစေတယ်။ ပြီးတော့ သူ့ကို ဖျက်ဆီးတယ်"

"တစ်ချိန်တည်းမှာ ခင်ဗျားမှာ 'မိန်းမပီသမှု'ဆိုတဲ့ အသိတစ်ခုကလည်း ဝင်နေတယ်။ လှုပ်ခတ်နေတဲ့ ပါတီပွဲမှာ ခင်ဗျား ကိုယ့်ဟာကိုယ်အပြစ်ရှိသလို ခံစားနေရတယ်။ ဆိုရရင် စိတ်ကူးနဲ့ တမင်လုပ် လွမ်းဆွေးနေတဲ့ ကျေးကျွန်ဖြစ်ရမှုမျိုး ဖြစ်နေတယ်ပေါ့။ သူ့လက်သည်းတွေ ညစ်ပတ်နေတာကို ခင်ဗျား လေလာသုံးသပ်ဖို့ လိုအပ်နေတယ်။ သည်ထဲမှာ ပထဝီမြေကြီးရဲ့ ပစ္စည်းတစ်စုတစ်ရာ ပါနေတယ်။ မြေကြီး၊ ဖုန်မှုန့်ဝင်တာ ညစ်ပတ်တယ်ဆိုတဲ့ ခင်ဗျားရဲ့ခံစားမှု ကျေးလက်နဲ့ မြို့ပြလို သဘာဝနဲ့ သဘာဝမကျမှုတို့လိုပေါ့။ မြို့ပြဆိုတာ အတုလုပ်ထားတဲ့ဒေသ။ ခင်ဗျားကို ဘဝပေးအပ်တယ်။ မြေကြီးကတော့ သေခြင်းတရားပဲ ပေးအပ်တယ်။ သည်လူကြယ်သီးမတပ်တဲ့၊ လက်မဆေးဘူးဆိုတဲ့လူ ရွာမှာ ခင်ဗျားကို လာတွေ့တယ်။ မြို့ထဲ ခင်ဗျားနဲ့ ဈေးဝယ်လိုက်လာတယ်ဆိုတဲ့ လူဟာ မြေကြီးကလာတာပဲဗျ။ သူ့ကို အောင်နိုင်ရင်းနဲ့ သူ့ကို ခင်ဗျားရဲ့ အဝတ်အစားထဲ ငြိတွယ်ဖမ်းစားရင်းနဲ့ ခင်ဗျားရဲ့ကိုယ်ပိုင်သေခြင်းတရားကို ခင်ဗျားအောင်နိုင်မယ်။

ပိုတိကျအောင် ပြောရရင် သေခြင်းကို ခင်ဗျား ကျော်ဖြတ်နိုင်မယ်။ ပြီးတော့ လယ်သူမလေး ဖြစ်လာမယ်။ ပထဝီအမိမြေရဲ့ သမီး ဖြစ်လာမယ်။ သေငယ်ဇောမျောမှုကနေ လွန်မြောက်ရှင်သန်မယ်။ ဒါတွေက ကျွန်တော့်

အမြင်တွေပဲ။ ကျွန်တော်ထင်တယ် သည်လိုင်းကြောင်းကနေ ကျွန်တော်တို့ လုပ်စရာအလုပ်တွေ ပိုလိုအပ်လာမယ်"

သူ့အတွက် သူမ စိတ်မကောင်းဖြစ်မိတယ်။ သူ့ခမြာ ကြာသပတေးနေ့ အားထုတ်မှု နည်းနည်းလေးသာ လုပ်ခဲ့ရသည်။ တော်တော်လှပပြီး ပါးပါးနပ်နပ် လုပ်ခဲ့ခြင်း သံယောဇဉ်လွန်းတင်ကြိုးတွေက အများဆုံးသုံးခဲ့သည်။ သို့သော်လည်း သူမကို မဖမ်းဆုပ်နိုင်။ သူမ လွတ်ထွက်ခဲ့ပြီ။ ခပ်ရှက်ရှက်နှင့် သူမ လေအေးစက်ကို မော့ကြည့်ပြီးပြောလိုက်သည်။ "သည်စက်လေး လျှော့မပေးနိုင်ဘူးလား။ ရှင်ပြောတာ ကျွန်မ ကောင်းကောင်း မကြားရလို့"

သူက အံ့သြသွားပုံရပြီး ယောင်တောင်တောင်နှင့် ထရပ်ပြီး စက်ပိတ်ပစ်သည်။ သူမက တခစ်ခစ်ရယ်ပြန်သည်။ "ကျွန်မ ဆရာလုပ်နိုင်သွားပြီ" သူက ကုလားထိုင်ဆီ ပြန်သွားပြီး နာရီကို ငုံ့ကြည့်သည်။ လမ်းပေါ်က အသံများ၊ ဘတ်စ်ကားတစ်စီး၏ ဂီယာပြောင်းထိုးသံ၊ ဒေါက်ဖိနပ်နှင့် မိန်းမတစ်ယောက် ခပ်သုတ်သုတ် လျှောက်သွားသံ သည်အသံများက ပြတင်းပေါက်၏ တိတ်ဆိတ်မှုအသစ်မှ ဖြတ်ကျော်ဝင်လာသည်။ သည်နောက် အစစ်အမှန်မဟုတ်သော သူ့လေထဲ ပြန်ပျော်ဝင်သွားသည်။ "ပထဝီမြေကြီးကဆော သေခြင်းအပြင် အသက်ရှင်ခြင်းသဘော မသက်ရောက်နိုင်ဘူး လား"ဟု သူမက ပြန်မေးကြည့်သည်။

သူက ပုခုံးတွန့်ပြလိုက်သည်။ သူဟာသူလည်း ကျေနပ်ပုံမရ။ "သည်လို ဘာသာစကားမျိုးနဲ့ ပြောရရင် ဆန့်ကျင်ဘက် ဝိရောဓိမှန်သမျှ တစ်ထပ်တည်း တူတယ်လို့ ပြောရမလို ဖြစ်နေပြီ"

"တကယ်လို့ ကျွန်မက သူ့အပေါ် အဲဒီလို မြင်တယ်ဆိုရင် သူက ကျွန်မကို ဘယ်လိုမြင်မလဲ"

"ခင်ဗျား ကျွန်တော့်ဆီက လောကဝတ်စကားရဖို့ သွယ်ဝိုက်နည်း သုံးနေပြီထင်တယ်"



"ကျွန်မ မသုံးဘူး။ ဘာသွယ်ဝိုက်နည်းမှ သုံးနေတာ မဟုတ်ဘူး။ ရှင့်ဆီကလည်း လောကဝတ်စကားတွေ မလိုချင်ပါဘူး။ အမှန်တရားပဲ လိုချင်တာ။ ကျွန်မက အကူအညီလိုနေတာ။ တော်တော်ကို ဆိုးဆိုးဝါးဝါး မပျော်မရွှင် ဖြစ်နေတယ်။ ဘာကြောင့်ဆိုတာလည်း သိချင်တယ်။ ရှင်ဒါတွေ ပြောပြ၊ ရှင်းပြမယ်လို့ ကျွန်မ မထင်ဘူး။ ကျွန်မတို့က တစ်ယောက်ကိုတစ်ယောက် ဦးတည်ချက်ချင်း ကန့်လန့်တိုက်နေကြတာ"

"ခင်ဗျား သည်အချက်ကို အကျယ်တဝင့် ပြောပြနိုင်မလား"

"ရှင်တကယ် ပြောစေချင်တာလား"

ကုလားထိုင်မှာ သူငြိမ်ဝပ်ပြီး တောင့်တင်းသွားသည်။ သူမ ဤအရိပ်အရောင်ကို ကြောက်ရွံ့မှုကဲ့သို့ သောဖယ်ရှားပစ်လိုက်သည်။

"ကောင်းပြီလေ" သူမက စကားစပြီးမှ သူမပိုက်ဆံ၏ ကြေးဝါခလုတ်ကို ငုံ့ကြည့်နေပြန်သည်။ သူမကိုယ်ကိုယ်ကို မြင့်တင်ယူရန် ကုတ်သဖွယ် ဤခလုတ်လေးမှာ သူမ အာရုံစုဆုံနေကျ ဖြစ်သည်။ "ကျွန်မ ရှင့်ဆီ လာတာ သည်အချိန်မှာ ကျွန်မတို့နှစ်ယောက်ကြား တစ်ခုခုဖြစ်လိမ့်မယ်ဆိုတဲ့ အတွေးက တစ်နေရာရာက ဝင်လာလို့ပါ။ သည်လိုလေ နည်းလမ်းတစ်ခုခုနဲ့ လုံးဝထိန်းချုပ်ထားပြီးလည်းဖြစ် လုံလုံခြုံခြုံ သိုသိုသိပ်သိပ်နဲ့ ကျွန်မတော့ဖြင့် ရှင့်ကို ချစ်မိနေပြီဆိုတာပါပဲ" သူမ အကူအညီတောင်းသည့်ဟန် မော့ကြည့်သည်။ ဘာမှ မတွေ့ရ။ လေအေးစက် ရပ်သွားပြီးကတည်းက သူမပြောသော စကားသံ ကြမ်းတမ်းသယောင် ကျယ်လောင်သယောင် ဖြစ်လာကာ ထိုအသံနှင့်ပင် သူမစကားကို ဆက်လိုက်သည်။

"သည်လို ဖြစ်လာတာ ကျွန်မ မသိမိဘူး။ ပိုဆိုးတာက ဆန့်ကျင်ဘက်တွေပဲ ဖြစ်လာတယ်လို့ ခံစားရတာပဲ။ သည်လိုအသစ်ဖြစ်တဲ့ စိတ်ကို တုံ့ပြန်ပေးဆပ်ရင် 'ဟာရီ'ရဲ့ ငွေကြေးတွေကို ဖြုန်းတီးပစ်ရာကျမှာပါပဲ။ ရှင်လည်း ကျွန်မ အပေါ် ချစ်မိနေပြီဆိုတဲ့ အသိခံစားချက် ကျွန်မလည်း ရရလာတယ်"ယခု သူမ ပြောရင်းဆိုရင်း လောကြီးလာသည်။

"သည်လိုနဲ့ ကျွန်မ ရှင့်အပေါ် ညင်သာသိမ်မွေ့လာတယ်။ ရှင့်ကို အကာအကွယ် ပေးချင်လာတယ်။ ရှင့် ပြောသမျှ မပယ်ချသလို ဟန်ဆောင်ရတယ်။ ဘာပဲလုပ်လုပ် သည်အတိုင်းပဲ ဖြစ်နေတယ်။ ရှင်က ကျွန်မကို ချမှတ်လိုက်တဲ့ အနေအထားဟာ မိန်းမတစ်ယောက်အတွက် သစ္စာစောင့်သိလို့ မရတဲ့ အားနည်းနွံ့နှောင်းနေလို့လည်း မဖြစ်တဲ့ အနေအထားမျိုး ဖြစ်နေတယ်။ ရှင်က ကျွန်မကို သေနင်္ဂဗျူဟာ ကျအောင် လုပ်တယ်။ 'ပေါလ်'နဲ့ ပတ်သက်ပြီး ကျွန်မ ခံစားရသမျှတွေအပေါ်မှာလည်း အရှက်ရစေတယ်။ အဲဒါက ရှင့်ကို စိတ်အနှောင့်အယှက်ပေးတာကြောင့်မို့ပါပဲ။ သည်နေ့ဟာ ကျွန်မတို့နှစ်ယောက်စလုံး သူ့နာမည် ထည့်ပြောရတဲ့ ပထမဆုံးနေ့ ဖြစ်ပါတယ်။ ရှင်က မနာလိုရှုစိမ့် ဖြစ်နေတာပါ။ ရှင့်ကို ကျွန်မ သနားတယ်။ အနည်းဆုံး တစ်မိနစ်၊ နှစ်မိနစ်လောက် ရှင့်နာရီ ငုံ့ ကြည့်နေသေးတယ်။ ကျွန်မ လမ်းမပေါ် ထွက်ချသွားမှာပါ။ ချီးစ်ကိတ် မုန့်ပဲဖြစ်ဖြစ်၊ ကိတ်မုန့်တိုက်က တခြားမုန့်ပဲဖြစ်ဖြစ် သွားဝယ်မယ်။ ပြီးတော့ ကားထဲဝင်ပြီး တံတားပေါ်က ကားတန်းတွေကြား ဖြတ်မောင်းပစ်မယ်။ အနည်းဆုံး ကျွန်မကို လာကြိုက်မယ့်ယောကျ်ားတစ်ယောက်ယောက်ကိုတော့ ပြန်ကြိုက်မိသွားမှာပေါ့။ သည်လို ကြိုက်မိမှာကို ရှင်ဘယ်လိုပဲ အကြောင်းပြပြီး မိုက်မိုက်ကန်းကန်းပြောပြော အရေးမစိုက်ပါဘူး။ ဒါပေမဲ့ ရှင့်ရှင့်ကို ကျွန်မ သည်အခန်းထဲက ထွက်သွားတာတို့၊ အရက်စွဲသွားမှာတို့ အဲဒီလိုမျိုးတွေ ဖြစ်မှာ ကျွန်မ မမြင်လိုပါဘူး။"

သည်လို ပေါက်ကွဲရင်ဖွင့်ထွက်သွားပြီးသည့်နောက်မှာ သူမကိုယ်သူမ ချုံးပွဲချ ငိုမိမည်ဟု မျှော်လင့်ခဲ့မိသေးသည်။ သို့သော်လည်း ထိုသူ့ကို သူမ မျက်လုံးအဝိုင်းသားနှင့် ကြည့်မိနေမှန်း ကိုယ့်ဘာသာကိုယ် ခုမှသိမိသည်။ ထိုသူ၏ ကိုယ်ပိုင်မျက်လုံးများက ပြတင်းမှ ရောင်ပြန်ရိုက်ခတ်ချက် အလင်းရောင်မျိုး ထိုးနေ၍ ကြည့်ရသည်မှာ တင်းကျပ်နေသည်ထင်ရသည်။



သူက ကုလားထိုင်မှာ ပျင်းရိစွာ နေရာပြင်ထိုင်လိုက်သည်။ စားပွဲထိပ် ဖန်သားပြင်ပေါ် သူ့လက်များ ဖြန့်ကားချလိုက်သည်။ "ခင်ဗျားနဲ့ ပတ်သက်တဲ့ အာရုံဖမ်းစားတဲ့ အချက်တစ်ခုကတော့ ယောကျ်ားသားတွေကို ကာကွယ်စောင့်ရှောက်ဖို့ အရေးကို ခင်ဗျားစွဲနှပ်ပဲနဲ့ ဆေကပ်တွယ်ငြိထားတဲ့ အချက်ပါပဲ။"

"ဒါပေမဲ့ 'သူ'နဲ့တုန်းကတော့ ကျွန်မ အဲဒီလို မခံစားရပါဘူး။ ကျွန်မ ဆိုလိုတာက ကျွန်မ သူ့ကို သူလိုအပ်တာတချို့ပဲ ပေးခဲ့လို့ပါ။ ဒါပေမဲ့ ကျွန်မ ကာကွယ်စောင့်ရှောက်ခံရသလို ဖြစ်မိတယ်။ ကျွန်မ သူနဲ့ အတူရှိတဲ့အခါတိုင်းမှာ စက်ဝိုင်းတစ်ခုရဲ့ ဗဟိုချက်အမှတ်စက် တစ်ခုလိုပဲ ဘာကိုမှ ခံစားရတယ် မရှိပါဘူး။"

"မှန်ပါတယ်" သူက နာရီကို ငုံ့ကြည့်ပြန်သည်။ သက်ပြင်းစရှူမိ၍ သူ့နှာသီးဖျားများ ဖောင်းကားလာသည်။ "ကောင်းပါပြီလေ" သူမတ်တတ် ရပ်ကာ စိတ်ပူပန်ဟန် မျက်မှောင်ကြုတ်မိသည်။ တစ်စက္ကန့်မျှအကြာမှာ သူမ အစောင့်အရှောက်ကြားမှ အနည်းငယ် လွတ်ထွက်သွားသလို စိတ်ပေါ့သွားမိသည်။ "နောက်အပတ် ကြာသပတေးနေ့ပေါ့ ဟုတ်ပြီလား"ဟု သူက ချိန်းလိုက်သည်။

"ရှင်မှန်တယ်ဆိုတာ သေချာပါတယ်" သူမက တံခါးပေါက်ဘက် ခပ်ဖြုးဖြုးလှည့်ရင်း ပြန်ပြောသည်။ ထိုအဖြူးမှာ ကြီးမားသော တောခလေ့ဆန်ဆန်အဖြူးပင် ဖြစ်သည်။ နှုတ်ခမ်းစွန်းဖျားတွေမှာ သံဝေဂရဟန် ပေါ်နေသည်။ နှုတ်ခမ်းဖျား ဖြူဆင်းသွားသည်ဟု သူက အတွင်းတန်ဆာဆင် သူ့မျက်လုံးများဖြင့် သတိထားမြင်မိသွားသည်။ သူမ၏ ဆံပင်၊ သူမ၏ ဝတ်စုံ၊ သူမ မှတ်စုစာအုပ်၏ အဖြူရောင်ဖွေးဖွေး၊ သူမ၏ ဖိနပ်များ အကုန်ပါသည်။ "ကျွန်တော်တော့ စိတ်ရောဂါသင့်ပြီ"

သူမ တံခါးပိတ်လိုက်သည်။ သူမ အခန်းထဲ စဝင်လာစဉ်က ရှိခဲ့သော သက်ပြင်းချသံမှာ သူမပြန်ထွက်သွားသည့် အချိန်ထိအောင်ပင် အခန်းထဲမှာ

တွဲခိုလျက်ရှိဆဲ ထင်ရပါသည်။ သူ အောင်နိုင်ပြီလေ။ ဖြစ်ချင်သည်များဖြစ်လာခဲ့ပြီ။ သို့သော် သူ့စိတ် စနိုးစနောင့်တော့ ဖြစ်ရသည်။ တစ်ကိုယ်တည်း ကျန်ခဲ့စဉ် လခြမ်းပုံ ဆပ်ပြာပူဖောင်းလေး ဖောင်းခနဲ ပေါက်သွားသည် ကန့်ကွက်ချက်ကဲ့သို့ အသံမဲ့ စိတ္တဇလှုပ်ရှားမှုတစ်ခုအဖြစ် ပရိဘောဂ၏ ငြိမ်သက်အေးချမ်းမှု မျက်နှာပြင်ထဲသို့ သူ နိမ့်ဆင်းပစ်လဲ အနည်ထိုင်ချလိုက်ပါတော့သည်။ ။

မူရင်း။ ။ "My Lover Has Dirty Fingernails"

# သစ်ရွက်ကလေးများပမာ

## Leaves

ကျုပ် ပြတင်းပေါက် အပြင်ဘက်မှာ စပျစ်ရွက်ကလေးတွေက အံ့မခန်းအောင် လှပလို့။ 'အံ့မခန်း'လို့ ပြောရတာက သူတို့က ကျုပ်အတွက် ဆန်းနေလို့ပါ။ ကျုပ် နေလာခဲ့ရတဲ့ အရှက်တရား၊ အကြောက်တရား၊ ကိုယ့်အာရုံနဲ့ကိုယ် စွဲလမ်းနေမှုဆိုတဲ့ အမိုက်မှောင်ကြီး လွန်ပြီးတဲ့နောက် ဒီအရာတွေ လှပနေတာဟာ ဆန်းနေတယ်။ ဒီသစ်ရွက်တွေဟာ ကျုပ်တို့အတွက် ရှောင်တခင် တိတိကျကျ ထိမှန်တတ်တဲ့ ကပ်ဆိုးတွေကနေ လွတ်ကင်းနေပြန်တာလည်း ဆန်းနေတယ်။ 'သဘာဝ'ရဲ့ သီးခြားဆန်မှု၊ အာမခံတံဆိပ်လို ဖြစ်နေတဲ့ ဖန်တီးယူရတဲ့ 'အကျိုးအာနိသင်'တွေနဲ့ အားမထုတ်ရဘဲ ပေါကြွယ်ဝနေတာဟာလည်း ဆန်းနေတယ်။ 'သဘာဝ'တဲ့။ 'သဘာဝ'ဆိုတာ 'အပြစ်ကင်းစွာ တည်ရှိမှု'လို့ အဓိပ္ပာယ်ဖွင့်နိုင်ကြောင်း ခုမှနက်မှ ကျုပ်အတွက် ရှင်းတော့တယ်။

'သဘာဝ'ဆိုတဲ့ အထဲမှာ ကျုပ်တို့ရဲ့ အတ္တဆောတွေ၊ ကျုပ်တို့ဖိနပ်တွေ၊ သူတို့ရဲ့ ဖိနပ်သည်းကြိုးတွေ၊ သည်းကြိုးရဲ့ထိပ်က ပလတ်စတစ်ခေါင်းလေးတွေ၊ ကျုပ်တို့ပတ်ဝန်းကျင်က အရာအားလုံးနဲ့ ကျုပ်တို့အကြောင်းတွေ

ပါနေတယ်။ ဒါပေမဲ့ တစ်ခုခုက ကျုပ်တို့ကို သဘာဝကနေ ဝေးရာကို ဆွဲခေါ်နေတယ် ဆိုပါစို့၊ ရေကို အပေါ်ဆွဲတင်တဲ့ ကိစ္စမျိုးပေါ့။ ကမာခွံ အစအနလေးတွေက ဆန်းစသော်တာလို ကွေးကွေးလေး စီတန်းပြီး တလက်လက်တောက်နေတတ်တဲ့ ပင်လယ်အောက်ခြေ သဲနုန်းကြမ်းပြင်နဲ့ ကျုပ်တို့ အမြိုထိတွေ့လာခဲ့တာကို ကင်းကွာသွားအောင်လုပ်တဲ့ကိစ္စလေ။

ကျုပ် ပြတင်းပေါက်အပြင်ဘက်က သစ်ခက်တစ်ခက်ပေါ်မှာ ဇွတ်ကုလား ငှက်အပြာတစ်ကောင် နားနေတယ်။ တစ်ခဏပန်း စွဲမြဲမှုနဲ့ ကားရား ခွ နားနေတယ်။ သူ့ရဲ့ မည်းညစ်ညစ် အမြီးပိုင်းက ကျုပ်ဘက်လှည့်လို့။ ခေါင်းကတော့ နီ့နီ့ကြားကြားနဲ့ အလင်းနောက်ခံ အရိပ်ပုံအဖြစ် အေးခဲနေတယ်။ ညိုဝါဝါ စိမ့်မြေရဲ့အထက် ဖြူလွလွ ဖွေးနေတဲ့ ကောင်းကင်နောက်ခံမှာ သူ့ရဲ့အသေးစား နှုတ်သီးကောက်ကြောင်းက တံဆိပ်ခတ်နှိပ်ထားသလို ထင်းနေတယ်။ ဟော–သူ့ကို ကြည့်နေမိပြီလား။ ဟုတ်တယ်။ ကျုပ် ငေးမိပြီ။ ကျုပ် အတွေးအာရုံကွင်းဆက်တွေကို သူ ဆွဲဟပ်သွားပြီ။ ကျုပ် ပြတင်းပေါက်မှန်ကို ဖြတ်ပြီး သူ့ကို ဆွဲဖမ်းလိုက်တယ်။

ပြီးတော့ ဟောဒီစာမျက်နှာပေါ်မှာ ဖိပြီး တံဆိပ်ရိုက်ပစ်လိုက်တယ်။ ကဲ အခု ဒီကောင် ကွဲသွားပြီ။ ဒါပေမဲ့ အပေါ်ဘက်မှာ စာကြောင်းနည်းနည်း ကျန်ခဲ့သေးတယ်။ ဒီကောင်ရှိနေတုန်းပဲ။ ‘ခွထိုင်လို့’၊ ‘အမြီးပိုင်း မည်းညစ်ညစ်’၊ ‘ခေါင်းက နီ့နီ့ကြားကြား အေးခဲလို့’ဆိုတာတွေ။ ဆန်းပြားတဲ့ လှည့်စားချက်တစ်ခုပေါ့။ သုံးမရသလောက်ပဲ။ ဒါပေမဲ့ ကျုပ်ကိုယ်ပိုင် ...။

တစ်ရွက်ပေါ်တစ်ရွက် အရိပ်မကျတဲ့ စပျစ်ရွက်ကလေးတွေဟာ ရွှေရောင်တောက်နေကြတယ်။ ပြားချပ်ချပ်သစ်ရွက်တွေ၊ နေရောင်ကို အပြားလိုက် စုပ်ယူကြတယ်။ ပြီးတော့ ဘဝအားလုံးရဲ့ အရင်းအမြစ်လည်း ဖြစ်၊ သက်တံရောင်စဉ်တွေရဲ့ အပေါင်းအစုလည်းဖြစ်တဲ့ ပကတိအလင်းခတ်ကို ကလေးတွေဆွဲတဲ့ ရောင်စုံခဲတံအဝါရောင်အဖြစ် ပြောင်းပစ်လိုက်တယ်။



ဟိုနေရာ ဒီနေရာမှာ ဒီပျံ့နေတဲ့ အလင်းကို ပျော့ခွဲ နွမ်းလျအောင် လီမွှော်သွေးရောင်အဖြစ် ခတ်သသောပြောင်းပစ်လိုက်တယ်။ နူးညံ့နေဆဲ သစ်ရွက်တွေရဲ့ အစိမ်းရောင်တွေ၊ မိုးကျတဲ့အထိ စိမ်းနေဦးမယ် အစိမ်းရောင်တွေဟာ ကျုပ်တို့ကြည့်လိုက်မယ်ဆိုရင် နေရောင်ကနေ စစ်ထုတ်ယူထားတဲ့ ညံ့သက်သက် စိမ်းဝါလဲ့လဲ့ ပြင်သစ် ‘ချုန်ထရူးစ်’ ယမကာရည်ပါပဲ။ သစ်ရွက်တွေရဲ့ လေထုထဲ အကြောအခြင်ဆန့် စိတ်ကစားလိုက်တဲ့ အသံတွေဟာ တရင်းတနှီးနဲ့ တံမြက်လှည်းသလို ဆက်တိုက်တရှပ်ရှပ် မြည်လို့ ခေါင်မိုးပေါ်ကို ဒရေဘေသာပါး ဖြတ်ကျော်ပြေးလွှားသွားတော့တယ်။ ဒါပေမဲ့ တစ်ရွက်ပေါ်တစ်ရွက် ကျနေတဲ့ အရိပ်တွေမှာတော့ အာရပ်ဓားကောက်ကြီးတွေ၊ လှံထိပ်ဖျားတွေ၊ ဝါးချွန်တွေနဲ့ ခြောက်လှန့်တတ်တဲ့ သံခမောက်တွေရဲ့ ကြမ်းကြုတ်တဲ့ တိုက်တွန်းချက်တွေဟာ မရေမတွက်နိုင်အောင် များပြားပေမယ့် တိတ်ကျကျ ပါဝင်နေတာ တွေ့ရတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အသားတင် အကျိုးသက်ရောက်မှုကတော့ သူတို့ရဲ့ ခြောက်လှန့်မှုမှာ အပြစ်ကင်းနေတဲ့အချက်ပါပဲ။ ဆန့်ကျင်ဘက် သဘောနဲ့ သူတို့ရဲ့နက်နက်နဲနဲ တစ်ပြိုင်နက်တည်းတိုက်တွန်းချက်တွေဖြစ်တဲ့ ကာကွယ်ပေးမှုနဲ့ ဖွင့်ပေးမှု၊ နွေးထွေးမှုနဲ့ လေညင်းအေးအေး။ ဒါတွေဟာ ကျုပ်ကို အပြင်ဘက် အာရုံစိုက်အောင် ဖိတ်ခေါ်နေတယ်။ အောက်ဘက်က သစ်ရွက်တွေကို ကျုပ် အရဲစွန့်ပြီး ကြည့်လိုက်တယ်။ ကျုပ် ပတ်ပတ်လည် သစ်ရွက်တွေ ဝိုင်းနေပါပေါ့လား။ ဝက်သစ်ချရွက်တွေက ပြာနမ်းနမ်း သံချေးရောင်သမ်းနေတဲ့ မြိမြိမြလက်သည်းတွေလိုပဲ။ ‘အမ်’ပင်ရဲ့ အရွက်တွေကတော့ မိန်းမဆန်တဲ့ ဝါထိန်ထိန် အရောင်နဲ့ ကျိုးတိုးကျဲတဲ့ ဆောင်ပံမွှေးတွေလို ဖြစ်နေတယ်။

သားရေနယ်ပင် အရွက်တွေက တောဆန်ဆန်၊ သွားအဖြီးသားနဲ့ ရက်သွေးရောင် နီမြန်းနေတယ်။ သစ်ရွက်တွေနဲ့ လောင်မြိုက်ရင်း ကြည်လင်ငြိမ်းချမ်းနေတဲ့ စကြဝဠာအလယ်မှာ ကျုပ် မားမားရပ်မိလျက်သား ဖြစ်နေပြီ။

ဒါပေမဲ့ တစ်စုံတစ်ခုက ကျုပ်ကို နောက်တုံ့ပြန်ဆွဲလိုက်လို့ အတွင်းအမှောင်ထုထဲ ပြန်လှည့်သွားမိတယ်။ ဒီအမှောင်ထုမှာတော့ နေရောင်ဆိုတာ အပြစ်တစ်ခုပါပဲ။

ဖြစ်ရပ်တွေကို မျိုးတူစုအလိုက် ခွဲထုတ်ဖို့ လိုအပ်နေပြီ။ ကျုပ်အပြုအမူတွေ အငမ်းမရ ဖြစ်ခဲ့တယ်လို့ ပြောလျှင် ရတယ်။ ဘယ်လိုပဲ အတွက်အချက် လွဲခဲ့တယ်ပြောပြော၊ ကိုယ်လုပ်ရပ်နဲ့ ကိုယ်အရည်အချင်း မပြည့်ဝခဲ့ရတဲ့ ဖောင်မတ်မှုကို အရင်းတည်ပြီး ဒီအာရုံထင်ဟပ်ချက်တွေကို အချိန်ယူ ပြန်ပွားအောင် လုပ်ရမယ်။

ဖြစ်ရပ်တွေကို တစ်ကြိမ်မျိုးတူစုခွဲလိုက်တာနဲ့ လုပ်ရှားမှုတွေမှာ မောင်းနှင်အားတွေ ရလာတယ်။ လှုပ်ရှားသရုပ်ဆောင်သူတွေက စိတ္တဇေဒတွေ ခွဲဝေယူကြတယ်။ အတွက်အချက်လွဲမှုတွေကို စနစ်တကျ စာရင်းခွဲပြီးဖြစ်နေပြီ။ ခပ်ကြောင်ကြောင်၊ ခပ်ပေါက်ပေါက် ဖြစ်မှုတွေကို အမည်မှည့်လိုက်ပြီ။ သည်းသည်းထန်ထန်နဲ့ ကရော်ကမည်နိုင်တဲ့ ကြီးထွားမှုတစ်ခုလုံးဟာ ရှင်းပြချက်တွေနဲ့ အမွေးတပ်ခံရပြီး လူသမိုင်းထဲ အမြစ်တွယ်လို့ သဘာဝထဲ အလျင်ကလို ပြန်ရောက်သွားရပြီ။ နောက် ဘာတွေဖြစ်ဦးမှာလဲ။ ဒီလို ပြန်လှည့်သွားမှုမျိုးဟာ အတုမဟုတ်ဘူးလား။ ကျုပ်တို့ ဝိညာဉ်တွေအားလုံးဟာ အချိန်ရဲ့ မရဏဆိပ်ကမ်းကို တကယ်ပဲ ဝင်ကပ်နိုင်ကြပါမလား။ ပြီးတော့ မြေသြဇာအဖြစ် ဖုံးအုပ်သွားကြတဲ့ သစ်ရွက်တွေကြားမှာ တစ်စုတစ်ပေါင်းတည်း နစ်မြုပ်သွားနိုင်ပါမလား။ မဟုတ်ဘူး။ ကျုပ်တို့ဟာ နိုင်ငံနှစ်ခုရဲ့ ကန့်လန့်ဖြတ်မျဉ်းပေါ် ရပ်နေကြတာဖြစ်တယ်။ ရှေ့တိုးစရာလည်း မရှိ။ နောက်ဆုတ်စရာလည်း မရှိ။ ကျုပ်တို့ ရပ်နေတဲ့ မျဉ်းထိပ်ဖျားရဲ့ ထက်မြက်ရှတမှုပဲ ရှိတယ်။

ကျုပ်အပြင်းပြဆုံး အမှတ်ရနေတာက ကျုပ်နဲ့ ကွာရှင်းမယ်ဆိုပြီး အိမ်ပေါ်က ဆင်းသွားတဲ့ ကျုပ်မိန်းမရဲ့ ဝတ်စုံအနက်ရောင်ကိုပဲ။ ဝတ်စုံက နုညံပျော့ပျောင်းတဲ့ မဟူရာ ကိုယ်စွပ်အကျႌ။ လည်ဟိုက်က ခွထောက်ပုံ။



ဒီအကျႌဝတ်တိုင်း 'ဟယ်လင်'ကြည့်ရတာ သိပ်သားနားတယ်။ သူ့ရဲ့ ဖြူဖပ်ဖြူရော်မျက်နှာကို ကြည့်ပျော်ရှုပျော် ဖြစ်စေတယ်။ အဲဒီနေ့ မနက်ကဆို သူဟာ ခါတိုင်းထက် ပိုကြည့်ကောင်းနေတယ်။ သူ့မျက်နှာက ပင်ပန်းနွမ်းလျှမှုနဲ့ အကြွင်းမဲ့ ဖြူဖွေးလို့။

ဒါပေမဲ့ သူ့ရဲ့သဘာဝပစ္စည်းဖြစ်တဲ့ ခန္ဓာကိုယ်ဟာ ကျုပ်တို့ရဲ့ ကပ်ဆိုးဆားဆိုးတွေကို မသိကျိုးကျွန်ပြုထားတယ်။ သူ့ရဲ့ကိုယ်လုံးပုံပန်းနဲ့ ကိုယ်ဟန်အမူအရာတွေဟာ တစ်ခုနဲ့တစ်ခု ရှေ့နောက်မညီမညွတ် ဖြစ်ရင်း အသားကျနေတော့တယ်။ နှုတ်ဆက်ထွက်ခွာတော့ သူက ကျုပ်ကို ခပ်သာသာလေး နမ်းသေးတယ်။ သူ့ရဲ့ ဒီလမ်းခွဲခရီးဟာ သူ့ရဲ့အလျင်'သောစတွန်' တေးသံစုံဂီတပွဲတို့၊ 'ဘွန်းဝတ်'ရဲ့ အိမ်တိုသွားတဲ့ ခရီးတွေနဲ့ တူသလို မတူသလိုလိုနဲ့ ကျုပ်တို့နှစ်ဦးသားရင်ထဲ ခံစားမိကြတယ်။ ဖြစ်နေကျအတိုင်း ကားသော့ပျောက်လို့ ရှာရတာနဲ့ မထုံတက်သေး ကလေးထိန်းကို စိတ်ညစ်လောက်အောင် အထပ်ထပ် မှာကြားရတာနဲ့။ ကားမောင်းဖို့ လက်ကိုင်ဘီးနောက် ဝင်အထိုင်၊ သူ့ခေါင်းက ရှေ့ကို နည်းနည်းငိုက်တိုက်တိုက် ငိုက်စိုက်စိုက် ဖြစ်ရတာနဲ့။ အလျင်တုန်းကလိုပဲ။ ပြီးတော့ နောက်ဆုံး ကျုပ်လည်း ကျေနပ်လိုက်ရပြီး ကွာရှင်းဆေးလိုက်ပါတယ်။

ကျုပ်ကလေးတွေကို ကျောခိုင်းထားရစ်ရတော့မယ့် လူတစ်ယောက်ရဲ့ကြည့်ခြင်းမျိုးနဲ့ ကျုပ် ဂရုတစိုက်ကြည့်မိတယ်။ ကျုပ်အိမ်ကိုလည်း အပြီးသတ် နောက်ဆုံးအချိန်မှီ ဓာတ်ပုံ တဖျတ်ဖျတ်ရိုက်နေတဲ့ လူတစ်ယောက်လို စေ့စေ့စပ်စပ်လျှောက်ကြည့်မိတယ်။ ရှုခင်းသာ လမ်းကွေ့ဘက်ကိုလည်း ကျောက်ဂူမ်းခတ်ပြီး မီးရှို့ပစ်မယ့် လူတစ်ယောက်လို ကားနဲ့လျှောက်မောင်းကြည့်မိတယ်။ ကျုပ်မိန်းမလို့ ဆိုခဲ့ရတဲ့ သူ့ကို နောက်ဆုံးမျက်နှာချင်းဆိုင်ရတော့ ကျုပ် မျက်ရည်ကျမိပေမယ့် အပြုံးမပျက်ပါဘူး။ ယောင်ကန်းကန်းနဲ့ ကြက်သေသေမိပေမယ့် ရဲရဲဝံ့ဝံ့တော့ ရှိခဲ့ပါတယ်။

ကြောက်စရာကောင်းအောင် မရပ်မနား ခံစားနေရတာက အဈွတ္တ အမိုက်မှောင်က ကျုပ်အရေပြားကို ဖောက်ခွဲထွက်ပြီး ကျုပ်တို့နှစ်ယောက် စလုံးကို ဝဲကတော့လို ဆွဲစုပ်ယူသွားရင်း ကျုပ်တို့ရဲ့အချစ်ကို နှစ်မြုပ်ပစ်လိုက် တဲ့ ဝေဒနာပါပဲ။ ကျုပ်တို့အချစ်တွေ တည်ခဲ့တဲ့ ဒီသဘာဝလောကကြီး၊ ခုတော့ တည်ရှိမှုကနေ ရပ်စဲသွားပါပြီ။ ကျုပ်အသည်းနှလုံးနောက်ဘက်ကို ဆွဲခါခံလိုက်ရသလို ခုထိ ဆွဲခါခံနေရဆဲပါပဲ။ ကျုပ်ပြန်ဆုတ်ခဲ့ရပြီ။ ကျုပ် နောက်ပြန်ဆုတ်လိုက်တုန်းမှာ လမ်းတစ်လျှောက် သစ်ပင်တွေရဲ့ သစ်ရွက် တွေက ကျုပ်ကို သူတို့ရဲ့ပုံပန်းတွေ ထုတ်ဖော်ပြနေကြတယ်။ ရှေ့ဆက်ပြောဖို့ ဇာတ်လမ်း မရှိတော့ပါဘူး။ သူ့ရဲ့ဝတ်စုံအနက်ကလေးကို ကျုပ်ရင်ခွင်ထဲ ဆွဲပိုက်ထားပြီး ဝေဒနာကို အားတင်းခံနေရပြီ။

ဒီအရာက မစဲနိုင်အောင် လာနေတုန်း။ ဝေဒနာတွေ လာနေတာက မစဲနိုင်တော့ဘူးလေ။ နိစ္စဓူဝလိုပါပဲ။ စာနဲ့တစ်မျိုး၊ မျက်နှာလာပြလို တစ်ဖုံ၊ ဖုန်းနဲ့တစ်သွယ် နေ့စဉ်အခန်းဆက် တစ်ခုခုက ရောက်ရောက်လာတယ်။ တယ်လီဖုန်းသံ မြည်လာတိုင်း ဒီဖုန်းသံက အကျိုးဆက်တချို့ အသစ်တစ်ဖန် ထွေးလုံးရစ်ပတ်လာမှုကို ပြန်ဖြည်ပေးနိုင်မလားလို့ မျှော်လင့်မိတယ်။ ကျုပ် ဒီ ယာတဲမှာ လာနေတာဟာ ရှောင်ပြေးပုန်းအောင်းလာတဲ့ သဘောပါ။ ဒါပေမဲ့ ဒီလိုနေရာမျိုးမှာတောင် တယ်လီဖုန်းတစ်လုံးက ရှိနေပြန်သေးတယ်။ သစ်ကိုင်းတွေနဲ့ မမြင်ရတဲ့ တိရစ္ဆာန်တွေကို လေပြည်ရဲ့ ပွတ်တိုက်သွားသံ တွေဟာ တယ်လီဖုန်းရဲ့ လျှပ်စစ်ဆန်ဆန် တိတ်ဆိတ်မှုနဲ့ အားဖြည့်ထား သလိုပါပဲ။ ဘယ်အချိန်မှာမဆို ပေါက်ကွဲသွားနိုင်တယ်။ သစ်ရွက်တွေရဲ့ အဖွယ်အလှတရားဟာ နောက်ထပ်တိမ်တော မှေးမှိန်သွားပြန်ဦးတော့မယ်။

အကြောအခြင် ဆန့်လိုတာနဲ့ ကျုပ်လည်း ထပြီး အခန်းထဲ ဖြတ် လျှောက်လိုက်တယ်။ ကျုပ်မျက်စိရှေ့မှာ ပင့်ကူတစ်ကောင်ဟာ ခရေဖြူပွင့် လေးတစ်ပွင့်လို လေထဲမှာ တွဲလဲကျနေတယ်။ မျက်နှာကြက်ပေါ် မော့ကြည့် ပေမယ့် သူ့အမျှင်ကို ဘယ်မှာ တွယ်ထားမှန်း ရှာမတွေ့ဘူး။ မျက်နှာကြက်



ကို ချောချောမွတ်မွတ် သရွတ်ကိုင်ထားတယ်။ ပင့်ကူက ခဏတွေခန့် ဖြစ် သွားတယ်။ သူ့စိတ်ထဲ ဧရာမ အာကာသ ဂြိုဟ်သားတစ်ကောင် သူ့နား ရောက်နေတယ်လို့ ခံစားလိုက်ရပုံ ပေါက်တယ်။ သူ့ရဲ့ လှပတဲ့ ခြေတံဖြူဖြူ တွေကို သတိဝီရိယနဲ့ ဆန့်တန်းပြီး ကိုယ်ပျောက်အမျှင်ကို အမြန်ရစ်ပတ်မွှေ့ တက်ရင်း ကိုယ်အလေးချိန်နဲ့ကိုယ် ဟီးလေးခိုနေတယ်။ ဒဏ္ဍာရီဆရာ တစ်ယောက်အတွက် ပင့်ကူတစ်ကောင်ဆီက လောကနီတိတစ်ခု ထုတ်ယူ ချင်စရာ ကောင်းလှတဲ့ ဒီရှေးဟောင်းကျကျ ထူးထူးဆန်းဆန်း အနေအထား လေးကြောင့် ကျုပ်မှာတော့ မှင်တက်မိနေပြီ။ ပင့်ကိုသတိတရား ဝင်လာ သလိုပဲ။

ဒီပင့်ကို သတိတရားကို ကိုယ်လွှတ်ပေးလိုက်တယ်။ ပြီးတော့ ကျုပ် မျက်စိရှေ့မှောက်မှာ တကယ့်တဲတဲလေး ဟီးလေးခိုနေတဲ့ ကြည်မြမြ ကြယ် ပွင့်လေးကို ထက်ထက်သန်သန် အာရုံစိုက်နေလိုက်တယ်။ သင်ခန်းစာတွေ ဘာတွေ ထုတ်ယူမနေနိုင်အားပါဘူး။ ပင့်ကူလေးနဲ့ ကျုပ်နဲ့ဟာ တစ်ဦးနဲ့ တစ်ဦး ကျောချင်းကပ် ထိစပ်နေတဲ့ ကြားထဲက ပန်းနဲ့ခေါင်းလို ဖိလာဖြစ် နေကြတဲ့ စကြဝဠာတစ်ခုစီပါပဲ။ ဝဲသြဃတစ်ခုကို ဖြတ်တဲ့အခါမတော့ ကျုပ်တို့ ကြောက်တတ်ကြစမြဲပါ။ တယ်လီဖုန်းသံကတော့ တိတ်ဆိတ်မြဲ တိတ်ဆိတ်လို့။ ပင့်ကူလေးက သူ့ရဲ့ ချည်ငင်တဲ့ ကိစ္စဘက် စိတ်ပြန်ရောက် သွားတယ်။ လေပြည်ကလည်း နေရောင်ခြည်ကို ဆက်လက်မွှေနှောက်နေ တယ်။ ကျုပ်မှာလည်း ယာတဲကနေ ဝင်လိုက်ထွက်လိုက်နဲ့ လမ်းလျှောက် နေရင်း ကြမ်းပြင်ကို ရွက်ကြွေတွေနဲ့ လမ်းဖော်မိလျက်သား ဖြစ်နေပြီး ရွက်ကြွေတွေကို စက္ကူတွေလို ပြားချပ်နေအောင် နင်းမိတယ်။

နေပါဦး။ ဒီစာမျက်နှာတွေက ဘာတွေလဲ။ သစ်ရွက်တွေပဲ ဖြစ်ကုန် ပြီလား။ ဒီသစ်ရွက်တွေကို ဖိခြေမပစ်ဘဲ ဂုဏ်ရည်ထူးခြားတဲ့နေရောင်ခြည် အစာချက်လုပ်နည်းနဲ့ ကျုပ်ဘာ့ကြောင့်များ ထုတ်လုပ်နေမိပါလိမ့်။ ဒီနည်း

လမ်းက အပြစ်မရှိတဲ့ 'သဘာဝ'ထဲကို ကျုပ်ရဲ့အပြစ်တွေ သွတ်သွင်းပေးတဲ့နည်းလေ။

အခု မြင်နေရတဲ့ စိမ့်မြေတောက ဆော်ဇောတစ်ချပ်လို ပြန့်ပြန့်ပြူးပြူး။ အညိုရောင်၊ နီညိုရောင်၊ ကွေ့ နီမှုန်ရောင်၊ လိမ္မော်နဲ့ ယစ်ခေါက်ဆိုးရောင်တွေရဲ့ အရိပ်တွေ အလယ်မှာ စိမ်းဖန့်ဖန့်အစင်းကြောင်းတွေ ထင်လို့။ အတော်ဝေးဝေးဆီမှာ မြေပြင်က ရုတ်ခြည်း ရေမျက်နှာပြင်အထက်ကို မြင့်တက်သွားတယ်။ ဆယ့်နှစ်ရာသီပင်တွေက အုံ့မှိုင်းမှိုင်းနဲ့ မားမားမတ်မတ် ထိုးထွက်လို့။

ဒါတွေရဲ့တစ်ဖက်မှာ ပြာနှမ်းနှမ်းကုန်းမို့လေးက နိမ့်ဆင်းသွားတယ်။ ဒီကမ်းရိုးတန်းတစ်လျှောက်မှာ တောင်ကုန်းတွေက ပြေလျော့လွန်းတာမို့ ဘာတောင်ကုန်း၊ ညာတောင်ကုန်းရယ်လို့ နာမည်တွေတောင် မှည့်မထားကြဘူး။ နာမည်မရှိပေမယ့် ကျုပ်ကတော့ ငေးလို့ကောင်းတယ်။ လပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် ငေးမိတယ်။ ငေးတာမှ ကလေးတစ်ယောက်လို လက်ချောင်းလေးတွေ ဆုပ်နယ်ရင်း၊ လည်ပင်းဆန့်ရင်း ငေးလိုက်တော့ ကောက်ကျစ်တဲ့ နံရံတံတိုင်းတစ်ချပ်ကို ကျော်ပြီး အိမ်ခေါင်မိုး တစ်ခုကို ရိပ်ခနဲ တွေ့လိုက်သေးတယ်။ ကျုပ် ပြတင်းပေါက်အောက်မှာ မြက်ခင်းပြင်ကျယ်ကြီးက ရှည်လျားလျား တစ်ဖြောင့်တည်း တန်းလို့၊ 'အမ်' ပင်ငယ်လေးရဲ့ သစ်ရွက်တွေနဲ့ ရောယှက်ဖုံးလွှမ်းရင်း စိမ်းစိုနေတယ်။

ဒီယာတဲ စရောက်တဲ့ ပထမညကို ကျုပ် မှတ်မိနေသေးတယ်။ တစ်ကိုယ်တည်း အိပ်ရာဝင်တော့ ကျုပ်ဘဝတစ်ခုလုံး နောက်မှာ ထားရစ်ခဲ့ပြီလို့ စိတ်တုံးတုံးချရင်း စာဖတ်နေလိုက်တယ်။ စာအုပ်အငှားဆိုင်က စိတ်ကစားလို့ ကောင်းလှတဲ့ အပျော်ဖတ်စာအုပ်တွေ ကောက်ဖတ်နေတဲ့ ပုံစံမျိုးနဲ့ 'ပင်မြက်ကလေး'စာအုပ်မူပေါင်းရဲ့ စာမျက်နှာတချို့ကို ဖတ်နေတယ်။ ကျုပ်အိပ်တာက မရေးတရေး မပျော်တပျော်မို့ နိုးလာတော့ စိတ်က စာအုပ်ထဲမှာပဲ ရှိနေတယ်။ 'အမ်း'ပင်ရဲ့ ရှည်လျားလျား သစ်ကိုင်းတွေကြားက



တလှုပ်လှုပ် တရွရွ မြင်ရတဲ့ အလင်းရိုက်ခတ်နေတဲ့ ကောင်းကင် တစ်စွန်းတစ်စဟာ 'ဝှမ်တမန်'ရဲ့ နောက်ထပ် စာမျက်နှာတစ်မျက်နှာလိုပါပဲ။ ကျုပ်မှာ လုံးလုံးလျားလျား ပေါ့ပါးနေလိုက်တာ၊ ချစ်ဇောတက်နေတဲ့ မိန်းကလေးတစ်ယောက်လို လွတ်လပ်ပြီး မေတ္တာဓာတ်တွေပြည့်လို့။ ဘဝရဲ့ ဘယ်ထောင့်တစ်ကွေ့မှာမှ လောင်းရိပ်တစ်ကွက် မရှိခဲ့သလိုပဲ။ သိပ်လှတဲ့ နိုးထခြင်းတစ်ရပ်ပဲပေါ့။ ဒါပေမဲ့ နောက် ညလည်းရောက်ရော စိတ်က အိမ်ကို ပြန်ရောက်သွားတော့တာပါပဲ။

စပျစ်ရွက်တွေရဲ့ ကျကျနန ကြမ်းကြုတ်တဲ့ အရိပ်တွေကတော့ ကားလိပ် မတင်သွားပါပြီ။ ထွန်းလင်းမှုရဲ့ ရှုထောင့်အသွယ်သွယ်လည်း ပြောင်းလဲလို့သွားပြီ။ အိမ်ပေါက်ဝ တံခါးရွက်ကို မှီတွယ်နေရှာတဲ့ နွေးထွေးမှုတစ်ရပ်ကို ကျုပ် မှန်းဆသိလိုက်တယ်။ ဒါနဲ့ သူ့ကို ဝင်ခွင့်ပြုဖို့ တံခါးကို လည်း ဖွင့်လိုက်ရော နေရောင်ခြည်ဟာ နောင်တရနေသူတစ်ယောက်လို ကျုပ် ခြေရင်းမှာ ပြားပြားဝပ် လဲကျလာတော့တယ်။

[Leaves by John Updlike]


John Updike